တက္ကသိုလ်

# တင်မြင့်



## ချစ်ပါတယ်. . . . . . သူ့ကို

# တက္ကသိုလ်တင်မြင့်

## ချစ်ပါတယ်သူ့ကို


စာမူခွင့်ပြုချက်အမှတ် - ၅၀၁၈၀၀၁၁၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၆၄၉၁၂၀၈

၂၀၁၀ ခုနှစ်၊ ဇန်နဝါရီလ

ပထမအကြိမ်

တန်ဖိုး - ၁၀၀ိ/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ ... ဦးကျော်လှိုင်(၀၃၈၈၇) စေတနာစာပေ
အမှတ်(၅၉)၊ ၁၉ လမ်း၊ လသာမြို့နယ်၊
ရန်ကုန်။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၃) စေတနာ OFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။



စီစဉ်သူ
မောင်ကျော်လှိုင်
(စေတနာစာပေ)


# တက္ကသိုလ်တင်မြင့်

## ချစ်ပါတယ်သူ့ကို



## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ၁

"ဟော ... ကြည့်"

"ဟုတ်ပါရဲ့နော် လေးလေး ... သူဘယ်ချောင်က ထွက်လာပြန်သလဲမသိဘူး"

ဒဂုံပုပွါး ဟီးနိုးကားကြီးသည် ဝေလီဝေလင်းတွင် ပဲခူးသို့ရောက်သည်။ လမ်းမကြီးပေါ်ရှိ လက်ဖက်ရည်ဆိုင် တစ်ဆိုင်ရှေ့တွင် ဖြတ်ကနဲတခြားလမ်းတခုမှ ထွက်လာသော မော်တော်ဆိုင်တစ်စီးနှင့် လူတစ်ယောက်ကို သတိထားမိလိုက်သော လေးလေးမြင့်နှင့်အဖွဲ့သည် ဟော ... ကြည့်ဟု အာမေဍိတ်သံလေးတွေ ထွက်လာကြခြင်းဖြစ်သည်။

မော်တော်ဆိုင်ကယ်နှင့် လူကလည်း လေးလေးမြင့်တို့ အဖွဲ့အာမေဋိတ်သံ ထွက်ချင်စရာကောင်းလောက်အောင် တမူထူးခြားလျက်ရှိသည်။

သူ့အသက် မည်၍မည်မျှဆိုသည်ကိုပင် မှန်းဆရခက်လှပါ၏။ အကြောင်းမူ လူတစ်ယောက်၏အသက်ကို ခန့်မှန်းရမည်ဆိုလျှင် ထိုသူ၏မျက်နှာကို ကြည့်ပြီးမှသာ ခန့်မှန်းနိုင်မည်မဟုတ်ပါလား။ မျက်နှာ၏အနုအရင့် အတင်းအရော့နှင့် အရေးအကြောင်းတွေကို ကြည့်ပြီးမှသာ သူသည်ဘယ်အရွယ်၊ ဘယ်အသက်ခန့် ရှိပြီးဟုဆိုနိုင်မည်ဖြစ်ကြောင့်ပါတည်း။

မော်တော်ဆိုင့်ကယ်ပေါ်မှလူသည် ဟောင်းနွမ်းပျော့ဖက်နေသော စစ်စိမ်းရောက်ဦးထုပ်ကို ဆောင်းထားသည်။ ဦးထုပ်၏ အနားစွန်းတို့သည် ပျော့တိ ပျော့ခွေနှင့် နဖူးပြင်မှအစ ဦးခေါင်းတစ်ခုလုံး ပတ်လည်ကိုအုပ်မိုးထားသည်။ သူ၏မျက်လုံးအစုံကို စီးရောင်နှင့်အဖြူရောင် အထက်အောက်ရောစပ်ထားသော နေကာမျက်မှန်တစ်ခု တပ်ဆင်ထားသည်။ ပြီး ... သူ့တွင်မည်းနက်နေသော ပသိုင်းမွေးတွေနှင့် နှုတ်ခမ်းမွေးတွေသည် ရှည်လျားစွာဖြင့် မျက်နှာတစ်ခုလုံး မည်းမည်းနက်နက်သာ လွှမ်းမြင်နေရသည်။ သူ့မျက်နှာတွင် ထင်ထင်ရှားရှားပေါ်လွင်နေသည်မှာ ဘာမွေးမျှ မပေါက်နိုင်သော နှာတံတခုသာဖြစ်တော့သည်။

သူကြည့်သည်မှာ ... ပိုသီပတ်သီလည်း နိုင်လှပါ၏။



အရောင်တွေမွဲခြောက်ပြီး အစပ်နားတို့တွင် ချည်မျှင်စတွေ တွဲလိုတွဲလောင်းဖြစ်အောင် စုပ်ဖွာနေသော ဂျင်းဂျက်ကက်နှင့် ဂျင်းဘောင်းဘီဝတ်ထားသည်။ နောက်ကျောတွင် ကြီးမားသော ကျောပိုးအိတ်ကြီးတစ်ခု ပိုးထားသည်။

သူသည် ... ဆိုင်ကယ်စီးလည်းကြမ်းပုံရသည်။ ကြမ်းသလောက် ကျွမ်းကျင်မှုလည်းရှိဟန်တူသည်။ နောက်ပြီး သူ့မော်တော်ဆိုင်ကယ်ကလည်း အတော်ကြီးကိုပြေးနိုင်သော အင်ဂျင်အား ရှိသည်လည်းဖြစ်မည်၊ ပဲခူးလမ်းဆုံးမှကပ်ကွေ့ပြီး ဒဂုံ ပုပ္ပားဟီးနိုး ကားကြီးကိုကျော်တက်သွားပြီး ဟီးနိုးကားကြီး၏ ရှေ့မီးနှစ်လုံးအလင်းရောင်တွေထဲမှာပင် တရိပ်ရိပ်ဝေးသွားအောင် ဒလကြမ်း သူစီးသွားပြီး မီးကြီးနှစ်လုံး၏ အလင်းရောင်အဆုံး အမှောင်ရိပ်ထဲတွင် သူပျောက်သွားပြန်တော့သည်။

"ဒီကောင် အံဆန်းတော့အဆန်းပဲကွ ... ဂိတ်ဝမှာရပ်ထားကတည်းက ... တို့ကားကိုပတ်မွှေကြည့်တယ်၊ အခုတခါ ဒီကောင်ပဲခူးရောက်နေပြီး တို့ကားရှေ့က ဖြတ်သွားပြန်ပြီ"

ဒဂုံပုပ္ပားဟီးနိုးကားမောင်းနေသော ယာဉ်မောင်းကြီးက သူ့ဘေးမှ အဖော်တစ်ဦးကို သူ့ဟာသူလှမ်း၍ မှတ်ချက်ပြုဆိုစကားဆိုလိုက်ခြင်းဖြစ်ပါ၏။

လေးလေးမြင့်တို့ ထိုင်ခုံအမှတ်က ၅၊ ၆၊ ၉၊ ၁၀ ရှေ့ဆင့်နောက်ဆင့် အမျိုးသမီးလေးဦးထိုင်ခုံဖြစ်သည်။ ရှေ့ထိုင်ခုံတန်းမှာ (၁)နှင့်(၂)ဖြစ်ပေသည်။ လေးလေးမြင့်၏ ထိုင်ခုံသည် ယာဉ်မောင်းသူနှင့် ၁၊ ၂ခုံတစ်ခုသာ ခြားနားနေသောကြောင့် … ယာဉ်မောင်းကြီး မှတ်ချက်ချခြင်းကို အတိုင်းသား ကြားနေရပေသည်။

ဟုတ်ပေ၏။ ယာဉ်မောင်းကြီး မှတ်ချက်ပြုသလိုပင် မော်တော်ဆိုင်ကယ်နှင့်လူသည် ဆန်းတော့ အဆန်းသားဟု လေးလေးမြင့်ကိုယ်တိုင်ကလည်း မှတ်ချက်ပြုမိသည်။ ထို့ကြောင့်လည်း ပဲခူးလမ်းဆုံတွင် ဘွားခနဲဆိုင်ကယ်နှင့် လူကိုတွေ့လိုက်ရသဖြင့်၊ ဟော … ကြည့် ဟူသော အာမေဍိတ်သံလေး … လေးလေးမြင့်ကိုယ်တိုင် ထွက်သွားမိခြင်းဖြစ်ရတော့သည်။





အကြောင်းက ဒီလို … ။

ဒေသကောလိပ် အမှတ်(၂၀)မှာကတည်းက လေးလေးမြင့်တို့တွင် အရမ်းခင်သော သူငယ်ချင်းလေးယောက်ရှိခဲ့သည်။

ဝင်းဝင်းမော်က ဘောက်ထော်သူ။

သီဂီမင်းက ရန်ကုန်သူ။

ပြုံးပြုံးရည်က ကုက္ကိုင်းသူ။

လေးလေးမြင့်ကတော့ …၊ အင်းယားမြို့သူ။

အခြေခံပညာရေး အထက်တန်း(၁၀)တန်းကို သူတို့တစ်တည်းထဲအောင်မြင်ခဲ့ကြသည်။ ဒေသအလိုက် သူတို့လေးယောက်သားသည် အမှတ်(၂)ဒေသကောလိပ်တွင် ဘိုင်အိုယူ သူငယ်ချင်းအဖြစ် ဆုံစည်းမိကြသည်။ ဘာသာရပ်တူခြင်းဖြစ် အတန်း

တူ … အတန်းတူ အချိန်တူတက်ကြရရင်းက တစ်နေ့ထက်တစ်နေ့ တစ်လထက်တစ်လ တစ်နှစ်ထက်တစ်နှစ် ကြာညောင်းလာလေလေ သူတို့လေးဦး အရမ်းခင်လေလေ ဖြစ်လာကြသည်။

သူတို့လေးဦးစလုံးသည် သိပ်ပြီးဆေးတက္ကသိုလ် ရောက်ချင်ကြသည်။ ဆရာဝန်မလေးတွေ ဖြစ်ချင်ကြသည်။

ဒါကလည်း လွယ်မှတ်လို့။

အခြေခံပညာရေး အထက်တန်းစာမေးပွဲတွင် … အောင်မြင်ခဲ့သော အမှတ်များ။ ဒေသကောလိပ် ပထမနှစ်တွင် … အောင်မြင်ခဲ့သော အမှတ်များနှင့် ဒုတိယအောင်မြင်ခဲ့သော အမှတ်တွေစုပေါင်းပြီး ဆေးတက္ကသိုလ်တက်ရောက်ခွင့်အမှတ်ကို မှီမှတက်ခွင့်ရမည်ဖြစ်သည်။

သူတို့လေးယောက်သား ဒေသကောလိပ် ဒုတိယစာမေးပွဲဖြေခါနီးတွင် အလောင်းအစားသဘောဆံဆံလေးတစ်ခု လုပ်ကြသည်။ ဆေးတက္ကသိုလ်ဝင်ခွင့်ရသူအား ပုဂံညောင်ဦး ပုပ္ပါးသို့ ကျောင်းရက်ရှည်အပိတ်တွင် ဂုဏ်ပြုသောအားဖြင့် ဆေးတက္ကသိုလ် ဝင်ခွင့်မရသူက ဒကာခံလိုက်ပို့စတမ်းဟူ၍။

အကယ်၍ (၄)ယောက်စလုံးဝင်ခွင့်ရရှိပါမူ ကိုယ့်စားစရိတ်နှင့်ကိုယ် သွားရောက်လည်ပတ်မည်ဟုလည်း နောက်





ဆက်တွဲဆုံးဖြတ်ချက် ပါရှိသေး၏။ (၄)ယောက်စလုံး ဝင်ခွင့်မရလျှင်လည်း ၎င်းဆုံးဖြတ်ချက်အတိုင်းပင်။

သို့တစေ သူတို့လေးယောက်စလုံး တစ်ယောက်မျှ ဆေးတက္ကသိုလ် ဝင်ခွင့်မှီ အမှတ်မရပါလေ။ ကုန်ကုန်ပြောရလျှင် သွားဘက်ဆရာဝန်ဖြစ်စေ တိရစ္ဆာန်ဆေးကုဖြစ်စေပင် တစ်ယောက်မျှ မချိတ်မိ။ အားလုံး ဝိဇ္ဇာသိပ္ပံသို့ ရောက်သွားကြတော့သည်။

ဝမ်းနည်းသွားကြလိမ့်မည်တော့ မထင်လိုက်ပါနှင့်။ စပျစ်သီးချဉ်သည်ပဲပြောပြော ဘယ်ဆေးတက္ကသိုလ်မှ မရသည်ပင် ကောင်းသေးသည်။ ဝိဇ္ဇာ သိပ္ပံတွင် မေဂျာချင်းတူပေမင့် သူငယ်ချင်းလေးယောက် မခွဲမခွာအတူတူဆက်နေရသည်ကိုပင် အမြတ်ဟု သူတို့တွက်ကြသည်။

သူတို့၏ နဂိုအစီအစဉ်ကိုလည်း မဖျက်။ ဝိဇ္ဇာ/သိပ္ပံတွင် ဆက်တက်ကြရင်း ဧပြီကျောင်းတစ်လပိတ်ဝယ် တစ်ယောက်လျှင် ငွေတစ်ထောင်စီ ပူး(လ်)လုပ်ပြီး စုစုပေါင်းငွေလေးထောင် ကိုင်ကာ ပုဂံညောင်ဦးပုပ္ပါးခရီးစဉ်ကို ထွက်လာခဲ့ကြခြင်း ဖြစ်သည်။

လေးဦးစလုံး၏ မိဘတွေသည် ကိုယ့်အထွာနှင့် ကိုယ်တတ်နိုင်သူများဖြစ်ပါ၏။ ကိုယ်ပိုင်တိုက်၊ ကိုယ်ပိုင်အိမ်၊ ကိုယ်ပိုင်ကားကိုယ်စီဖြင့် ကျောင်းတတ်နိုင်သူတွေပင်။ အိမ်မှကားတစ်စီး

စီးဖြင့် သွားကြရန် တိုက်တွန်းသော်လည်း လေးလေးမြင့်တို့အဖွဲ့က လက်မခံ။ ကားယူသွားလျှင် ခရီးရှည်သဖြင့်လမ်းတွင်ကားပျက်နိုင်သည်။ ကားအတွက် သံယောဇဉ်ထားနေရသဖြင့် စိတ်လွတ်ကိုယ်လွတ်မရှိဟု တညီတည်းဆိုကာ ငြင်းပယ်ကြသည်။

ယနေ့ခေတ်အမျိုးသမီးငယ်တွေ ကမ္ဘာလှည့်ခရီးသွားကြချိန်ဝယ် တက္ကသိုလ်ကျောင်းသူလေး(၄)ဦး စုပေါင်းပြီး ပုဂံညောင်ဦး၊ ပုပ္ပါးခရီးသွားသည်မှာ အဘယ်မှာလျှင် ဆန်းတော့အံ့နည်း။

အိပ်ရာလိပ်ပင် မယူကြ။

သူတို့လေးဦးသည် ဤခရီးအတွက် ကျကျနနကြိုတင်စုံစမ်းပြီး အစီအစဉ်ဆွဲထားပါ၏။

ကုန်းလမ်းသယ်ယူပို့ဆောင်ရေး လက်အောက်ရှိ ဒဂုံ ပုပ္ပါးခရီးစဉ်သည် နေ့စဉ်နံနက်(၃)နာရီခွဲဗိုလ်ချုပ်လမ်းနှင့် လမ်း(၃၀)ဒေါင့်စခန်းမှထွက်မည်။ ညနေ(၆)နာရီဝန်းကျင်တွင် ကျောက်ပန်းတောင်းသို့ရောက်မည်။ ကျောက်ပန်းတောင်းတွင် ညအိပ်တည်းခိုလိုပါက သမဝါယမတည်းခိုခန်းရှိသည်။ အိပ်ရာလိပ်မပါလျှင် တည်းခိုခန်းက စောင်၊ ခြင်ထောင် ခေါင်းအုံးစသည်တို့ကိုပေးသည်။

ဒါမှမဟုတ် ပုဂံညောင်ဦးခရီးဆက်မလား။ ကျောက်





ပန်းတောင်းနှင့် ပုဂံညောင်ဦးသည် (၂၉)မိုင်သာဝေးသည်။ ကားငှားသွားလျှင် ညတွင်းချင်း ပုဂံညောင်ဦးရောက်သွားမည်။ ပုဂံရောက်သည်နှင့် သီရိပစ္စယာဟိုတယ်ရှိသည်။ ဈေးချိုသာရှိသည်၊ သမဝါယမတည်းခိုခန်းရှိသည်။ ဒါမှမဟုတ် အစိုးရဧည့်ရိပ်သာ တည်းခိုခန်း မဟုတ်ဘဲ … ဈေးချိုချိုအပြင် ပုဂ္ဂလိကတည်းခိုခန်းတွေတွင် တည်းခိုဦးမလား။ တစ်ပုံတပင်။

အရေးကြီးသည်က … ပိုက်ဆံ။

ပုဂံညောင်ဦးရောက်လျှင် နာရီနှင့်လိုက်သော ဂျစ်ကားတွေ ဘာတွေရှိသေးသည်တဲ့။

လေးလေးမြတ်တို့အဖွဲ့တွင်ငွေလေးထောင်စုပေါင်းထားသည်။ ဒါက ခရီးစရိတ်။ စားစရိတ်အတွက် ပူး(လ်)လုပ်ထားသော ငွေသာဖြစ်သေး၏။ အိမ်အတွက်နှင့် မိတ်ဆွေသင်္ဂဟ လက်ဆောင်ပေးပစ္စည်း အထွေထွေဝယ်သူဖို့ သီးသန့်အိပ်ဆောင်ငွေအသီးသီးပါကြသေးသည်။ ဘာမျှပူပင်စရာမရှိ။

နံနက်(၂)နာရီကပင် လေးလေးမြတ်သည် သူမ၏ အိမ်မှ မာဇေါ(၁၃၀၀)ဆီဒင်ကိုယ်ပိုင်ကားလေးကို ဒရိုင်ဘာ ဦးဘာဘာ မောင်းစေပြီး အင်းယားမြိုင်လမ်းမှ ထွင်ခဲ့သည်။ သမီးငယ်တစ်ရွတ်မလေး လေးလေးမြင့်ကို မေမေက ကားဆိပ်အထိလိုက်ပို့ပါ

သေး၏။

လေးလေးမြင့်ကပင် ကုတ္တိုင်းမှ ပြုံးပြုံးရီကိုလည်းကောင်း၊ ရန်ကင်းမှ သီဂီမင်းကိုလည်းကောင်း၊ ဘောက်ထော်မှ ဝင်းဝင်းမော်ကိုလည်းကောင်း၊ ဝင်၍ခေါ်သည်။ တစ်ဦးလျှင် လက်ဆွဲအိတ်တစ်လုံးနှင့် ယိုးဒယားဆွဲခြင်းလေးတွေ တစ်လုံးစီပါရှိကြသည်။

ဒါလည်း ဒုံပုပ္ပါးဟီးနိုးကားကြီးနှင့် လိုက်ပါရန်(၂) ရက်ကြိုတင်လက်မှတ်ယူတည်းက လူတစ်ကိုယ်လျှင် လက်ဆွဲအိတ်တစ်လုံး၊ အိပ်ရာလိပ်တစ်ခုစီသာယူဆောင်ခွင့်ရှိသည်ဟု လက်မှတ်ရောင်းကြီးက ... ပြောလိုက်သောကြောင့် ဖြစ်ပါ၏။ အိပ်ရာလိပ်အစား ယိုးဒယားခြင်းကလေးတွေ ကိုယ်စီယူလာကြခြင်းပင် ဖြစ်တော့သည်။

နံနက် ၂နာရီ ၄၀ မိနစ်တွင် လေးလေးမြတ်တို့သည် ဒုံပုပ္ပါး ဟီးနိုးကားကြီးပေါ်တွင် နေရာယူကြလေပြီ။ ဟီးနိုးကားကြီး၏ လက်ဝဲဘက် ဒုတိယခုံမှာ အမှတ် ၅ နှင့် ၆ ဖြစ်သည်။ နံပါတ် ၅ ပြတင်းပေါက်ဘေးတွင် လေးလေးမြင့်ကထိုင်ပြီး ပြုံးပြုံးရီက အမှတ် ၆ တွင် ယှဉ်တွဲထိုင်သည်။ တတိယ ထိုင်ခုံမှာ ၉ နှင့် ၁၀ဖြစ်ပြီး ဝင်းဝင်းမော်နှင့် သီဂီမင်း ယှဉ်တွဲထိုင်ကြသည်။

မေမေသည် ထုံးစံအတိုင်းချက်ချင်းမပြန်သေး။ ဟီး





နိုးကြီးအောက်မှ လေးလေးမြင့်ထိုင်ရာ ပြတင်းပေါက်ကိုမော့ပြီး သမီး အစားမမှားစေနဲ့၊ ရေချိုးမမှားစေနဲ့၊ အိပ်ရေးပျက်သိပ်မခံနဲ့။ ကျန်းမာရေးကိုဂရုစိုက်။ လွယ်ကူမယ်ဆိုရင် ရောက်ရာနေရာက တစ်နေ့ကို အနည်းဆုံး တစ်ကြိမ် အင်းယားမြို့အိမ်ကို ဖုန်းလှမ်းဆက် စသည် စသည်ဖြင့် မှာကြားနေသမျှကို လေးလေးမြင့်က ခေါင်းကလေးတညိတ်ညိတ် လုပ်နေစဉ်မှာပင် ...

သူသည် မော်တော်ဆိုင်ကယ်တဖုတ်ဖုတ်ဖြင့် ဝိုသိပတ်သီ ဒုံပုပ္ပါး ဟီးနိုးကားကြီးဆီကို ရောက်လာခြင်းဖြစ်သည်။

ရောက်လာပုံကို ကြည့်လိုက်ဦး။

ဗိုလ်ချုပ်ဈေးဘက်မှ မော်တော်ဆိုင်ကယ်ကို တရှိန်ထိုးမောင်းနှင်လာသည်။

ကျီခနဲ ကဇ္ဇရာလမ်းနှင့် ဆိုင်ကယ်ဘီးတာယာပွတ်တိုက်သွားသည့် အသံထွက်အောင်အထိ ဟီးနိုးကားကြီးပေါ်မှ ထွန်းထားသည့် မီးရောင်၊ လမ်းဘေးဓာတ်တိုင် မာကျူရီမီးရောင်တို့အောက်ဝယ် သူ၏ ဂျင်းဘောင်းဘီ မဲ့ခြောက်ခြောက်ထဲမှ ကျစ်လျစ်မာကျောပုံရသော တောင့်တင်းသည့် ပေါင်တံ နှစ်သွယ်ကို မြင်တွေ့နေရသည်။

ယေဘူရအားဖြင့် မြန်မာလူမျိုးတို့၏ ... အရပ်

အမောင်းနှင့် ခြေတံလက်တံတို့သည် မော်တော်ဆိုင်ကယ် ခပ်ကြီးကြီးကို စီးပြီးဆိုလျှင် လူက သေးသိမ်ပြီး ဆိုင်ကယ်က ကြီးမားနေသောသဏ္ဌာန်ကို ဆောင်တတ်သည်။ ရပ်ထားသော ဆိုက်ကယ်ပေါ်မှခွထားလျှင်လည်း လက်ယာဘက်သို့ ဆိုင်ကယ်ဆောင်းထားမှ ခြေထောက်၍ မှီတက်သည်။

သူ့ ခြေတံကြီးတွေကျတော့ ဆိုင်ကယ်သည် လက်ဝဲလက်ယာ တစ်ချက်မှမစောင်း။ ခြေဖဝါးနှစ်ခုစလုံးက ... ဟိုဘက်ဒီဘက်ကို တည့်မတ်နေအောင် ထောက်ထားနိုင်ပါ၏။

သူသည် သူ့အား အမှတ်မထင် ဝိုင်းကြည့်နေကြသူများကို ဘယ်လိုမှ အမှုထားဟန်မရှိဘဲ သူကပင် ဟီးနိုးကားကြီးထဲမှ လူတွေကို တစ်ခုံပြီးတစ်ခုံ လိုက်ကြည့်နေသည်။

လေးလေးမြင့်၏ မေမေပင် သမီးလေးအား မှာကြားနေသော စကားတွေရပ်သွားပြီး သူ့ဆီသို့ လှည့်ကြည့်နေပေသည်။ လေးလေးမြင့်တို့အဖွဲ့ကလည်း သမင်လည်ပြန် ဦးခေါင်းလေးတွေစောင်းကာ သူ့ကိုကြည့်နေပါ၏။

သူတို့ ဘယ်သူတွေက ဘယ်လိုကြည့်ကြည့် သူ့မျက်နှာကိုမြင်သည်နှင့် သူသည်ဘယ်သူဘယ်ဝါဟူ၍ မှတ်မိနိုင်ရန်ခက်ခဲမည်ထင်သည်။ နဖူးအုပ်နေသော စစ်ဦးထုပ်၊ နေကာမျက်မှန်နှင့်





သူ၏ပါးမြိုင်းမွေး မုတ်ဆိတ်မွေးတွေက သူ့မျက်နှာကို ဖုံးအုပ်ထားလျက်ရှိနေသောကြောင့်ပင်။

သူသည် နောက်ခုံတွေမှ လူတွေကို ကြည့်ယင်းတဖြည်းဖြည်း ရှေ့ခုံတွေသို့ ကြည့်လာသည်။ ရှေ့ပိုင်း လေးလေးမြင့်ထိုင်နေသော ခုံအရောက်တွင် သူ၏အကြည့်သည် တန့်ရပ်သွားသည်။ ဦးခေါင်းမလှုပ်ရှားသောကြောင့် သူတန့်ရပ်သွားသည်မှာ လေးလေးမြင့်ရှိရာသို့ ကြည့်နေသည်ဟု ထင်နိုင်စရာရှိသည်။ တကယ်တန်း လေးလေးမြင့်ကို စူးစိုက်ကြည့်လေသလား ဆိုသည်တော့ အတတ်မပြောနိုင်။ သူ၏မျက်လုံးတို့ကို နေကာမျက်မှန်နှင့် ဦးထုပ်အနားတို့ကဖုံးအုပ်ထားသောကြောင့် ဖြစ်ပါ၏။ လေးလေးမြင့်ကို စူးစိုက်ကြည့်သည် မဟုတ်လျှင်လည်း လေးလေးမြင့်၏ ရှေ့ခုံကိုကြည့်သည်မျိုးဖြစ်ချင်ပေမည်။

လေးလေးမြင့်၏ရှေ့ခုံမှာ နံပတ် ၁ နှင့် ၂ ဖြစ်သည်။ နံပါတ်၁ခုံတွင် လူရွယ်တစ်ဦး နေရာယူပြီးသားဖြစ်ပေသည်။ ယင်းလူရွယ်သည် သားသားနားနားဖြစ်ပါ၏။ အသက်၃၀ခန့် ရှိအံ့ထင်သည်။ စတစ်ကော်လာ ရှပ်အင်္ကျီအဖြူ ဝတ်ထားသည်။ မီးနိုးရောင်လေယာဉ်မောင်အသား တိုက်ပုံအင်္ကျီနှင့် နှစ်နံစပ် အမည်းခံတွင် ကြာဖြူပွင့်လေးတွေပါသော ဂန့်ဂေါလုံချည် ဝတ်ထားသည်။ ပါဝါ

မျက်မှန်ကိုကော်ကိုင်းအမည်း တပ်ဆင်ထားသည့်လည်း ဖြစ်သည်။ အသားဖြူပြီးလတ်ဆတ်စိုပြည်ပုံလည်းရသည်။ နှာရှက်ကားကား နှာတံပေါ်ပေါ် နှုတ်ခမ်းပါးပါးတို့ကိုလည်း ပိုင်ဆိုင်ထားသည်။ ထို လူရွယ်သည် ဆံပင်ကို နောက်လှန်ပြီး သေသပ်စွာ ဖြီးထားသည့် ကြားက လှိုင်းကြက်ခွပ်ကလေးများထနေသည်။ သပ်ရပ်သားနား ပြီး ဥပမိရုပ်ကောင်းသူတစ်ဦးဟု ဆိုနိုင်လောက်သည်။

“ဘာဆိုင်လဲ ...”

အကယ်၍သာ မောင်တော်ဆိုင်ကယ်ပေါ်မှ ပိုသီ ပတ်သီလူက လေးလေးမြင့်ကို ကြည့်ခြင်းမဟုတ်ဘဲ ခုံအမှတ် ၁မှ သားနားချောမောသော လူရွယ်ကို စူးစိုက်ကြည့်နေသည် ဆိုပါက ဘာဆိုင်လဲဟုပင် မေးချင်စရာကောင်းနေသည်။ အကြောင်းမူ ခုံ အမှတ် ၁မှလူက သားနားသလောက်၊ မော်တော်ဆိုင်ကယ်ပေါ်က လူသည် စုတ်တီးစုတ်ဖတ်ဖြစ်နေသဖြင့် သူတို့နှစ်ယောက်ဘာဆိုင် လဲဟု ပြောချင်စရာ ကောင်းနေသောကြောင့်ပင်။

ဆိုင်ကယ်ပေါ်ကလူသည် သူ၏ဆိုင်ကယ်ကို နံပါတ် တစ်ဂီယာပြန်ထိုးပြီး တဖုတ်ဖုတ်ဖြင့် တစ်ဘီးချင်းလိမ့်ကာ ဒုံ့ပုပ္ပါး ဟီးနိုးကြီး၏ ဦးခေါင်းကို ကွေ့ဝိုက်ပြီး ဟိုဘက်ခြမ်း ပလက်ဖောင်း အကွာအဟရှိသည့် ကပ်သီးကပ်သပ် ကြားက ဆိုင်ကယ်ကို မောင်း





နေပြန်သည်။

ထို ကပ်သီးကပ်သပ် ဘက်မှာပင် ဟီးနိုးကားကြီး ပေါ်သို့ တက်နိုင်သော တံခါးပေါက်ရှိနေသည်လည်းဖြစ်ပါ၏။

သူသည် ဟီးနိုးကားကြီး၏ဦးပိုင်း တံခါးပေါက် အရောက်တွင် ဆိုင်ကယ်ကိုရပ်ထားပြန်ပြီး တံခါးပေါက်ကြီးမှ အတွင်းသို့ ဆိုင်ကယ်ကိုရပ်ထားပြန်ပြီး တံခါးပေါက်ကြီးမှ အတွင်း သို့ ခေါ့စိုက်ကြည့်ပြန်သည်။ သူကြည့်သည်မှာ လေးလေးမြင့်တို့ တဝိုက် ပတ်ဝန်းကျင်ကိုသာလျှင်ဖြစ်နေပြန်သည်။

လေးလေးမြင့်သည် ဆိုင်ကယ်နှင့်လူ၏ အပြုအမူကို သတိထားမိယင်းက နှလုံးနာစိတ်လေးများ အလိုလိုဖြစ်ပေါ်လာ သဖြင့် မျက်နှာလွှဲကာ ဟီးနိုးအောက်တွင် ရပ်နေသော မေမေနှင့် သာ စကားဆက်ပြောနေလိုက်သည်။

ဒီလူသည် သူကြည့်ချင်သည်များကို ဟီးနိုးတံခါး ပေါက်မှ အားမနာတမ်း ကျေနပ်အောင်ကြည့်ပြီးမှ သူ၏ဆိုင်ကယ် ဖြင့် ဟီးနိုးဖင်ပိုင်းကိုထပ်မံ ကွေ့ပတ်ကာလေးလေးမြင့်တို့ဘက်ခြမ်း အရောက်တွင် ဂူးကနဲ အလျားလိုက် ဗိုလ်ချုပ်လမ်းမကြီးမှ ဆူးလေ ဘုရားလမ်းဆီသို့ တဟုန်ထိုး သူ၏ဆိုင်ကယ် အရှိန်ပြင်းသမျှ တည့် တည့်ကြီး မောင်းထွက်သွားပြန်ကို လေးလေးမြင့်သာမက သူ့အား

ဘဝင်မကျသူ အားလုံးက သတိထားလိုက်မိကြသည်သာ။

ထို့ကြောင့်လည်း ယခု ပဲခူးအထွက်တွင် သူ့အား ဒုတိယမ္ပိတွေ့လိုက်သည်နှင့် ဟီးနိုးယာဉ်မောင်းကြီးက ဒီကောင် အဆန်းတော့ အဆန်းပဲကွ ဟူသော မှတ်ချက်ကို လေးလေးမြင့်တို့ ကလည်း ရင်ထဲမှ ထောက်ခံလိုက်မိကြပေသည်။





## ၂

နံနက်(၁၀)နာရီခွဲ သာသာတွင် ဆွာသို့ ရောက်ရှိပေသည်။ ဒဂုံပုပ္ပါးကြီးသည် လက်ယာဘက်ဘေး ထမင်းဆိုင်ကြီး တစ်ဆိုင်ရှေ့တွင် ထိုးရပ်လိုက်ပါ၏။

"ဆွာမှာ မနက်စာထမင်း သုံးဆောင်နိုင်ကြပါတယ် ... "

ယာဉ်မောင်းကြီးက ကားစက်သပ်ရင်း ခရီးသည်များဘက်သို့ လှည့်၍ အကြောင်းကြားစကား ဆိုလိုက်ပေသည်။

ဟီးနိုးကြီးပေါ်မှ ခရီးသည်တွေ ဆင်းကြပါ၏။ နံနက်(၃)နာရီကတည်းက ကားထွက်လာခဲ့သည်မှာ ယခု (၁၀)နာရီ ခွဲပြီးချိန်ဆိုလျှင် နာရီပေါင်း (၇)နာရီ သာသာ(၈)နာရီ နီးနီး ကားစီးလာခဲ့ကြပြီးပေပြီ။ ကိုယ်လက်အညောင်းဆန့်ချင်သည်

ရော၊ ထမင်းဆာသည်ရောကြောင့် အားလုံးလိုလို ဟီးနိုးကားကြီးပေါ်မှ ဆင်းလာကြသည်။

လေးလေးမြင့်တို့အဖွဲ့လည်း ဆင်းကြပါ၏။ ထမင်းဆိုင်ရှေ့တွင် သူထက်ငါ လူတွေရှုပ်ထွေးနေသဖြင့် ခရီးမသွားဘူးကြသေးသော သူတို့အဖွဲ့သည် ယောင်တောင်ပေါင်တောင်နှင့် ဆိုင်ထဲမဝင်သေးဘဲ ဆိုင်ရှေ့မှာပင် ရပ်နေကြသေးသည်။

"လာ ... လာ ... ကိုယ့်ညီမတွေ ဒီဆိုင်မှာ လူရှုပ်နေရင် ဟိုဘက် သက်သာချောင်ချိရေး ထမင်းဆိုင်ကို ကိုယ်လိုက်ပို့ပေးမယ်၊ ပိုပြီးသန့်ရှင်းတယ် ... ဟင်းတွေဘာတွေကလည်းပိုပြီး စားကောင်းတယ်တဲ့ ... "

ဖိတ်ခေါ်သံကြောင့် လေးလေးမြင့်တို့က ဖိတ်ခေါ်သူကို လှည့်ကြည့်လိုက်မိကြသည်။ ခုံအမှတ်(၁)သားသားနားနားလူရွယ်က လေးလေးမြင့်ကို ဦးတည်ကြည့်ရှုကာ ဖိတ်ခေါ်နေခြင်းဖြစ်ကြောင်း တွေ့ရပေသည်။

လေးလေးမြင့်တို့ အဖွဲ့က သူ့အား လှည့်ကြည့်သည်နှင့် သူသည် ပါးလှစ်သော နှုတ်ခမ်းတွေဖွင့်ဟ ပြုံးပြလိုက်သည်။ သွားဖြူဖြူ စီစီရီရီနှင့် သူ၏အပြုံးသည် သွက်သောအပြုံးမျိုးဖြစ်ပါ၏။

"ကိုယ့်နာမည် မြတ်မင်းပါ ... ရန်ကုန်က အာအိုင်တီသရုပ်





ပြဆရာပါ။ ညီမတို့လဲ တက္ကသိုလ်ကျောင်းသူတွေပဲမှတ်လား။ စက်မှုတက္ကသိုလ်က မဟုတ်မှန်းတော့ သေချာတယ်၊ ဘာလို့လဲဆို ... စက်မှုတက္ကသိုလ်မှာသာဆိုရင် ကိုယ့်ကိုလည်း ညီမတို့ မြင်ဖူးမှာပဲ ... ကိုယ်ကလည်း မြင်ဖူးရမယ်ပဲပေါ့"

လေးလေးမြင့်သည် ကိုမြတ်မင်းဆိုသူအား လေးလေးစားစားပင် ပြန်ပြုံးပြလိုက်သည်။ လေးလေးမြင့်၏ အပြုံးကို ကိုမြတ်မင်းသည် သူ၏ ပါဝါကော်ကိုင်းမျက်မှန်ထဲမှ ငေးစိုက်ကြည့်မိရှာတော့သည်။

နဂိုကထဲကပင် လေးယောက်အဖွဲ့ထဲ၌ အလှဆုံးနှင့် အချိုးအစားပြေပြစ်ဆုံးဖြစ်နေသော လေးလေးမြင့် ပြုံးလိုက်သောအခါ ပါးချိုင့်လေး ခွက်ဝင်သွားပြီး ပို၍ လှပသောကြောင့် ကိုမြတ်မင်းကြီး ငေးမောသွားရခြင်းဖြစ်ပါ၏။

"လေးလေး နာမည်က လေးလေးမြင့်ပါ ဆရာ။ သူက ပြုံးပြုံးရီ၊ သူက သီဂီမင်း၊ သူက ဝင်းဝင်းမော်တဲ့၊ လေးလေး ...ကို့အားလုံး ရာရှူး(ဝိဇ္ဇာ/သိပ္ပံ)က ပါပဲဆရာ"

"အင်းလေ ... ကိုယ်လည်း ထင်သားပဲ၊ ညီမတို့ လေးယောက်စလုံးရဲ့ ရုပ်ရည်တွေကိုက ... တက္ကသိုလ်ကျောင်းသူရုပ်တွေထွက်နေတာကိုး ... အဲ ... ဘယ် တက္ကသိုလ်

ကလဲဆိုတာသာ ကိုယ်ကမမှန်းတက်တာ"

ဆရာကိုမြတ်မင်း စကားကို အမျိုးသမီးလေးဦး စလုံးက ပြုံးမိလိုက်ကြသည်။ ထိုအထဲတွင်စကားကိုသွက်သွက်လေး ပြောတတ်သော သီဂီမင်းက ကောက်ကာငင်ကာပြန်၍ ဟာသ သဘောလေးနှင့် မေးလိုက်ပြန်ပါ၏။

"တက္ကသိုလ်ကျောင်းသူရုပ်ထွက်နေတယ်ဆိုတာ ဆရာဘာ ကိုကြည့်ပြီး ပြောတာလဲဆရာ ... တက္ကသိုလ်ကျောင်းသူ တွေဟာ တခြားမိန်းကလေးတွေထက် ပိုထူး၍ ချိုလည်း မပေါက်အမြီးလည်းမပေါက်ဘဲဟာ"

သီဂီမင်း၏ ဟာသဆန်သော မေးခွန်းကို အားလုံး ဝိုင်းရယ်ကြသည်။ ဆရာကိုမြတ်မင်းကိုယ်တိုင်လည်း ရယ်မောပါ၏။

"ကဲ ... လာ ... လာ ဟိုဘက်ခြမ်းက သဝက်သာချောင်ချို ရေးဆိုင်ကို သွားကြရင်း တက္ကသိုလ်ကျောင်းသူရုပ် ထွက် နေသော ဘယ်လိုထွက်တယ်ဆိုတာ ကိုယ်ရှင်းပြမယ်။ တော်ကြာသူများတွေစားပြီးသွားလို့ ကားထွက်မယ်ဆိုမှ မနက်စာမစားလိုက်ရဘဲ ဖြစ်နေဦးမယ် ... တက္ကသိုလ် ကျောင်းသူဆိုတာက အစားအသောက်မှာလည်း နေ့ကျွေး ပါဘိနဲ့"





ဆရာကိုမြတ်မင်းကပင် ဦးဆောင်ကာ ဟိုဘက် ခြမ်းသို့ စတင်ကူးဖြတ်သည်။ လေးလေးမြင့်တို့သည် အလိုလိုပင် ဆရာကိုမြတ်မင်း သွားရာနောက်သို့ လိုက်သွားမိလျက်သားရှိကြပါ၏။

ကြက်သားဟင်း၊ ဝက်သားဟင်း၊ အမဲသားဟင်း။

ဟင်းသည် ၃ မျိုးသာရှိပေသည်။ လေးလေးတို့အဖွဲ့ သည် ဝက်သားဟင်းနှင့် အမဲသားဟင်းကိုမမှာ၊ လေးယောက်စလုံး ကြက်သားဟင်းကိုသာမှာစားကြသည်။

ဆရာကိုမြတ်မင်းကတော့ အမဲသားဟင်းမှာပေ၏။ ပဲရည်တစ်ခွက်၊ သရက်ချဉ် တို့စရာနှင့် အရည်သောက်ဟင်းချိုများ လည်း ချပေးပါသေး၏။

"ဆရာရှင်းပြလေ ... တက္ကသိုလ်ကျောင်းသူရုပ်ထွက်နေ တယ်ဆိုတာ"

သီဂီမင်းကပင် ... စားရင်းသောက်ရင်း စကားပြန် ကောက်လိုက်သည်။

"ပထမဆုံး အရွယ်သိပ်ညီတဲ့ မိန်းကလေးလေးယောက် မိဘပါ၊ အုပ်ထိန်းသူမပါဘဲ ... ဒဂုံပုပ္ပါးခရီးမျိုးကို ထွက် လာခဲ့တဲ့ အချက်ဟာ တက္ကသိုလ်ရုပ်ထွက်စေတာပဲ သီဂီ"

ဆရာကိုမြတ်မင်းသည် ညီမဆိုသောစကားကို မသုံးတော့ဘဲ သီဂီမင်း၏အမည်ကို အဖျားဆွတ် သီဂီဟုပင် ခေါ်လိုက်တော့သည်။ သူတို့မိန်းကလေးအားလုံး၏အမည်ကို ဆရာကိုမြတ်မင်းကျက်မိသွားပြီဖြစ်ဟန်တူပါ၏။

"အာ ... ဒါကတော့ ဆရာလွဲပြီ၊ ခုလိုဧပြီလမှာ ဟိုက်စကူးတွေလဲ ဝိတ်နေတာပဲ။ သီဂီတို့အဖွဲ့ဟာ ... ဟိုက်စကူးကျောင်းသူတွေကော မဖြစ်နိုင်ဘူးလား"

ဆရာဦးမြတ်မင်းက ဦးခေါင်းကို ဖြေးလေးစွာခါရမ်းပြလိုက်ပါ၏။

"မဖြစ်နိုင်ဘူး သီဂီ၊ ဟိုက်စကူး ကျောင်းသူတွေရဲ့အသက်ဟာ ဆယ့်ခြောက်၊ ဆယ့်ခုနစ်၊ အလွန်ဆုံး ဆယ့်ရှစ်နှစ် အရွယ်မျိုးရှိတာပဲဟာ ... အခု သီဂီတို့ လေးယောက်အဖွဲ့ကတော့ နှစ်ဆယ်ပတ်ဝန်းကျင်တွေရှိနေလောက်တာပဲ။ နောက်ပြီး ဟိုက်စကူးကျောင်းသူလေးတွေကျတော့ အပြောအဆို အပြုအမူ အနေအထိုင်လေးတွေ ကလက်တက်တက်လေးတွေဖြစ်နေတတ်ကြတယ်။ မရင့်ကျက်သေးလို့ ကလေးဆန်နေတယ်ဆိုပါတော့လေ။ အဲ ... သီဂီတို့အဖွဲ့ကျတော့ မကလပ်ဘူး။ ရင့်ရင့်ကျက်ကျက်လေးတွေ နေထိုင်တတ်တယ်





ပြောတတ်ဆိုတတ်တယ်။ ဒေသကောလိပ်တွေ ရောက်တဲ့အချိန်ကစပြီး တက္ကသိုလ်ကျောင်းသူတွေဟာ တဖြည်းဖြည်းဝိုပြီး ရင့်ကျက်တည်ငြိမ်လာတာတွေဟာ ကိုယ့်အနေနဲ့ လက်တွေ့မြင်တွေ့နေရတာပဲ သီဂီ။ ကျောင်းသူ မိန်းကလေးတွေမပြောနဲ့ ကျောင်းသား ယောကျ်ားလေးတွေမှာတောင် အဲဒီသဘောတွေရှိနေတာဘဲ"

လေးလေးမြင့်က ဆရာမြတ်မင်းကို တည့်မတ်စွာပင် မျက်နှာချင်းဆိုင်ကြည့်ပြီး မေးခွန်းတစ်ခု ဝင်မေးလိုက်ပြန်သည်။

"ဆရာဆိုလိုတာက တက္ကသိုလ်ကျောင်းသွားတဲ့ မိန်းကလေးကျောင်းသူဖြစ်ဖြစ် ယောကျ်ားလေးကျောင်းသားဖြစ်ဖြစ် တချို့တည်းလိမ္မာသွားရောလို့ ဆိုလိုတာလားဆရာ"

"လိမ္မာသွားရောလို့ ကိုယ်တစ်ခါမှ မဆိုလိုမိပါလား လေးလေး။ ကိုယ်ဆိုခဲ့တာက တည်ငြိမ်သွားတယ်လို့သာ ဆိုခဲ့တာပါ။ တချို့ တက္ကသိုလ်ကျောင်းသူတွေ ... တချို့ တက္ကသိုလ်ကျောင်းသားတွေ ဂျစ်တူးနေအောင်မိုက်မဲတာတွေ ရှိနေတာပဲ။ ဒါပေမဲ့ တက္ကသိုလ်မှာ သင်ကြားရတဲ့စာတွေ တစ်နှစ်ထက်တစ်နှစ် အဆင့်တန်းမြင့်လာလေ ... ကျောင်းသူ ကျောင်းသားတွေ ရင့်ကျက်တည်ငြိမ်လာလေ

ဆိုတဲ့ သဘောရယ် … တစ်နှစ်ထက်တစ်နှစ် အသက်ပိုကြီးလာလို့ ရင့်ကျက်တည်ငြိမ်လာတယ်ဆိုတဲ့ သဘောရယ်ဟာ တက္ကသိုလ်ကျောင်းသား … ကျောင်းသူရုပ် ထွက်လာတာပဲလို့ ကိုယ်ဆိုတာပဲလေးလေး။ ဘာလို့လဲဆိုတော့ ဆယ်တန်းဖြေကတည်းက အသက်ဆယ့်ခြောက်နှစ်ပြည့်ပြီးမှ ဖြေခွင့်ပေးထားတယ်မှတ်လား လေးလေး"

မဟုတ်ဟုတ် စိတ်မဝင်စားဆိုသည့် သဏ္ဌာန်ရှိသည်။ သီကီမင်းနှင့် ဝင်းဝင်းမော်ကတော့ သံသယစိတ်လေးများရှိသောကြောင့် သေချာအောင် စူးစမ်းမည့်ဆိုသည့် စိတ်ဝင်စားမှုလေးမျိုးရှိပါ၏။

ဝင်းဝင်းမော်က ငါ့ဦးလေးအကြောင်း မေးကြည့်လိုက်မည်ဆိုသော စကားအဆုံးတွင် မမျှော်လင့်သော ယောကျ်ားတစ်ဦး၏ အသံတစ်ခုက ဝင်ရောက်ပြောဆိုသံထွက်ပေါ်လာတော့သည်။

"ဟုတ်တယ် … သေချာသွားအောင် ခင်ဗျားဦးလေး ကထိကအကြောင်း သူ့ကိုမေးကြည့်သင့်တယ်"

"ဟယ် … "

ဝင်ရောက်ပြောဆိုသူထံသို့ သူတို့လေးဦးစလုံး





လှည့်ကြည့်မိသည်နှင့် 'ဟယ် … 'ကနဲ ဖြစ်သွားကြတော့သည်။ အကြောင်းမှု ဝင်ရောက်ပြောဆိုသူသည် မော်တော်ဆိုင်ကယ်သမားပိုသီပတ်သီလူဖြစ်နေသောကြောင့် ဖြစ်ပါတော့၏။

ယခု သူသည် ဦးထုပ်ဆောင်းမထား။ စစ်ဦးထုပ်ပျော့တိပျော့ဖတ်ကို ယပ်တောင်သဖွယ် သူ၏မျက်နှာကို ဦးထုပ်ဖြင့် ယပ်ခပ်နေသည်။ သူ၏ နေကာမျက်မှန်ကိုလည်း တပ်ဆင်မထား။ ဂျင်းအင်္ကျီအိတ်တစ်ဘက်ထဲတွင် မျက်မှန်ကိုင်းတစ်ကိုင်းထည့်ချိတ်ထားပြီး … မျက်မှန်တစ်ခုလုံး ရင်ဘတ်ပေါ်တွင် တွဲလောင်းကျစေသည်။

ထိုနေရာမှပင် သူ၏မျက်နှာကို သဲကွဲစွာမြင်ရတော့သည်။ သူ့တွင် နက်မှောင်ထူထဲသော မျက်ခုံးမွေးတွေရှိနေသည်။ ရှန်းစိုတောက်ပသော မျက်ဝန်းအိမ်နှင့် စူးရှထက်မြတ်သော မျက်စိသူငယ်အိမ်လည်း ရှိပေသည်။

သူ၏ အသားအရောင်သည် ဖြူဝင်းသော အသားရောင်မှန်းလည်း သူ၏အမွေးအမျှင်များလွတ်ရာ နဖူးပြင် မျက်လုံးအိမ်နှင့် နှာတံတဝိုက်ကို ကြည့်ခြင်းအားဖြင့် သိသာနိုင်သည်။ အထူးသဖြင့် သူ၏ ရင်ညွန့်ပိုင်းက သူ့တွင် ဖြူဝင်းသော အသားအရောင်ရှိကြောင်း ပိုမိုထင်ရှားစေသည်။ ပူပြင်းလာသော နေခြည်ကြောင့်

သူသည် ဂျင်းအင်္ကျီရင်ဘတ်ကြယ်သီးတွေ ... ဖွင့်ဟထားသည်။ အောက်ခံစွပ်ကျယ် ဝတ်မထားသောကြောင့် ဖြူဝင်းသော သူ၏ရင်ပတ်နှင့် မို့မောက်နေသော ရင်အုပ်နှစ်ခုကြားတွင် ရှိန်းမြမြပေါက်နေသော ရင်အုပ်မွေးတို့သည် အဖြူနှင့် အနက်ရောက်ကို ခွဲခြားဖော်ပြထားသလိုရှိနေပေသည်။

သွက်လက်သော သီဂီက သူ့အား လက်ညှိုးလေးထိုးရင်း ...

"ရှင် ... ဟို ... ဟို ရန်ကုန်ကားဂိတ်မှာကတည်းက ဒီဒဂုံပုပ္ပါးကြီးတို့ကို တို့လာကြည့်သားပဲ၊ ကားချောင်ရင် တို့မော်တော်ဆိုင်ကယ်ကြီးကိုပါ ဟီးနိုးပေါ်တင်ပြီး လိုက်ချင်လို့လေ"

"အိုး ... ကြံကြံဖန်ဖန် ဘယ်ဟီးနိုးကားက မော်တော်ဆိုင်ကယ်ကြီးကို တင်မှာတဲ့လဲ"

လူရွယ်က ရယ်မောလိုက်သည်။ သူ၏စကားပြောသံဖြစ်စေ၊ ရယ်မောသံဖြစ်စေ၊ အသံခပ်ဩဩရှိနေတက်သည်ဟု လေးလေးမြင့်က သတိထားမိလိုက်သည်။ ထို့ထက်မှာမူ သူရယ်မောလေမှ သူ၏နှုတ်ခမ်းပုံသည် ထူထူထဲထဲရှိလှပြီး ဖြူဖွတ်ရုံမကပုလဲသွေးတောက်ပနေသော သွားလှလှလေးတွေလည်း ပေါ်လွင်လှပါလားဟု မှတ်ချက်ပြုချင်စရာ ကောင်းနေပေပြန်သည်။





"အေးပေါ့ဗျာ ... ဟီးနိုးကြီးက တို့မော်တော်ဆိုင်ကယ်ကို မတင်နိုင်မှန်းသိလို့ တို့ကလည်း ကိုယ့်ဖာသာ ဆိုင်ကယ်နဲ့ စီးထွက်လာတော့တာပေါ့ ... နို့မို့ရင် ဒဂုံပုပ္ပါးကြီးရဲ့ ဖင်ထိုင်ခုံနံပါတ်တစ်နေရာ အရယူပြီး လိုက်လာမှာပေါ့ ... တို့က နည်းနည်းနောက်ကြသွားတယ်လေ ... အသိနောက်ကြသွားတာကိုပြောတာပါ ... ဒါကြောင့် ဒဂုံ–ပုပ္ပါးကြီးရဲ့ နံပါတ်တစ်ထိုင်ခုံကို သူများကဦးသွားတယ် ... ဒီတော့လည်းတို့က ကိုယ့်ဆိုင်ကယ်နဲ့ကိုယ်လိမ့်တာပေါ့ ဟော ... ဟော နံပါတ်တစ်ထိုင်ခုံပိုင်ရှင်ကြီးလာနေပြီ၊ တို့လစ်တော့မယ် ... အဲ ... သူ့ကို ခင်ဗျားရဲ့ဦးလေးကထိက အကြောင်းဆက်မေးပေတော့"

မှန်၏။

ဆရာကိုမြတ်မင်းသည် ဆပ်ပြာနှင့်လက်တွေ ဘာတွေ ဆေးကြောပြီး ပြန်လာနေသည်ကို လှမ်းမြင်နေရပေသည်။

သို့တစေ စားပွဲအနီး မလှမ်းမကမ်းမှာပင် ဆရာကိုမြတ်မင်းသည် ခြေလှမ်းတုန့်ခနဲ ရပ်သွားသည်ကို လေးလေးမြင့်၊ ဝင်းဝင်းမောင်၊ သီဂီမင်းနှင့် ပြုံးပြုံးရီတို့အားလုံး သတိထားမိလိုက်သည်။

ဆရာကိုမြတ်မင်း ခြေလှမ်းတုန့်သွားသည့်အချိန်အထိ ဆိုင်ကယ်သမားသည် လေးလေးမြင့်တို့စားပွဲမှ မခွာသေးပဲ အေးဆေးစွာ စစ်ဦးထုပ်ဟောင်းကို ပြန်ဆောင်းနေသည်။ ဂျင်းအင်္ကျီအိတ်ထဲမှ တွဲလောင်းမျက်မှန်ကို ထုပ်ယူပြီး သူ၏မျက်လုံးအိမ်တွင် ဖွင်ကျပြင်တတ်နေသည်။ သူ၏အပြုအမူတို့တွင် ပျာပျာသလဲ အမူအယာမျိုး တစ်စက်လေးမျှမရှိ။ အေးတိအေးစက်ပင်။

ဆရာကိုမြတ်မင်းသည် တုန့်ရပ်သွားပြီးနောက် လေးလေးမြင့်တို့စားပွဲဆီသို့ ဆက်မလာသေးဘဲ သက်သာချောင်ချိ ရေး ထမင်းဆိုင်၏ထိပ်ပိုင်းတွင် တည်ခင်းထားသော ဘီလပ်ရည် အမျိုးမျိုးနှင့် ဇီးဖျော်ရည်၊ လိုင်းမကြူး၊ ဘာလီစသည့် နအေးဆိုင်ခင်းရှိရာသို့ ပြန်ကွေ့သွားသည်။

ဆရာကိုမြတ်မင်း ပြန်ကွေ့သွားမှပင် ဆိုင်ကယ်သမားသည် 'ကဲ ... တို့လစ်ပြီဗျာ'ဟု လေးယောက်စလုံးကို သိမ်းကျုံးနှုတ်ဆက်နည်းဖြင့် နှုတ်ဆက်သွားသည်။

သူထွက်သွားပြီး တစ်ခဏကြာမှ ဆရာကိုမြတ်မင်း ပြန်ရောက်လာသည်၊ ဆရာကိုမြတ်မင်း၏နောက်တွင် လင်ပန်းတစ်ချပ်ဖြင့် လီမွန်ဘာလီ ၅ပုလင်း ရေခဲသေတ္တာထဲတွင်ထည့်ထားသော ဂိုင်းဖန်ခွက် ၅ခွက်သယ်ယူလာသော ချာတိတ်တစ်ဦး ပါလာ





ပေ၏။

"ကိုယ်လက်ဆေးပြီးပြန်လာမှ ထမင်းစားပြီး ရေသောက်မယ့်အစား လီမွန်ဘာလီ သောက်ကြရင်ကောင်းမှာပဲ ဆိုတဲ့ စိတ်ကူးရတာနဲ့ နောက်တစ်ခေါက် ပြန်မှာရသေးတယ်"

လူတစ်ဦးစီ၏ ရှေ့တွင် ရေခဲဖန်ခွက် တစ်လုံး၊ ဘာလီရည် တစ်ပုလင်းစီ လိုက်ချရင်း ဆရာကိုမြတ်မင်းက ပြောလိုက်သည်။

လေးလေးမြင့် စိတ်ထဲတွင် ... ဆရာမြတ်မင်းသည် မော်တော်ဆိုင်ကယ်သမား သူမတို့ဘေးတွင် လာရပ်၍ စကားပြောသည်ကို တကယ်ပင် မတွေ့မိလေသလား။ သို့မဟုတ် ဆိုင်ကယ်သမားအား တွေ့သောကြောင့် တမင်တကာ အအေးဆိုင်ရှိရာသို့ ကွေ့ချိုးသွားလေသလားဟူသည်ကို မသဲမကွဲ မသေမချာဖြစ်ရပေသည်။

ဆိုင်ကယ်သမားပြောသွားသော စကားထဲတွင် ... ဆရာကိုမြတ်မင်းအား ထေ့တေ့တေ့ပြောသွားသော စကားလေးတွေ ပါရှိနေပါ၏။ နံပါတ်(၁)ထိုင်ခုံကို ... ကိုမြတ်မင်းက အရင်ဦးအောင် ဝယ်နိုင်၍ သူမရလိုက်သလိုလည်း ပြောသွားသည် 'တို့ကညည်းနည်းနောက်ကျသွားတယ်၊ အသိနောက်ကျသွားတာကို ပြောတာပါ' ဟူသော သူ့စကားတို့သည် ပဟေဠိဆန်ဆန် ရှုတ်ထွေးသ

ရောင် ရှိနေသည်။ သူ့ဘာကိုရည်ရွယ်ပြီး ပြောသွားသနည်း။

ထို့ပြင် စက်မှုတက္ကသိုလ်က ဦးလေးကထိက ... အကြောင်း မေးဖြစ်အောင်မေးပါဟုလည်း ဝင်းဝင်းမော်ကို ပြောသွားပါသေး၏။ ဒါဆိုလျှင် ဆရာမင်းမြတ်သည် အိုင်အမ်တီက သရုပ်ပြဆရာတစ်ယောက်ဟူ၍ ဆိုင်ကယ်သမားကိုယ်တိုင်က မယုံကြည်လေသလား မပြောတတ်။

ဝင်းဝင်းမော်သည် ... မေးဖြစ်အောင်ကိုမေးပါ၏။ လက်များဆေးကြောပြီး လီမွန်ဘာလီ ပြန်လည်သောက်စဉ် ဝင်းဝင်းမော်က မေးလိုက်ဖြစ်တော့သည်။

"ဆရာ့အနေနဲ့ အာအိုင်တီက ဦးစိန်မောင်ကိုသိမှာပေါ့နော်"

"ဘယ် ဦးစိန်မောင်ကိုပြောတာလဲ ဝင်းဝင်းမော်၊ ကိုယ်တို့ ဒီမွန်စထရေတာတွေထဲမှာလဲ ကိုစိန်မောင်ဆိုတာရှိတယ်။ လက်ထောက်ကထိကတွေထဲမှာလည်းရှိတယ်။ နောက်ပြီး ကထိကတွေထဲမှာလည်း ဒီနာမည်မျိုးရှိတာဘဲ။ နောက်ပြီး သင်ပြရတဲ့ ဘာသာရပ်ကို ပြောပြမှ ဘယ်ဦးစိန်မောင်ဆိုတာ တိတိကျကျပြောနိုင်မှာပေါ့"

ဝင်းဝင်းမော် ပါးစပ်ဖြဲသွားတော့သည်။ ဝိဇ္ဇာ/သိပ္ပံ၌လည်း ဆရာဘယ်သူဘယ်ဝါကို သိသလားဟုမေးလျှင် ဖြေရခက်





သည်သာ။ ဘယ်ဌာနကဆရာကိုပြောတာလည်း၊ သမိုင်းကလား၊ ပထဝီကလား၊ ဓာတုဗေဒကလား၊ ဘူမိဗေဒကလားစသည်ဖြင့် ခွဲခြားပြီးပြောမှ သိနိုင်လောက်သည်ပင်။ တက္ကသိုလ်တစ်ခု၏ နယ်မြေဆိုသည်က ကျယ်ပါဘိတောင်း။ ဝင်းဝင်းမော်အနေနှင့် သူမ၏ ဦးလေးသည် အာအိုင်တီတွင် ကထိကလုပ်နေသည်ဆိုသည် လောက်သာ သိထားသိသည်။ မည်သည့်ဘာသာရပ်၏ ကထိက န်းမသိ။ စက်မှုတက္ကသိုလ်ဘာသာရပ်များကို ဝင်းဝင်းမော်က ရှုသူမို့ မကျွမ်းကျင်ပါလေ။

"ဝင်းဝင်းရဲ့ဦးလေးက ... အာအိုင်တီက ကထိကပဲဆရာ။ အသားဖြူဖြူ တရုတ်ကပြား ..."

"ဩ ... ဩ ... ဆရာဦးစိန်မောင်ကို ဝင်းဝင်းမော်ပြောနေတာကိုး၊ သူ့အမျိုးသမီးက ဆရာဝန်လေ၊ ဟီး(လ်)မင်ကား လေးတစ်စီး သူတို့မှာရှိတယ်၊ ဟုတ်ပါရဲ့လား ဝင်းဝင်းမော်"

"ဟုတ်တယ် ... ဟုတ်တယ်၊ ဟုတ်ပါရဲ့ ဦးလေးဘဲ"

"ကထိကဆရာ ဦးစိန်မောင်ကို သိရုံမကပါဘူး။ ကိုယ်တို့အင်မတန်လေးစားချစ်ခင်ရတဲ့ ဆရာတစ်ပါးပဲ သဘော ... ကောင်းတယ်၊ အသင်အပြကောင်းတယ်၊ သင်ပြတဲ့နေရာမှာ စေတနာအပြည့်အဝထားတယ်၊ ရိုးရိုးအေးအေးနေတတ်

တယ်၊ ဒါပေမဲ့ မဟုတ်ရင် တစ်စက်လေးမှ မခံတတ်တဲ့ စိတ်မျိုးရှိတယ်။ တစ်ခါတလေ ဆရာဦးစိန်မောင်ရဲ့ မဟုတ်မခံ စိတ်ဟာ စိတ်တိုတတ်တယ်လို့ ထင်စရာရှိတယ်"

"ကဲ ... ဝင်းဝင်းမော် ဘာဆက်ပြောနိုင်အုံးနည်း။ ဦးလေး ထိက ဦးစိန်မောင်သည် ဆရာကိုမြတ်မင်းပြောပြသော အချက်လက်တွေနှင့် အားလုံးကိုက်ညီနေသည်သာ ဖြစ် တော့သည်။

ဝင်းဝင်းမော်က လေးလေးမြင့်၊ ပြုံးပြုံးရီ၊ သီဂီမင်း ဘက်သို့ မျက်လုံးလေးပြူးပြီး မသိမသာ ဦးခေါင်းညိတ်ပြလိုက် တော့သည်။

သူတို့ဝိုင်းထဲတွင်ရှိနေသော ကိုမြတ်မင်းဆိုသူသည် စက်မှုတက္ကသိုလ်မှ သရုပ်ပြဆရာတစ်ဦးဖြစ်ကြောင်း အဘယ်မှာ လျှင် ယုံမှားဖွယ်ရှိတော့အံ့နည်းဆိုသည့် သဘောမျိုး ဝင်းဝင်းမော် ၏ အပြုအမူက ဖော်ပြလျက်သားရှိနေပေတော့သည်။

သူတို့ဝိုင်းထဲတွင်ရှိသော ... ကိုမြတ်မင်းဆိုသူသည် စက်မှုတက္ကသိုလ်မှ သရုပ်ပြဆရာတစ်ဦးဖြစ်ကြောင်း အဘယ်မှာ လျှင် ယုံမှားဖွယ်ရှိတော့အံ့နည်းဆိုသည့် သဘောမျိုး ဝင်းဝင်းမော် ၏ အပြုအမူက ဖော်ပြလျက်သားရှိနေပေသည်။





"ကဲ ... တို့ငွေရှင်းမယ်နော်"

လေးလေးမြင့်က သူမ၏ ပိုက်ဆံအိတ်ကိုဖွင့်ပြီး သူ တို့စားသောက်သမျှငွေ ရှင်းတော့မည်အကြောင်း ကြေငြာလိုက် သည်။ အကြောင်းမှု သူတို့လေးယောက် ပူ(လ်)လုပ်ထားသော ငွေလေးထောင်ကို လေးလေးမြင့်လက်သို့အပ်ပြီး လေးလေးမြင့်ကို င် အဖွဲ့ခေါင်းဆောင် တင်မြှောက်ထားခဲ့သောကြောင့် ဖြစ်တော့ သည်။

"ကိုယ်အားလုံးရှင်းထားခဲ့ပြီးပြီ လေးလေး၊ နောက်ထပ် လေးလေးရှင်းဖို့ မလိုတော့ဘူးလေ"

"ဟင် ... မဟုတ်တာပဲ ဆရာ"

ကိုမြတ်မင်းက လေးလေးမြတ်ကို သူ၏နှုတ်ခမ်းပါး လေးဖွင့်လှစ်ကာ ပြုံးပြလိုက်ပြန်သည်။

"ဘာလို့ မဟုတ်တာပဲ ဆရာလို့ ပြောချင်တာလဲ ... လေး လေး"

"မှတ်ဘူးလေ လေးလေးတို့အဖွဲ့လေးယောက်က ပူး(လ်) မန်းနီး(စုပေါင်းငွေ)နဲ့ ခရီးထွက်လာတာ၊ အခု ဆရာစားတဲ့ သောက်တဲ့ ကျသင့်ငွေကိုပဲ ဆရာပေးလိုက်ပေါ့၊ လေးလေး တို့လေးယောက်အဖွဲ့ စားသောက်ကုန်ကျသမျှတော့ ...

ပူး(လ်)မန်းနီးကပဲ ပေးရမှာပဲ ဆရာ"

"ဟိုက် ..."

ဆရာကိုမြတ်မင်းသာမက ... အားလုံးသည် လေးလေးမြင့်၏ အပြောပြတ်လွန်းသော စကားကြောင့် အသီးသီးရင်ထဲတွင်'ဟိုက်'ဟု အော်မြည်သွားကြတော့သည်။

တခြားသုံးယောက်ဖြစ်သော ပြုံးပြုံးရီ ဝင်းဝင်းမော်နှင့် သီဂီမင်းတို့သည် ဆရာကိုမြတ်မင်းအား အားနာသောအကြည့်လေးမျိုးဖြင့် လှမ်းကြည့်မိတော့သည်။

လူမှုရေးနှင့်တွက်ဆလျှင် အားနာစရာအကွက်လည်းဖြစ်နေပါ၏။ ဆရာကိုမြတ်မင်းက ... မိမိတို့အဖွဲ့ (၄)ယောက်အတွက် ထမင်းဖိုးသာမက လီမွန်ဘာလီပုလင်းကိုပင် ငွေရှင်းပြီးကြောင်း ပြောနေသည့်ကြားကပင် လေးလေးမြင့်က ဆရာ့အတွက်ဆရာ့ဘာသာပေး။ သူမတို့လေးဦးအဖွဲ့ အတွက်သာ သူမက ကျွေးမည်ဟု ပြတ်ပြတ်ကြီးပြောချလိုက်သည်မှာ အားနာစရာမှ တကယ့်အားနာစရာ။

ဆရာကိုမြတ်မင်းသည် လူကြီးရှက်တော့ ရယ်ဆိုသည့်ပုံစံမျိုးလား မသိ။ တဟဲဟဲရယ်မောလိုက်ကြသည်။ ထို့နောက် တဆက်တည်းမှာပင် ဆရာကိုမြတ်မင်းက ပြုံးရယ်ကာ လေးလေး





မြင့်အား ပြန်လည်ပြောလိုက်ပေသည်။

"အစိုးရရုံးတွေမှာဖြစ်ဖြစ် တချို့ကုမ္ပဏီကြီးတွေမှာဖြစ်ဖြစ် ဘတ်ဂျက်ဟက်ဒ်ဆိုပြီး ငွေဝင်ငွေထွက်စာရင်းတွေကို ... ခေါင်းစဉ်လေးတွေတပ်ပြီး သုံးလေ့ရှိတယ်လေးလေး၊ အခု လေးလေးတို့ ပူး(လ်)မန်းနီးမှာ ဘက်ဂျက်ဒ်ဟက်ခွဲရင် နေ့စဉ်စားသောက်စရိတ်ဆိုတဲ့ ကုန်ကျစရိတ်ထဲမှာ လေးလေးက ဖီးရီးသုညလေးတစ်လုံး ရေးချလိုက်ရတာ မပင်ပန်းပါဘူးနော်၊ ကဲ ... ကဲ ... သွားကြစို့တော့"

ဆရာကိုမြတ်မင်းကပင် ရှေ့မှာထွက်လာသည်။ လေးလေးမြင့်တို့ လေးယောက်နောက်မှ လိုက်လာပြီး လမ်းကူးသည်ပြုစဉ်မှာပင် ဆိုင်ကယ်သမားသည် လမ်းရောက်နေပြီဖြစ်သော ဆရာကိုမြတ်မင်းအား ကွေ့ရှောင်ပြီး တရှန်ထိုးမောင်းနှင်ထွက်ခွာသွားသည်ကို တွေ့ရပေတော့သည်၊ ဆရာကိုမြတ်မင်းသည် တန့်ကနဲရပ်ကာ မော်တော်ဆိုင်ကယ်ကို ငေးကြည့်နေစဉ်မှာပင် လေးလေးမြင့်တို့က ဆရာကိုမြတ်မင်းကို မှီလာကြသည်။

"ဒီလူကို လေးလေးတို့သိသလားဟင်၊ သူဟာ လေးလေးတို့အဖွဲ့ထဲက တစ်ယောက်ယောက်ရဲ့ အသိကျွမ်းဖြစ်နေသလားလို့ပါ"

"မသိပါဘူးဆရာ ... ၊ လေးလေးတို့အဖွဲ့နဲ့ လုံးဝမသိဘူး"

"ဟုတ်လား ... ကိုယ်ထင်တာက ဒီလူဟာ လေးလေးတို့ထဲက တစ်ယောက်ယောက်ကို ရိပ်နေပြီး ဒီခရီးစဉ်နောက်ကို လိုက်လာတာလို့ ထင်နေလို့၊ လေးလေးတို့အဖွဲ့တစ်ဖွဲ့လုံးနဲ့ မသိဘူးဆရင်တော့ သူ့မှာ ဒီပြင်အကြောင်းတစ်ခုခုရှိနေလို့ ဖြစ်မှာပေါ့လေ"

"နို ... အဲဒီလူနဲ့ ဆရာကကော ... တစ်ခုခုပတ်သက်စရာ အကြောင်းရှိနေသလား ဆရာ၊ သူ ဒီခရီးနောက်ကို လိုက်နေတာဟာ လေးလေးတို့နောက်လိုက်တာမဟုတ်ဘဲ ဆရာ့နောက်ကို လိုက်လာတာလို့ကော မဆိုနိုင်ဘူးလား"

ဆရာကိုမြတ်မင်းက ဦးခေါင်းခါပြသည်။

"သူ့ကို ကိုယ်လုံးဝမသိဘူး လေးလေး ... ၊ ကိုယ့်အနေနဲ့ သူ့ကိုပတ်သက်စရာ ဘာတစ်ခုမှမရှိဘူး၊ အေး ... သူက ကိုယ့်ကိုယ်ပတ်သက်စရာရှိနေတယ်ဆိုရင်တော့ အဲဒါကို ကိုယ်လည်းမသိဘူးလို့ ပြောရမှာပဲ လေးလေး"

ဆွာမှ ဒဂုံပုပ္ပါးကြီး ခရီးဆက်ထွက်လာခဲ့သည်။

ဆရာကိုမြတ်မင်းသည် ရှေ့ထိုင်ခုံတွင် ထိုင်လိုက်ပြီး စာအုပ်တစ်အုပ်ကိုသာ သဲသဲမဲမဲ ဖတ်ရှုနေပါ၏။ နောက်လှည့်ပြီး





လေးလေးမြင့်နှင့်ဖြစ်စေ၊ ပြုံးပြုံးရီနှင့်ဖြစ်စေ စကားပြောခြင်းမပြုပေ။ ထိုင်ခုံအနေထားရ ဆရာကိုမြတ်မင်းနှင့် လေးလေးမြင့်မှာ ရှေ့တည့် တည့်ကြီးဖြစ်နေသည်။ ပြုံးပြုံးရီဆိုလျှင် ... ဆရာမြတ်မင်း အနေ ထားမှာ ဓားလွယ်ခုတ် အနေအထား ... သို့မဟုတ် မျက်စောင်း ထိုးအနေထားဖြစ်ပါ၏။

အင်း ... မိပြုံးတစ်ယောက်တော့ ဆရာမြတ်မင်းကို ဘဝင်စားနေပြီးထင်ပေါ့။

တစ်ချို့သော မိန်းကလေးတို့တွင် အလွန်လိမ္မာ သော ညာဉ်လေးတစ်ခုရှိတတ်သည်။ နှလုံးသား၏ ချစ်ချင်းမေတ္တာ ဦးစားပေးသည်ထက် ရာသက်ပန်ဘဝကြင်ဖော်အဖြစ် လက်တွဲ အားကိုးနိုင်သူကို ဦးစားပေးရွေးချယ်တတ်ကြသည်။

ဆရာကိုမြတ်မင်းသည် ဥပမိရုပ်ချောမောသည်။ ပြောအဆို သိမ်မွေ့နူးညံ့သည်။ ဝတ်စားဆင်ယင်မှု ကျနွေရသည်။ နေအထိုင်လည်း ကျနွေရသည်ဟုပင် ပြောရမည်။ (ယခု ... နံ့ထိ ကလေးတွေကို နောက်လှည့်ညို၍ပင် စကားမပြော) စိတ်စေ ာလည်း ကောင်းမွန်ပုံရသည်။ (ဆွာတွင် သူတို့လေးယောက် သောက်ကုန်ကျသမျှကို ဒကာခံသွားသည်) ထို့ထက်မှာမူ ဆရာ မြတ်မင်းသည် အာအိုင်တီမှ သရုပ်ပြဆရာတစ်ဦးဖြစ်နေသည်။ ဘာပဲ

ပြောပြော ဆရာကိုမြတ်မင်းသည် စက်မှုတက္ကသိုလ်မှ ဘီအီးဂျင်နီယာဘွဲ့ကို ဆွတ်ခူးထားပြီးသူမို့သာ သချာပြဆရာအဖြစ်ခန့်အပ်ထားခြင်းခံရသည်မဟုတ်လား။ နောက်ဆိုလျှင် လက်ထောက် ကထိကရာထူးသို့ ဆရာမြတ်မင်း တက်ပေဦးမည်သာ။

ပြုံးပြုံးရီသည် ကျောင်းတွင် ချစ်သူတွေ ဘာတွေမရှိ။ သူတို့လေးယောက်စလုံးတွင် ဘာချစ်သူမှ မရှိသေးကြောင်း တစ်ယောက်သိသေချာသည်။

ဝေး … မရွှေလေးလေးမြင့်ကိုတော့ ပြေမနေနှင့်။ ယခုအချိန်ထိ ဘာဆိုဘာကောင်ကြီးကိုမှ စိတ်မဝင်စားသူဖြစ်သည်။ အင်းယားမြိုင်အိမ်ဝယ် လေးလေးမြင့်သည် တစ်ဦးတည်းသော သမီးဖြစ်သည်။ ဖေဖေနှင့် မေမေ၏ အရှိန်အဝါကြောင့်ရော လေးလေးမြင့်၏ မျက်နှာအလှ ခန္ဓာကိုယ်အလှကြောင့်ရော … လေးလေးမြင့်ကို တက္ကသိုလ်ကျောင်းသူမလေး ဖြစ်နေသည်ကြောင့်ရော … လေးလေးမြင့်ကို စစ်ဗိုလ်၏ မိဘတွေကလည်း ချွေးမတော်ချင်ကြသည်။ ဆရာဝန်ပေါက်စ၏ မိဘတွေကလည်း ချွေးမတော်ချင်ကြသည်။ ဖေဖေနှင့် မေမေမှတစ်ဆင့် ဆရာဝန်မိဘတွေသည် ကမ်းလှမ်းကြသည်။ ယခုကတည်းက မိဘချင်းသဘောတူညီချက်ရယူထားချင်ကြသည်။





မေမေကတော့ ဆင်စီးမြင်းရံ မိဘစေတနာလေးဖြင့် အဖက်ဖက်က သင့်တော်သော သူတစ်ဦးဦးကို သမက်လောင်းအဖြစ် နံပါတ်ဆွဲ တံဆိပ်ရိုက်ထားချင်သော ဆန္ဒလေးရှိနေတတ်သည်။

သို့တစေ… သမီး လေးလေးမြင့်ကို သမက်လောင်း တစ်ယောက်ယောက်အကြောင်းပြောရလေတိုင်း လေးလေးမြင့်က ထခုန်တတ်သည်။

"ဘာလဲ … မေမေက သမီးကို ကိုယ့်လက်ကလွှတ်ရင် ပြီးရောဆိုပြီး လင်ပေးစားချင်တာလားမေမေ၊ မလိုချင်ဘူး၊ လေးလေးအနေနဲ့ အင်းယားမြိုင် အိမ်ကြီးမှာ ဖေဖေရယ် မေမေရယ် … လေးလေးရယ် … အခုလိုသာတောင့်သာယာနေရတာ မဝသေးဘူးမေမေ၊ ဟွန်း … လေးလေးက လင်လိုချင်ရင် ကိုးတန်းဆယ်တန်းကျောင်းသူဘဝကတည်းက ပြည့်လို၊ ဝိုင်းဝိုင်းလည်လို့ သိလား … လိုကိုမလိုချင်လို့ ဘယ်သူဆို ဘယ်သူ့မှလက်မခံတာ၊ လေးလေးအလိုချင်ဆုံးက ဆရာဝန်ဖြစ်ချင်တာ၊ အခုမရဘူး၊ မတတ်နိုင်ဘူး မေမေ၊ အခုရတဲ့ ဘာသာရပ်နဲ့ပဲ လေးလေးဘွဲ့ရအောင် သင်ဦးမှာ၊ မေမေတို့ လင်ပေးစားချင်တယ်ဆိုရင် လေးလေးဘွဲ့ရပြီးမှ

ဒီစကားမျိုးတွေပြောပေတော့ ... ”

တစ်ချိတည်း အရှည်ကြီးကို မေမေ့အားဖိတ်ပြောပစ်လိုက်သည်။ မေမေက နှုတ်ခမ်းမဲ့သည်။ သမီးကို မတတ်နိုင်သည့်အဆုံး ဗျစ်တောက် ဗျစ်တောက် ပြောတော့သည်။

“အေးပါ ... အေးပါ အခုတော့ အာမာဦးပေ့ါ မိလေးလေးမြင့်၊ နင့်ရင်ထဲမှာ အချစ်ဆိုတာ မရှိသေးလို့ကိုးဟဲ့ ... တော်ကြာတွေ့ကရာကောင်ကို ချစ်မိလာပြီးမှ မေမေရယ် အဲ့ဒီလူနဲ့ သမီးကို ပေးစားပါလို့ ငါ့ကိုအောက်ကျို့ လာမခံနဲ့သိလားဟင်း ... နင်ကြိုက်တဲ့ကောင်ဖြစ်ရင်တော့ အဆင်ပြေမယ်၊ နင်ကြိုက်တာဆို ငါမကြိုက်ရင်တော့ နင့်ပါးရှစ်စိတ်ကွဲပြီမှတ် မိလေးလေးမြင့် ... ”

ယင်းသို့ ဗျစ်တောက်စကားမျိုးဖြင့် မေမေသည် သူမသဘောတူချင်သော သူမက်လောင်းတို့ကို သမီးအလိုကျ ဖယ်ရှားခဲ့ရပေါင်းမနည်းတော့ပြီ။

ယခုလည်း ဆွာတွင် လေးလေးမြင့်သည် တဝတပိုး ထမင်းစားခဲ့သည်။ ဆွာထမင်းဆိုင် ဟင်းသည် အိမ်ကဟင်းလို မကောင်းလှသော်လည်း ခရီးရှည်သွားရာတွင် ဆာလောင်ခြင်း လတ်ဆတ်သောလေတို့ကို ရှူရှိုက်ရခြင်း၊ ဒဂုံပုပ္ပါးဟီးနိုးကားကြီးက





ခုန်ဆောင့်ပြေးလွှားခြင်းတို့ဖြင့် အစာကြေရင်ချောင်ကာ မနက်စာကို တော်တော်များများ စားခဲ့သည်။ ထမင်းစားပြီးသည်နှင့် ဒဂုံပုပ္ပါးကားကြီး ဆွဲရာသို့လိုက်ရင်း လေးလေးမြင့် အိပ်ငိုက်လာလေပြီ။

ပထမဦးစွာဘေးဘက်မှမှန်တံခါးချပ်ကြီးကိုဦးခေါင်းမှီပြီး လေးလေးမြင့်ငိုက်ကြည့်သည်။ မဟန်။

ဟီးနိုးကားကြီး၏ စက်အင်ဂျင်စက်ကြောင့်ရော မညီညာသောလမ်းအနိမ့်အမြင့်တွေကြောင့်ရော လှုပ်ခြင်း၊ ခတ်ခြင်း ခါခြင်းတွေ ရောပြွမ်းနေသည်။ ငိုက်၍မကောင်း။

ဒီတော့ လေးလေးမြင့်က ရှေ့ခုံ၏ကျောမှီတန်း နိကယ်ရောင် သံတန်းပေါ်သို့ လက်နှစ်ဖက်ကွေးတင်ကာ ယင်းလက်နှစ်ဖက်ပေါ်တွင် နဖူးတင်မှေးပြီးထိုင်လျက် မှောက်ခုံလေးအိပ်လိုက်ပေသည်။

အားပါးပါး အိပ်လို့ကောင်းလိုက်သည့် ဖြစ်ခြင်း။

တပ်ကုန်းရောက်မှပင် လေးလေးမြင့်နိုးတော့သည်။ ဆွာမှထွက်လာသည့်ကြားတွင် ဖြူးလှ၊ ရေနီ၊ လယ်ဝေး၊ ပျဉ်းမနားမြို့တွေသို့ ဖြတ်သန်းခဲ့ရသည်။ ဒီကြားမြို့တွေတွင် လေးလေးမြင့် မနိုးပါလေ။ အိပ်ပုတ်ကြီးနေသည်။

တပ်ကုန်းတွင် ဒဂုံပုပ္ပါးကြီးက အတန်ကြာကြာလေး

[illegible]သည်။ ရုပ်ရှာစခန်းတွင် လိမ္မော်ရည်၊ ကရင်ဆော်ဒါ၊ ဇီး၊ ဗင်တို သည့် လပ်ဆတ်သော ဘိလပ်ရည်ပုလင်းများကို ရေခဲဖြင့် ဖောက် ရောင်းနေသည်လည်း ဖြစ်သည်။ အချိန်က မွန်းလွဲနေစောင်းလည်း ဖြစ်ပြန် အထက်ပိုင်းရာသီဥတု ဆန်လာပြီမို့ ပူလည်းပူပြန်လည်းဆို တော့ သူတို့လေးယောက်အဖွဲ့ အောက်ဆင်းပြီး နှစ်သက်ရာရေခဲစိမ် ဘိလပ်ရည် သောက်ရန်အတွက် သိဂီမင်းကပင် လေးလေးမြင့်ကို နှိုးရတော့သည်။

အားလုံး ဘိလပ်ရည်အသီးသီးသောက်ကြသည်။ ဆရာကိုမြတ်မင်းလည်း အပါအဝင်ပေါ့။

ဘိလပ်ရည်သောက်နေကြစဉ် ဆရာကိုမြတ်မင်းနှင့် ဖြိုးဖြိုးရီတို့သည် ရယ်ကာပြုံးကာဖြင့် စကားလက်ဆုံကျနေသည်ကို လေးလေးမြင့်က သတိထားမိပြီး မျက်မှောင်ကုတ်ကြည့်မိသည်။

မျက်မှောင်ကုတ် ကြည့်မိသည်မှာ ဆရာကိုမြတ်မင်း နှင့် ဖြိုးဖြိုးရီတို့ ပြောဆိုနေကြသော စကားတွေသည် သာမာန်ရိုးရိုး အာလာပသလ္လာပဖြစ်သော်လည်း တစ်ယောက်ကိုတစ်ယောက် ကြည့်ကြသောအကြည့်လေးတွေက ဆန်းသယောင်ရှိနေသည်ဟု ထင်မိသောကြောင့် ဖြစ်သည်။

မျက်မှောင်ကုတ်ရာမှ သိဂီမင်း၊ ဝင်းဝင်းမော်ဆီသို့





လှမ်းကြည့်လိုက်သည်။

လေးလေးမြင့် လှမ်းကြည့်သည်နှင့် သိဂီမင်းနှင့် ဝင်းဝင်းမော်က ပခုံးလေးကိုယ်ဆီ တွန့်ပြလိုက်ကြသည်။ အဓိပ္ပါယ် သက်ရောက်မှုမှာ "အခြေအနေက မြင်တဲ့အတိုင်းပေါ့" ဆိုသယောင် တဆက်တည်းမှာပင် ဖြိုးဖြိုးရီထံမှ အသံထွက်လာသည်။

"ဒီမှာ မိလေးရေ ... ဆရာက ပေးမလို့တဲ့ဟဲ့"

လေးလေးမြင့်က လှမ်းကြည့်လိုက်သည်။ ဆရာကို မြတ်မင်းက အိတ်ထဲမှ အစိတ်တန်တစ်ရွက်ထုတ်ကာ ဘိလပ်ရည် (၅)ပုလင်းဖိုးအတွက် ပေးမည်တကဲကဲဖြစ်နေသည်ကို ဖြိုးဖြိုးရီက ဆရာကိုမြတ်မင်းလက်ကို ကာဆီးရင်း လက်ချင်းထိလိုက်ခွာလိုက် ဖြင့် လေးလေးမြင့်ဆီ လှမ်းအော်လိုက်ခြင်း ဖြစ်ပါ၏။

"ဟာ ... ဆရာ၊ လေးလေးပဲ ပေးလိုက်မယ်"

လေးလေးမြင့်ကကြားဝင်ကာသွက်လက်စွာပင်အစိတ် တန်တစ်ရွက် ထုတ်ပေးရင်း ငါးပုလင်းဖိုးယူပါဟု ရောင်းသူလက်သို့ ပေးလိုက်သည်။

တစ်ပုလင်း သုံးကျပ်နှုန်းဖြင့် ရောင်းသူက လေး လေးမြင့်အား ငွေတစ်ဆယ် ပြန်အမ်းပေးသည်။

"လေးလေးရဲ့ ပူး(လ်)မန်းနီး ဘတ်ဂျိတ်ထဲမှာ လူလေး

ယောက် လေးပုလင်း ဆယ့်နှစ်ကျော် ရေးရမှာမှတ်လား လေးလေး ... အခုဆယ့်ငါးကျပ်ဆိုတော့ ဘယ်လိုရေးမလဲ ဟင် ... "

ဆရာကိုမြတ်မင်းက လှမ်း၍ နောက်ပြောင်စကား ဆိုလိုက်သည်။

"အလှူခံပုဂ္ဂိုလ် တစ်ပုလင်းအတွက် သုံးကျပ်လို့ရေးရမှာ ပေါ့ဆရာ ... "

ဘာရမလဲ ... ။ လေးလေးမြင့်က ဒီလောက်တော့ ပြန်ခွတ်နိုင်အောင် စကားတတ်ပါသေး၏။ လေးလေးမြင့်စကား အဆုံးတွင် ဆရာကိုမြတ်မင်းမှာ ဘာပြန်ပြောရမှန်းမသိဘဲ အိုးတိုး အတ ဖြစ်သွားပါ၏။

"ဟေး ... မိလေး၊ မိပြုံး၊ မိမော်တို့ ... တို့များ သောက်ပြီး ပြီလေ၊ ပေါက်ဖို့သွားစို့ဦး"

သီဂီမင်းသည် ဘီလပ်ရည်တွေသောက်ပြီးမို့ အခင်း လေးသွားကြစို့ဟု ခေါ်လိုက်ခြင်းဖြစ်ပေသည်။ သီဂီမင်း၏စကား ကို ဘေးမှသဘောပေါက်သူများက ပြုံးကြသည်။ ခရီးသွားရာတွင် အရာရာ ရှက်ကြောက်နေ၍ မဖြစ်။ အထူးသဖြင့် မော်တော်ကား နှင့် ခရီးသွားရာတွင် မီးရထားတို့ သင်္ဘောတို့ လေယာဉ်တို့လို ကား





ပေါ်၌ အိမ်သာရှိသည်မဟုတ်။ ကားရပ်လျှင် ကိုယ့်ဟာကိုယ် လည် သလို အနေရာယ် လွယ်မထားဘဲ ထုတ်ပစ်ရတတ်သည်။

တပ်ကုန်းတွင် ဒဂုံပုပ္ပါးကြီးရပ်ပေးထားရာ စခန်း၌ လည်း အခင်းကြီး အခင်းလေးသွားနိုင်သော အိမ်သာလေးတွေရှိနေ ပါ၏။ တမင်စီစဉ်ပေးထားသည်ပင် ဖြစ်ပေမည်။ အမျိုးသားသီးခြား၊ အမျိုးသမီးသီးခြားပါ။ လုံလုံလဲလဲလည်းရှိပါ၏။

လေးလေးမြင့် သီဂီမင်းနှင့် ဝင်းဝင်းမော်တို့သည် အမျိုးသမီး သီးခြားနေရာလေးဆီသို့ လှမ်းခဲ့သည်။

"ဟဲ့၊ မိပြုံးကကော ... "

ပြုံးပြုံးရီ ... လိုက်ပါမလာခဲ့သဖြင့် လေးလေးမြင့်က အဖွဲ့ခေါင်းဆောင်ပြီပြီ ပူပန်စွာမေးမြန်လိုက်သည်။

"မိပြုံးက မပေါက်တော့ဘူးတဲ့ဟဲ့ မိလေး။ ဟိုမှာ ... ဆရာ ကိုမြတ်မင်းနဲ့ ကျန်ခဲ့လေရဲ့"

"အံမာလေးလေး ... ဒီကောင်မ မိပြုံးတစ်ယောက် ပေါက်ဖို့ တောင်မေ့နေပလားဟယ် ... "

"နင်က ဆွာကထွက်ကတည်းက အိပ်တာကိုး မိလေးရဲ့"

သီဂီမင်း အိမ်သာထဲဝင်သွားသည်။ ရပ်စောင့်ရင်း ဝင်းဝင်းမော်က ပြောပြခြင်းဖြစ်ပါ၏။

"ငါ့အိပ်ချင်တာကိုး မိမော်ရဲ့"

"အေး ... နင်အိပ်နေတုန်း ရှေ့ခုံနောက်ခုံ ဆရာကိုမြတ်မင်းနဲ့မိပြုံးက ကြည့်လာတာဟဲ့။ ဖေလာတာဟဲ့၊ တို့က ဘေးက ထိုင်ကြည့်လာတာ"

"ဟုတ်လား ... ဒါဆိုရင် ... ကွန်ဂရက်ကျူလေးရှင်းလို့ ... တို့က မိပြုံးကိုပြောရမှာပေါ့ မမော်"

သီရိမင်း ပြန်ဆင်းလာသည်။ ဝင်းဝင်းမော်က ဝင် ရောက်သွားပြန်ပါ၏။

သီရိမင်းက နားစွန်နားဖျားအကြားဖြင့် လေးလေးမြင့်ကို ဝင်းဝင်းမော် ဘာတွေပြောသွားသလဲဟု ထပ်မေးသည်။ လေးလေးမြင့်က ဝင်းဝင်းမော် ပြောပြသွားရွေ့ကို ပြန်ပြောသည်။

သီရိမင်းကလေးလေးမြင့်စကားအဆုံးတွင်လေးလေး တွဲတွဲလေးပင် မှတ်ချက်ပြုတော့သည်။

"ဆရာကိုမြတ်မင်းကြီးက တမျိုးကြီးပါဟယ် မိလေး"

"ဘယ်လို တမျိုးကြီးလဲမသီရိ" ...

သီရိမင်းက လေတွခဏစဉ်းစားသလို ငြိမ်သက်နေလိုက်သေးသည်။ နောက်ပြီးမှ သူမ၏ရင်ထဲတွင် နိုးလိုးခုလုဖြစ်နေပုံများကို ရှင်းပြပေသည်။





"ပထမတော့ ဆရာကိုမြတ်မင်းဟာ မိလေးကို ရိုတ်တဲ့အမူအရာတွေရှိတယ်"

"နင့်ကို ဘယ်သူပြောလဲ မသီရိ"

"တို့ အကဲခတ်ကြည့်တာပေါ့။ ဆွာထမင်းဆိုင်ထဲမှာအထိ နင့်ကို ရိုတ်နေတာပဲ။ ဒါပေမဲ့ နင်က သူ့ကိုလုံးဝစိတ်မဝင်စားမှန်း သူပြန်ပြီး ရိပ်မိပုံရတယ်။ ဒီကြားထဲ မိပြုံးက ဆရာကိုမြတ်မင်းကို လက်ခံသယောင်ယောင် အမူအရာတွေပြတော့ ... ဆရာကိုမြတ်မင်းက မိပြုံးဘက်ကို လှည့်ရိုတ်ကြတာဆန်းဘူးလေ။ နင်က ရုပ်ရော ကိုယ်လုံးရော သိပ်လှတယ်မှတ်လား။ ဒေသကောလိပ်မှာထဲက နင့်ဆိုရင် ... ကောင်လေးတွေက တန်းစီပြီးရိုတ်နေကြတာ။ အေး ... ဆရာကိုမြတ်မင်းက ပထမတော့ နင့်ကိုရလားလို့ ရိုတ်ရာက မရမှန်းသိတာနဲ့ ချက်ချင်းကြီးပဲ မိပြုံးကို လှည့်ရိုတ်ရတယ်လို့ အဲဒါကို တို့အံ့ဩတာ။ ဆရာတစ်ယောက်ဖြစ်ပြီး အပြောင်းအလဲမြန်လှချည်လားလို့ အံ့ဩတာ။ တကယ်လို့သာ ခုံနံပတ်ခြောက်မှာ မိပြုံးမဟုတ်ဘဲ ... မိမော်ဖြစ်ဖြစ် ငါဖြစ်ဖြစ် ထိုင်ရင်လည်း ဆရာကိုမြတ်မင်းက လှမ်းရိုတ်မလားပဲ"

"ဒါကို နင်က စမ်းနည်းနာနေသလား မိမော်"

"ထပ်သရီး … ငါဆိုလိုတာက ဆရာကိုမြတ်မင်းဟာ ဘယ်သူဘယ်ဝါရယ်လို့ စွဲမြဲတဲ့စိတ်နဲ့ ဟုတ်ပုံမရတဲ့ ချိတ်မိချိတ်ရာ ဖမ်းရိုက်တဲ့ လူစားမျိုးလားလို့ပါ"

မိမော်ပြောသလို … ဟုတ်ချင်လည်း ဟုတ်ပေလိမ့်မည်။ လေးယောက်အဖွဲ့ထဲတွင် လေးလေးမြင့်က အလှဆုံးမိန်းကလေးဖြစ်နေစေကာမူ ကျန်သုံးယောက်လည်း သူ့နည်းသူ့ဟန်ဖြင့် လှသူလေးတွေချည်း ဖြစ်နေကသည်မဟုတ်လား။

ဝင်းဝင်းမော်သည် ဘိုးဘွားလက်ထက်က တရုတ်သွေးအနည်းငယ်ရောစပ်ခဲ့သဖြင့် ဖြူဖွေးဝင်းဝါသော အသားရောင်ရှိသည်။ မျက်ပေါက်လေး မသိမသာကျဉ်းသည်ကလွဲပြီး မျက်နှာအကျလှသည်။

သီရိမင်းကျတော့ အသားလေးညိုစိမ့်သည်။ မျက်လုံးမျက်ဖန်နှင့် နှာတံ၏ အလှသည် မဂိုကုလားမလေးတယောက်ဟု တင်စားရအောင် ပေါ်လွင်ပါ၏။

ကိုယ်လုံးကိုယ်ပေါက် အလှနှင့် ပတ်သက်၍တော့ ယနေ့ခေတ် တက္ကသိုလ်ကျောင်းသူ၊ ဟိုက်စကူးကျောင်းသူတွေမဆိုထားနှင့်။ သာမန်အရပ်သူတွေပင် ယေဘူယျအားဖြင့် လေ့ကျင့်ခန်းတွေ ကျင့်ကာ စလင်းဘော်ဒီခေါ် ငါးရံ့ကိုယ်လုံးလေးတွေ တော်





တော်များများ မိန်းကလေးတွေတွင် ရှိနေပါ၏။ တင်၏ဖွံ့ဖြိုးမှုပါး လျားချင်သား ပါးလျားကြမည်။ သွယ်သွယ်လျလျ ခန္ဓာကိုယ်လေးတွေတော့ ပိုင်ဆိုင်နေတတ်ကြသည်။

အလားတူပင် ဝင်းဝင်းမော်၊ သီရိမင်းနှင့် ဖြိုးဖြိုးရီတို့သည့်လည်း စလင်းဘော်ဒီလေးတွေပင်ဖြစ်ပါ၏။ ဖြိုးဖြိုးရီဆိုလျှင် အလွန်မြန်မာဆန်သည်။ ဆံပင်ရှည်တပတ်လျှိုနောက်တွဲ၊ ရင်ဖုံးကျက်ရှည်အင်္ကျီနှင့် ချိတ်ထမီကို ခြေမျက်စေ့ဖုံးဝတ်တတ်သော မိန်းမလေးပင်ဖြစ်ပါသေး၏။

ဩော် … ဆရာကိုမြတ်မင်းသည် မြန်မာဆန်သောကြောင့်ပင် ဖြိုးဖြိုးရီကို … သဘောကျသွားလေသည်လားဟုလည်း တွေးစရာ တခုရှိရှိပါ၏။ ဆရာကိုမြတ်မင်းကိုယ်တိုင် စတစ်ကော်လာရှပ်အဖြူ၊ အပေါ်ဖုံးအင်္ကျီနှင့် ဂန့်ဂေါလုံချည်ကို မြန်မာဆန်ဆန်ဝတ်ဆင်ထားသည် မဟုတ်ပါလေလား၏

ဘာပဲပြောပြော ဆရာကိုမြတ်မင်းအနေနဲ့ ဖြိုးဖြိုးရီကိုတကယ်တမ်း မေတ္တာသက်ဝင်ပြီး တကယ်တမ်းရည်ရွယ်ရိုးမှန်လျှင် လေးလေးမြင့်တို့ သူငယ်ချင်း (၃)ဦးက ကွန်ဂရက်ကျူလေးရှင်းပါပေ၏။ စက်မှုတက္ကသိုလ်မှ ဘီအီးအင်ဂျင်နီယာဘွဲ့ရပြီး သရုပ်ဆရာတာဝန်ထမ်းဆောင်နေသူ … တစ်ဦးသည် အလားအလာ

ကောင်းပြီး မိန်းကလေး တစ်ဦးအဖို့ အားကိုးအားထားပြုထိုက်သူ တစ်ဦးပင်။

"ကဲ ... တက်ကြ၊ တက်ကြ၊ ကားထွက်မယ်"

အားလုံးတက်ရောက်ကြသည်။ လေးလေးမြင့်က ဘေးပြတင်းပေါက်ထိုင်ခုံရထားသူမို့ ပြုံးပြုံးရီ၏ရှေ့မှာပင် တက်ရောက်ခဲ့သည်။

"ဟဲ့ ... စာရွက်ခေါက်လေး တစ်ခုပါလား"

လေးလေးမြင့်၏ ခုံအမှတ်(၅)ဖင်ထိုင်ခုံပေါ်တွင် အပြာရောင်စက္ကူဖြင့် ခေါက်ထားသော စာတစ်စောင်က ရောက်နေပေသည်။ လေးလေးမြင့်က အံ့သြစွာ နှုတ်ဖျားမှရွတ်ဆိုရင်း စာရွက်ခေါက်လေးကို ကောက်ယူပြီးမှ ထိုင်ချလိုက်သည်။ လေးလေးမြင့် ထိုင်ခုံချပြီးသည်နှင့် ပြုံးပြုံးရီက လေးလေးမြင့်ဘေးတွင် ထိုင်လိုက်ပေသည်။

"ငါ့ကို ... စိတ်မဆိုးနဲ့နော် မိလေး၊ ငါတကယ်အိမ်သာမသွားချင်လို့ နေခဲ့တာပါ"

"အော် ... မိပြုံးရယ်၊ ဘာကို ဘာဖြစ်လို့ နင့်ကိုစိတ်ဆိုးရမှာလဲဟဲ့"

လေးလေးမြင့်က ပါးချိုင့်လေးပေါ်အောင်ပင် ပြုံး





ရယ်ရင်း ပြုံးပြုံးရီကို ပြောလိုက်ပေသည်။ ထိုအခါကျမှပင် ပြုံးပြုံးရီက ရယ်မောလိုက်ရင်း ...

"ဟိုနောက်က ကောင်မတွေကော"

"ဟဲ့ ... ဘာကိုဘာဖြစ်လို့ နင့်ကိုစိတ်ဆိုးရမှာလဲ မိပြုံးရဲ့"

ဟု ဝင်းဝင်းမော်နှင့် သီဂီမင်းသည် ယိမ်းတိုက်ထားသလိုရှေ့က လေးလေးမြင့်ပြောသည့် လေသံအတိုင်း တညီတညွတ်တည်း ပြောကာ ရယ်မောလိုက်သည်နှင့် လေးယောက်စလုံး ထပ်မံ ရယ်မောကြပေတော့သည်။

ဤသည်မှာ လူသားတွေတွင် ဖြစ်တတ်သော သဘောလေးတွေပင်ဖြစ်ပါ၏။ ဆရာကိုမြတ်မင်းနှင့် မရိုးမသားလေး ဆက်ဆံမိနေပြီဖြစ်သော ပြုံးပြုံးရီသည် သူမဘာသာ အိုးမလုံအုံမွှင့်ရခြင်းမျိုးဖြစ်သည်၏ အင်္ဂလိပ်စကားနှင့် ပြောရပါမူ ဤအခြေအနေတွင် ပြုံးပြုံးရီသည် (Juilty Concious) (ကိုယ့်လိပ်ပြာကိုယ်မလုံ)သောသဘောလေး သက်ဝင်နေသည်။ ထို့ကြောင့် ... အိမ်သာသို့ သုံးယောက်သွားပြီး သူမတစ်ယောက်တည်းမလိုက်ပဲ ဆရာကိုမြတ်မင်းနှင့် နေခဲ့ခြင်းကို သိမ်ငယ်စိတ်ဖြစ်ကာ ကျန်ခဲ့သော သူငယ်ချင်းသုံးယောက်က သူမအား ဘယ်လိုမှအပြစ်မတင်မှန်း သေချာလေမှ စိတ်ဒုံးဒုံးချဖြစ်သွားကာ သူများရယ်သလို လိုက်၍ရယ်နိုင်ခြင်းမျိုးပင်။

ဆရာကိုမြတ်မင်းသည်ကားပေါ်ပြန်တတ်ပြီးနောက် သွားသောသူလည်း ကိုယ့်လိပ်ပြာကိုယ်မလုံ ဖြစ်နေဟန်တူသည်။ နောက်မှ အမျိုးသမီးလုလုလေးတွေ တခစ်ခစ်ရယ်မောနေသည်ကို ပင် သမင်လည်ပြန် ချေစောင်းမကြည့်ဘဲ ဖတ်လက်စစာအုပ်ကိုသာ ဖတ်နေတော့သည်။

"ဟော့ ... မိလေး၊ ခုနကစာ ဘာစာလဲကွ ဟင်",

"ပြောတတ်ဘူးလေ၊ တို့အောက်ဆင်းနေတုန်း သူ့ဘာသာ ထိုင်ခုံပေါ်ရောက်လာတဲ့ စာပဲဟာ"

"ဖတ်ကြည့်စို့လေ"

လေးလေးမြင့်က စာရွက်ခေါက်ကို ဖြိုလိုက်သည်။ ပြုံးပြုံးရီက ဘေးတစောင်း ဦးခေါင်းငဲ့၍ ဖတ်သည်။ သီဂီမင်းနှင့် ဝင်းဝင်းမော်က ဦးခေါင်းနှစ်ခုပူးကာ ရှေ့သို့ငိုက်၍ ဖတ်ကြသည်။

**မလေးလေးမြင့် ...**

အန္တရာယ်ရှိနိုင်ပါသည်။

အရာရာသတိဝီရိယရှိထားစေချင်သည်။

**ဂျိုကာ**

"ဟဲ့ ... နင့်တစ်ယောက်တည်းကို ရည်ညွှန်းရေးထားပါလား ဟဲ့ ... မိလေး"

"သူ့နာမည်ကလည်း ဂျိုကာတဲ့၊ ဖဲချပ်နာမည်ကြီး"





"ဆန်းတော့ အဆန်းသားနော်၊ ဒီကားထဲက ... တစ်ယောက် ကများ ရွှတ်နောက်နောက်နဲ့ ရေးထားတာလားမှမသိတာ"

ဝင်းဝင်းမော်နှင့် သီဂီမင်းတို့က တစ်ယောက်တစ် ပေါက်ထင်မြင်ချက်ပေးကြသည်။ ပြုံးပြုံးရီကမူ ဘာမှဝေဖန်ချက် ပေးဘဲ ငိုင်၍စဉ်းစားနေသည်။

လေးလေးမြင့် ကိုယ်တိုင်လည်း ငိုင်း၍စဉ်းစားနေပါ၏။ သီဂီမင်းတို့ မိမော်တို့ ဝေဖန်သလို ဒီဒဂုံပုပ္ပါး ဟီးနိုးကြီးထဲမှ တစ်ယောက်ယောက် ရွှတ်နောက်နောက်ရေးသည် ဆိုခြင်းမှာ ဖြစ် နိုင်ပါရဲ့လားဟု လေးလေးမြင့်စဉ်းစားကြည့်သည်။ အမိကမှာ **မိမိ** နာမည် "မလေးလေးမြင့်" ဟု ခေါင်းစည်း တပ်ထားသည့်အချက်ကို စဉ်းစားကြည့်သည်။

ဖြစ်နိုင်ပါ၏။ ဒဂုံပုပ္ပါးကြီးသည် ရန်ကုန်ဂိတ်မှ ထွက် ခွာရန် ငါးမိနစ်အလိုလောက်၌ ခုံအမှတ်ဖြင့် လူအမည်ကို စစ်ဆေးခဲ့ သည်။

"ခုံအမှတ်(၅)မှ မလေးလေးမြင့် ရောက်ပြီလား"

"ခုံအမှတ်(၆) မပြုံးပြုံးရီ ရောက်ပြီလား" စသည်ဖြင့် အစ အဆုံး အော်ဟစ်မေးမြန်း စစ်ဆေးခြင်းမျိုး ဖြစ်ပါ၏။ လူ တွေ၏မနောအရ ကိုယ့်နာမည်နှင့် ကိုယ့်ခုံအမှတ်ကိုသာ ဂရုထား၍ "ရောက်ပြီ" ဟု ဖြေဆိုပြီးသည်နှင့် တခြားအမည်နှင့် တခြားခုံအမှတ်

ကို သတိမထားမိဘဲ အမှတ်မဲ့ နေလိုက်ကြတတ်သည်။

ဒီကြားထဲတွင် အမှတ်တမဲ့မနေလိုသူတစ်ဦးဦးက မလေးလေးမြင့်အား စိတ်ဝင်စားသည် ဆိုကြပါအံ့။ ခုံအမှတ်နှင့် လူအမည်တွဲ၍မေးကတည်းက ယင်းလူကကြိုတ်၍ မှတ်သားထားနိုင်သည်။ ဤနည်းဖြင့် မလေးလေးမြင့်၏ ခုံအမှတ်ကိုရော၊ နာမည်ကိုရော သိနိုင်ခွင့်ရှိနေသည်။ ဒဂုံပုပ္ပါးကြီးပေါ်တွင် လူရွယ်လူငယ်တွေလည်းရှိပါ၏။ ထိုအထဲမှ တစ်ယောက်ယောက်၏ လက်ချက်ပေလားဟု ထင်စရာရှိနိုင်သည်။

သို့တစေ လေးလေးမြင့် ထပ်မံစဉ်းစားပြန်သည်။ လေးလေးမြင့်၏ ရုပ်ခန္ဓာအလှကို မြင်ရုံနှင့် စွဲမက်ချင်သော ... ယောကျ်ားသားတစ်ဦးဦးကသာ ရွတ်နောက်နောက်ရေးမည်ဆိုလျှင် ...

"မင်းက သိပ်မိတာပဲ၊ တို့တော့ မင်းကိုကြိုက်သွားပြီ"

စသည် ... စသည်ဖြင့် ရေးကြမည်သာ။ ဒီလိုအရေးအသားမျိုးလေးတွေကလည်း မကြာခဏ ... လေးလေးမြင့်သည် ကျောင်းတွင်တွေ့ကြုံရတတ်ပါ၏။

ယခုစာက ခေါ်ပုံကိုကပင် "မလေးလေးမြင့်"ဟု ထည်ထည်ခန့်ခန့်ခေါ်လိုက်သည်။ ရေးထားသည့် အကြောင်းအရာကလည်း အန္တရာယ်တစ်ခုခုအတွက် တင်ကြိုသတိပေးသလိုရေး





ထားသည်။ အပေါ်အတန် အရွတ်အနောက် စာတစ်စောင်ဟု လွယ်လွယ်ဖြင့် ဆုံးဖြတ်၍ မရစကောင်းပေ။

ထို့ထက်မှာမူ ရေးထားသောစာ၏ စာရွက်ကို လေးလေးမြင့် ထပ်ဆင့် အသေးစိတ်ကြည့်မိသည်။ အင်္ဂလန်တိုင်းပြည် ခရော့စ်လီ ကုမ္ပဏီမှထုတ်လုပ်သော စားရေးစက္ကူမျိုးဖြစ်ပါ၏။ စက္ကူသားသည် ညက်ညောပြီး ပိတ်သားတစ်ခု ယက်ကန်းမှ ယက်လုပ်ထားသလို အလျားနှင့် ကန့်လန့်စင်းတွေ အမြှင်းမြှင်းထရှိနေပါ၏။ စာရွက်၏ ထောင့်တနေရာတွင် Croxly Co. Eng. ခရော့စ်လီ ကုမ္ပဏီ အင်္ဂလန်ဟု ပါရှိပြန်သည်။ အဓိပ္ပါယ်မှာ Croxly ကုမ္ပဏီ၊ အင်္ဂလန်မှ ထုတ်လုပ်သည်ဟူသော အဓိပ္ပါယ်သက်ရောက်ပါ၏။

ယင်းသို့သော စာရေးစက္ကူမျိုးသည် မှောင်ခိုဈေးကုန်မျိုးစုံ စုံလင်လှပါသည် ဆိုသည့် ရန်ကုန် လေဟာပြင်ဈေး၊ စိန်ချွန်းဈေးမျိုးများပင် မတွေ့ရတတ်။

"မိလေး ..."

"ဟင် ..."

"ဒီစာကို နင်ဘယ်လိုယူဆလဲဟင် ...၊ မီကီတို့ မိမော်တို့ပြောသလို ဒီဟီးနိုးကားထဲက တစ်ယောက်ယောက်ရဲ့ လက်ချက်လို့ နင်ထင်သလား"

"အဲဒါတော့ ငါမပြောတတ်အောင်ပဲ မိပြုံး"

"ငါတော့ ပြောတတ်မယ်ထင်တယ် မိလေး ... ။ ဒီစာကိုဟို မော်တော်ဆိုင်ကယ်နဲ့လူပစ်ထည့်သွားတာလို့ပဲငါထင်တယ်"

"ဘာရယ် ... ဘာရယ် မိပြီး"

ဒဂုံပုပ္ပါးကားကြီးသည် အရှိန်အဟုန်ပြင်းစွာဖြင့် ရှေ့သို့မောင်းနှင်လျှက်ရှိပေသည်။ ရမည်းသင်း ပျော်ဘွယ် မိတ္ထီလာဆီသို့ ဦးတည်နေခြင်းဖြစ်ပါ၏။

"တပ်ကုန်းမှာ နင်တို့သုံးယောက် အိမ်သာသွားကြတယ် ... မှတ်လား ... ငါကမလိုက်ဘဲ ကျန်ခဲ့တယ်လေ"

"အဲဒါ ဟုတ်သားပဲ"

"အဲဒီအချိန်မှာပဲ ဆိုင်ကယ်သမားဟာ အောက်ဘက်က မောင်းလာတယ်။ တို့ အအေးသောက်တဲ့ဘက်က အရှေ့ဘက်ခြမ်းမှာ မှတ်လား။ ဆိုင်ကယ်သမားဟာ ဟီးနိုးကားရဲ့ အနောက်ဘက်ခြမ်းမှာ ကျွိခနဲရပ်တယ်တဲ့။ အဲဒီနောက်ဝူးခနဲ ဆက်မောင်းသွားတာကို ငါမြင်ရပြန်တယ်။ သူ ကျွိရပ်တဲ့အချိန်မှာ ဒဂုံပုပ္ပါးဟီးနိုးကားကြီးက ကွယ်နေတယ်လေ။ အဲဒီမှာ နင့်ထိုင်ခုံတည့်တည့်ကို ဟီးနိုးပြတင်းပေါက်က စာပစ်တင်ထားခဲ့တာများ ဖြစ်မလားလို့"

"သူက ဘာဖြစ်လို့ ဒီစာကိုပစ်တင်ထားခဲ့မှာတဲ့လဲ မိပြီးရယ် တကယ်လို့ ဒီစာကို ... သူပစ်တင်ခဲ့ရိုးမှန်ရင်လည်း တပ်





ကုန်းရောက်မှ ကျွိခနဲရပ် ... မော်တော်ဆိုင်ကယ်ပေါ်မှာ ချက်ချင်း ဒီစာရေးနောက်ပြီး ငါ့ထိုင်ခုံပေါက်ကနေ ပစ်တင်ဆိုတာမျိုးတော့ ဖြစ်မယ်မထင်ဘူး။ ဘာလို့လဲဆိုတော့ သူ့စာထဲကလက်ရေးက အသော့ရေးတာမျိုးမှ မဟုတ်ပဲ။ သာမန်ရေးရိုးရေးစဉ်ရေးတဲ့ လက်ရေးမျိုးဖြစ်နေတယ်လေ။ လက်ရေးက ဝိုင်းလည်းဝိုင်းတယ်၊ လှလည်းလှတယ် ... တကယ်လို့ ဆိုင်ကယ်သမားရေးပြီး ငါ့ထိုင်ခုံမှာ ပစ်တင်ထားတဲ့စာသာ ဖြစ်ရိုးမှန်ရင် အဲဒီလူဟာ တစ်နေရာရာမှာ ဒီစာကို အချိန်ယူပြီး သာမန်လက်ရေးနဲ့ ရေးရိုးရေးစဉ် ရေးပြီးမှ ပေးတာမျိုးဖြစ်နိုင်မယ်"

"ဒါတော့ တို့များလည်း မသိနိုင်ဘူးပေါ့ မိလေး"

မည်သူမည်ဝါဟု သိနိုင်ဘို့မှာ ခက်လှသည်။ ပြီးပြီးရော ကမြင်လိုက်ပါသည်ဟုဆိုခြင်းအတွက် ဆိုင်ကယ်သမားဖြစ်ချင်လည်း ဖြစ်မည်။ သို့တစေ ထိုအချိန်က ... လေးလေးမြင့်တို့သုံးယောက် အိမ်သာသွားနေသဖြင့် လေးလေးမြင့်ကိုယ်တိုင်တော့ ... ဆိုင်ကယ်သမားကို မမြင်လိုက်ရ။

ဆိုင်ကယ်သမားမဟုတ်လျှင်လည်း ဤဟီးနိုးကားကြီးထဲတွင် လိုက်ပါလာသူတွေထဲက တစ်ယောက်ယောက်ဖြစ်ပေမည်။

ဂျိုကာသည် မည်သူနည်း။

ဂျိုကာသည် မည်သူမည်ဝါဆိုသည့်အချက်ထက် ဂျိုကာ၏ သတိပေးချက်ကို လေးလေးမြင့် စဉ်းစားရပြန်သည်။

မိမိတွင် အဘယ်သို့သော အန္တရာယ်ရှိနိုင်ပါသနည်း။ မိန်းကလေးတစ်ဖွဲ့ လေးယောက်အတူတူလာခြင်းဖြစ်ပါလျက် မိမိတစ်ယောက်တည်းကိုသာ ရွေးပြီး အန္တရာယ်ရှိနိုင်ပါသည်ဟု သတိပေးချက်မှာ အဘယ်သဘောနည်း။

မိမိတို့သည် လမ်းခရီးတွင် ရန်များနိုင်သော လက်ဝတ်လက်စားတွေကိုပင် မယူခဲ့ပဲ၊ နေ့စဉ်ဝတ်နေကျ လက်စွပ် ဆွဲကြိုး လော့ကတ်တို့ကိုပင် အိမ်မှာထားပစ်ခဲ့ကြသေးသည်။ နားတွင် ပန်ထားသော နားကပ်သာလျှင် နားပေါင်းလောင်းကြီးဖြစ်မှာစိုး၍ ပန်မြဲပန်ထားသည်။ လေးလေးမြင့်က တစ်ရံလုံးမှ တစ်ရံတီခွဲသာလေးရှိသည့် စိန်နားကပ်လေးပန်ထားသည်။ ဖြိုးဖြိုးရီ၌လည်း စိန်နားကပ်လေးတစ်ရံ ... ပန်လျက်သားပင်။ သီဂီမင်းက ပုလဲနားကပ်။

ဝင်းဝင်းမော်ဆိုလျှင် ငယ်စဉ်ကတည်းက ... နားမဖောက်သောကြောင့် ဘာနားကပ်မျှမပန်။ လက်ပတ်နာရီတော့ ကိုယ်စီကိုယ်ငှပါကြသည်။ ဤပစ္စည်းလောက်မျှနှင့် ဤဒဂုံပုပ္ပါးခရီးလမ်းဝယ် အန္တရာယ်တော့ မရှိတန်ရာ။





လူကိုများ အန္တရာယ်ရှိနေ၍လား မသိ။

ဒါဆိုလည်း သူတို့သည် လူစုဝေးနှင့် လာကြခြင်းဖြစ်သည်။ ပြီ ... သမဝါယမ တည်းခိုခန်းတွင် တည်းခိုမည်။ သို့မဟုတ် အစိုးရပောတယ်တွင် တည်းခိုမည်။ လူကိုမည်သို့ အန္တရာယ်ရှိနိုင်တော့အံ့နည်း။

"အို ... အလကား ... ဂျိုကာဆိုတဲ့လူက သူ့ကိုယ်သူ ဂျိုကာနာမည်ခံပြီး အတည်ပေါက်နောက်လိုက်တာမျိုးပဲဖြစ်မှာပါ"

- ဟွန်း ... ရှေ့မှာထိုင်နေတဲ့ ဆရာကိုမြတ်မင်းကြီးပင် အ ည်ပေါက် မိမိကို တိတ်တခိုးနောက်ပြောင်ခြင်းမျိုး ဖြစ်ချင်ဖြစ်နေမှာ။ မိမိကိုရှို၍ မရှမ်းသိသည်နှင့် တမင်သက်သက် မိမိ ကသိကအောက်ဖြစ်အောင် ဆရာကိုမြတ်မင်းက လုပ်ချင်လုပ်မှာ။

လေးလေးမြင့်သည် ရှေ့တည့်တည့်ရှိ ဆရာကိုမြတ်မင်းကို လှည့်ကြည့်မိသေးသည်။ ဘသားချောက ခပ်တည်တည်ပင်၊ ကျောမှီခြေဆန့်ဖြင့် ဖတ်လက်စ စာအုပ်ကို သဲသဲမဲမဲ ဖတ်နေသည်ကို တွေ့ရပါလေ၏။

## ၃

ကျောက်ပန်းတောင်းသို့ ညနေ(၆)နာရီတွင် ရောက်ပါ၏။

ဤမှာပင် ဒဂုံပုပ္ပါး၏ ခရီးလမ်း ခရီးလမ်းဆုံးပေသည်။

ဘယ်နှယ့် ဒဂုံပုပ္ပါးဆိုပြီး ကျောက်ပန်းတောင်းမှာပဲ လမ်းဆုံးသလားဟု မေးလာလျှင် လေးလေးမြင့် မဖြေတတ်ပါ။ ခါတိုင်းနှစ်တွေ ခါတိုင်းအခေါက်တွေတုန်းက ဟီးနိုးကားကြီးသည် ပုပ္ပါးအထိ တက်ပေးလေသလား တက်မပေးလေသလားတော့ မသိ။ ယခု လေးလေးမြင့်တို့ လိုက်ပါလာသည့် အခေါက်မှာတော့ ကျောက်ပန်းတောင်းမှာပင် လမ်းဆုံးပါ၏။





လေးလေးမြင့်တို့ ကိုယ်တိုင်ကလည်း အကယ်၍ ဟီးနိုးကားကြီး ပုပ္ပါးအထိ ဆက်တက်မည်ဆိုလည်း မလိုက်တော့ပြီ။

ရန်ကုန်က မထွက်မီကတည်းက လေးလေးမြင့်တို့က ဤခရီးစဉ်ကို စုံစမ်းထားပြီးသားဖြစ်သည်။ လေးလေးမြင့်တို့ တစ်ဖွဲ့လုံးသည် ဝန်ကျယ်သော အိပ်ရာလိပ်တွေကို မယူလိုကြ။ မိန်းမသားချည်းမို့ အိပ်ရာလိပ်ကြီးသယ်ဟယ်ပိုးဟယ် တင်ဟယ်ချဟယ်တွေ သူတို့ခမျာလေးတွေ မလုပ်နိုင်။ လုပ်နိုင်သည်ဆိုဦးတော့ မလုပ်ချင်ကြ။ ထို့ကြောင့် အိပ်ရာလိပ်မယူပဲ အိပ်၍ဖြစ်သော ခရီးစဉ်ကို စုံစမ်းမေးမြန်းထားကြသည်။

ပုပ္ပါးတောင်ခြေတွင် သံဃာအဖွဲ့က ဦးစီးပြီး ညအိပ်ခရီးသည်များကို နေရာချပေးထားခြင်းမျိုးကိုတော့ ရှိသည်ဟု ကြားခဲ့ရသည်။ ကျောင်းတို့ ဇရပ်တို့တွင် နေရာချပေးခြင်းမျိုးပင်။ အိပ်ရာဖြစ်သော မွေ့ရာ ခြင်ထောင် စောင် ခေါင်းအုံးတို့တွက်မူ သံဃာများက အပိုအလျှံရှိလျှင်ပေးသည်။ မရှိလျှင် ဖျာကိုသာပေးနိုင်သည် ဟူ၍ သတင်းစကားကြားသိထားရသည်။

ခရီးကို အစီအစဉ်ပြုကတည်းက ပုပ္ပါးတွင် ညအိပ်ရန် လေးလေးမြင့်တို့က အစီအစဉ်ထဲတွင်ထည့်မတွက်။ အကြောင်းမူ မိမိတို့ ဒကာမပျိုလေးတွေကြောင့် နေရာချပေးရမည့် သံဃာတော်

အား အနှောင့်အယှက်မဖြစ်စေလိုသောကြောင့်ပင် ဖြစ်ပါ၏။

ထို့ကြောင့် အိပ်ရာလိပ်မလိုသော ကျောက်ပန်းတောင်း သမဝါယမ တည်းခိုခန်းမှာပင် တည်းခိုရန် အစကတည်းက ဆုံးဖြတ်လိုက်ကြသည်။

"ကိုယ့်အနေနဲ့ လေးယောက်စလုံး ကိုယ်နဲ့အတူလိုက်ပြီး တည်းခိုပါလားလို့ ဖိတ်ခေါ်ချင်တဲ့ စေတနာရှိတာပါ အမှန်ပဲ။ ကိုယ်တည်းမယ့်တိုက်က အကျယ်ကြီးပါ။ အားနာစရာလဲ ဘာမှမရှိဘူး။နောက်ပြီး ညောင်ဦးကားဂိတ်လမ်းပေါ်မှာပဲ။ ဒါပေမဲ့ ကိုယ်က စေတနာနဲ့ ဖိတ်ခေါ်တာမှန်ပေမယ့် လေးလေးတို့အဖွဲ့ အထင်အမြင်လွဲမှာလည်း စိုးရသေးတယ်လေ"

ဆရာမြတ်မင်းသည် ဒဂုံပုပ္ပါးဟိုးနီးကြီး ကျောင်းပန်းတောင်းဂိတ်တွင် စက်သတ်ပြီး ခရီးသည်တွေဆင်းကြချိန်ဝယ် သူ၏ထိုင်ခုံအမှတ် (၁) မှ နောက်သို့လှည့်ကာ ပြုံးပြုံးရီကိုတလှည့်၊ လေးလေးမြင့်ကိုတလှည့်ကြည့်ရင်း သူတည်းခိုမည့် တိုက်အိမ်ကြီးသို့ဖိတ်ခေါ်သောစကားတွေ ဆိုပေတော့သည်။

ဆရာကိုမြတ်မင်း၏ စကားဆုံးတွင် ပြုံးပြုံးရီသည် လေးလေးမြင့်အား လှမ်းကြည့်လိုက်ပေသည်။ အဖွဲ့ခေါင်းဆောင်မှာ





လေးလေးမြင့် ဖြစ်နေသောကြောင့် "ဘယ်လိုလဲ ဆရာကိုမြတ်မင်း ဖိတ်ခေါ်တဲ့ဆီပဲ လိုက်တည်းမလား" ဆိုသည့် အကြည့်မျိုး ဖြစ်ပါ၏။

ပြုံးပြုံးရီက သူမအားလှမ်း၍ကြည့်နေသည်ကိုပင် လေးလေးမြင့်က ဂရုမပြုမိပါလေ။

ဆရာကိုမြတ်မင်း၏ စကားဆုံးသည်နှင့် လေးလေး မြင့်သည် သူ့စိတ်ထဲရှိသည့်အတိုင်း ဆွာထမင်းဆိုင်တုန်းက ပြောသည့် လေဟာန်နှင့် ထပ်တူထပ်မျှ ဆက်တီးလိုက်ပေတော့သည်။

"ဟာ ... ဘယ်ဖြစ်မလဲဆရာ။ လေးလေးတို့ခရီးစဉ်ထဲမှာ သူများအိမ်ကို ဝင်တည်းခိုမယ်ဆိုတဲ့ အစီအစဉ်မပါဘူးဆရာ နောက်ပြီး သူများအိမ်မှာ တည်းခိုရတယ်ဆိုကတည်းက သူများကို အားနာရတာမျိုး ... လေးလေးတို့တစ်ဖွဲ့လုံးက မလိုလားဘူး ... ဟုတ်ရဲ့လား မိဂီ ... မိမော်"

"ဟုတ် ... သိပ်ဟုတ်ပေါ့ မိလေး"

နောက်ထိုင်ခုံမှ သီဂီမင်းနှင့်ဝင်းဝင်းမော်သည် လေးလေးမြင့်က "တို့လူလေးများ ဆိုသလား"ဟု တိုင်လိုက်ခါရှိသေး ... " ဟု ထအော်သည့်ပုံသဏ္ဌာန်မျိုးဖြင့် နှုတ်ဆက်လိုက်သည်။

"ဒါဆို ... ကိုယ်သွားမယ် ပြီး"

ပြုံးပြုံးရီက ရီဝေသောအကြည့်ဖြင့် ဆရာကိုမြတ်မင်းအား ကြည့်ပြီး ဦးခေါင်းကို မညိတ်တညိတ် ညိတ်လိုက်ပေတော့သည်။

"ကိုယ်သွားမယ် ... လေးလေး"

"ဟုတ်ကဲ့ ဆရာ ..."

လေးလေးမြင့်တို့သည် ကိုယ့်အိတ်ကိုယ်လွယ်၊ ကိုယ်ချင်းကိုကိုင်ဖြင့် ကားပေါ်မှ ဆင်းကြရန်ပြင်ဆင်သည်။ ဟီးနိုး ကားဘေးတွင် မြင်းလှည်းတွေရှိပါ၏။ မြင်းလှည်းတစ်စီးစီးဖြင့် သမ ဝါယမ တည်းခိုခန်းသို့ သွားရောက်ကြမည်။

"ဟေး ... ငါ့တူမတို့က ဘယ်သွားကြမလို့လဲ"

ဟီးနိုးယာဉ်မောင်းဆရာကြီးက ဂိတ်ရုံးမှပြန်လာပြီး ကားပေါ်တက်ရင်း မေးလိုက်သည်။

"သမဝါယမ တည်းခိုခန်းသွားမလို့ ဦးလေး ..."

"ဟာ ... ဒါဆိုရင် ပြန်ထိုင်ကြ၊ ဦးလေးတို့လဲ အဲ့ဒီကိုသွားမှာပဲ ..."

"ရှင် ..."

"ဒီလိုကွ ... အဲ့ဒီ သမဝါယမ တည်းခိုခန်းမှာ ဦးလေး အမြဲတမ်း ရေသွားချိုးရတယ်၊ အဲ့ဒီမှာ ရေက ပေါလည်းပေါ





တယ်၊ သန့်လည်းသန့်တယ်၊ အေးလဲအေးတယ်၊ ဦးလေးတို့လဲ အစိုးရအလုပ်သမားဆိုတော့ ရေချိုးခွင့်ပေးတယ်ပေါ့ကွာ ..."

လေးလေးမြင့်တို့ ပြန်ထိုင်ကြသည်။

ဟီးနိုးကြီး ပြန်မောင်းထွက်ပါ၏။ အတန်ငယ်မောင်းမိသောအခါ ပုပ္ပါးဂိတ်သို့ ရောက်လာကြသည်။

"ပုပ္ပါးကို ... ပုပ္ပါးကို"

ဟု စပယ်ယာလေးတွေ အော်သံကြားရပါ၏။ ကားလေးနှစ်စီး ရပ်ထားသည်ကိုလည်း တွေ့ရသည်။ ကားလေးတွေက လွန်ခဲ့သော အနှစ်(၂၀)ကျော်လောက်က အော်စတင်ကားမျိုး မာရစ်ကားမျိုးလေးတွေ ဖြစ်ပေသည်။

လေးလေးမြင့်တို့အဖွဲ့သည် ဒီအချိန်ထိ ပုပ္ပါးသို့ပြေးဆွဲနေသော ကားလေးများရှိနေခြင်းကိုပင် အံ့သြကြည်နူးစိတ်ဖြစ်ရပါ၏။

ပုပ္ပါးကားဂိတ်မှ ညာဘက်လမ်းသို့ ကွေ့ချိုးပြီး တခေါ်လောက်မောင်းရုံနှင့် သမဝါယမ တည်းခိုခန်း ခြံဝန်းကြီးထဲသို့ ရောက်လာပေတော့သည်။

ခြံကြီးမှာ ကျယ်ပြောပေသည်။ ခြံတဝန်းထဲမှာပင်

သမဝါယမရုံးအဆောက်အဦနှင့် တည်းခိုရိပ်သာ အဆောက်အဦ များ တည်ဆောက်ထားသည်။ ရုံးခန်းသည် တစ်ထပ်တိုက်ရှည်ဖြ သည်။ တည်းခိုခန်း အဆောက်အဦကတော့ ထရံကာ ဝါးကပ်မှ တထပ်လွှာချင်း ဖြစ်ပါ၏။

၉-ပေပတ်လည်ခန့်ရှိသော အခန်းတွေကို သုံးထ သားဖြင့် ကာရံဖွဲ့စည်းထားသည်။ အခန်းတိုင်းတွင် အခန်းနံပါ (၁) (၂) (၃) (၄) စသည်ဖြင့် နံပါတ်ရေးထားပါ၏။

ဟီးနိုးယာဥ်မောင်းကြီးကပင် ရင်းနှီးနေပြီဖြစ်ဟ ဟူသော သမဝါယမဧည့်ရိပ်သာ တာဝန်ကျအမှုထမ်းမောင်ရွှေညွ နှင့် လေးလေးမြင့်တို့အဖွဲ့အား မိတ်ဆက်ပေးပေသည်။

မောင်ရွှေညွှန့်သည် အသက်နှစ်ဆယ်ဝန်းကျင်ခ လူငယ်တစ်ဦးဖြစ်ပေသည်။ တည်တည်ငြိမ်ငြိမ်နှင့် ဣန္ဒြေရှိသော လူငယ်တစ်ဦးပါပေ။ လေးလေးမြင့်တို့ မိန်းမချောလေးတွေအ ဟူ၍ လူငယ်ဘာဝ ပျာပျာသလဲ အမူအယာမျိုးမရှိ။ လုပ်ဆော ဖွယ်များကို စေတနာဖြင့် အကူအညီပေးသည်။ စကားလည်းအ နည်းသော မောင်ရွှေညွှန့် ဖြစ်ပါ၏။

လေးလေးမြင့်တို့အား လက်ရှိအားလပ်နေသော အခန်းမှန်သရွေ့ ဖွင့်ပြသည်။





အခန်းဖွဲ့စည်းပုံမှာ တစ်ယောက်အိပ်ခုတင် ဟို က်ကပ်ဒီဘက်ကပ် နှစ်လုံးချထားသည်။ ခြင်ထောင်တစ်လုံးနှင့် တစ်ချပ်စီသည် ခုတင်တိုင်းပေါ်တွင်ထောင်ပြီးသား၊ ခင်းပြီး ားရှိနေပါ၏။ တစ်ခန်းလျှင် ပြတင်းပေါက်တစ်ပေါက်စီ ရှိသည်။ ောင့်ကျသောအခန်းတွင်မူ ပြတင်းနှစ်ပေါက်ရှိပါ၏။

လေးလေးမြင့်တို့အဖွဲ့က အရှေ့ပိုင်းမျက်နှာချင်း ိုင် နှစ်ခန်းယူလိုက်သည်။

ထုံးစံအတိုင်း ခရီးစတင်ထွက်လာကတည်းက တွဲ ည့်အတိုင်း လေးလေးမြင့်နှင့် ပြုံးပြုံးရီကတစ်ခန်း၊ သီဂီမင်းနှင့် င်းဝင်းမော်ကတစ်ခန်း ယူကြသည်။

ကိုယ့်အခန်း ကိုယ်နေရာယူပြီးသည်နှင့် လေး ယောက်စလုံးသည် အခန်းတံခါးပိတ်ကာ အကျီတွေချွတ်ကြတော့ ည်။ နံနက် ၃နာရီမှ ၆နာရီထိ ၁၅နာရီလုံးလုံး ကားစီးလာရသည့် တွက် ညီးစီစီအိုက်စပ်စပ်နှင့် နွမ်းနေကြလေပြီ။ နောက်ပြီး ယခု ို ရောက်ခဲ့ပြီလသည့် အထက်အညာကျေးလက်ဒေသတွင် ပူပြင်းလေစွ။

စောစောကတည်းက ရေချိုးအုတ်ကန်ကြီးရှိရာသို့ ောင်ရွှေညွှန့်က လမ်းညွှန်ထားပြီးလေပြီ။ လေးယောက်စလုံး ကိုအဝသောက်လိုက်ကြသည်။

ကြက်မောက်တောင်ဆည်၏ အကျိုးသက်ရောက်မှု ပေလားမပြောတတ်၊ သို့မဟုတ် ပုပ္ပါးတောင်၏ အာနိသင်ပေလား လည်းမသိ၊ ကျောက်ပန်းတောင်းရေသည် လေးခြင်း၊ ပေါ့ခြင်း၊ ဖန် ခြင်းမရှိ ပကတိ ရန်ကုန်ဘိုးဖြူရေလိုပင် သောက်၍ကောင်းပေသည်

ရေအဝသောက်ပြီးနောက် ထမီရင်လျားတွင်မျက် နှာသုတ်ပဝါကြီးများ ကိုယ်စီပခုံးလွှမ်းကာ ရေချိုးအုတ်ကန်ကြီးဆီ သို့ လာခဲ့ကြသည်။

အုတ်ကန်ကြီး၏ အပေါ်တွင်ဒိုင်ယာမီတာ သုံးလက် မခန့် ရှိသော သံပိုက်လုံးကြီးက တန်းလန်းကြီးမိုးထားသည်။ ဤ အုတ်ကန်ကြီးထဲသို့ ဤပိုက်လုံးကြီးမှပင် ရေများဖြည့်တင်းပေးခြင်း ဖြစ်ပေသည်။

အုတ်ကန်ကြီးသည် ကျယ်ပြောသော လေးထောင့် ရေတွင်းကြီးနှင့်ပင် တူသေးတော့သည်။ အုတ်ဘောင်သည် အရပ် ရှည်သော လူကြီးတစ်ဦး၏ ခါးဝက်သာသာ မြင့်ပေသည်။ အောက် ရှိအနက်ကိုတော့ ရေတွေ ပြည့်လျှံနေသည်မို့ လေးလေးမြင့်တဲ့ အနေနှင့် မည့်မျှနက်ကြောင်းမခန့်မှန်းတတ်။

အုတ်ကန်ရေသည် အေးမြပေစွ။ ညချမ်းလေးညင်း လေးကလည်း တိုက်ခတ်သည်မို့ ရေချိုးရင်းပင် ချမ်းစိမ့်စိမ့်ဖြစ်





လာသည်။

"ဟေး ... မိလေး"

"ဘာ ... "

"ဒီလိုပြေလမှာ ရန်ကုန်မှာရေချိုးတာတောင် အခုလို ချမ်း စိမ့်စိမ့် ဖြစ်မလာဘူးနော်"

ဝင်းဝင်းမော်က နှိုင်းယှဉ်သောစကားလေး ပြော လာသည်။ သီဂီမင်းက ချက်ချင်းပြန်ဖြေပါ၏။

"ဟဲ့ ... ရန်ကုန်က တို့အိမ်တွေမှာ ရေချိုးခန်းအလုံနဲ့ ချိုး တာကိုးဟဲ့၊ ဒါကြောင့် မချမ်းတာဘာ"

"ဟုတ်လိမ့်မယ်အားကြီး ... "

ဟု ပြုံးပြုံးရီက ဝင်ပြောပြန်သည်။ သို့တစေ ပြုံးပြုံးရီ သည် သူမ၏ အယူအဆကို ဆက်မပြောမီ ဘေးပတ်ဝန်းကျင်သို့ မျက်လုံးဝေ့ကာ ကြည့်လိုက်သည်။ ဤနေရာတွင် သူတို့မိန်းကလေး (၄)ဦးသာရှိကြောင်း စိတ်ချသွားမှ သူမ၏စကားကို ဆက်ပြောပါ၏။

"တို့အိမ်မှာ တို့ချိုးတဲ့အခါ ရေချိုးခန်းက လုံတယ်မှတ်လား၊ တို့များထမီရေလဲဝတ်ပြီး မချိုးကြဘူးလေ ... ဒါ့ကြောင့် မချမ်းတာသိလား၊ အခု ထမီရေစိုက အသားလာလာကပ်

ပြီး ချမ်းတာဟာ ... "

ကိုယ့်ထင်မြင်ချက်တွေ အသီးသီးပြောရာမှ နောက်ဆုံး လေးလေးမြင့်က သူမ၏ထင်မြင်ချက်ကို ဝင်ပြောပေသည်။

"ငါကတော့ နင်တို့လိုမထင်ပေါင် ... ဟောဒီ ကျောက်ပန်းတောင်းတောင်ဟာ ပုပ္ပါးတောင်မကြီးရော တောင်ကလပ်နဲ့ရော သိပ်ဝေးတာမှ မဟုတ်တာ ... အဲ့ဒီပုပ္ပါးကြီးရဲ့ တောရိပ် တောင်ရိပ်တွေကြောင့် ခုလိုညချမ်းမှာ အေးစိမ့်လာတာ ဖြစ်မယ် ... "

သူတို့လေးဦးစလုံး၏ ထင်မြင်ချက်ယူဆချက်တွေ ဘယ်သူကမှား၍ ဘယ်သူကမှန်မှန်း ဆုံးဖြတ်ပေးမည့်သူမရှိဘဲလျက် ရေချိုးပြီးသည်နှင့် စကားစလည်း ပြတ်သွားကြတော့သည်။

သူတို့ကိုယ်စီတွင် အိမ်က ကတည်းက သနပ်ခါးကို သွေးပြီး အဝကျယ်သောပုလင်းလေးတွေ ထည့်ယူခဲ့ကြသည်။ ရေချိုးပြီးနောက် သနပ်ခါးကိုယ်စီပွတ်လိမ်းကြသည်။ ဘရာစီယာပေါ်တွင် ဘလောက်(စ်)ခါးရှည်တွေ ဝတ်ဆင်ကြသည်။

ထို့နောက် အပြင်ထွက်လာကြပြီး မောင်ရွှေးညွှန့်အား ထမင်းဆိုင်ကောင်းကောင်း မေးကြပြန်ပါ၏။

"ပုပ္ပါးကားဂိတ်ရောက်ရင် တန်းတန်းကြီး ဘယ်ဘက်ကိုသာ





ချိုးသွားပါ ... လျှပ်စစ်ပါဝါမီတာရုံကြီးနဲ့ မျက်နှာချင်းဆိုင်လောက်မှာ 'ဦးပါလေး' ထမင်းဆိုင်ရှိတယ်ဗျ ... ကျောက်ပန်းတောင်းမှာတော့ အဲ့ဒီထမင်းဆိုင်ဟာ မြို့ခံလူတွေရော ဧည့်သည်တွေရော အကြိုက်ကြဆုံးပဲဗျ ... "

အခန်းကို သော့အသီးသီးခတ်ပြီး လေးယောက်သား တည်းခိုရိပ်သာမှ ထွက်လာခဲ့ကြသည်။

ကလောက် ကလက် ကလောက် ကလက်။

လမ်းထိပ်အရောက်တွင် မြင်းလှည်းတစ်စီးက အသံပေးလိုက်ခြင်းဖြစ်သည်။ ကလောက်ကလက် အသံထွက်လာပုံမှာ လည်နေသော မြင်းလှည်း၏ဘီးတစ်ဖက်ကြားထဲသို့ မြင်းရိုက်သည့် ကြာပွတ်သံအရိုးကို ကန့်လန့်ခံလိုက်သဖြင့် ထွက်ပေါ်လာသော "ဟွန်း" သံတစ်မျိုးဖြစ်ပါ၏။

"ဟေ့ ... တို့မြင်းလှည်းစီးသွားရအောင် မိလေး ... ရန်ကုန်မှာဆို မြင်းလှည်းမရှိလို့ တို့တစ်ခါမှ မစီးဖူးဘူး၊ နောက်ပြီး 'ဦးပါလေး' ထမင်းဆိုင် ဘယ်မှာလဲလို့ ဟိုမေးဒီမေး မေးဖို့ မလိုတော့ဘူး၊ မြင်းလှည်းဆရာက လိုက်ပို့ပေးမှာ ... "

"အေး ... ဟုတ်တယ်ဟဲ့"

သူတို့သည် ကလောက်ကလက် မြင်းလှည်းကို ဖမ်း

တားကြသည်။

မြင်းလှည်းဆရာကြီးက 'ဦးပါလေး' ထမ်းဆိုင်အရောက် တစ်ယောက်လျှင် တစ်ကျပ်နှုန်း လေးကျပ်ဖြင့် ဈေးတည်ကြသည်။

မြင်းလှည်းပေါ်သို့ သူတို့တက်ကြပါ၏။

သူတို့လေးတွေ တခစ်ခစ်ရယ်မောကြသည်။ သူတို့အတွက်မြင်းလှည်းသည် အသစ်အဆန်းတစ်ခု ဖြစ်နေသောကြောင့်ပင်။

အဲ … ကျောက်ပန်းတောင်းမြင်းလှည်းကလည်း ခြေတွဲလောင်းချစီးရသော ထိုင်ခုံမျိုးမဟုတ်၊ မိုးလင်းဓာတ်ပွဲတွင် ခင်းထိုင်ရသော ဖျာတစ်ချပ်စာ ပျဉ်ပြန့်အခင်းဖြစ်ပေသည်။ မြင်းလှည်းပေါ်ရောက်သောအခါ သူတို့လေးတွေ ဒူးတိုက်ပေါင်တိုက်ထိုင်ကြသည်။ ဒါကိုပင် သူတို့ခစ်ခစ်တက် ရယ်မောကြပြန်သည်။

"လှည်းဦးပေါ့နေတယ်ကွဲ့ … ရှေ့နည်းနည်းတိုးကြဦး"

ဟုတ်သလားမဟုတ်သလားတော့မသိ။ မြင်းလှည်းဆရာက တစ်ယောက်ကိုတစ်ယောက် ဒူးတိုက်ပေါ်တိုက် တိုးကပ်ထိုင်စီးနေသည့်ကြားကပင် လှည်းဦးပေါ့၍ ရှေ့သို့ ထပ်တိုးခိုင်းနေသည်။





သီဂီမင်းက မြင်းလှည်းသမားကြီး၏နောက်တွင် ကပ်ထိုင်နေလျက်သား ရှိနေသည်။ မြင်းလှည်းဆရာကြီးက ရှေ့သို့ ထပ်တိုးခိုင်းသောအခါ သီဂီမင်းသည် နောက်ကျောပေးထားသော မြင်းလှည်းဆရာကြီးကို မျက်စောင်းတစ်ချက် ထိုးကြည့်သေးသည်။

ပြီးမှ … "ကဲဟာ" ဟု သီဂီမင်းက နှုတ်မှအော်ရင်း မြင်းလှည်းဆရာကြီးနှင့်ကျောပြင်ချင်းထိကပ်ပူးသွားအောင် ရှေ့သို့ ဆောင့်တိုး လိုက်ပေသည်။ သီဂီမင်း၏အပြုအမူလေးကြောင့် သူတို့ ဝါးခနဲ ရယ်ကြသည်။

ဘယ်အခါမဆို ထောက်ကွက်တွေ့လာလျှင် နှုတ်မနေးသော ဝင်းဝင်းမော်က ဝင်၍ထောက်လိုက်သည်။

"မြင်းလှည်းဆရာကြီး လှည်းဦးပေါ့သေးလား … "

"ပေါ့တော့ဘူးဟဲ့ … အခုမှ အသားကျသွားတာ"

မြင်းလှည်းဆရာကြီး၏ အံ့ဖြေစကားအဆုံးတွင် ဝါးခနဲသူတို့ ထပ်မံရယ်မောလိုက်ကြပြန်တော့သည်။

'ဦးပါလေး' ထမင်းဆိုင်သို့ ရောက်ရှိလာကြသည်။

ထယ်ထယ်ဝါဝါ မဟုတ်ပါ။

ခမ်းခမ်းနားနားကြီး မဟုတ်ပါ။

ဆိုင်၏ အခင်းအကျင်းမှာ သာမန်ထမင်း ခေါက်ဆွဲဆိုင်တစ်ဆိုင် ခင်းကျင်းထားသလို ခင်းကျင်းထားသည်။ နေရာထိုင်ခင်းမှာ ကျယ်ကျယ်ပြောပြော ရှိရုံမကသန့်ရှင်းသည့်အသွင်သဏ္ဍာန်လည်းရှိပါ၏။ ဆိုင်၏မျက်နှာစာနှင့် ဘေးတစ်ခြမ်းကို ဟင်းလင်းဖွင့်ထားသောကြောင့် လေကောင်းလေသန့်ရရုံမက ညဦးယံ၏ လေပြည်လေညှင်းလေး တိုက်ခတ်သည်ကို အေးမြမြလေးခံစားရသည်။

"ကဲ … ပြော … ဘာစားကြမလဲ"





"ထမင်းကြော်၊ ချိုချဉ်ကြော်၊ ဆယ့်နှစ်မျိုးဟင်းချို၊ ကျန်တာတော့ နင်တို့ကြိုက်တာမှာ … "

ဝင်းဝင်းမော်ကပင် သွက်လက်စွာ သူစားချင်သမျှကို ဦးစွာပြောလိုက်ပါ၏။ ဝင်းဝင်းမော် လိုလားသည့်အတိုင်း အားလုံးကလည်း ထမင်းကြော်ကို မိန်းထား၍ စားမည်ဟု ပြောကြသည်။

ထမင်းကြော်၊ ချိုချဉ်ကြော်၊ ဆယ့်နှစ်မျိုးဟင်းချိုအပြင် လေးလေးမြင့်က ကုန်းဘောင်ကြီးကြော်တစ်ခွက် ထပ်မှာလိုက်သည်။ မှာထားသော ဟင်းထမင်းများ ကြော်လှော်နေစဉ် လိမ္မော်ရည်(၄)ပုလင်းမှာပြီး ပဏာမ သောက်ကြပါ၏။

"ဟော … ပြုံးပြုံးတို့ … လေးလေးတို့က ဒီမှာလာစားကြသကိုး … "

"အော် … ဆရာ"

ဆရာကိုမြတ်မင်းက ဆိုင်ထဲသို့ ဝင်ရောက်နှုတ်ဆက်လိုက်ခြင်းဖြစ်ပါ၏။ ဆရာကိုမြတ်မင်းနှင့်အတူ အခြားအမျိုးသားတစ်ဦးလည်းပါရှိပေသည်။ ယင်းအမျိုးသားမှာ အသက်အစိတ်ခန့်လောက်ရှိအုံ့ထင်သည်။ ကြက်သွေးရင့်ရောင် စပို့ရှပ်ဝတ်ထားသည်။ ဆံပင်ခွဲပုံမှာ ရုပ်ရှင်မင်းသား ကိုဝင်းဦးနုစဉ်ကာလက ဆံပင်

[illegible]မျိုးဖြစ်သည်။ ကိုဝင်းဦးထားရှိသော နှုတ်ခမ်းမွေး ပုံစံအတိုင်း သည်း ထိုအမျိုးသားက ထားရှိပေသည်။ သူပတ်ထားသော လက်ပတ်နာရီမှာ ဘာအမျိုးအစားမှန်းတော့မသိ။ သော့သီးတွေလည်း အများကြီး၊ ဒိုင်ကွက်ကလည်း ရောင်ပြန်တွေ ထွက်နေပါသေး၏။

ဆရာကိုမြတ်မင်းကတော့ ရိုးရိုးလေးပင် ဝတ်စားထားပါ၏။ ပါးလွှာပြီး အထဲကစွပ်ကျယ်လက်ပြတ်ကို မြင်နေရသော ရှပ်အင်္ကျီလက်ကို အဖြူဆွတ်ဆွတ်ဝင်ဆင်ထားသည်။ လုံချည်မှာ အဖြူနှင့်အနက် မန်ကျည်းစေ့ကွက်ချည်ချောလုံချည်လေးဖြစ်ပါ၏။ သူတို့နှစ်ဦးကိုကြည့်ရသည်မှာ ကျောက်ပန်းတောင်း၏ ညဦးပိုင်းအလှကို လမ်းလျှောက်ကြည့်ယင်းက ဦးပါလေးထမင်းဆိုင်၌ လေးလေးမြင့်တို့အဖွဲ့ ရောက်နေသည်ကို ကြုံကြိုက်တွေ့ဆုံသဖြင့် ဝင်ရောက်လာသော အသွင်မျိုးရှိပေသည်။

"ညစာ ဝင်စားပါဦးလား ဆရာ ..."

လေးလေးမြင့်ကပင် လောကွတ်စကား ဆိုလိုက်သည်။

"စားကြပါ ... လေးလေးတို့စားကြပါ ... တော်ကြာ ကိုယ်တို့ဝင်စားတဲ့အတွက် လေးလေးရဲ့ပွဲ(လ်)မန်းနီး ဘတ်ဂျက်စားရင်းမှာ စားရင်းအပြခက်နေပါဦးမယ် ..."





ဆွာထမင်းဆိုင်တုန်းက အဖြစ်ကို အားလုံးမှတ်မိသဖြင့်ရယ်မောကြပေသည်။ ဆရာကိုမြတ်မင်းနှင့် ပါလာသော အဖော်တစ်ဦးသာလျှင် ဆွာတုန်းကအဖြစ်ကို မသိသဖြင့် အများရယ်သောကြောင့်သာ ရောယောင်ပြီး လိုက်ပြုံးရသော အပြုံးမျိုးပြုံးလိုက်သည်။

"ကိုယ်တို့ ရေမိုးချိုးစားသောက်ပြီးမှ ထွက်လာခဲ့ကြတာပါ ကိုယ်က သူတို့တိုက်မှာပဲ တည်းတယ်လေ ... ဪ ... လေးလေးတို့အဖွဲ့နဲ့မိတ်ဆက်ပေးရဦးမယ် ... သူ့နာမည်က နေဟိန်းကျော်တဲ့ မန္တလေးဆေးတက္ကသိုလ်မှာ နောက်ဆုံးနှစ် Final Part 2 မှာ တက်နေတယ်လေ။ လေးလေးတို့လိုပဲ ကျောင်းပိတ်လို့ အိမ်ခဏပြန်တာလေ ... သူတို့တိုက်က ကျောက်ပန်းတောင်း၊ ညောင်ဦးလမ်းကြီးပေါ်မှာ"

တစ်ဆက်တည်းပင် ဆရာကိုမြတ်မင်းက နေဟိန်းကျော်လက်သို့ လှည့်လိုက်ပြန်သည်။

"ဒီမှာ နေဟိန်းကျော် ... ဟောဒါက မလေးလေးမြင့်တဲ့၊ သူက မပြုံးပြုံးရီ၊ ဒါက မမော်မော်ဝင်းနဲ့ သူကတော့ မသီဂီမင်းတဲ့ ... ရန်ကုန် ဝိဇ္ဇာသိပ္ပံတတိယနှစ်သမားတွေချည်းပဲကွ ..."

"တွေ့ရတာ ဝမ်းသာပါတယ် မလေးလေးမြင့်။ နောက်ပြီး တဖွဲ့လုံးနဲ့သိကျွမ်းရတာ ဝမ်းသာပါတယ်ပေါ့ဗျာ၊ ဆရာမြတ်မင်းက ရောက်ရောက်ခြင်း ပြောပါတယ် ... ဒဂုံပုပ္ပါးပေါ်မှာ ရန်ကုန်က မလေးလေးမြင့်တို့အဖွဲ့ပါလာလို့ မိတ်ဆွေဖြစ်ခဲ့ရသေးတယ် ဆိုတဲ့အကြောင်းလေ ... "

နေဟိန်းကျော်၏ မျက်လုံးအစုံသည် လေးလေးမြင့်ကိုသာ အာရုံစိုက်ကြည့်ပေသည်။ လေးလေးမြင့်ကိုသာ ဦးတည်၍ ပြောပေသည်။

"လေးလေးတို့ကလဲ ဆရာဝန်လောင်းလျာ ကိုနေဟိန်းကျော်နဲ့မိတ်ဆွေဖြစ်ရတာ ဂုဏ်ယူပါတယ် ပေး ... ကောင်မတွေ နင်တို့လဲ ကိုနေဟိန်းကျော်နဲ့ မိတ်ဆွေဖြစ်ရတာ ဂုဏ်ယူတယ်။ ပေး ... ကောင်တွေ ... နင်တို့လဲ ကိုနေဟိန်းကျော်နဲ့ မိတ်ဆွေဖြစ်ရတာ ဂုဏ်ယူတကြတယ်မှုတ်လားပေ ... "

"ဂုဏ်ယူပါတယ် ... " ဟု သုံးယောက်သားသည် ယိမ်းထိုး ထားသလိုတစ်ပြိုင်တည်းပြောကြရင်း သူတို့သံပြိုင်ပြောလိုက်မှုကိုပင်သူတို့ဘာသာ ပြုံးစိစိရယ်မောလိုက်ကြပြန်သည်။

အမှန်တော့ ဒေသကောလိပ်မှာ တွဲမိကြကတည်း





က သူတို့လေးယောက်၏အကျင့်ဖြစ်ပေသည်။ ဘာပဲပြောပြော သူတို့ထဲမှ တစ်ဦးက တိုင်းပေးလျှင် နောက်သုံးယောက်က လိုက်ပေးသည့်အကျင့်ဖြစ်ပါ၏။ တို့လူလေးများဆိုသလေး ... ဝေး။ ဘယ့်နှယ်တိုက်မယ် ... ဒီနှယ်တိုက်မယ် စသည်ဖြင့် ဓာတ်ပွဲထဲကညာသံပေးသည်နှင့် တူသေးတော့။

သူတို့က သူတို့အကျင့်အတိုင်း လုပ်လိုက်စေကာမူ နေဟိန်းကျော်မှာ ကျွတ်သွားပါ၏။ ဆရာကိုမြတ်မင်းကတော့ ညနေ ဟီးနိုးကားပေါ်မှ ဆင်းကာနီးတွင် ဤပုံစံမျိုး တစ်ချီခံထားရသောကြောင့် ယခု ဆရာကိုမြတ်မင်းကိုယ်တိုင် ပြုံးစိစိဖြစ်သွားရပါ၏။

"ဒီမှာ နေဟိန်းကျော် ... သူတို့အဖွဲ့ကတော့ ဒီအတိုင်းပဲကွ၊ လေးလေးက အဖွဲ့ခေါင်းဆောင်ဖြစ်နေတော့ ... လေးလေး တစ်ခွန်းပြောလိုက်ရင် ကျန်တဲ့သုံးယောက်က သံပြိုင်ဓတေး ပဲမောင် မောင်ရင်"

"ရပါတယ် ဆရာကိုမြတ်မင်း ... ဒါပေမဲ့ ... ဓာတ်မသိသေးတော့ ကျွန်တော့်မှာ နဲနဲပါးပါး ကျွတ်စကီးဖြစ်သွားသလားလို့ ... "

နေကျော်ဟိန်းက ဟန်ပါပါ ပခုံးတွန့်ပြောလိုက်မှာ

ပင် လေးလေးမြင့်တို့အဖွဲ့က ပို၍ ရယ်မောလိုက်ကြပြန်သည်။

နေကျော်ဟိန်းသည် ရယ်မောလေလေ ပါးချိုင့်လေး ဝင်သွားပြီး လှလေလေဖြစ်နေသော သနပ်ခါးဘဲကြားနှင့် လေး လေးမြင့်ကို ငေးကြည့်ရင်း သူကိုယ်တိုင်ပါ နှစ်နှစ်ချိုက်ချိုက်ရယ် မောကာ တစ်ခုခုပြန်ပြောရန် ဟန်ပြင်အားယူလိုက်သည်။

သို့သော် နေဟိန်းကျော် ဆက်၍မပြောတော့ပေ အကြောင်းမူ လေးလေးမြင့်၏ မျက်ဝန်းအစုံသည် ဆရာကိုမြတ်မင်း မှလည်းကောင်း၊ နေဟိန်းကျော်မှလည်းကောင်း ကိုမြတ်မင်းမှ လည်းကောင်း၊ နေဟိန်းကျော်မှလည်းကောင်း လွှဲဖယ်ကာ ဦးထဲ လေး ထမင်းဆိုင်၏ ဥပစာ ရှေ့ပိုင်းဆီသို့ လှမ်းကြည့်ရင်း ... ထိုသို့ လှမ်းကြည့်လိုက်သည့် အပေါ်၌ပင် အာရုံစူးစိုက်သွားကြောင်း ထင် ရှားသောကြောင့် ဖြစ်ပါ၏။

ဆရာကိုမြတ်မင်းရော နေဟိန်းကျော်ရော လေး လေးမြင့်အာရုံစူးစိုက်ကြည့်ရာသို့ လိုက်ကြည့်မိတော့သည်။

သူပင်ဖြစ်တော့သည်။

သူဆိုသည်မှာ (၅၀၀.စီစီ) အားရှိသော ဟွန်ဒါမော် တော်ဆိုင်ကယ်ကြီးကို ခွစီးထားသော သူပင်ဖြစ်ပါ၏။

စစ်ဦးထုပ်စိမ်း မဆောင်းတော့။





သူလည်း ခရီးတစ်လျှောက်ပင်ပန်းလှာသည်ကို ... ကျောက်ပန်းတောင်း၏ တည်းခိုတစ်နေရာတွင် အပန်းဖြေ၊ ရေမိုး ချိုး၊ အဝတ်အစားလဲကာ ညစာထမင်းအတွက် ထွက်လာပုံရသည်။

မော်တော်ဆိုင်ကယ်ကို စက်သတ်ပြီးနောက် ထ မင်းဆိုင်သို့ သူဝင်လာသည်။

သူက အထဲသို့ဝင်လာသူဖြစ်ပြီး လေးလေးမြင့်တို့က ဆိုင်ထဲတွင် နေရာယူပြီးထားသူတွေမို့ ဒီတစ်ချီတွင် ထိုင်လျက် သားရှိနေရာမှ လေးလေးမြင့်သည် သူ့အား ရဲရဲတင်းတင်းပင်ကြည့် လိုက်လေသည်။

သူသည် ဂျင်းအင်္ကျီ ဂျင်းဘောင်းဘီ ဝတ်ဆင်မထား တော့ပေ။ အဝါပုတ်ရောင် လက်စက လည်ဝိုက်စွပ်ကျယ်ပုံဆန်း ဆန်း စပို့ရှပ်ကို ဝတ်ထားသည်။ သူ၏လည်တိုင်မှာ တုတ်ခိုင်ပြီး သူ၏လက်မောင်းသားတွေမှာ ဖုထစ်နေသည်။

သူ၏အရပ်သည် ငါးပေ ရှစ်လက်မထက် ပိုချင်သာပို မည်။ အောက်မယိုနိုင်ပေ။ ဖြိုးကနဲကြည့်လျှင် ရှည်လျားသော သူ့ အရပ်မောင်းတွင် ရင်အုပ်မို့မို့မှတဆင့် သတော့သဏ္ဍာန်ခါးဆီသို့ သိမ် ၍ဆင်းသွားပြီး ဝမ်းဗိုက်သားများကလည်း ရှပ်ဟပ်နေသောကြောင့် ကိုယ်လုံးသွယ်သွားသည်ဟု ထင်ရသည်။ သူ၏ ခြေတို့လက်တံတို့

ကလည်း ရှည်လျားသော သူ့၏အရပ်တိုင်း အချိုးညီညီလိုက်၍ ရှည်လျားပေသည်။

သူသည် ပိုသီပတ်သီ မဟုတ်တော့။ ခေါင်းလောင်းပြီး ရေချိုးကာ ဆံပင်သွေ့ခြောက်မှ ဘီးနှင့် အသေအချာဖီးထားဟန်တူသည်။ ခွဲကြောင်းမရှိ။ ငယ်ထိပ်မှ နားထင်နားရင်းတိုင်အောင် နောက်သို့အားလုံးလှန်ဖီးထားသည်။ လှိုင်းထပြီး မည်းနက်သော ဆံပင်သည် အုံကြွလျှက်သားရှိနေသည်။ နုဖူးပြင်နှင့်မျက်နှာခေါင်းပတ်လည်မှာ ဖြူဝင်းသောအသားကို ဆောင်နေပါ၏။ ထိုပြင်နှင့် မေးစေ့တစ်ဝိုက်မှာတော့ ဆံပင်ကဲ့သို့ပင် မည်းနက်သောပါးသိုင်းမွေးတွေ အုပ်လျက်သားပင်။

အဝါပုတ်ရောင်လည်ဝိုက်အထက် လည်တိုင်မှ – အသားရောင်မှာ နုဖူးပြင်ကဲ့သို့ ဖြူဝင်းလျက် ရှိနေပြန်သည်။ အထူးသဖြင့် အဝါပုတ်ရောင်နှင့် သူ့အသားရောင်မှာ လိုက်ဖက်စွာ ကြည့်ကောင်းနေသည်မှာ အမှန်ဖြစ်သည်။

ဘောင်ဘီးမှာ ပကတိအနက်ရောင်ဖြစ်သည်။ ခါးပတ်မပါဘဲ ချက်နေရာတွင် ကြယ်သီးလေးနှစ်လုံး တပ်ထားပါ၏။

ကြည့်ကောင်းသည်ကတော့ အမှန်။

ထို့ကြောင့်လည်း မော်တော်ဆိုင်ကယ်ပေါ်မှဆင်း





ပြီး တစ်လှမ်းချင်းဝင်လာသောသူ့အား လေးလေးမြင့်ကိုယ်တိုင်နှင့် ဝင်းဝင်းမော်၊ သီဂီမင်း၊ ပြုံးပြုံးရီတို့ကလည်း ကြည့်ကြသည်။ တစ်ခြားဆိုင်ထဲတွင် စားသောက်နေသူများကလည်း ကြည့်ကြသည်။

အထူးသဖြင့် ဆရာကိုမြတ်မင်းနှင့် နေဟိန်းကျော်သည် သူ့အား စူးစိုက်ကြည့်ပြီးနောက် ဆရာကိုမြတ်မင်းက မသိမသာ နေဟိန်းကျော်အား ပြန်လှည့်ကြည့်လိုက်ကာ မေးတစ်ချက်ဆက်ကနဲ လှုပ်ပြလိုက်သည်။ နေဟိန်းကျော်ကလည်း မသိသာခေါင်းကိုဖြေလေးစွာ ညိတ်ပြလိုက်ပါ၏။

သူကတော့ ဘယ်သူ့ကိုမျှ မကြည့်။ သူ့အတွက် စားပွဲလွတ်တစ်လုံး ရှာဖွေသလို ဆိုင်ထဲရောက်ပြီးမှ ခေတ္တတန့်ရပ်ကာ ငေးစိုက် ကြည့်လိုက်သည်။

ဦးပါလေးထမင်းဆိုင်မှ ကျယ်ပြောသော ... အခင်းကျင်းမို့ သူလိုချင်သော စားပွဲလွတ်တစ်လုံး တွေ့သွားပေတော့သည်။

ထိုစားပွဲမှာပင် သူက သွားရောက်ထိုင်လိုက်သည်။

သူသွားရောက်ထိုင်သော စားပွဲသည် လေးလေးမြင့်ထိုင်နေရာ မျက်နှာချင်းဆိုင်ဖြစ်ပေတော့သည်။

ဘာကြောင့်မှန်းတော့ မသိ။ လေးလေးမြင့်သည်

သူ့ကို သူ့ဟာသူ ထိုင်ချပြီးသည်အထိ လိုက်၍ကြည့်မိသည်။ ဘာလို့ လိုက်ကြည့်တာလည်းဟု တစ်ဦးတယောက်က မေးလာလျှင် ...

"သိပါတယ်ဟယ် ... ကြည့်ကောင်းကောင်းရှိလို့ ကြည့်မိတာပဲ ထင်ပါရဲ့" ဟုလေးလေးမြင့်က ပြုံးစလွယ်ဖြေ လိုက်လိမ့်မည်ထင်ပါသည်။

လေးလေးမြင့် ... ယင်းသို့ဖြေလျှင် မမှားတန်ပေ အကြောင်းမှု သူ့ကို လေးလေးမြင့်တစ်ယောက်တည်းသာ မဟုတ် ဆိုင်ထဲရှိသမျှ လူတွေအားလုံးက သူ့ဟာသူ စားပွဲနှင့်နေရာရွေးပြီး ထိုင်ချသည့်အထိ လိုက်ကြည့်နေသူချည်း ဖြစ်သောကြောင့်ပါတည်း

"ဘာသုံးဆောင်မလဲ အစ်ကို"

သူနေရာယူပြီးသည်နှင့် စားပွဲထိုးချာတိတ်တစ်ဦးက သူ့ဆီရောက်သွားကာ မေးမြန်းလိုက်သည်။

"ဘီယာရမလား တို့ကောင်"

"ကျောက်ဆူးတံဆိပ် သံဗူးပဲရှိတယ်အစ်ကို"

"အေး ... တစ်ဗူးယူခဲ့ပေါ့ကွာ၊ စားဖို့သောက်ဖို့ကော ဘာ ဟင်းတွေရမလဲ တို့ကောင်"

"ဒါတော့ အစုံပဲအစ်ကို၊ အစ်ကို ဘာစားချင်လို့လဲ"

သူသည် လေးလေးမြင့်တို့ဝိုင်းသို့ချနေပြီဖြစ်သော





ဟင်းတွေ ထမင်းတွေကို လှမ်းကြည့်လိုက်သည်။

"သူတို့ကော ဘာတွေမှာသလဲ တို့ကောင်"

"ထမင်းကြော်၊ ချိုချဉ်ကြော်၊ ဆယ့်နှစ်မျိုးဟင်းချိုနဲ့ ကုန်း ဘောင်ကြီးကြော် အစ်ကို"

"ငါလဲ အဲဒီအတိုင်းပေးကွာ"

"ဟာ ... အစ်ကို"

စားပွဲထိုးချာတိတ်သည် အံ့ဩသောလေသံဖြင့် ... ပြောလိုက်သည်။

"သူတို့က လေးယောက်စားဖို့မှာတာ အစ်ကို"

သူသည် ပြုံးလိုက်ပါလေ၏။

"အေး ... ဒါလည်း ဟုတ်တာပဲ၊ ဒါဖြင့် ထမင်းဖြူရိုးရိုးရယ်၊ ချိုချဉ်ကြော်ရယ်၊ ဆယ့်နှစ်မျိုးဟင်းချိုရယ် ... အဲဒါပဲပေး တော့ကွာ"

စားပွဲထိုးချာတတ်က သူမှာသည့်အတိုင်း အတွင်း ဝိုင်းသို့ လှမ်း၍အော်လိုက်သည်။ ထို့နောက် သူ့ရှေ့သို့ ပလပ်စတစ်ဇ လုံလေးဖြင့် ရေခဲတစ်ဇလုံ၊ ကိုင်းပါသော ဖန်ခွက်ကြီးနှင့် ကျောက် ဆူးဘီယာဗူးလာချသည်။

သူသည် ဖန်ခွက်ကြီးထဲ ရေထည့်ကာ ကျောက်ဆူး

ဘီယာတစ်ဗူးကိုဖောက်ကာ ထည့်လောင်းလိုက်သည်။ အမြှုပ်များ ငြိမ်သွားအောင်နှင့် ဘီယာအေးမြလာအောင်စောင့်ရင်း သူ့အောင်း ဘီအိတ်ထဲမှ ပစ္စည်းတစ်ခု ထုတ်လိုက်ပါ၏။

ဖဲထုပ်တစ်ထုပ်ပင်။

ဖဲထုပ်ကို နှစ်ခါသုံးခါလောက် ကုးလားဖန်ထိုးပြီး နောက် ဖဲချပ်လေးတွေ တစ်ချပ်စီတန်းကာ ပက်လက်စားပွဲတွင် ချလိုက်သည်။ ထို့နောက် တစ်ချပ်ချင်း ကန့်လန့်ဖြတ်တစ်ချပ်စီလိုက် ချပြန်ပါ၏။

လေးလေးမြင့်သည် ထိုလူကို မကြည့်မိအောင် မျက်နှာလွှဲထားမိသည်။ အကြောင်းမူ ထိုသူ၏အပြုအမူကို လေးလေးမြင့် မနှစ်သက်။ လူပုံအလယ်တွင် ဘီယာလည်းသောက်သည်။ ဖဲလည်း ကစားနေသည်မဟုတ်လား။ အရက်သောက် ဖဲရိုက်သော ... ယောကျ်ားသားဆိုလျှင် မိန်းမကောင်းလေးများက ရွံ့တတ်သည်။ ကြောက်တတ်သည်။

မကြည့်ပါဘူးဟု ဆိုသည့်ကြားမှပင် လေးလေးမြင့် ကြည့်မိပြန်သည်။ အကြောင်းမူ ထိုင်နေသည်ကပင် မျက်နှာချင်း ဆိုင်ဖြစ်နေသောကြောင့် မကြည့်ချင် မြင်လျက်သားဖြစ်နေရသည်။

"ဟယ်"





လေးလေးမြင့် ယခုတစ်ကြိမ်ကြည့်မိရာတွင် ဒွန်း တန်းလန်း ထမင်းလုတ် တန့်ကနဲရပ်သွားပြီး စိတ်ထဲမှ လူမကြားသူ ကြား'ဟယ် ... 'ကနဲ အံ့ဩသွားတော့သည်။

သူသည် ဖဲတစ်ချပ်ကို လက်တွင်ကိုင်ထားပြီး လေး လေးမြင့်ကိုကြည့်နေပါ၏။ လေးလေးမြင့်က သူ့ကို ကြည့်မိသည်နှင့် ထိုဖဲချပ်ကို လေးလေးမြင့်အား လှမ်းထောင်ပြလိုက်ပေသည်။

"(ဂျိုကာ)ဟု အင်္ဂလိပ်စာလုံးဖြင့် ရေးထားသော အရုပ်တစ်ရုပ်ပါရှိသည့် ဖဲချပ်ဖြစ်နေလေတော့သည်။

"ဂျိုကာ ..."

ဒါဆိုလျှင် တပ်ကုန်းတုန်းက လေးလေးမြင့်၏ ထိုင်ခုံပေါ်တွင် စာရွက်ပြားလေးတင်ထားခဲ့သော ဂျိုကာအမည်ခံ သူသည် သူပင်ဖြစ်ရမည်။

"ဟဲ့ ... ဟဲ ... ဟော့ချာတိတ် ..."

ကျော်နေဟိန်း၏ရယ်သံ ထွက်ပေါ်လာပြီး စားပွဲ ထိုးချာတိတ်ကို လှမ်းခေါ်သံကြားမှ လေးလေးမြင့်သည် ကိုဂျိုကာ ထံမှ မျက်နှာလွှဲကာ နေဟိန်းကျော်ကို မော့ကြည့်မိသည်။

စားပွဲထိုးချာတိတ်ကလေးက နေဟိန်းကျော်ရှိရာ သို့ အပြေးကလေးရောက်လာသည်။ နေဟိန်းကျော်ကို ကြည့်ရ

ည့်မှာ ဤမြို့ပေါ်ဝယ် ဩဇာတိက္ကမရှိပုံရပေသည်။ သူ၏ မိဘအရှိန် အဝါကြောင့် ဖြစ်ပေမည်။

"ဘယ်လိုလဲချာတိတ်၊ မင်းတို့ဆိုင်ထဲမှာ အရက်ဝိုင်းရော ဖဲဝိုင်းရောပါလားကွ … ဒီလို အကျင့်မကောင်းတဲ့လူကို မင်းတို့ဆိုင်က လက်ခံသလား … တော်ကြာ မင်းတို့ပါ ဥပဒေနဲ့ ငြိနေမယ်နော် … "

ချာတိတ်ခမျာ ဘာပြန်ပြောရမှန်းမသိဘဲ နေဟိန်းကျော်၏ရှေ့တွင် မျက်လုံးလေးပေကလပ်ပေကလပ် ဖြစ်နေရှာတော့သည်။

"ခင်ဗျားစကားတွေက ကျူပ်ကိုရည်ရွယ်ပြီး ပြောနေတာလား … မိတ်ဆွေ"

ကိုဂျိုကာသည် လက်ထဲတွင်ကိုင်ထားသော ဖဲချပ်အထပ်ကို ညင်သာစွာ စားပွဲပေါ်ချလိုက်သည်။ ဘီယာခွက်ကို တစ်ငုံနှစ်ငုံ ငုံလိုက်ပြီး ပြန်ချလိုက်ပြီးမှ ကုလားထိုင်ကျောမှီကို ခြေဆန့်မှီလိုက်ယင်း နေဟိန်းကျော်အား လှမ်းကြည့်ကာ အေးဆေးတည်ငြိမ်သော လေသံဖြင့် လှမ်းမေးလိုက်ပါ၏။

နေဟိန်းကျော်က ကိုဂျိုကာရှိရာသို့ တိုးသွားသည်။ ဆရာကိုမြတ်မင်းက နေဟိန်းကျော်၏လက်မောင်းကို ဆွဲထား





လိုက်သည်။

"မင်း … ပေါက်ကရမလုပ်နဲ့ နေဟိန်းကျော်၊ ဒီမြို့မှာသူက ဩဇာညည် … မင်းက အိမ်ရှင်ဖြစ်နေတယ်၊ မင်းကပဲ အနိုင်ကျင့်သလို ဖြစ်သွားလိမ့်မယ် … "

ဆရာကိုမြတ်မင်းက စိုးရိမ်စိတ်လွှမ်းမိုး၍လားမသိ။ နေဟိန်းကျော်ကို ဆွဲရင်း ဖျောင်းဖျပြောသော စကားမှာ အတန်ငယ်ကျယ်သွားပေသည်။ ဆရာကိုမြတ်မင်း ပြောသမျှ ကိုဂျိုကာက ကြားသွားဟန်တူပါ၏။

"ရပါတယ် ကိုမြတ်မင်း မြန်မာတိုင်းရင်းသားတစ်ယောက်အဖို့ မြန်မာပြည်ထဲက ဘယ်မြို့မှာမဆို ဩဇာညည်မဟုတ်ပါဘူးဗျာ … နောက်ပြီး မြို့တိုင်းရွာတိုင်းမှာ အုပ်ချုပ်ရေး ဆိုင်ရာကောင်စီတွေ ရဲစခန်းတွေရှိနေတာပဲ … အဲ့ဒီ ကိုနေဟိန်းကျော်ကို လွှတ်သာလွှတ်ပေးလိုက်ပါ"

ကိုမြတ်မင်းက လွှတ်မပေးသည့်တိုင်အောင် နေဟိန်းကျော်က ဆောင့်ရုန်းပြီး လွှတ်သွားသည်။

ကိုဂျိုကာ၏ စားပွဲရှေ့တွင် နေဟိန်းကျော်က မားမားကြီးရပ်လိုက်သည်။

"ဟုတ်တယ် … ခင်ဗျားကိုရည်ရွယ်ပြီး ပြောနေတာပဲ …

ကျုပ်တို့မြို့ဟာ ပုပ္ပါး၊ ပုဂံ၊ ညောင်ဦးနဲ့ဆက်သွယ်ပြီး သူ တော်ကောင်းဘုရားဖူးတွေ ဖြတ်သွားဖြတ်လာလုပ်တဲ့မြို့ပဲ ခင်ဗျားလို အရက်သမား၊ ဖဲသမားကြောင့် မြို့သိက္ခာကျ တယ်သိလား ... "

"ကျွန်တော်ဟာ အရက်သမား၊ ဖဲသမားလို့ ကိုနေဟိန်း ကျော် ယူဆရင် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့ကိုတစ်ခုခု ကို လှမ်းတိုင်လေဗျာ ... ရဲကိုဖြစ်ဖြစ်တိုင်ပေါ့"

လူတွေသည် သိသိသာသာရော မသိမသာရော ကို နေဟိန်းကျော်နှင့် ကိုဂျိုကာကို စိတ်ဝင်စားစွာ ကြည့်နေကြပါ၏။ နှစ်ယောက်သည် အသက်အရွယ်ချင်းတူညီပုံရသည်။ လူလုံးလူဖန် ချင်းလည်းမကွာလှ။ သန့်ပြန့်သော ဥပဓိရုပ်ကိုယ်စီလည်း ရှိနေကြ သည်။

လေးလေးမြင့်လည်း ဒေါက်တာရွှယ်တူ သွေးတူ မွေးတူသူတို့နှစ်ဦး ပဟေဠိဖြစ်နေပုံကို ငေးကြည့်နေမိသည်။ အထူး သဖြင့် ကိုဂျိုကာကို လေးလေးမြင့်ကအံ့ဩနေပါ၏။ အကြောင်းမူ ဆရာကိုမြတ်မင်းအမည်ကိုလည်းကောင်း၊ ကိုနေဟိန်းကျော်၏ အမည်ကိုလည်းကောင်း သူကသိနေသည်။

ပြီး ... စကားပြောကြရာတွင် ကိုနေဟိန်းကျော်က





ဒေါသပါပြီး ပူပူလောင်လောင်ဖြစ်သလောက် ကိုဂျိုကာသည်။ စားပွဲမှ ထိုင်ရာမထ သွေးအေးအေးဖြင့် ကိုနေဟိန်းကျော်ကို မော့ ကြည့်ရင်း ပြောနေသည်ကို လေးလေးမြင့်က အံ့ဩနေမိသည်။ တကယ်ဆိုလျှင် နေဟိန်းကျော်သည် ဆရာကိုမြတ်မင်းဆွဲထား သည့်ကြားက ရုန်းကန်ပြီး ဖွတ်တိုးသွားသည်မို့ ဘာပဲဖြစ်ဖြစ် ကို ဂျိုကာ့အနေနှင့် မတ်တတ်ရပ် ရင်ဆိုင်ထားသင့်သည်ဟု လေးလေး မြင့် ထင်မိသည်။

"ကျွန်တော် အရက်သမားမဟုတ်ပါဘူး ... ကိုနေဟိန်း ကျော် ကျွန်တော်ဘီယာသောက်တာပါ ... ဟောဒီဘီယာ သံဘူးမျိုးတွေက တချို့ကွမ်းယာဆိုင် ဆေးလိပ်ဆိုင်မှာ တောင်တင်ပြီး ရောင်းနေတာပါ ... ဘီယာဆိုတာ သောက် ရေသဘောနဲ့ ပြောရရင် ရေကျက်အေး သဘောလောက်ရှိ တာပါ ကိုနေဟိန်းကျော် ... ကျွန်တော်ရန်ကုန်ကနေပြီး တနေကုန် မော်တော်ဆိုင်ကယ်စီးလာလို့ ပင်ပန်းတာရယ်၊ ရေပြောင်းမိုးပြောင်းမှာ ရေစိမ်းသောက်ရင် နေထိုင် မကောင်းဖြစ်မှာစိုးလို့ရယ် ဘီယာသောက်တာ အရက် သမားဖြစ်ရောလားတဲ့ဗျာ ... "

နေဟိန်းကျော်က ဘာမှပြန်မပြော၊ တွေတွေကြီး

သာ ကိုဂျိုကာကို စိုက်ကြည့်နေသည်။ နေဟိန်းကျော်၏ အမူအယာမှာ ဘာပဲဖြစ်ဖြစ် ကိုဂျိုကာအား မလိုလားသော အမူအယာသိသိသာသာကြီးပေါ်လွင်နေသည်။ ကိုဂျိုကာက အေးဆေးသောအသံနှင့်ပင် ဆက်ပြောပြန်သည်။

"နောက်ပြီး ... ဖဲသမားဆိုတာက တစ်ယောက်ထဲ ကစားတဲ့လူ မဟုတ်ဘူးလေဗျာ ... လောင်းကြေးငွေနဲ့အနည်းဆုံးနှစ်ယောက်ကစားတယ် ... ကျွန်တော်ကစားတာကလောင်းကြေးမပါဘဲ တစ်ယောက်ထဲကစားတဲ့ Single Game နည်းပဲ၊ ကိုနေဟိန်းကျော်နိုင်ငံခြားတွေဘာတွေ မရောက်ဖူးဘူးထင်တယ် ... အနည်းဆုံး ကိုနေဟိန်းကျော်အနေနဲ့ နိုင်ငံခြားရုပ်ရှင်တွေ ဘာတွေကြည့်ဖူးဘူးထင်တယ် ... ဒါကြောင့်ဘီယာသောက်တာကို အရက်သမားပြောပြီး ဖဲထုပ်ကိုင်နဲ့ဖဲသမားလို့ပြောချင်တာ ဖြစ်ပါလိမ့်မယ် ..."

"ဘာကွ ... မင်းက ငါ့ကိုနိုင်ငံခြားမရောက်ဘူးသလေး၊ နိုင်ငံခြားရုပ်ရှင်မကြည့်ဘူးသလေးနဲ့ မိန်းကလေးတွေရှေ့မှာ ချွတ်တာလားဟင် ..."

"မှားသွားပြန်ပြီ ကိုနေဟိန်းကျော် ... ကျွန်တော်က ကိုနေဟိန်းကျော်ကို ဘာမှ မချွတ်မိပါလား ... ကိုနေဟိန်းကျော်





ကသာ ဟိုမိန်းမလှလေးတွေရှေ့မှာ ကျွန်တော့်ကို ခုတုံးလုပ်ပြီး ဟီးရိုးလာလုပ်ပြနေတာ မှတ်လား ..."

"အေး ... ဟီးရိုးလုပ်တယ်ကွာ ... ကဲ"

ကိုနေဟိန်းကျော်မှာ မိမိကပြောလိုက်တိုင်း တစ်ဖက်မှ အချက်ကျကျပြန်ပြောလေ ကိုယ့်ရှူးကိုယ်ပတ် အရှက်ကွဲလေဖြစ်လာသောကြောင့် ဒေါသမထိန်းနိုင်တော့ဘဲ စားပွဲတစ်ဖက်အပေါ်စီးရနေရာမှ ညာဖြောင့်လက်သီးဖြင့် ထိုင်နေသော ကိုဂျိုကာအား ထိုးချလိုက်လေသည်။

ဟယ်ကနဲ ဟာကနဲ ဆိုင်ထဲရှိလူတွေဆီမှ အသံထွက်လာသည်။ ထိုင်နေသူမျှာ ရပ်နေသူက အပေါ်စီးမှဖိထိုးလိုက်ခြင်းခံရပြီဟုလည်း အားလုံးက ထင်မိကြသည်။

သို့သော် ... မှားလေစွ နေဟိန်းကျော်။

ကိုဂျိုကာ ထိုင်နေပုံကို နေဟိန်းကျော်အနေနှင့်တင်ကြိုသတိပြုဖို့ကောင်းသည်။ ကုလားထိုင်ကို ကျောမှီထားသည်။ စားပွဲအောက်တွင် သူ၏ခြေတန်ရှည်ကို ဆန့်ထားသည်။

နေဟိန်းကျော်က ညာဖြောင့်လက်သီးသွင်းရန်အားယူပြီး ပစ်သွင်းလိုက်သည်နှင့် ကိုဂျိုကာ၏ခြေတန်ရှည်သည်စားပွဲအောက်မှနေ၍ နေဟိန်းကျော်၏ ဒူးနှစ်ဖက်ကို စုံကန်ထည့်

လိုက်သည်။

နေဟိန်းကျော်မှာ အပေါ်လက်သီးတွင်အားတွေ အကုန်သွင်းထိုးလိုက်သည်နှင့် ခြေထောက်အစုံမှာ ဒေါက်ပြုတ်ကျ သောလှည်းသမား မြေမှလွတ်သွားပြီး ဗိုင်းကနဲ သူ့အားနှင့်သူစားပွဲ ပေါ်သို့ အလျားလိုက်မှောက်ကြီး ကျသွားလေတော့သည်။ ကုလား ထိုင် ကျောမှီကို နောက်ခံအားအဖြစ်ယူကာ ခြေစုံဆောင့်ကန်သော ဒဏ်ကို အဘယ်သို့လျှင် နေဟိန်းကျော်ခံနိုင်အံ့နည်း။ နေဟိန်းကျော် ၏လက်သီးချက်မှာလည်း ကိုဂျိုကာ၏မျက်နှာနှင့်လွဲကာ လေကို သာ ဗလာထိုးမိတော့သည်။

ထိုအခါကျမှပင် ကိုဂျိုကာသည် မတ်တတ်ရပ်လိုက် သည်။ စားပွဲတွင် အလျားမှောက်ကျသွားသော နေဟိန်းကျော် ပြန် မထနိုင်သေးမီ နေဟိန်းကျော်၏လက်တစ်ဖက်ကို ဖမ်းချုပ်ကာ နောက်ပြန်လိမ်ထားလိုက်သည်။

လူရှုယ်ချင်းမို့ ခွန်အားခြင်းတူသည်ထားဦး။ လက် နောက်ပြန်အလိမ်ခံထားရသူသည် ရုန်းလေနာလေမို့ မရုန်းသာ မလှုပ်သာ အခြေအနေမျိုးသို့ နေဟိန်းကျော် ရောက်သွားတော့ သည်။

ဆရာကိုမြတ်မင်းသည် အနီးသို့တိုးကပ်သွားသည်။





ကိုဂျိုကာအား ကိုမြတ်မင်းက လေအေးနှင့်ပင် ပြောလိုက်သည်။

"လွှတ်လိုက်ပါ ... ရန်ဖြစ်တယ်ဆိုတာ မကောင်းပါဘူး ငါ့ညီ"

"ဟုတ်ကဲ့ ... ကျွန်တော်ရန်မဖြစ်ချင်ပါဘူး ... ဒါပေမဲ့ ... ကျွန်တော်ကိုနှော်က်ထပ် ရန်မပြုတော့ပါဘူးဆိုတဲ့ကတိ သူ့ဆီကပေးပါစေ ကိုမြတ်မင်း ... "

"လွှတ်သာလွှတ်လိုက်ပါ ... ဒီကိစ္စကိုအစ်ကို တာဝန်ယူပါ တယ် ... "

ကိုဂျိုကာက လွှတ်ပေးလိုက်သည်။ ဆရာကိုမြတ် မင်းက နေဟိန်းကျော်ကို လက်မောင်းဆွဲထားပါ၏။ မရပါလေ။ နေဟိန်းကျော်သည် သူခံလိုက်ရသည်ကို လွန်စွာမကျေမနပ်နှင့် ကို ဂျိုကာအားထိုးမယ် ကြိတ်မယ်ပုံစံသို့ပင်ရောက်သွားသည်။

"သိမယ် ... မင်း နေဟိန်းကျော်အကြောင်းသိရစေမယ်"

စားပွဲပေါ်တွင် တင်ထားသောငံပြာရည်ပုလင်းကို နေဟိန်းကျော်ကောက်ကိုင်ပြီး ပုလင်းနောက်ပိုင်းထိပ်ကို စားပွဲ စောင်းနှင့်ခွမ်ကနဲရိုက်ခွဲလိုက်သည်။ အချွန်အရှများပါသော ပုလင်း င်ကို လက်နက်သဖွယ်သုံးတော့မည့်အသွင်။

"မင်းလက်ထဲကပုလင်းကို ချထားလိုက် နေဟိန်းကျော်"

အောင်ပြီး ညြသောအသံတစ်ခုက အမိန့်သံဆန်ဆန်ပေါ်ထွက်လာပေသည်။ ထိုအသံကြားသည်နှင့် နေဟိန်းကျော် တန့်ကနဲ ရပ်သွားသည်။

ဆိုင်ရှေ့တွင်ရပ်လိုက်သော ဂျစ်ကားပေါ်မှ ပုဂ္ဂိုလ်ကြီးတစ်ဦး ဆင်းလာသည်။ အသက်၅၀ခန့်ရှိမည်။ ဖိုင့်ဖိုင့်ဝဝချောကိုယ်ပေါ်တွင် နဂါးရုပ်ကြီးတွေပါသော ဟာဝေယံအကျီဝတ်ဆင်ထားသည်။

"မင်းကို ငါပြောနေတယ် ... လက်ထဲကပုလင်းအောက်ချလိုက်လို့"

"မဟုတ်ဘူးဖေဖေ ... ဒီကောင် သိပ်လူးပါးဝလို့"

"ဘယ်ဟုတ်မလဲ ... နေဟိန်းကျော် မင်းကသူ့ကိုသွားပြီးရန်စတာ ငါမြင်နေတာပဲ ... ငါစောစောထဲကရောက်နေတာ ကွမ်းယာဆိုင်ကွယ်ပြီးကားရပ်ကြည့်နေတာ မင်းအပြန်တော့၊ အဲ ... မောင်မြတ်မင်း ... နေဟိန်းကျော်ကိုခေါ်သွားပါကွာ ဂျစ်ကားယူသွားပေါ့၊ အန်ကယ်(လ်)လမ်းလျှောက်ပြီးပြန်ခဲ့မယ် ... "

နေဟိန်းကျော်သည် ဖခင်ဖြစ်သူကိုတော့ ကြောက်ဟန်တူသည်။ ကိုမြတ်မင်းကလည်း ထိုပုဂ္ဂိုလ်ကြီးအား လေးစား





သောအသွင်ရှိပါ၏။

နေဟိန်းကျော်အား ဆရာကိုမြတ်မင်းကဆွဲခေါ်သည်။ နေဟိန်းကျော်က လက်ထဲမှပုလင်းပြတ်ကို ဆောင့်အောင့်စစ်ချရင်း ကိုဂျိုကာအားမကျေမချမ်း တစ်ချက်လှည့်ကြည့်ကာကိုမြတ်မင်းခေါ်ရာသို့ လိုက်သွားသည်။

"သွားမယ်ပြုံးပြုံး ... ပြုံးပြုံးတို့ရှေ့မှာ ဒီလိုခတော်တဆဖြစ်သွားရတာ စိတ်မကောင်းပါဘူးကွယ်"

ဆရာကိုမြတ်မင်းက လေးလေးမြင့်တို့အဖွဲ့အားနှုတ်ဆက်ကြည့်ရင်း ပြုံးပြုံးရီကိုတောင်းပန်ရင်း နှုတ်ဆက်စကားဆိုကာထွက်ခွာသွားတော့သည်။

ပြုံးပြုံးရီသည် ဆရာကိုမြတ်မင်း ဂျစ်ကားမောင်းထွက်သွားသည်အထိ ငေးတိငေးမောလေး လိုက်ကြည့်နေမိသည်။

သူတို့လေးယောက်အဖွဲ့လေးမှာ စားရင်းသောက်ရင်း ရင်ခုန်စရာတွေ တွေ့ရှိရသဖြင့် အစားအသောက်တန့်သွားပေသည်။ ထိုအခိုက်မှာပင် ကိုဂျိုကာမှာထားသော ဟင်းလျာများကိုစားပွဲထိုးချာတိတ်က လာချပေးသည်။

ကိုဂျိုကာသည် ခုနက နေဟိန်းကျော် စားပွဲပေါ်မှောက်လျက်ကျစဉ်က ဖိတ်စင်လဲကျသွားသော ဘီယာတစ်ခွက်

ကို ဘေးသို့ဖယ်လိုက်ပြီး အေးအေးဆေးဆေးပင် ဘာမျှမဖြစ်သလို ခရင်းဇွန်းကိုင်ကာ ညစာစားသောက်ပေတော့သည်။

"မှန်းဖို့ကောင်းတယ် ... "

ပြုံးပြုံးရီက ကိုဂျိုကာကို မျက်စောင်းတစ်ချက်ထိုး ရင်းမှတ်ချက်ချလိုက်သည်။

"ငါကတော့ အဲ့ဒီလိုမထင်ပေါင် ... သူကို ဟိုလူနေဟိန်း ကျော်က သက်သက်မဲ့ သွားရန်စတာပဲ မိပြီး ... နောက်ပြီး နေဟိန်းကျော်က စထိုးတာပဲ ... "

သီဂီမင်းက ပြုံးပြုံးရီ၏စကားကို သူမ၏အမြင်နှင့် အတိုက်အခံဆိုလိုက်သည်။

"ဟဲ့ ... နင်ပဲကြည့်ဦး မိဂီ ... ဆိုင်ထဲမှာဘီယာသောက် ဖဲရိုက်နဲ့ အမေရိကန်ဇာတ်လိုက်ကျနေတာပဲ ဘယ်လောက် မှန်းဖို့ကောင်းသလဲ ... ဘာလဲ နင်က မုတ်ဆိတ်ကောင်းတို့ သဘောကျနေလို့ နာတာလား ... "

"အံမာ ... ပြောင်းပြန်ပါလားမိပြီး ... နင်သာ ဆရာကိုမြင့် မင်းနဲ့ပတ်သတ်တဲ့ နေဟိန်းကျော်ကို ထိလို့နာနေတာ _ တို့က ပွဲကြည့်ပရိသတ်အနေနဲ့ အမှန်တိုင်းပြောတာဟဲ့"

"တော်ကြစမ်းပါဟယ် ... အရည်မရ၊ အဖတ်မရနဲ့ ကိုယ့်





ဘာဆိုင်တာမှတ်လို့"

လေးလေးမြင့်ကပြုံးပြုံးရီနှင့် သီဂီမင်းတို့ စကားနိုင် လုနေသည်ကို ဟန့်တားလိုက်သည်။

သို့တစေ လေးလေးမြင့်စိတ်ထဲတွင် ယခုကိစ္စ၌ သီဂီမင်းပြောသည်မှာ မှန်သည်ဟု ရင်ထဲတွင် မှတ်ချက်ချမိသည်။ ကိုဂျိုကာအပေါ်၌လည်း လေးလေးမြင့်သည် အထင်တစ်မျိုးကြီး မိသည်။ တကယ်တမ်း စတင်ထိုးသတ်သူမှာ နေဟိန်းကျော်ဖြစ် သော်လည်း ရန်ပွဲတွင် အနိုင်ယူသူမှာ ကိုဂျိုကာဖြစ်နေသည့်အတွက် လည်းကောင်း၊ ကိုဂျိုကာသည် နေဟိန်းကျော်အား တစ်ခုခုပြန် လည်တုံ့ပြန်လျှင် ရလေသားနှင့် မတုံ့ပြန်ပဲ ခုခံချုပ်ကိုင်ခြင်းမျှသာ ပြုမူသည့်အတွက် လည်းကောင်းအထင်ကြီးမိခြင်းဖြစ်ပါ၏။

လေးလေးမြင့်သည် ဘာကြောင့်မှန်းမသိ ကိုဂျိုကာ ဆီသို့ ကြည့်မိပြန်သည်။

စောစောက နေဟိန်းကျော်၏ဖခင်ဆိုသူ သည် ကို ဂျိုကာရှေ့တွင် သွားရောက်ပြီး တောင်းပန်စကားဆိုသည်ကို လေး လေးမြင့်က မျက်နှာချင်းဆိုင်အနေအထားဖြင့် တွေ့နေရပေသည်။

"မောင်ရင်ဟာ ဘယ်သူဘယ်ဝါမှန်းတော့ ဦးလဲမသိဘူးပေါ့ ကွယ် ... ဦးနာမည်က ဦးထွန်းကျော်ပါ၊ နေဟိန်းကျော်ရဲ့

ဖခင်ပါ ... "

"ကျွန်တော်က ရန်ကုန်ကလာတဲ့ဧည့်သည်တစ်ဦးပါပဲ ... ဦးထွန်းကျော်"

လေးလေးမြင့်သည် ဦးထွန်းကျော်က ကိုဂျိုကာအား မိတ်ဆက်စကားစတင်လိုက်ကတည်းက သူမ၏နားကိုတအားစွင့်၍ နားထောင်နေမိသည်။ မိတ်ဆက်ရာ၌တစ်ဦးကိုတစ်ဦး ဘယ်သူဘယ်ဝါဖြစ်ပါသည်ဟု ထုတ်ဖော်ပြောလေ့ရှိရာ ကိုဂျိုကာသည် သူ၏ အမည်မှန်၊ နေရာမှန်၊ အလုပ်အကိုင်မှန်ဖွင့်ပြောမည် ထင်သောကြောင့် နားစွင့်ခြင်းဖြစ်ပါ၏။

သို့တစေ ကိုဂျိုကာသည် သူ့ကိုယ်သူ ရန်ကုန်ကလာသည့် ဧည့်သည်တစ်ဦးဟုသာ ပြန်လည်ထုတ်ဖော်သဖြင့် လေးလေးမြင့်ရင်ထဲတွင် အားမလိုအားမရဖြစ်ရပါ၏။

"အင်းပေါ့လေ ... ဧည့်သည်တစ်ဦးအပေါ်မှာ ဦးရဲ့သားနေဟိန်းကျော် မောက်မောက်မာမာ ပြုမူသွားတဲ့အတွက် ဦးကပဲ တောင်းပန်ပါတယ်"

"ရပါတယ် ဦးထွန်းကျော် ... ကနေ့ ခေတ်လူငယ်တွေရဲ့ ဖြစ်တတ်တဲ့အထာအတိုင်း ကျွန်တော်နဲ့ကိုနေဟိန်းကျော် ဖြစ်သွားတာပါ၊ ကဲ ... ဦးထွန်းကျော် ... ထမင်းသုံးဆောင်





ပါဦးလား၊ ကျွန်တော်တော့သိပ်ကိုဆာနေပြီ"

ဦးထွန်းကျော်ဆိုသည့် ပုဂ္ဂိုလ်ကြီးသည် ကိုဂျိုကာအား ပြုံးပြလိုက်ရင်း ...

"သုံးဆောင်ပါ ... သုံးဆောင်ပါ ... ဟဲ ... ဟဲ ... ၊ မောင်ရင်လွတ်လွတ်လပ်လပ်စားရအောင် ဦးကိုသွားခွင့်ပြုပါဦးကွယ် ... "

ဦးထွန်းကျော်သည် ရယ်မောနှုတ်ဆက်ကာ ဆိုင်ထဲမှထွက်သွားပေတော့သည်။

ဦးထွန်းကျော်၏ရင်ထဲတွင် အောင့်သက်သက်ခံစားရလိမ့်မည်ဟု လေးလေးမြင့်ထင်မိသည်။ သားနေဟိန်းကျော်အတွက် တောင်းပန်စကားဆိုသည်ကိုပင် ကိုဂျိုကာကယဉ်ကျေးစွာ ဦးထွန်းကျော်ကို မောင်းထုတ်လိုက်သော သဘောရှိနေသောကြောင့် ဖြစ်ပါ၏။

## ၄

ဦးထွန်းကျော် ပြန်ရောက်လာသည်ကို ကိုမြတ်မင်းနှင့်နေဟိန်းကျော်တို့သည် ဧည့်ခန်းမှာပင် ထိုင်စောင့်နေကြပေသည်

ဦးထွန်းကျော်သည် မျက်နှာမကောင်းလှ။ ဧည့်ခန်းဆက်တီကုလားထိုင် တစ်လုံးပေါ်သို့ ခြေပစ်လက်ပစ် ဦးထွန်းကျော်ထိုင်ချလိုက်သည်။

"ဒီကောင် ဘာကောင်လဲ ဖေဖေ ..."

"ဒီကောင် ဘာကောင်မှန်းကို ဖေဖေမသိခဲ့ရဘူး ... သူ့ကိုယ်သူရန်ကုန်ကလာတဲ့ ဧည့်သည်တစ်ဦးလို့ပဲ ထုတ်ဖော်တယ် ... နောက်ပြီး အလိမ္မာနည်းနဲ့ ဖေဖေ့ကို စကားလက်ဆုံမကျချင်တဲ့သဘောမျိုး နှင်လွှတ်လိုက်တာပဲ ... နေဟိန်း





ကျော်"

"တောက် ..."

နေကျော်ဟိန်းက ပြင်းထန်သော တောက်တစ်ချက်ခေါက်လိုက်သည်။

ကိုမြတ်မင်းက တောတ်ခေါက်လိုက်သောနေဟိန်းကျော်ကို ပြုံး၍ကြည့်လိုက်ပါ၏။

"သိပ် တောက်ခေါက်မနေနဲ့ နေဟိန်းကျော်။ မင်း ... ထမင်းဆိုင်ထဲမှာ သူ့ကိုသွားလုပ်လိုက်တာ မင်း မှားသွားတယ်။ တကယ်ဆို ငါဆွဲနေတဲ့ကြားက မင်းဇွတ်လုပ်ဘို့ မကောင်းဘူး"

"တော်စမ်းပါ ကိုမြတ်မင်း ... ကျွန်တော် ဒီလိုဘာလို့လုပ်ရတယ်ဆိုတာ ခင်ဗျားသဘောပေါက်စမ်းပါ။ တကယ်ဆိုရင် ခင်ဗျားအနေနဲ့ ပင်စည်ကို ခင်ဗျားမချိုးနိုင်ဘူး။ အကိုင်းဖြစ်တဲ့ပြုံးပြုံးရီကိုသာ ခင်ဗျားချိုးနိုင်တာပဲ။ လေးလေးမြင့်ကိုသာ ခင်ဗျားပိုင်လိုက်ရင် ဒီကိစ္စမှာ ကျွန်တော်ကြားဝင်ဘို့တောင် မလိုတော့ဘူး"

"အံမာ ... လေးလေးမြင့်ဟာ မင်းပြောသလောက် လွယ်တယ်မှတ်သလား နေဟိန်းကျော်။ ငါက သူ့ထက်ဆယ်နှစ်

လောက်အသက်ပိုကြီးနေတယ်။ ငါ့လိုလူကို လေးလေးမြင့်က စိတ်ဝင်စားပုံတစ်ချက်လေးမှ မပြဘူး။ ဒါကြောင့် ဒီကောင်နဲ့ သက်တူရွယ်တူမင်းကို ဒီကစ္စမှာထပ်ပြီး အသုံးပြုဖို့ စီစဉ်ရတာ"

"အေးပေါ့ဗျာ ... ကြည့်ကြသေးတာပေါ့။ ကျွန်တော်ကိုယ်တိုင်လည်း လေးလေးမြင့်ကို မြင်မြင်ချင်းစိတ်ဝင်စားမိတယ်။ နောက်ရက်တွေမှာ တွေ့ကြဦးမှာပဲ မှတ်လား"

ဦးထွန်းကျော်သည် ကိုမြတ်မင်းနှင့် နေဟိန်းကျော် ကြပြောသမျှကို ... ငြိမ်၍နားထောင်နေပြီး နေဟိန်းကျော် စကားအဆုံးတွင် အေးဆေးတည်ငြိမ်စွာ ဝင်၍ပြောပေသည်။

"နောက်ရက်တွေမှာ လေးလေးမြင့်ကို မင်းတွေ့နိုင်သလိုဟိုကောင့်ကိုလည်း မင်းတွေ့ရဦးမယ်လို့ ငါထင်တယ် နေဟိန်းကျော်။ ဒီကောင်ဟာ မောင်မြတ်မင်းနောက်ကိုပဲလိုက်လာတဲ့ကောင်လား။ ဒါမှမဟုတ် လေးလေးမြင့်တို့အဖွဲ့နောက်ကိုပဲ လိုက်လာတဲ့ကောင်လား ... တစ်ခုခုတော့တစ်ခုခုပဲ။ အဲဒီတစ်ခုခုမှာ ဘာတစ်ခုမှတို့အတွက် မကောင်းဘူး။ တို့ကို အနှောင့်အယှက်ဖြစ်နိုင်တာချည်းပဲ"





ကိုမြတ်မင်းကိုယ်တိုင်လည်း ဦးထွန်းကျော်၏ စကားကို အလေးအနက် စဉ်းစားပေးသည်။ ရန်ကုန်ဂိတ်တွင် ဒုံ့မွှါးကြီးမထွက်မီကတည်းက ဆိုင်ကယ်နှင့် ဟီးနိုးကားကြီးကို ကွေ့ပတ်ကြည့်ရှုပြီးမှ လိုက်လာသည်တော့ အမှန်ဖြစ်သည်။

"ဒီကောင် လက်စလက်နတော့ မသေးဘူး ဦးထွန်းကျော်။ အမှန်တော့ နေဟိန်းကျော်လည်း လက်သေးတဲ့သူမှ မဟုတ်ပဲ။ ဒီကောင်နဲ့ကြတော့ နေဟိန်းကျော် ခံလိုက်ရတယ်မှတ်လား"

"တော်စမ်းပါဗျာ ... ကျွန်တော်က ဒီကောင့်ကို လျှော့တွက်မိလို့ ခံလိုက်ရတာပဲ၊ နောက်တစ်ချီဆိုကြည့်ပေါ့"

"ဒီကောင် သွေးအေးတယ်နော် ... ။ ထမင်းဆိုင်ထဲမှာ မင်းကိုခုခံကွက်ရော ... ချုပ်ကွပ်ရော ... သူ အေးအေးဆေးဆေးလေးလုပ်သွားတာ။ သူကသာထပ်ပြီး တိုက်ကွပ်ဝင်လိုက်ရင် မင်းအတွက်မလွယ်ဘူး နေဟိန်းကျော်"

"တော်ဗျာ ... ကိုမြတ်မင်း"

နေဟိန်းကျော်သည် မခံချင်စိတ်ဖြင့် ရှူးရှူးရှဲရှဲဖြစ်လာပြန်ပေသည်။ ဦးထွန်းကျောင်ကပင် ထိန်းလိုက်ပြန်သည်။

"နေစမ်း နေဟိန်းကျော်၊ တို့စဉ်းစားဘို့ ကောင်းတာက ဒီ

ကောင်ဟာ ရန်ကုန်းစုံထောက်အဖွဲ့ထဲက တစ်ယောက်ယောက်ဖြစ်နေသလား။ ဒါမှမဟုတ် ထောက်လှမ်းရေးအဖွဲ့ထဲက တစ်ယောက်ယောက်ဖြစ်နေသလားဆိုတဲ့ အချက်ပဲ။ ဒါကြောင့်ဘာမဆို သွေးအေးအေးနဲ့လုပ်နိုင်တဲ့ အလေ့အကျင့်ရှိနေပြီး ကိုယ်ခံပညာပိုင်းမှာ ရင့်ကျက်နေတဲ့ လူလားမှမသိတာ။ ကဲ ... ဒီလိုလုပ်စမ်း နေဟိန်းကျော်။ ရန်ကုန်က ဦးဒေဝဆီ ဖုန်းဆက်စမ်းကွာ။ ဦးဒေဝနဲ့ ကွန်တက်(ခ်)ရရင် ငါ့ကိုပေး"

ဦးလှကျော်သည် ဆက်တီကုလားထိုင်မှ ထလိုက်သည်။ ထို့နောက် နှစ်ထပ်တိုက်၏ အပေါ်သို့ တတ်ရောက်သွားပေတော့သည်။

နေဟိန်းကျော်သည် တယ်လီဖုန်းဆီသို့ ရောက်သွားသည်။ အိတ်(စ်)ချိန်းမှတဆင့် ရန်ကုန်မှအော်တိုနံပါတ်တစ်ခုတောင်းခံလိုက်ပြီး ပြန်အခေါ်ကိုစောင့်ရန် ဖုန်းကိုပြန်ချထားခဲ့ပြီး ကိုမြတ်မင်းရှိရာသို့ ပြန်လျှောက်လာခဲ့သည်။

"လေးလေးမြင့် အကြောင်းကို ကိုမြတ်မင်းသိပါတယ်နော်"

"အေး ... လေးလေးမြင့်အကြောင်းသာ မကဘူး၊ ပြုံးပြုံးနီရော ၊ ဝင်းဝင်းမော်ရော၊ သီရိမင်းရော သူတို့အကြောင်းတွေ





ငါကအားလုံးစုံစမ်းထားပြီးသားပဲ နေဟိန်းကျော်"

"လေးလေးမြင့်အကြောင်းကိုပဲ ပြောစမ်းပါဦးဗျာ"

"ရန်ကုန် အင်းလျားမြိုင်လမ်းထဲမှာ ဟိန်းနေတဲ့ နှစ်ထပ်တိုက်ကြီးနဲ့နေတယ်၊ မိဘချမ်းသာတယ်၊ လေးလေးမြင့်ဆိုတဲ့ သမီးတစ်ယောက်ပဲရှိထဲရှိတယ်၊ ဒီမှာ ... နေဟိန်းကျော်၊ ပြုံးပြုံးနီလည်း ကုက္ကိုင်းမှာ ကိုယ်ပိုင်တိုက်၊ ကိုယ်ပိုင်ကားနဲ့ ချမ်းသာတာပဲ၊ ဝင်းဝင်းမော်လည်း ထိုနည်းလည်းကောင်းပဲ သီရိမင်းကြတော့ ရန်ကင်းမှာ အစိုးတိုက်ခန်းနဲ့ နေပေမယ့် ခြောက်မိုင်ခွဲမှာ သူတို့ကိုယ်ပိုင်တိုက်ရှိတယ်၊ သံအဖွဲ့တစ်ခုကို ငှားထားပြီး သူတို့သားအမိက သီရိမင်းထက်အကြီး နီနီမင်းရဲ့ ရန်ကင်းတိုက်ခန်းမှာ လာနေတဲ့သဘောပဲ။ နီနီမင်းရဲ့ယောကျ်ားက ကြယ်ငါးပွင့် နိုင်ငံခြားသင်္ဘောလိုင်းက အရာရှိလေ။ သီရိမင်းတို့မှာ အဖေမရှိတော့ဘူး၊ ဒါကြောင့် သမက်အိမ်မှာလာနေတာ၊ သမက်မလည်း သင်္ဘောတစ်ခါထွက်ရင် သုံးလေးလကြာသတဲ့၊ အားလုံးဘော်ဇာတွေချည်းပဲ နေဟိန်းကျော်။ ဒါကြောင့်လည်း ဒီအဖွဲ့နောက်ကို သဲသဲမဲမဲလိုက်ရမယ်၊ ရအောင်လည်း ကြိုးစားရမယ်လို့ ဦးဒေဝက ညွှန်ကြားတာပေါ့"

"ကျွန်တော်ကတော့ဗျာ၊ လုပ်ငန်းလုပ်ရတာထက် လေးလေးမြင့်ကို တကယ်စိတ်ဝင်စားနေမိပြီ၊ မြင်မြင်ချင်းကို သိပ်သဘောကျမိတာ ... တကယ်လို့သာ လေးလေးမြင့်က သဘောတူရင် တကယ့်ကိုကျကျနနလက်ထပ်ယူချင်တာ"

နေဟိန်းကျော်၏အပြောကို ကိုမြတ်မင်းက ပြုံးရယ်လိုက်ပေသည်။

"ကြိုးစားကြတာပေါ့ နေဟိန်းကျော်၊ မင်းအနေနဲ့ လေးလေးမြင့်ကို လက်ထပ်နိုင်ခဲ့ရင် မင်းအဖေ ဦးထွန်းကျော်မလဲ ကန့်ကွက်မှာမဟုတ်ပါဘူး၊ ရန်ကုန်က ... ဦးဒေဝဆိုရင် ပိုပြီးတောင်သဘောကျဦးမယ်၊ ဘာလို့လဲဆိုတော့ လေးလေးမြင့်ရဲ့ ပတ်ဝန်းကျင်မှာ သူ့လိုဘော်ဇာမိန်းမချောလေးတွေ တသီကြီး ရှိနေတယ်မှတ်လား၊ မင်းသိမ်းသွင်းသလိုသာ လေးလေးမြင့်ဖြစ်လာရင်၊လေးလေးမြင့်ဟာတို့ရဲ့အကောင်းဆုံး တည်ကြက်ဖြစ်နိုင်နေတာပဲ"

ထိုစဉ်မှာပင် တယ်လီဖုန်းသည် အသံပေးလိုက်ပေသည်။

"မင်းအဖေကိုသွားခေါ် နေဟိန်းကျော်"

ကိုမြတ်မင်းက ဖုန်းကို ကောက်ကိုင်နေစဉ်မှာပင်





နေဟိန်းကျော်သည် အပေါ်သို့ ပြေးတက်သွားလေတော့သည်။

"ကျွန်တော် အဖွဲ့ဝင်အမှတ်ကိုးပါ၊ လက်ရှိပုဂံ၊ ညောင်ဦးပုပ္ပါး တာဝန်ပါ၊ ဆရာကြီးနဲ့ပြောချင်လို့ ဆရာကြီးဆီ ဆက်သွယ်ပေးပါ ... "

ကိုမြတ်မင်းက ဦးထွန်းကျော်ကိုစောင့်ရင်း ပြောကြားခြင်းဖြစ်ပေ၏။ တစ်ဖက်မှ ဘာပြန်ပြောသည်မသိ။ ကိုမြတ်မင်းသည် ဟျာဟျာသလဲ ပြန်ဖြေလိုက်ပေသည်။

"အဖွဲ့စည်းကမ်းကို ကျွန်တော်နားလည်ပါတယ် ... ကျွန်တော် နံပါတ်ကိုးအနေနဲ့ဆရာကြီးကို တိုက်ရိုက်ဆက်ဆံခွင့်မရှိမှန်းလဲ သိပါတယ် ... အခုဆရာကြီးနဲ့တိုက်ရိုက်ပြောမှာက အ-ထ အမှတ်သုံးပါ။ အ-ထအမှတ်သုံးက ကျွန်တော့်ကို ဖုန်းဆက်ဖို့ တာဝန်ပေးထားလို့ပါ။ ဟော ... လာပြီ အ-ထ အမှတ်သုံးလာပါပြီ။ ကိုယ်တိုင်စကားပြောပါလိမ့်မယ် ... "

ဦးထွန်းကျော်သည် လှေကားမှ သွက်သွက်ကြီးဆင်းလာပြီး ကိုမြတ်မင်းလက်ထဲမှ ဖုန်းကို ကပျာကယာလှမ်းယူလိုက်သည်။

"အ-ထ အမှတ်သုံး ကျောက်ပန်းတောင်း'ပြောနေပါတယ်၊

ဦးဒေဝနဲ့ ဆက်သွယ်ပေးပါ ... ”

“စကားဝှက်ကို ပြောမယ် ... သစ်ရွက်ကြွေမြေမှာခစေတော့ပါ ... ”

ကိုမြတ်မင်းနှင့် နေဟိန်းကျော်သည် ဦးထွန်းကျော် အနီးတွင် ရပ်နေပြီး နေဟိန်းကျော်သည် ဦးထွန်းကျော်ပြောသမျှကိုသာ ကြားနေရပေသည်။ တစ်ဘက်မှ ပြန်လည်ပြောသမျှကို သူတို့နှစ်ဦး မကြားနိုင်ပါပေ။

“ဟုတ်ကဲ့ဆရာကြီး ... နံပါတ်ကိုးရဲ့ စွမ်းဆောင်ချက် မဆိုးပါဘူး ... နံပါတ်ကိုးအနေနဲ့ သူတို့ထဲက တစ်ယောက်ကို ချိတ်မိထားပါပြီ ... ဒါပေမဲ့ အခြေအနေက အပြည့်အဝကြီးပေးပြီလို့ မဆိုနိုင်ပါဘူး ... အနှောင့်အယှက်တစ်ခုရှိတယ်လို့ ထင်စရာရှိနေပါတယ် ... ”

“ဟုတ်ကဲ့ပြောပါ့မယ် ... ”အနှောင့်အယှက်က အရပ်ငါးပေ ရှစ်လက်မလောက်ရှိမယ် ... ပါးမြိုင်းမွေး၊ မုတ်ဆိတ်မွေး တွေထားပါတယ် ... အသက်နှစ်ဆယ့်ငါးနှစ် နှစ်ဆယ့် ခြောက်လို့ ခန့်မှန်းပါတယ်၊ ပညာပိုင်း ရင့်ကျက်ပုံရတယ် ယောက်ျားပီသပြီး ကြည့်လို့ကောင်းတယ် ... သွေးအေး သတ္တိရှိပုံပဲ”





“အား ... ဆိုင်ကယ်နံပါတ်က အရပ်ရပ်နံပါတ်ပါ၊ သဘော်ချ ဆိုင်ကယ်မျိုးပါ”

“နှစ်မျိုး စဉ်းစားနိုင်ပါတယ် ... လူငယ်ဘာဝချစ်သူနောက်ကို တကောက်ကောက်လိုက်တာမျိုး ဖြစ်နိုင်သလို တာဝန် တစ်ခုခုကို ဆောင်ရွက်နေတယ်လို့လဲ ထင်စရာရှိပါတယ်”

“ဟုတ်ကဲ့ ... ခရီးစဉ်ဆက်မှာပါ ... လုပ်ငန်းစဉ်ပေးလာတဲ့ အခြေအနေအရ ကျွန်တော်သားကို ဒီကိစ္စမှာအသုံးပြုထားပါတယ် ... ”

“ဟုတ်ကဲ့ ... ကျွန်တော် စောင့်ပါမယ်”

ဦးထွန်းကျော်သည် တယ်လီဖုန်းကို ချထားလိုက်ပြီး ...ကနဲ နေရာမရွေ့ပဲ တွေတွေကြီးငိုင်နေပေသည်။ ထို့နောက် ...ြးလေးစွာပင် ဆက်တီကုလားထိုင်များရှိရာ ဧည့်ခန်းသို့လျှောက် ...ွားပေသည်။

ကိုမြတ်မင်းနှင့် နေဟိန်းကျော်လည်း ဧည့်ခန်း ...လားထိုင်တစ်လုံးစီတွင် နေရာယူလိုက်သည်။

ဦးထွန်းကျော်ကပင် အကျိုးအကြောင်းပြောလိုက် ...

“ဦးဒေဝရဲ့ ရှုံဒိုးတွေက ဒဂုံပုပ္ပါးရန်ကုန်ဂိတ်မှာ ဆိုက်ထား

တုံး ဒီကောင် မော်တော်ဆိုင်ကယ်နဲ့ ဟီးနိုးကားကို ပတ် ကြည့်တာတွေ အားလုံးသိထားတယ် ... ဒီကောင့်ခါတ်ပုံ တောင်အရ ရိုက်ယူထားသတဲ့ ... ဒါပေမဲ့ ဒီကောင်က ဦး ထုပ်အနားပြားကြီးမျက်နှာအုပ်နေတာရော နေကာမျက်မှန် တပ်ထားတာရော ပသိုင်းမွေးတွေ၊ မုတ်ဆိတ်မွေးတွေ ကြောင့်ရော နောက်ပြီး ဖလက်(ရှ်)လိုက်မသုံးပဲ မှန်ဘီးလူး အားကိုးနဲ့ရိုက်ရတာ မနက်သုံးနာရီလောက် မှောင်နေတာ ရောကြောင့် ဓာတ်ပုံထွက်လာတော့ ဘာမှသဲသဲကွဲကွဲမရှိ ဘူးတဲ့ ... "

"လူပုံမသဲကွဲပေမယ့် မော်တော်ဆိုင်ကယ်ကတော့ သဲကွဲ မှာပေါ့ ... ဖေဖေ"

ဦးထွန်းကျော်က ဦးခေါင်းကိုဖြေးညှင်းစွာ ခါရမ်း သည်။

"မော်တော်ဆိုင်ကယ်က အရပ်ရပ်နံပါတ်နဲ့မှတ်လား ... ဦး ဒေဝက သူ့လူတွေကို ယာဉ်မှတ်ပုံတင်ရုံးမှာ ဒီဆိုင်ကယ်ကို ခြေရာကောက်နိုင်းတယ်တဲ့ ... ဒီသီတင်းပတ်ထဲမှာ အရပ် ရပ်မှတ်ပုံတင် ဟွန်းဒါးဆိုင်ကယ်ခြောက်စီးရှိတယ်တဲ့ ... အဲ့ဒီခြောက်စီးရဲ့ မှတ်ပုံတင်သူ နေရပ်လိပ်စာတွေကို သူတို့





ယူခဲ့ပြီး ချက်ချင်းစုံစမ်းသေးတယ်တဲ့ ... ဒါပေမဲ့ မလွယ်ဘူး တဲ့ ... ရန်ကုန်မှာက အဲ့ဒီလိုအရပ်ရပ်မှတ်ပုံတင်နံပါတ်နဲ့ပဲ အရောင်းအဝယ်လုပ်ပြီး လက်ကူးသွားတာမို့ နောက်ထပ် ခြေရာကောက်လို့ မလွယ်ဘူးတဲ့ ... "

"ဒါဆိုရင် ... ရဲစုံထောက်ဘက်မှာဖြစ်ဖြစ် ထောက်လှမ်းရေး မှာဖြစ်ဖြစ် ဒီကောင်ပုံသဏ္ဍာန်မျိုးနဲ့ တူတဲ့သူတွေ ဘယ်သူ တွေလဲဆိုတာ စုံစမ်းခိုင်းကြည့်ပါလား ... ဦးထွန်းကျော်"

"ဘယ်လွယ်မလဲ ... နဂိုရှိပြီးသား လူဟောင်းတွေကိုသာ ဦးဒေဝါအနေနဲ့ သူနည်းသူ့ဟန်နဲ့ စုံစမ်းထားလို့ သိထားတာ တွေရှိတယ် ... လူငယ်လူသစ်တွေကြတော့ သူချက်ချင်း သိနိုင်ဖို့ မလွယ်ဘူး။ နောက်ပြီး သူတို့ရဲ့လျှို့ဝှက်အမှုထမ်း တွေကို သွားစုံစမ်းမိတာနဲ့ ကိုယ့်နောက်ကို သူတို့ကရှဲဒိုး ပြန်လိုက်မှာမျိုး စိုးရိမ်သေးတယ်တဲ့ ... ၊ အဲ ... နောက် တစ်ချက်က ဒီခေတ်လူငယ်တွေထဲမှ ဒီလိုပဲ ဖိုးရိုးဖားရား ဝတ်ပြီး အပျော်တမ်းမော်တော်ဆိုင်ကယ်နဲ့ ခရီးထွက်နေ ကြတဲ့ ကျောင်းသားသမီးတွေကလည်း အများအပြား ရှိနေတော့ ဒီကောင်ဟာ အဲ့ဒီလိုလူစားမျိုးထဲကလည်း ဖြစ် ချင်ဖြစ်နိုင်တာပဲ ... "

"ဒါဆိုလည်း ... ခတ်သားပဲ ဖေဖေ ... ဒီကောင်ဟာ
ကောင်မှန်းမသိ၊ ညာကောင်မှန်းမသိနဲ့ ကျွန်တော်တို့
မကြေမလည်တွေ့ဆုံတာဟာ တမင်တကာလား မ
တဆတိုက်ဆိုင်မှုဆိုတာလားတောင် ကျွန်တော်တို့ဘက်
မသေချာတဲ့အပိုင်းပဲ ... "

ဦးထွန်းကျော်က မေးစေ့တွင်ငုတ်စိလေးတွေ
နေသော မုတ်ဆိတ်မွေးတိုလေးတွေကို လက်ဝါးဖြင့်ပွတ်သတ်
ခါးကြားတွင် သော့တွေနှင့်အတူတွဲထားသည့် မွေးညှပ်လေး
ထုတ်ယူလိုက်သည်။ ထို့နောက် မုတ်ဆိတ်မွေးလေးတွေကို
ညှပ်ဖြင့် တပင်ချင်းဆွဲနှုတ်နေပါ၏။

ဤသည်မှာ ဦးထွန်းကျော်၏အကျင့်တစ်ခုဖြစ်
တော့သည်။ အခတ်အခဲတစ်ခုခုကြောင့် အကြံတစ်ခုခုထုတ်
သည်နှင့် ဦးထွန်းကျော်သည် မုတ်ဆိတ်ငုတ်စိပင်လေးတွေကို
ညှပ်ဖြင့် နှုတ်တော့သည်။ ထိုရောအခါသော့တွဲနှင့် မွေးညှပ်တွဲ
ထားသည်မို့ ... မုတ်ဆိတ်မွေးတစ်မွေး၊ နှုတ်ခမ်းမွေးတစ်မွေး
နှုတ်လိုက်တိုင်း တစ်ချွင်ချွင်ဖြင့် သော့တွဲမှသော့ချောင်းများ
ချင်းရိုက်ခတ်သံထွက်လာသည်။ ထိုအသံလေးတွေကို နားထော





င်းကပင် ဦးထွန်းကျော်၏ ဦးနှောက်ထဲသို့ ဉာဏ်နီဉာဏ်နက်တွေ
လာတတ်သည်ပဲထင်ပါ၏။

"ဒီလိုလုပ် နေဟိန်းကျော် ... အခုညမှာပဲ ကျောက်ပန်း
တောင်းမှာ ရှိသမျှ ပုဂံညောင်ဦးဘုရားဖူးလိုက်တဲ့ မော်
တော်ကားတွေကို မင်းသွားပြီးစရံသတ်ငှားထားလိုက်"

"ဟာ ... ဖေဖေ ... အဲ့ဒီကားတွေက ပုဂံညောင်ဦးဘုရားစုံ
ပို့ဆိုရင် နှစ်ရာ့ငါးဆယ်သုံးရာအထိယူတာနော် ... စရံ
တစ်ဝက်ပေးနဲ့ ... အဲ့ဒီကားတွေအားလုံး စရံသတ်ထားရင်
ငွေသုံးလေးထောင်ပက်ခနဲ ချောသွားမယ် ... "

"ဒါ ... မင်းအလုပ်မဟုတ်ဘူး နေဟိန်းကျော် ... ငါပြောတဲ့
အတိုင်း မင်းသွားလုပ်စမ်း၊ ဒါပဲ ... "

နေဟိန်းကျော် နောက်ထပ်တစ်ခွန်းထပ်၍ ဖေဖေ
ထွန်းကျော်ကို မပြောရဲပါလေတော့၏။

၆

## ၅

လေးလေးမြင့်တို့ တစ်ဖွဲ့လုံးသည် အသင့်ပြင်ဆင်ကာ မောင်ရွှေးညွှန့်ပြန်အလာကို စောင့်မျှော်နေမိသည်။

ညက မောင်ရွှေးညွှန့်ကပြောခဲ့သည်။

"အစ်မတို့ကားတစ်စီးပုတ်ပြတ်ငှားမယ်ဆိုရင် မနက်ကျရင် ကျွန်တော်ငှားပေးပါ့မယ်။ ဂျစ်ကားတစ်စီးကို နှစ်ရာငါးဆယ်နဲ့ သုံးရာကြားလောက်တော့ပေးရမယ်ထင်တာပဲ — ဒါတော့ ... ဂျစ်ကားပိုင်ရှင်နဲ့ အစ်မတို့ဘာသာကျေနပ်သလို ငှားကြပေါ့ ... ။ ကျွန်တော်က လိုက်ပို့မယ့် ဂျစ်ကားကို ခေါ်လာပေးမယ်လေ ... "

လေးလေးမြင့်တို့အဖွဲ့၏ အစီအစဉ်မှာ ... မိုးလင်း





သည်နှင့် ပုဂံညောင်ဦး ခရီးဆက်မည်။ ပုဂံညောင်ဦးတွင် ဘုရားစုံဖူးမည်။ (ဘုရားစုံဖူးမည်ဆိုသည်ထက် ဘုရားစုံလှည့်လာမည်ဆိုသည်က ပို၍မှန်ကန်မည်)။

သို့တစေ ... ဘုရားတွေမဖူးရသေးမီ (မလှည့်လာရသေးမီ) ပုဂံတွင် နှစ်ရက်တည်းခိုရန် သီရိပစ္စယာဟိုတယ်၌ဖြစ်စေ၊ ဧရာဧည့်ရိပ်သာ၌ဖြစ်စေ ဝင်ရောက်အခန်းယူမည်။ ပစ္စည်းတွေနေရာချပြီးမှ ငှားထားသောကားဖြင့် ဘုရားတွေဆက်သွားမည်ဟူ၍ စီစဉ်ရသည်။

ဒါကလည်း မောင်ရွှေးညွှန့်၏ ပြောပြချက်အရ ဤသို့စီစဉ်ရခြင်းဖြစ်သည်။

"ကျောက်ပန်းတောင်းကာ ကားတွေက ပုဂံအပို့သက်သက်တော့ လိုက်လေ့မရှိကြဘူးအစ်မ။ ဘာလို့လဲဆိုတော့ ... ကျောက်ပန်းတောင်းနဲ့ ပုဂံညောင်ဦးဟာ နှစ်ဆယ့်ကိုးမိုင်ပဲဝေးတယ်၊ သက်သက်အပို့အတင်ဆိုတော့ ပိုက်ဆံတောင်းရတာ နဲနဲတောင်းလည်း မကိုက်ဘူး၊ များများတောင်းလည်း အားနာနေရတယ် မှတ်လား၊ ဒါ့ကြောင့် ဘုရားစုံဖူး ညနေအထိ နှစ်ရာ့ငါးဆယ်၊ သုံးရာတောင်းတဲ့အလေ့ပဲရှိတယ်၊ နောက်ပြီး ကျောက်ပန်းတောင်းနဲ့ ပုဂံ၊ ညောင်ဦးပြေး

နေတဲ့ လိုင်း ဘတ်(စ်)ကားကလည်း ရှိနေတော့ အများ
အားဖြင့် ညှို သည်တွေဟာ ပုဂံ ညောင်ဦး သက်သင်
အသွားဆိုရင် လိုင်း ဘတ်(စ်)ကားနဲ့ သွားကြတာများတယ်
အစ်မ"

ထို့ကြောင့်ပင် ပုဂံ ညောင်ဦးရောက်လည်း ထပ်မံ၍ ကားတစ်စီးငှားရမည့်အတူတူ ကျောက်ပန်းတောင်းကားကိုပင် တစ်နေ့လုံး အော်ဒါနှင့်ငှားရန် လေးယောက်စလုံး သဘောတူကြသည်။

နာရီဝက် မီးနစ်လေးဆယ်ခန့်ကြာအုံထင်သည်။ မောင်ဋ္ဌေးညွန့်ပြန်ရောက်လာပါ၏။

မောင်ဋ္ဌေးညွန့်၏မျက်နှာအမူအရာလေးသည်မကျေနပ်သောအသွင်ကိုဆောင်နေပါသည်။ ပြီး ... မောင်ဋ္ဌေးညွန့်နှင့်အတူ အငှားကားတစ်စီးမျှ မပါလာသည်ကိုလည်း လေးလေးမြင့် သတိထားမိသည်။

"ဒီနေ့မှ ဘာတွေဖြစ်ကုန်လဲမသိဘူး အစ်မရေ၊ ကားတွေ တစ်စီးမှမအားဘူး၊ အကုန်လုံး အော်ဒါလက်ခံပြီးသားတွေ ချည်းပဲတဲ့"

"ဟယ် ... ဖြစ်မှဖြစ်ရလေ"





"ကျွန်တော်လည်း အဲဒါကို မကျေနပ်တာပေါ့၊ ကျောက်ပန်းတောင်းမှာ ဒါမျိုးတွေတစ်ခါမှမကြုံဖူးပါဘူး၊ ခါတိုင်းဆို ကားတွေမှ ဘုရားဖူးလက်ခံချင်ကြတာ တန်းကိုစီနေတာပဲ၊ ဒီနေ့မှ ထူးထူးဆန်းဆန်းတစ်စီးမှ ငှားမရဘူးရယ်လို့"

"လိုင်းဘတ်(စ်)ကားနဲ့ပဲ လိုက်ပေါ့အစ်မရယ်၊ ကျွန်တော် မြင်းလှည်းတစ်စီးငှားပေးမယ်၊ ပုဂံ ညောင်ဦးဂိတ်ကို မြင်းလှည်းနဲ့သွားပြီး အဲ့ဒီက လိုင်းဘတ်(စ်)ကားနဲ့ပဲ အစ်မတို့လိုက်သွားပေါ့၊ လိုင်းကားကတော့ ညောင်ဦးမှာပဲ ဂိတ်ဆုံးတယ်၊ တကယ်လို့ ဘတ်(စ်)ကားသမားကို အစ်မတို့ လက်ဖက်ရည်လေး ဘာလေးပြောပြီး ပုဂံက သီရိပစ္စယာဖြစ်ဖြစ် ရောဖြစ်ဖြစ် လိုက်ပို့နိုင်းလို့ရရင် ပို့နိုင်းလေ၊ အဲ ... ဘတ်(စ်)ကားလိုက်မပို့ဘူးဆိုရင်လည်း မြင်းလှည်းတွေအများကြီးပါ၊ မြင်းလှည်းတွေက ပုဂံနဲ့ ညောင်ဦးကို အိမ်ဦးနဲ့ကြမ်းပြင် သွားနေကြတာပါ၊ ပေါပါတယ်"

"ညောင်ဦးနဲ့ ပုဂံက အဝေးကြီးလားကွာ"

"အို ... နှစ်မိုင်လောက်ပဲရှိတာ အစ်မရဲ့၊ ကျွန်တော်တို့ ယောက်ျားလေးတွေဆိုရင် ဘာမှတောင်မစီးဘူး၊ အညောင်း ပြေခြေလျှင်လျှောက်သွားတာ"

ယင်းအစီအစဉ်ဖြင့်ပင် ဂလောက်ဂလက် … မြင်းလှည်းတစ်စီးဖြင့် ကျောက်ပန်းတောင်း၏ ညောင်ဦးကားဂိတ်သို့ လေးလေးမြင့်တို့အဖွဲ့ ရောက်လာကြပြန်သည်။

"ဟဲ့ … ကားဂိတ်သာဆိုတယ် ကားတစ်စီးမှ ရပ်မထားပါလား ကောင်မတွေ"

"ဒါတော့ တပည့်တော်တို့လည်း မလျှောက်တတ်ပဲဟော့၊ ကဲ ကားရှိတာမရှိတာ နောက်မှရှင်း၊ အခုလောလောဆယ် ဗိုက်ဆာတယ်၊ တစ်ခုခုစားမယ်"

ကားဂိတ်ဝယ် တခြားမယ်မယ်ရရ စားသောက်ဆိုင်တွေမရှိ။ လက်ဖက်ရည်ဆိုင်နဲ့တွဲပြီး အညာမုန့်တီသုတ် ဆိုင်တစ်ဆိုင်သာရှိပေသည်။

"မုန့်တီလေးပွဲနဲ့ ကော်ဖီလေးခွက်"

"မုန့်တီလေးပွဲတော့ရမယ် သမီးတို့၊ ကော်ဖီလေးခွက်တော့ မရဘူးကွယ်"

ဆိုင်ရှင် ဝဝဖိုင့်ဖိုင့် အသားညိုညို နှုတ်ခမ်းမွေးသဲ့သဲ့နှင့် ဆိုင်ရှင်ကြီးက အဖြေပြန်ပေးလိုက်သည်။ ကော်ဖီကြိုက်တတ်သော ဝင်းဝင်းမော်က …

"ဟင် … ဒါလက်ဖက်ရည်ဆိုင်ပဲဟာ၊ ကော်ဖီဆိုရင် လက်





ဖက်ရည်ပဲ ရသလားဦးလေး"

ဆိုင်ရှင်ကြီးက ရယ်လိုက်သည်။

"ဘာမှမရဘူးသမီး၊ ဒါဟာ ဟိုတုန်းက လက်ဖက်ရည်ဆိုင် မှန်ပေမယ့် အခု ပိတ်ထားရတယ်၊ ဖွင့်ထားတုန်းတော့ ကော်ဖီ၊ လက်ဖက်ရည်၊ မိုင်လို၊ အိုဗာတင်း၊ နွားနို့အကုန်ရတယ်ပေါ့ကွယ်။ အခုပိတ်ထားလို့ ဘာမှမရတာ"

"ဘာလို့ပိတ်တာလဲ ဦးလေး"

ဆိုင်ရှင်ကြီးက ပက်လက်ကုလားထိုင်တစ်လုံးပေါ် ထိုင်ရင်း ပြောပြနေခြင်းဖြစ်ပေသည်။ မုန့်တီပြင်ပေးသူက သပ်သပ် မုန့်တီလေးပွဲ ပြင်နေပါ၏။

"ရောင်းမကောင်းလို့ပါ သမီးတို့ရယ်"

"ကားဂိတ်ပဲ ရောင်းကောင်းသင့်တာပေါ့"

"ကားဂိတ်ပေမယ့် ရောင်းမကောင်းပါဘူးကွယ်။ လူတွေမှာ ပိုက်ဆံသိပ်ရှားနေကြပြီမှတ်လား။ သက်သာချောင်ချိရေး ဆိုင်တွေကလည်း အနှံ့အပြားဖွင့်ကြတယ်လေ။ သက်သာ ချောင်ချိရေးဆိုင်ကျတော့ သကြားတို့ နို့ဆီတို့ အစိုးရဈေးနဲ့ ရတယ်ကွဲ့။ ဦးလေးတို့ကျတော့ ပြင်ပဈေးနှုန်းနဲ့ဝယ်ရတယ် အဲဒီတော့ ကော်ဖီတစ်ခွက် လက်ဖက်ရည်တစ်ခွက်ရဲ့ တန်

ကြေးကို ဦးလေးတို့က သက်သာချောင်ချိရေးဆိုင်နဲ့ ယှဉ်မရောင်းနိုင်ဘူး။ ပိုက်ဆံရှားပါးနေတဲ့ လူတွေကလည်း သက်သာချောင်ချိရေးဆိုင်မှာပဲ သွားသောက်ကြတယ်။ အဲဒီတော့ ဦးလေးတို့ ပြုတ်ရောလေ"

လေးလေးမြင့်တို့အဖွဲ့ထဲတွင် ဘောဂဗေဒယူထားသူ တစ်ဦးမျှမပါ။ နိုင်ငံရေးသိပ္ပံကို ဘာသာရပ်တစ်ခုအနေနှင့် ယူထားရသော်လည်း ယခုလက်ဖက်ရည်ဆိုင်ရှင်ကြီး ပြောပြသည်တို့ကို လေးလေးမြင့်တို့ လေးယောက်တစ်ဖွဲ့လုံး စိစစ်ရန် စိတ်မဝင်စားနိုင်။ သူတို့လေးယောက်စလုံးသည် ဆိုင်ရှင်ကြီးပြောပြနေသော စကားထက် မုန့်တီပွဲပြင်ရာမှာ ကြက်သားဟင်းနံ့၊ ပဲမှုန့်နံ့၊ ဆီချက်နံ့များ သင်းကြိုင်နေသော မုန့်တီပွဲဆီသို့ အာရုံစိုက်နေမိကြသည်။

ဆာလည်းဆာကြပြီကိုး။

သွေးသားကောင်းမွန် သန်စွမ်းလှသော အပျိုမလေးတွေလည်း ဖြစ်နေတာကိုး။ ကိုယ့်အိမ်မှာဆိုလျှင် တစ်ညအိပ်၍ မိုးလင်းသည်နှင့် ဆာတယ် ... ဆာတယ်ဟု အော်ဟစ်စားသောက်တတ်ကြသည့် အရွယ်လေးတွေပေကိုး။

မုန့်တီလေးပွဲကို တစ်ပွဲပြီးတစ်ပွဲချလိုက်သည်။ တစ်ယောက်ပြီးတစ်ယောက်ယူ၍ စားကြတော့သည်။ ဟင်းချိုမှာ ပဲကို





ချက်ထားသော ဟင်းချိုဖြစ်ပါ၏။

"ဦးလေးကြီး ညောင်ဦးဘတ်(စ်)ကား ဘယ်တော့ဝင်မှာလဲ ဟင်"

"ခြောက်နာရီကတစ်စီး ထွက်သွားပြီလေကွယ်။ နောက်တစ်စီးက ရှစ်နာရီလောက်မှ ဝင်မယ်ထင်တယ်"

"ဗုဒ္ဓေါ ... "

ဘုရားတမိကြသည်။ ယခု သူတို့ ကားဂိတ်ရောက်သည်မှာ (၇)နာရီသာရှိသေးသည်။ နောက်ထပ် တစ်နာရီလုံးလုံး ကြာအောင် ကားဂိတ်တွင် စောင့်ရပေဦးမှာပါတကား။

စပ်စုသော သီဂီမင်းက ထပ်၍မေးပြန်သည်။

"အဲဒီ ရှစ်နာရီဂိတ်ထိုးမယ့်ကားက အဲဒီ ရှစ်နာရီမှာပဲ ထွက်ရောလား ဦးလေး ... "

"ဝေးလိုက်တာကွယ် ... အတော်အတန်လူပြည့်မှ ထွက်တာပေါ့"

"ဒါဆိုရင် ဘယ်အချိန်လောက်မှ ထွက်တာလဲဟင်"

"အလွန်ဆုံး ဆယ်နာရီ ဆယ့်တစ်နာရီပေါ့ကွယ်"

"ဗုဒ္ဓေါ ... ဗုဒ္ဓေါ ... "

စားလက်စ မုန့်တီလေးတွင် မျိုမကျအောင် ဖြစ်

သွားရတော့သည်။ ခုမှ (၇)နာရီရှိသေးသည်။ (၁၁)နာရီအထိဆိုလျှင် နောက်ထပ် လေးနာရီလုံးလုံး ကားဂိတ်တွင် ယောင်လည်လည်ဖြစ်ကြဦးမည်။

ဘာတတ်နိုင်မည်နည်း။ ဒီအခြေအနေတွင် ဒီလိုပဲဖြစ်ရမည်တော့သာ။

စားသောက်ပြီး ရေနွေးကြမ်းကိုသာ ဖိသောက်နေကြတော့သည်။ အနီးအနားၵ္ဍလည်း ကော်ဖီ လက်ဖက်ရည်ဆိုင်မရှိ။

မုန့်တီဆိုင်တွင် ... အကြာကြီးထိုင်ရတော့လည်း နောက်ထပ်ဝယ်စားမည့်သူများ ရောက်အလာတွင် နေရာပေးသည့်အနေနှင့် သူတို့လေးယောက်ထကြသည်။ ကိုယ့်အိတ်ကိုယ်ဆွဲ၊ ကိုယ့်ခြင်းကိုယ်ကိုင်ဖြင့် မိုးတိုးမတ်တတ်တွေဖြစ်သွားကြသည်။

ကားစောင့်ရင်းပင် ဒေါ်ဉင်ဦးကားဂိတ်ဝန်းကျင် – ကျောက်ပန်းတောင်းမြို့အခြေအနေကို အကဲခတ်ကြည့်မိကြသည်။

လမ်းမှာ ကျယ်ကျယ်ပြောပြောရှိလှသည်။ ကတ္တရာလမ်းအပြင် ဟိုဘက်ဒီဘက်မြေတွေအများကြီးရှိသဖြင့် ကျယ်ပြောနေခြင်းဖြစ်သည်။ တိုက်တာ အဆောက်အဦတွေကလည်း ခေတ်မီလှပလျက်ရှိသည်။ တိုက်များရှေ့တွင် စက္ကူပန်းနှင့် အခြားအပူပိုင်းဒေသတွင် ပွင့်နိုင်သော ပန်းတွေစိုက်ထားကြသည်။ ပြေလတွင်





စက္ကူပန်းနီနီတွေ၊ ဖြူဖြူတွေ၊ ဝါဝါတွေနှင့် အခြားပန်းတို့သည် တိုက်တာများ၏ ဥပစာတွင် လှပစွာပွင့်နေကြပါ၏။ စပယ်လို နှင်းဆီလို ရနံ့လေးတွေ မမွှေးချင်သာနေရမည်။ အဆင်းအရောင်စုံနှင့် ပန်းလေးတွေလှနေသည်ကတော့ အမှန်ပင်။

ဘာပဲပြောပြော အညာမြို့များထဲတွင် ကျောက်ပန်းတောင်းမြို့သည် နေချင်စဖွယ် မြို့ကွက်လှလှ၊ တိုက်တာ အိုးအိမ်လှလှလေးများဖြင့် တန်ဆာဆင်ထားသော မြို့တစ်မြို့ဟု လေးလေးမြင့်တို့အဖွဲ့က တညီတညွတ်တ(ည)်း မှတ်ချက်ချမိကြသည်။

(၈)နာရီထိုးသွားလေပြီ။ ဘတ်(စ်)ကားက မဝင်သေး။ ဂိတ်မထိုးသေး။

လေးလေးမြင့်တို့အဖွဲ့ အပျိုမလေး လေးယောက်သည် စိတ်ခတ်ကျချင်လာတော့သည်။ ခက်သည်က ကားတစ်စီးလုံး ပိုက်ဆံငှားပေးပါမည် ဆိုပါလျက် ငှားမည့်ကားမရှိဆိုခြင်းမှာ ဘယ်မြို့ ဘယ်ဒေသက ဘယ်အရပ်မှာမှ မဖြစ်ဘူးသော ကိစ္စမျိုးဖြစ်နေသည်။

ဝင်းဝင်းမော်သည် စိတ်မရှည်တော့သလို မုန့်တီဆိုင်ရှင် ဦးလေးကြီးအား လှမ်းအော်မေးလိုက်သည်။

"ဦးလေးကြီး ... အဲဒီ ရှစ်နာရီဝင်မယ့်ကားကလည်း ခုထက်

ထိ မဝင်သေးပါလားဟင် ...”

“ဒါတော့ ဦးလေးကြီးတို့လည်း မပြောတတ်တော့ဘူး သမီးတို့ရေ ...။ အဲဒီ ရှစ်နာရီဝင်မယ့်ကားက ပျက်နေပြန်ပလားမှ မသိတာ။ တို့ဆီက ကားတွေက ဂျိုကျိုးနားရွက်ပဲ့တွေဆို တော့ တစ်နေ့ထွက်ပြီးရင် ဆယ်ရက်ပြင်ရတယ်လို့ စပယ်ယာတစ်ယောက်က ပြောဖူးတာပဲကွာ ...”

“မြတ်စွာဘုရား ကယ်တော်မူပါ”

လေးယောက်စလုံး ဗုဒ္ဓေါတ‌ခြင်းထက်အဆင့်လွန်ပြီး မြတ်စွာဘုရား ကယ်တော်မူပါအဆင့် ရောက်သွားတော့သည်။

“ဟော ... ဟော ... လေးလေးတို့အဖွဲ့ပါလား ... ဒီကားဂိတ်မှာ မိုးတိုးမတ်တပ်နဲ့ ဘယ်လိုဖြစ်နေကြတာလဲ”

ဂျစ်ကားတစ်စီးထိုးရပ်ရင်း ဂျစ်ကားပေါ်မှ ကိုမြတ်မင်းက ပြောလိုက်ခြင်းဖြစ်ပေသည်။ လေးလေးမြင့်တို့ တစ်ဖွဲ့လုံး ဂျစ်ကားသို့ လှမ်းကြည့်ကြသည်။ နေဟိန်းကျော်ကမောင်းပြီး ကိုမြတ်မင်းက ဘေးကထိုင်လိုက်လာခြင်းဖြစ်ပါ၏။ ဂျစ်ကားမှာ မနေ့ကထမင်းဆိုင်သို့ နေဟိန်းကျော်၏ဖခင် စီးလာသော ဂျစ်ကားဖြစ်၍ နေဟိန်းကျော်၏ ကိုယ်ပိုင်ကားလားဟု ဆိုနိုင်ပေသည်။ သူတို့နှစ်ယောက်တည်းသာ ဂျစ်ကားပေါ်တွင် ပါရှိပေသည်။





“ကားငှားလို့ မရဘူးလေ ဆရာ ... ဒါကြောင့် ညောင်ဦးဘတ်(စ်)ကား စောင့်နေတာ”

“ဟုတ်လား ... မနက်ခြောက်နာရီက တစ်စင်း ထွက်သွားပြီထင်တယ်။ နောက်တစ်စင်းဆိုလည်း အကြာကြီးကိုစောင့်ရမှာ။ ကိုယ်လည်း ညောင်ဦးသွားမှာပဲ။ ဘုရားတွေဖူးဖို့ နေဟိန်းကျော်က လိုက်ပို့တာလေ ... ကဲ ... ကိုယ်တမ်ခုပြောမယ် ... လေးလေးတို့ ပြုံးပြုံးတို့ကို ဇွတ်မခေါ်တော့ဘူးနော်၊ တစ်မျိုးတမည် အထင်မှားမှာစိုးလို့ပါ။ ကိုယ့်စေတနာကတော့ အခု ခရီးကြုံနေတာပဲ။ ဒီဂျစ်ကားနဲ့ပဲ လိုက်ခဲ့ပါလားလို့ ဖိတ်ခေါ်ပါတယ်။ ပုဂံရောက်မှ ကိုယ့်ဟာကိုယ် ကားတစ်စီးသပ်သပ် ငှားချင်လည်းငှားပေါ့”

ယခု ဆရာကိုမြတ်မင်း၏ ဂျစ်ကားသည် ရေနစ်ရာတွင် ကောင်းရိုးတစ်မျှင်ဟု ဆိုနိုင်ပေသည်။ ခရီးစဉ်အတွက် ကားတစ်စီးလုံးငှားမရ ဘတ်(စ်)ကား မရောနှင့် လေးလေးမြင့်တို့လေးယောက်စလုံး စိတ်ဓာတ်အလွန်ကျနေချိန်ဝယ် ဆရာကိုမြတ်မင်းကို နေဟိန်းကျော် ဂျစ်ကားနှင့် တွေ့ရသည်မှာ ကယ်တင်ရှင်ဘိုးဘိုးအောင်ကပင် လွှတ်လိုက်သလားဟု ဆိုရလောက်သည်။

လေးလေးမြင့်က သူ့အဖွဲ့ဘက်သို့ လှည့်လိုက်သည်။

"ဘယ်လိုလဲ ကောင်မလေးတွေ လိုက်သွားမလား"

"လိုက်သွားမယ်"

ဟု တညီတညွတ်တည်း အသံထွက်လာကြတော့သည်ကိုကြည့်ပြီး ကိုမြတ်မင်းနှင့် နေဟိန်းကျော်တို့က ပြုံးရယ်လိုက်ကြပါ၏။

ဂျစ်ကား၏နောက်ထိုင်ထားပုံမှာ လင်းရိုဗာကားနောက်ထိုင်ကဲ့သို့ ဟိုဘက်ထိုင်ခုံ ဒီဘက်ထိုင်ခုံတွင် ကူရှင်ခင်းထားသည်။ ထိုင်ခုံနှစ်ခု အလည်ကြားတွင် လေးလေးမြင့်တို့အဖွဲ့ လေ့ယောက်၏ အိတ်တွေ၊ ခြင်းတွေချကြသည်။

ကိုမြတ်မင်းက ဂျစ်ကားနောက်အဖုံးကို ဖွင့်ပေးသည်။ လေးလေးမြင့်နှင့် ပြုံးပြုံးရီက လက်ဝဲဘက်ခုံတန်းတွင် ထိုင်၍ ဝင်းဝင်းမော်နှင့် သီဂီမင်းက လက်ျာဘက်ခုံတွင် ထိုင်ကြပေသည်။

ယင်းသို့ ထိုင်လိုက်ခြင်းဖြင့် ဂျစ်ကားသည် ဂျစ်ကားသည် ဘယ်မောင်းစတီယာရင်ဖြစ်သောကြောင့် မောင်းသူ နေဟိန်းကျော်နှင့် လေးလေးမြင့်မှာ နီကပ်စွာ ရှေ့နောက်အနေထားကျသွားပေသည်။ လက်ျာဘက်တွင် ဆရာကိုမြတ်မင်းနှင့် ဝင်းဝင်းမော်တို့ ရှေ့နောက်ဖြစ်သွားသည်။

ပြုံးပြုံးရီသည် ဝင်းဝင်းမော်ဆီသို့ မကြာခဏ ကွက်





ကြည့်ကွက်ကြည့်ဖြင့် လှမ်းကြည့်ပေသည်။ ဂျစ်ကားပေါ်တက်၍ နေရာယူထိုင်လိုက်ကြစဉ်က ဘာရယ်မဟုတ် ဒဂုံပုပ္ပါးဟိုးနိုးကားကြီးစီးစဉ်က အတွဲအတိုင်း လေးလေးမြင့် တက်ရာသို့ ပြုံးပြုံးရီလိုက်တက်ခြင်းဖြစ်သည်။ ယခုမူ ပြုံးပြုံးရီ၏ စိတ်ထဲတွင် ဝင်းဝင်းမော်၏ နေရာတွင် ထိုင်လိုက်မိလျှင် အကောင်းသားဟူသောစိတ်နှင့် ဝင်းဝင်းမော်ရှိရာသို့ ကွက်ကြည့်လေးကြည့်မိခြင်း ဖြစ်တော့သည်။

အကြောင်းမူ နေဟိန်းကျော်သည် နောက်ပါးတွင် ကပ်လျက်ရှိနေသော လေးလေးမြင့်အား ကားမောင်းလျက်ကပင် မျက်နှာတစ်ခြမ်းလှည့်ပြီး စကားတွေဖောင်အောင် ပြောနေသည်ကို ပြုံးပြုံးရီ တွေ့ရသောကြောင့်ဖြစ်ပေသည်။

အကယ်၍သာ ဝင်းဝင်းမော်၏ နေရာတွင် သူမထိုင်လျှင် ဆရာကိုမြတ်မင်းကလည်း နောက်သို့လှည့်ကာလှည့်ကာ ပြုံးပြုံးရီကို ပြောလိမ့်မည်ဖြစ်သောကြောင့်ပါတည်း။ ဒဂုံပုပ္ပါးဟိုးနိုးကားကြီးပေါ်တွင်လည်း ရွာမှ ထွက်လာခဲ့ပြီးနောက် ဆရာကိုမြတ်မင်းသည် ပြုံးပြုံးရီဘက်သို့လှည့်ကာ စကားတွေပြောလာခဲ့သည် မဟုတ်လား။

"ကျွန်တော်တို့ အညာဟာ အင်မတန်သာယာလှပတာပါ မလေးလေးမြင့်၊ မလေးလေးမြင့်တို့ အောက်ပိုင်းဒေသတွေ

ဟာ ဘယ်နေရာကြည့်ကြည့် လယ်ကွင်းတွေ သစ်တော
တွေပဲရှိတာပဲ"

"ပူလွန်းတာက ခတ်တယ်"

ကျောက်ပန်းတောင်းမြို့နယ်နိမိတ်မှ ထွက်လာ
သည်နှင့် နံနက်ခင်း အညာဒေသ၏ အလှပသည် နေခြည်အောက်
တွင် ပန်ချီကားအသွင် ရှိနေပါ၏။

လမ်းဘေးတွင် သစ်တောဦးစီးဌာနမှ ကြပ်ကြ
မတ်မတ်နှင့် စနစ်တကျ စိုက်ပျိုးထားသော ယူကလစ်ပင်တွေ
လေးသင့်ရာသို့ ယိမ်းထိုးနေကြသည်။ မြေတို့မှာ များသောအားဖြင့်
နီရောင်သမ်းပြီး နေခြည်အောက်တွင် တောက်ပစွာလှနေသည်
ဟိုးအဝေးကြီးနေရာတွင် ထန်းပင်များက ... ပင်စည်မည်းမည်း
အလက်စိမ်းစိမ်းဖြင့် မားမားရပ်တည်နေကြသည်။ အကယ်၍သာ
ဤနေရာတွင် သစ်တောဦးစီးဌာနမှ ယူကလစ်ပင်တွေပင် ရှိနေလျှင်
မည်ထင်ပါ၏။

သဘာဝအလှအပကို ငေးကြည့်နေမှန်း သိသဖြင့်
နေဟိန်းကျော်က ... စကားမရှိစကားရှာကာ လေးလေးမြင့်အား
အညာ၏ အလှကိုဖွဲ့ပြ စကားဆိုလိုက်ခြင်းဖြစ်သည်။ သို့သော် လေး
လေးမြင့်က သူ၏အလှဖွဲ့ကို လက်မခံသလို "ပူလွန်းတာက ခတ်





တယ်"ဟု ပြန်ကောလိုက်သဖြင့် နေဟိန်းကျော် ပါးစပ်ပြသွားသည်။
ခဏတဖြုတ် ဘာပြန်ပြောရမှန်းမသိအောင်ဖြစ်သွားသည်။

"ဟာ ... ဒါတော့ဗျာ မလေးလေးမြင့်တို့လာတာကိုက ဧပြီ
လကြီးလာတာကိုးဗျာ၊ ဒီအချိန်ဟာ ဘယ်မှာဖြစ်ဖြစ် အပူ
ဆုံးအချိန်မှတ်လား၊ နိုဝင်ဘာတို့ ဒီဇင်ဘာတို့ လာကြည့်ပါ
လား ..."

"အဲဒီကောင်တော့လဲ မီးလှုံ စောင်ခြုံရတယ်ဆို"

"ဟိုက် ..."

"ဒီလောက်လဲ မဟုတ်ပါဘူးဗျာ၊ အဲ ... တစ်ခုတော့ ရှိတယ်
ပေါ့လေ၊ ဒေသတစ်ခုခုမှာ နေ့နေကျလူတွေအတွက်တော့
ဒေသရဲ့ရာသီဥတုနဲ့ အကျွမ်းဝင်သွားပြီး ပူလည်းသိပ်ပူမှန်း
မသိတော့ဘူး၊ အေးလည်းသိပ်အေးမှန်းမသိတော့သလိုပေါ့၊
ဟဲ ... ဟဲ မလေးလေးမြင့်ရဲ့ အမြင်နဲ့သာဆိုရင် အညာမှာ
လူတွေတောင် မနေနိုင်သလိုဖြစ်မှာပေါ့၊ အခု ကျွန်တော်
ပြောနေတာက ရာသီဥတုအကြောင်း မဟုတ်ပါဘူး၊ အညာ
ဒေသဟာ အောက်ဒေသထက် သဘာဝအလှအပပိုပြီး ပြည့်
ဝတယ်လို့ ပြောနေတာပါ"

လေးလေးမြင့်က ဘာမှပြန်မပြောပဲ ငြိမ်နေလိုက်

သည်။ အရှုံးပေးသဘောဖြင့် ငြိမ်နေတာမျိုးတော့ မဟုတ်။ ဆက် ငြင်းနေလျှင် စကားကြောတွေရှည်လျားလာမည်မှန်း အကဲခတ် သောကြောင့်ဖြစ်ပါ၏။ ဘာကြောင့်မှန်းမသိ။ လေးလေးမြင့်သည် နေဟိန်းကျော်၏ မျက်နှာပေး အမူအယာကိုလည်းကောင်း၊ ပြော ဆိုသော စကားလေးသံကိုလည်းကောင်း စိတ်ထဲမှ နှစ်မြို့ခြင်း ပေ။

အမှန်တော့ မနေ့က ညဦးပိုင်း ထမင်းဆိုင်ထဲတွင် နေဟိန်းကျော် အနေနှင့် ကိုဂျိုကာအား အိမ်ရှင်ကညွှဲသည် အနိုင်ကျင့်လိုက်သည် ဟူသော အမြင်မျိုး လေးလေးမြင့်စိတ်ထဲ ကျိတ်၍ မြင်မိသောကြောင့် နေဟိန်းကျော်၏ အပြောအဆို အမူ အမူတွေကို မနှစ်မြို့မိခြင်းလားတော့ မပြောတတ်ပါပေ။





၆

လူနေအိမ်ပိုမိုသိပ်သည်း၍လား၊ သို့မဟုတ် ပိုမိုစည် ကားသောကြောင့်လား။

ညောင်ဦးမြို့၏ မြို့ကွင်းမြို့ကွက်သည် ကျောက်ပန်း တောင်းမြို့လောက် မလှပဟု လေးလေးမြင့်ထင်မိသည်။ ဈေးတစ် ဒိုက်လမ်းတို့မှာ ကျဉ်းမြောင်းပြီး ရှုပ်ထွေးသည်။

ညောင်ဦးမှအထွက် ပုဂံသို့အကူးလမ်းသည် ဘေး တော်လည်ရှုခင်းတို့ဖြင့် သာတောင့်သာယာရှိလှသည်။

ထနောင်းပင်တို့သည် ပူရွှေးတောက်ပသော နေ ခြည်အောက်ဝယ် ဝင်းဝါသော အဆင်းကို ဆောင်နေပါ၏။ တမာ ပင်တို့သည် စိမ်းစိုသည်။ လက်ဝဲ၊ လကျာနှင့် ရှေ့နောက်တူရူတွင်

နီချွေးသော ဘုရားငုတ်တိုများနှင့် အုတ်အဆောက်အဦးတို့ကို ကြည့်ရသည်မှာ တစ်ခုခုကိုလွမ်းချင်သလိုလို ဆွေးချင်သလိုလို ရင်ထဲတွင်ခံစားရသည်။

ယင်းအမည်မသိမထင်ရှားသော အုတ်တိုက်ပျက်များနှင့် ဘုရားငုတ်တိုများသည် လွန်ခဲ့သောနှစ်ပေါင်းကိုးရာကျော်လောက်ကဆိုလျှင် သစ်လွင်သောအဆောက်အဦးများအဖြစ် ဒါယကာမတွေအချင်းချင်း ဂုဏ်တယဂုဏ်ပြိုင်ပြုကြလိမ့်မည် ထင်ပါသည်။ ဘုရင်တည်ခဲ့ခြင်းမဟုတ်၍ နောင်းလာသည့် ဤခေတ်တွင် ရာဇဝင်အကြောင်း ဘာမျှမကျန်ပဲ အမည်မသိ မထင်ရှားဖြစ်ရခြင်းအတွက် တည်ထားကိုးကွယ်ခဲ့လေသည့် ဒါယကာ၊ ဒါယကာမများအပေါ်တွင် ကရုဏာသက်ချင်စရာဟု လေးလေးမြင့်က အတွေးနက်မိသည်။

"အဲ ... ဟိုရှေ့ကအုတ်နီတံတိုင်းကြီးဟာ ပုဂံမြို့အဝင် တရုပ်တံခါးကြီးပဲ မလေးလေးမြင့် ..."

"ဟိုက် ..."

နေဟိန်းကျော်သည် ညောင်ဦးတုန်းက ရွှေစည်းခုံစေတီတော်ကြီးကိုလည်း ညွှန်ပြရင်းလေးလေးမြင့်ကို လှမ်းပြောသည်။ ပုဂံအနီးအရောက်လှမ်း၍ ဖူးမြော်ရသော အာနန္ဒာဘုရားကို





လည်း ညွှန်ပြရင်း ပြောသည်ပင်။

ယခု ပုဂံအဝင်တရုပ်တံခါးကြီးကို ညွှန်ပြပြောဆိုရင်းမှ နောက်ဆက်တွဲ နေဟိန်းကျော်၏နှုတ်မှ 'ဟိုက်'ခနဲ အာမေဋိတ်သံပါ ဖူးတွဲထွက်ပေါ်လာတော့သည်။

အကြောင်းမှု သူတို့ကိုတစ်ဆက်တည်း တွေ့လိုက်ရသောကြောင့်ဖြစ်ပါ၏။ သူသည် တရုပ်တံခါးကြီး၏ လက်ဝဲဘက်အုတ်တံတိုင်းကြီးဘေးတွင် သူ၏ဟွန်ဒါမော်တော်ဆိုင်ကယ်ကို တစ်ဖက်စောင်းဒေါက်ချပြီး ရပ်ထားသည်။

သူကိုယ်တိုင်သည် အုတ်တံတိုင်းကြီးကိုမှီ၍ ထိုင်နေသည်။ စစ်ဦးထုပ်အစိမ်း၊ ဂျင်းအင်္ကျီ၊ ဂျင်းဘောင်းဘီတို့နှင့်ပင် ဖြစ်တော့သည်။

သူ့ပုံစံမှာ အမေရိကန်ရုပ်ရှင်ကောင်းဘွိုင်ဇာတ်ကားတွေထဲမှ ဇာတ်ကောင်တစ်ဦးဦး၏ပုံသဏ္ဌာန်ဖြစ်နေသည်။ ဒူးနှစ်ဖက်ထောင်ထားသည်။ တင်ပါးလျှောလျှောကျောမှီလျှောလျှောပုံသဏ္ဌာန်ဖြင့် ရှေ့ယိရှေ့ယဲမှီထားသည်။ စစ်ဦးထုပ်ကို မျက်နှာတဝက်ဖုံးအောင်အုပ်ထားပြီး အိပ်ပျော်နေဟန်ရှိသည်။

"ဒီကောင်နဲ့တော့ လာဆုံပြန်ပြီ ကိုမြတ်မင်း ..."

"သူလဲ ခရီးသွားတစ်ယောက်ပဲကွာ ... ဆုံစည်းတာ အဆန်း

မှတ်လို့၊ အေး ... တစ်ခုတော့မှာထားပါရစေ နေဟိန်းကျော် ဒီမိန်းကလေးတွေရှေ့မှာတော့ မင်းရန်မဖြစ်ပါနဲ့ ... သူ့ကို ဂရုစိုက်စရာမလိုပေမယ့် လေးလေးတို့ ပြုံးပြုံးတို့ကို အားနာဖို့ကောင်းတယ် ... "

"စိတ်ချ ... ဘာမှမဖြစ်ဘူး ကိုမြတ်မင်း ... မနေ့က ဖြစ်မိတာတောင် ကိုယ့်ဟာကိုယ်သနားတယ် ... ခွေးရူးနဲ့ပြိုင်ကိုက်ရင်း ခွေးကောင်း နားရွက်ဖြတ်ခံရတာ အသည်းနာစရာကောင်းတယ် ... "

နေဟိန်းကျော်စကားအဆုံးတွင် လေးလေးမြင့်က ကောက်ကာငင်ကာ ဝင်၍ပြောလိုက်သည်။

"ဒါဆိုရင် ကိုနေဟိန်းကျော်လည်း ခွေးဖြစ်သွားတာပေါ့နော် ဒါပေမဲ့ ... ကိုနေဟိန်းကျော်ကတော့ ခွေးကောင်းပေါ့လေ"

လေးလေးမြင့်၏စကားကြောင့်အဖွဲ့၏အပေါင်းအသင်းများထံမှ တခစ်ခစ်ရယ်မောသံလေးတွေ ထွက်လာကြသည်။ နေဟိန်းကျော်မှာ ကိုယ့်စကားနဲ့ကိုယ် အောင့်သက်သက်ခံလိုက်ရပြန်တော့သည်။

ဆရာကိုမြတ်မင်းက နေဟိန်းကျော်အား အဖက်ဆယ်သည့်အဘောဖြင့် စကားပြောင်း၍ပြောလိုက်သည်။





"မင်းကလည်း စကားပြောလောကြီးတာကိုး ... နေဟိန်းကျော် ဥပမာ ... ကျားနဲ့သမင်မယှဉ်သာလို့ ရင်မဆိုင်ဘူးဆိုရင် တော်သေးတာပေါ့ ... "

သီဂီမင်းက ဆရာကိုမြတ်မင်း၏စကားကို ဝင်ထောက်လိုက်ပြန်သည်။

"အဲ့ဒီလိုဆိုရင် ... ဘယ်သူကကျား၊ ဘယ်သူကသမင်လဲ ဆရာ ... မနေ့က ထမင်းဆိုင်မှာတော့ ကိုနေဟိန်းကျော်ဟာ ကျားလိုလို၊ သမင်လိုလိုနဲ့ သီဂီမသဲကွဲလိုက်လို့"

သီဂီမင်း၏စကားက ပို၍ပင်ယိသွားပြန်တော့သည်။ သို့သော် ... သီဂီမင်း၏စကားနောက်သို့ ဘယ်သူမှလိုက်ပါခြင်းမရှိပါလေတော့။

အဘယ်ကြောင့်ဆိုသော် တရုပ်ပါတ်ခါးသို့ ဂျစ်ကားဝင်ရန် ဂိုက်သုံးဆယ်အကွာခန့်အရောက်တွင် သူသည် စစ်ဦးထုပ်ကို နောက်လှန်လိုက်သည်။ နေကာမျက်မှန်အောက်လျှောနေသည်ကို လက်ညှိုးတစ်ချောင်းဖြင့် တည့်မတ်ရင်းထိုင်ရာမှ ထလိုက်သည်။

သူ၏ပါးစောင်တွင် သေးသွယ်ဘွယ်နှင့်ရှည်လျားသော ဆေးပြင်းလိပ်တစ်လိပ်ကို ခဲထားသည်။ အေးဆေးစွာပင် ထရပ်ပြီး ဂျစ်ကားကိုလက်တစ်ဖက်ဖြင့် တားလိုက်သည်။ တားပုံ

ကလည်း တရပါတ်ခါးဝင်ပေါက်အလယ်တည့်တည့်တွင် ရပ်ကာတားသည်မို့ ရပ်လျှင်ရပ် မရပ်လျှင်သူ့ကို တည့်တည့်ကြီး တိုက်ပစ်ရုံသာ ရှိတော့သည်။ သူ့အားကွေ့ရှောင်မောင်းရန်မဖြစ်။ တရပါတ်ခါးအုတ်တံတိုင်းစွန်းက ဟိုဘက်သည်ဘက် မရှောင်သာအောင်ခံနေသည်။

"ဘယ်လိုလဲကိုမြတ်မင်း ... တိုက်ပစ်လိုက်ရမလား"

"ရပ်ပေးလိုက် နေဟိန်းကျော် ... ယှဉ်မောင်းသူအဖို့အရူးကို တိုက်မိတောင် အမှုဖြစ်တယ်၊ ထောင်ကျတတ်တယ်"

ကျွိကနဲနေအောင် နေဟိန်းကျော် ဘရိတ်အုပ်လိုက်သည်။ မည့်သည့်မော်တော်ယာဉ်မဆို ဘရိတ်အုပ်အုပ် အရှိန်ကလေးကတော့ အနည်းအကျဉ်းပါသည်သာ။

လေးလေးမြင့်တို့အားလုံး ဟယ် ... ခနဲ၊ ဟာ ... ခနဲ ဖြစ်သွားသည်။ ပြုံးပြုံးရီသည်ရှေ့တွင်ထိုင်နေသော လေးလေးမြင့်၏ ကိုယ်ပေါ်သို့အိခနဲငိုက်ကျသွားသလို သိဂီမင်းမှာလည်း ဝင်းဝင်းမော်ဆီသို့ အိကျသွားသည်။

သူသည် တကယ်ဆိုမှ တကယ့်လူဖြစ်ပါ၏။

ဆရာကိုမြတ်မင်းကိုယ်တိုင် ဂျစ်ကားအမိုးကိုင်းတစ်ခုကို အထိတ်တလန့် လှမ်းဆွဲသည်။ နေဟိန်းကျော်သည် စတီယာ





ရင်လက်ကိုင်ကွင်းကို လက်နှစ်ဖက်စလုံးနှင့် ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လိုက်သည်။

သူသည်နဂိုအတိုင်းရပ်နေရာမှ ဘေးသို့လည်းမရွေ့ နောက်သို့လည်းမခုန် မတုန်မလှုပ်သဏ္ဍာန်ဖြင့် ရပ်နေပါလေ၏။ အာဂလူ ... ။

"ဟေ့လူ ... ဒါဘာလုပ်တာလဲ၊ တိုက်မိသွားရင်အားလုံးစာရင်းရှုပ်ကုန်မယ် သိလား"

ဆရာကိုမြတ်မင်းကပင် ဒေါနှင့်မောနှင့်လှမ်းပြောလိုက်သည်။

"မတိုက်မိပါဘူးဗျာ ... ကားအရှိန်မသေသေးရင် ဘောနက်ပေါ်ကျွန်တော်က ခုန်တက်လိုက်ဖို့အသင့်ပါ ဩ ... ဩ ဆရာကိုမြတ်မင်းတို့ ကိုနေဟိန်းကျော်တို့ကားကိုး"

သူက အေးဆေးစွာပင် အဖြေပေးရင်း ဂျစ်ကားဦးခေါင်းဘေးသို့ ပတ်ကွေ့လျှောက်လာရင်း ကိုမြတ်မင်းနှင့်ကိုနေဟိန်းကျော်ကိုတွေ့မှ နှုတ်ဆက်သလိုဘာလိုလို လေသံဖြင့် ပြောလိုက်ပေသည်။

"ကဲ ... ဆို ... ကားကို ဘာလို့ လက်တားရပ်ခိုင်းရတာလဲ"

ဆရာကိုမြတ်မင်းကမေးသည်။ နေဟိန်းကျော်သည်

ဘာတစ်ခွန်းမျှဝင်မပြော။ ဒေါသကို ကြိတ်မှိတ်၍မျိုသိပ်ထားရသလို မျက်နှာတစ်ခုလုံး သုန်မှုန်မှုန်ကြီး ဖြစ်နေပါလေ၏။

ကိုမြတ်မင်းမေးခွန်းကို သူကနှုတ်ဖြင့် မဖြေသေးမီ သူ၏လက်ထဲတွင်ကိုင်ထားသော သစ်သားမီးခြစ်တစ်ခုကို လှုပ်ပြသည်။ ထို့နောက် အတွင်းမီးခြစ်အံကို ဖွင့်ပြသည်။

"မီးခြစ်ဆံတစ်ဆံမှ မရှိတော့ဘူး ... ဆေးလိပ်ကလည်း သောက်ချင်နေတယ်၊ ဒါကြောင့် ... ပထမဆုံးလာတဲ့ ကားတစ်စီးမှာ မီးတတို့လောက်တောင်းမယ်ဆိုပြီး စောင့်နေတုန်း ဒီဂျစ်ကားဝင်လာလို့လက်တားတာပါ၊ အဲ ... မီးတခြစ်လောက်ဆရာကိုမြတ်မင်း"

"တောက် ... "

နေဟိန်းကျော်ထံမှ မခံချိမခံသာ တောက်ခေါက်သံတစ်ချက်ထွက်လာပေသည်။ ဒီလူ၏ အပြုအမူကို လေးလေးမြင့်တို့ မိန်းကလေးတစ်သိုက်ပါသောကြောင့်သာ နေဟိန်းကျော်က ကြိတ်မှိတ်၍ သည်းညည်းခံနေရကြောင်း သိသာလှပါ၏။

"ရော့ ... အဲ့ဒီမီးခြစ်ကို မောင်ရင်ပဲ ယူထားလိုက်တော့ကဲ ... နေဟိန်းကျော် ဆက်မောင်းကွာ"

ဆရာကိုမြတ်မင်းသည် အသင့်ပါလာသည့် သူ၏





အိတ်ထဲမှ တရုတ်နီလုပ်ခလုတ်နှိပ် ဓာတ်ဆီမီးခြစ်တစ်လုံးကို လှမ်းပေးပြီးနောက် နေဟိန်းကျော်ကို ကားဆက်မောင်းရန်ပြောလိုက်သည်။

နေဟိန်းကျော်ကလည်း ကားကိုရှူးခနဲနေအောင် ထွက်ခွာလိုက်ပါ၏။ ကားထွက်လာပြီး ပေလေးငါးဆယ်အကွာရောက်မှ သူတို့အားလုံးသည် နောက်သို့ပြန်ကြည့်ကြသည်။ နေဟိန်းကျော်ကလည်း နောက်ကြည့်မှန်မှ ထိုလူရှိရာသို့ ပြန်ကြည့်သည်။

သူသည် ဆရာကိုမြတ်မင်းတို့ဂျစ်ကားကို လုံးဝလှမ်းကြည့်။ သူ့ဟာသူ ဆရာကိုမြတ်မင်းပေးခဲ့သော ဓာတ်ဆီမီးခြစ်ကိုခြစ်ကာ ဆေးပြင်းလိပ်ကို အငွေ့တထောင်းထောင်းထအောင် မီးညှိနေသည်ကို တွေ့ရပေသည်

"ဒီကောင့်ကို ကိုမြတ်မင်းဘယ်လိုယူဆလဲဟင် ... "

"ငါလဲ သူ့ကို မျက်စေ့လည်နေပြီ နေဟိန်းကျော် ... တို့များမနေ့ညက ဒီကောင့်ကို သို့လောသို့လောဆိုတဲ့ အချက်နှစ်ချက်စဉ်းစားခဲ့တယ် မှတ်လား ... အခုနောက်ထပ် တစ်ချက်တိုးပြီး ဒီကောင့်ကို စဉ်းစားရမလိုဖြစ်နေပြီ ... "

"ဘာအချက်လဲ ... ကိုမြတ်မင်း"

"ဒီကောင်ဟာ Psychopathy လို့ခေါ်တဲ့ စိတ္တဇဝေဒနာသည် တစ်ယောက်များ ဖြစ်နေမလားလို့လေ ..."

ဆိုက်ကိုပသီဆိုသည့် စိတ်ဝေဒနာနှင့်ပတ်သက်၍ လေးလေးမြင့်တို့တက္ကသိုလ်ကျောင်းသူတို့သည် ကြားဖူးနားဝ ထားကြပေသည်။ ယင်း စိတ္တဇဝေဒနာသည် အကြောင်းအရာတစ်ခု တွင် အာရုံစူးစိုက်လွန်းပြီးနောက် အာရုံစူးစိုက်မိရာတွင် မိမိကိုယ် တိုင် လိုက်လံလုပ်ဆောင်နေခြင်းဖြင့် စိတ်ဝေဒနာတစ်ခုကို ခံစား နေရခြင်းမျိုးဖြစ်တော့သည်။

ဒါဆိုလျှင် ကိုဂျိုကာသည် နိုင်ငံခြားရုပ်ရှင်တွေ သိပ် ကြည့်မည်။ အီတလီရုပ်ရှင်တို့ အမေရိကန်ရုပ်ရှင်တို့ထဲမှကဲ့သို့ စုတ် တီးစုတ်ဖတ် အဝတ်အစားတွေဝတ်၊ ဆေးပြင်းလိပ်ခဲ၊ တစ်ယောက် တည်း အရက်သောက်၊ တစ်ယောက်တည်း ဖဲရိုက်၊ ဘယ်သူမှ မထိတထိမျိုးဆက်ဆံ။ ချွဲကြပြီ၊ ချကြပြီဆိုလျှင် သူက ... လူစွမ်း ကောင်း အနိုင်ရသည်ဆိုသည့် ဇာတ်လိုက်တွေကိုအားကျပြီး သူ့ အရွယ် သူ့အခြေအနေဖြင့် ဆိုက်ကိုပသီ စိတ္တဇဝေဒနာ ဖြစ်သွားလေ သလားဆိုသည်မှာ ဟုတ်နိုင်လောက်စရာ ရှိနေပေသည်။

"ဒါဆိုရင်တော့ ဒီကောင်ဟာ အရူးပဲ ကိုမြတ်မင်း။ နိုင်ငံခြား ရုပ်ရှင်ဇာတ်လိုက်ရူးနေတာမျိုးပဲဖြစ်မယ်။ ဟုတ်တယ်





မနေ့ညကလည်းကြည့်ပါလား ...။ ထမင်းဆိုင်ထဲမှာ တစ် ယောက်တည်း ဖဲချလိုချနဲ့ ... ကျွန်တော်တောင် နိုင်ငံခြား ရောက်ဖူးသလား၊ နိုင်ငံခြားရုပ်ရှင်ကြည့်ဖူးသလားနဲ့ ... ဟုတ်ပြီ ဒီကောင် ယဉ်ယဉ်လေးရူးနေတဲ့ကောင်ပဲဖြစ်ရ မယ်"

သီရိပစ္စယာဟု ရေးထားသော အုတ်တိုင်လေးအနောက် တွင် လက်ျာဘက်သို့ ချိုးကွေ့လိုက်သည်။

သီရိပစ္စယာဟော်တယ်ထဲသို့ တစ်ခဏအတွင်းမှာ ပင် ရောက်ရှိလားတော့သည်။

ဧရာဝတီမြစ်ကမ်းဘေးတွင်ဖြစ်ပါ၏။ ခြံဝင်းကြီးထဲ မှာ အကျယ်ကြီးဖြစ်ပေသည်။ နှစ်ထပ်တိုက် သုံးထပ်တိုက်ကြီးမျိုးမ ဟုတ်။ ဘန်ဂလိုဆောင်လေးများ တစ်ဆောင်ပြီးတဆောင် စီစီရီရီရှိ နေသည်။ တစ်ဆောင်နှင့်တဆောင် ပုံစံညီဆောက်ထားသည်လည်း ဖြစ်သည်။ အဆောင်တိုင်းကို ဆေးရောင်စုံလေးများချယ်သထား သည်။ ဝရံတာလေးတွေ ပတ်လည်ထုတ်ထားသည်။ အမိုးအစွန်တို့ တွင် စုလစ်မွန်းချွန်နှင့် ကနုတ်ပန်းတို့ ... တန်ဆာဆင်ထားသည်။ အမှတ်တမဲ့ကြည့်လိုက်လျှင် လှပ၍ မြန်မာဆန်သော တစ်ထပ်ပျဉ် ဆောင်အိမ်ကလေးတွေ တန်းစီဆောက်ထားသည်နှင့်တူသေး

တော့။

ဗဟိုရုံးခန်းဆောင်ကြီးကလည်း မြန်မာဆန်ဆန်လှ
နေသော်လည်း အတွင်း၌မူ အနောက်တိုင်းဆန်ပြီး ထည်ဝါခန်းနား
လှသည်ကို တွေ့ရပြန်သည်။

အရက်ဘားအခန်းနှင့် ထမင်းစားဆောင်ကြီးသို့ သွား
ရာလမ်းဘေးမှာ ပျဉ်ချပ်တွေကို တံတားထိုးထားသလို ဆက်သွယ်
ပေးထားသည်။

ဘယ်နေရာကြည့်ကြည့် သီရိပစ္စယာ၏ ခြံကျယ်ကြီး
ထဲတွင် စိုက်ထားသော ပန်းမာလာတို့ကို စိတ်ကြည်အေးစဖွယ်မြင်
ရသည်။

ကားရပ်ရန်နေရာတွင် နေဟိန်းကျော်က ဂျစ်ကား
ကို ဖင်ထိုးရပ်လိုက်သည်။ နေဟိန်းကျော်သည် သီရိပစ္စယာကို —
အကျွမ်းတဝင်ရှိပုံရသည်။

"ဒီလိုလုပ်စို့ မလေးလေးမြင့်။ အားလုံး ကားပေါ်ကမဆင်း
ကြနဲ့ဦးပေါ့။ ရုံးခန်းကို မလေးလေးမြင့် တစ်ယောက်ထဲ
လိုက်ခဲ့လေ။ ကျွန်တော်လိုက်ပို့ပေးမယ်"

"ဘာလို့"

"တစ်ခါတလေ သီရိပစ္စယာမှာ တင်ကြိုပြီး ဘွတ်ကင်





မထားရင် အခန်းရဖို့ မလွယ်တတ်ဘူးလေ။ ရုံးခန်းသွားပြီး
ရတယ်ဆိုမှ ဆင်းကြရင် ပိုပြီး ဣန္ဒြေရတာပေါ့"

နေဟိန်းကျော်ပြောသော ဤအချက်ကိုတော့ ...
းလေးမြင့်သည် လက်ခံပေးသည်။ တပြုံကြီး အိတ်တွေလွယ်၊
တွေကိုင်ဆင်းသွားပြီးမှ အခန်းပိုမရှိပါဟုဆိုလျှင် ရှက်စရာ
င်းပေမည် မဟုတ်လား။

နေဟိန်းကျော်ခေါ်ရာသို့ လေးလေးမြင့် ဆင်းလိုက်
သည်။ ပထမတော့ နေဟိန်းကျော်က ရှေ့မှသွား ... လေးလေး
က နောက်မှလိုက်ဖြစ်ပေသည်။ သို့သော် ... လေးငါးလှမ်းသွား
က် နေဟိန်းကျော်သည် ခေတ္တစောင့်ကာ လေးလေးမြင့်နှင့်
တိုက်ယှဉ်တွဲလိုက်သည်။

"လေးလေးမြင့်တို့ ပုဂံညောင်ဦးမှာ ဘယ်လောက်ကြာကြာ
နေမယ်စိတ်ကူးသလဲ"

"ပြောတတ်သေးဘူး။ အားလုံးတိုင်ပင်ပြီးမှ ဘယ်နှစ်ရက်နေ
မယ်ဆိုတာ ဆုံးဖြတ်ရမှာပဲ ကိုနေဟိန်းကျော်"

"ပုဂံညောင်ဦးမှာရှိတဲ့ ဘုရားအစုံဖူးမယ်၊ အသေးစိတ်လေ့
လာမယ်ဆိုရင်တော့ ... အေးအေးဆေးဆေးမှ ကောင်း
တယ် မလေးလေးမြင့်။ နိုင်ငံခြားသား လေ့လာရေးသမား

တွေကတော့ တစ်နေ့မှာ မနက်ကိုဘုရားသုံးဆူ၊ ညနေ
ဘုရားသုံးဆူပဲလေ့လာတယ်။ တကယ်တော့ လေ့လာမယ်
ရင် သမိုင်းကြောင်းရှိနေတဲ့ စေတီတွေ၊ ဘုရားတွေ၊ သိမ်
ကျောင်းတွေ တစ်ဆူကို နှစ်နာရီလောက် လေ့လာရတာ
နွေခင်ပိုင်းကျတော့ နေပူလွန်းလို့ မြေကြီးကိုခြေဖဝါး
တောင်ခက်ခဲပဲ။ အဲဒီတော့ ... ညနေသုံးနာရီ လေးနာရီ
ပြန်ထွက်ကြတယ်။ နွေခင်းပိုင်း ဟော်တယ်မှာပြန်ပြီး ...
အနားယူကြတယ်"

"အဲဒီလောက်အကြာကြီး ဘုရားတစ်ဆူကို နှစ်နာရီ
အောင် လေ့လာဖို့လိုသလား ကိုနေဟိန်းကျော်"

"ဒါတော့ ... ကိုယ်လေ့လာတဲ့အပေါ်မှာ မူတည်တယ်
လေးလေးမြင့်။ နိုင်ငံခြားသားတွေကျတော့ ... သမိုင်း
ကြောင်းကို ပုံပြောသလို နားထောင်လေ့လာတယ်။ အခ
သူတို့လေ့လာတာကတော့ ဆယ့်တစ်ရာစုခေတ်ထဲက
ဗမာတွေရဲ့ အဆောအအုံ အတတ်ပညာ၊ နံရံဆေးရေး
အတတ်ပညာ၊ ရုပ်လုံးဖော် ရုပ်ကြွ အတတ်ပညာပိုင်း
ဖိသုံးထားတဲ့ ဘုရားတွေ၊ စေတီတွေမှာဆိုရင် အကြာ
လေ့လာရတာပေါ့"





ရုံးခန်းသို့ ရောက်လာကြသည်။ အထဲတွင် ရှိနေကြ
သော နိုင်ငံခြားသားတွေရော၊ ဒေသခံလူတွေရောသည် နေဟိန်း
ကျော်နှင့် လေးလေးမြင့်တို့စုံတွဲကို တငေးတမောလေးကြည့်ကြ
သည်။

လူမနောပါပေ။

လူတွေသည် အရွယ်ငယ် မိန်းမချောလေး တစ်
ယောက်တည်းဆိုလျှင် စိတ်ဝင်စားစွာကြည့်မိတတ်သည်။ ယင်းမိန်း
မချောလေးက ယောကျ်ားပျိုတစ်ဦးနှင့်တွဲလာလျှင် ပို၍ပင် စိတ်ဝင်
စားကြည့်တတ်ပါ၏။

နေဟိန်းကျော်သည်မဆိုး။ အရပ်အမောင်းရှိသည်။
...နိုင်သည်။ ဥပမိရုပ်သန့်သည်။ လှပသော လေးလေးမြင့်နှင့်
...က်လိုက်သောအခါ နေဟိန်းကျော်သည် ပိုမိုပေါ်လွင်သာသလို
ဖြစ်သွားသည်။ အကယ်၍သာ နေဟိန်းကျော်သည် ယခုလောက်
...ခွဲလေနှင့်။ ယခုလောက် ပါးစုန့်ကြီးတွေမှိုပြီး မတွဲ ...နှင့်။
... နေဟိန်းကျော်သည် လူချောတစ်ဦးဟု သမုတ်ရပေလိမ့်မည်။

နေဟိန်းကျော်ကပင် ဦးဆောင်၍ ရုံးခန်းတွင် ...
...နဲ့ရှိရေးကို ပြောပြသည်။

ဆောရီးဖြစ်သွားရပါ၏။

နိုင်ငံခြားသား ဧည့်သည်တွေ အရောက်များလွန်းသောကြောင့် သီရိပစ္စယာတွင် လောလောဆယ် အခြေအနေဝယ် လေးလေးမြင့်တို့တစ်ဖွဲ့လုံး လေးယောက်အတွက်ငှားရန် အခန်းမရှိဖြစ်သွားသည်။

ရေစည်ရိပ်သာဆီသို့ မောင်းလာခဲ့သည်။

ရေစည်ရိပ်သာသည် ကြီးမားသော နှစ်ထပ်တိုက် အင်္ဂလိပ်အက္ခရာ "ယူ" သဏ္ဍာန်ရှိပေသည်။ ရေဝတီမြစ်ကမ်းဘေးတွင်ဖြစ်သော်လည်း ရေဝတီမြစ်က အနိမ့်ပိုင်းကျပြီး ရေစည်ရိပ်သာက ကုန်းမြင့်ပိုင်းရောက်နေပေသည်။

ရေစည်ရိပ်သာတွင်လည်း နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်တွေက ... အပေါ်ထပ် အခန်းတွေယူထားပြီးကြပြီ။ အပေါ်ထပ်အခန်းတွေတွင် အိပ်ခန်းနှင့် ရေအိမ်တွဲလျက်သားထားပြီး အဲယားကွန်းဒီရှင်း လေးအေးစက်များ တပ်ဆင်ထားသည်။

အောက်ထပ်အခန်းတွေမှာနှစ်ယောက်အိပ်ခန်းတွေရှိသော်လည်း အိပ်ခန်းနှင့်ရေအိမ်တွဲမထား။ ကော်ရစ်ဒါ၏အဆုံးတွင် ရေချိုးခန်း သုံးခန်းရှိပေသည်။

(၂၄)နာရီ တစ်နေ့အတွက် ... အောက်ထပ်နှစ်ယောက်အိပ်တစ်ခန်းလျှင်(၂၂)ကျပ်နှုန်းရှိပေသည်။





မတတ်နိုင်တော့။ အောက်ထပ်တွင် အားလပ်နေသော အခန်းနံပတ်(၂၃)နှင့် (၂၅)နှစ်ခန်းကို လေးလေးမြင့်တို့က (၂)ဆ အခန်းပေးပြီး ယူလိုက်တော့သည်။

အိပ်ရာများသည် ... သန့်ရှင်းဖြူဖွေးပါ၏။ တစ်ယောက်အိပ်ခုတင်တစ်လုံးကို ... ဟိုဘက်နံရံ ဒီဘက်နံရံထားပြီး အလည်ခေါင်းရင်းတွင် စားပွဲတစ်လုံးရှိပေသည်။ မီးရထားပန်ကာကဲ့သို့ ငှဝိုက်လည်ပတ်စေသော ပန်ကာတပ်ဆင်ထားသည်။ မီးချောင်းတစ်ချောင်းလည်း မျက်နှာကျက်တွင်ရှိပါ၏။

သီရိပစ္စယာလောက် ခမ်းနားမှုမရှိသော်လည်း ရေစည်ရိပ်သာသည် သူ့ဈေးနှင့်သူ ထိုက်ထိုက်တန်တန်ရှိသည်ဟု လေးလေးမြင့်တို့ ယူဆသည်။

အထူးသဖြင့် လတ်တလော မန်နေဂျာတာဝန်ယူ အုပ်ထိန်းဆောင်နေသော မစ္စတာရောဘတ်၏ သဘောကောင်းမှု၊ ဖော်ရွေမှု၊ ဆက်ဆံရေးပြေပြစ်မှုနှင့် ဧည့်သည်များအပေါ် စေတနာထားရှိမှုတို့သည် သီရိပစ္စယာကြီးလို မထည်ဝါ မခမ်းနားချင်လည်း နေပလေ့စေတော့။ ရေစည်ရိပ်သာကိုသာ ကျေနပ်စရာဖြစ်ရတော့သည်။

ဦးမောင်မောင်ဆိုသည့် ရော၏အမှုထမ်းကြီးက

လည်း သဘောကောင်းလှသည်။ မစ္စတာရောဘတ်နှင့် ဦးမောင်မောင်သည် တည်းခိုသောဧည့်သည်တို့အား မည်သိုအကူအညီပေးရမလည်းဆိုသည်ကို မျက်ခြည်မပျက် ကြည့်ရှုကူညီနေသူများဖြစ်ပါ၏။

ရောဧည့်ရိပ်သာဖွင့်သာသည် ဖွင့်သည်မှာ မကြာသေးသောကြောင့် မကျွမ်းကျင်သေးသော အမှုထမ်းတွေရှိနေသည်မှာမှန်၏။ ဖွင့်ကာစမို့ မပြည့်မစုံရှိနေသော အချက်လေးတွေရှိနေသည်မှာလည်းမှန်၏။

ရှိပလေ့စေ၊ ဒါက ဌာနဆိုင်ရာက သူ့ဟာသူတဖြည်းဖြည်း တိုးတတ်သွားအောင် ဆောင်ရွက်သွားချိမ့်မည်။ ယင်းချွတ်ယွင်းချက်လေးတွေ မြုပ်မသွားအောင် မစ္စတာရောဘတ်လိုလူကအရာရာအပင်ပန်းခံကာ ချိုချိုသာသာ ဆက်ဆံသွားသည်နှင့်ပင် တည်းခိုသော ဧည့်သည်များက သင်ပုန်းချေနိုင်ပါ၏။

လုပ်ငန်းကိုက ဟိုတယ်လုပ်ငန်း မဟုတ်ပါလား။

နိုင်ငံပိုင်ဟိုတယ်မို့ ဝင်သရွေ့ ငွေသည် နိုင်ငံအတွက်ပင် မဟုတ်ပါလား။

ဟိုတယ်၏ ဝင်ငွေဟူသရွေ့ကလည်း ပြည်တွင်းပြည်ပမှလာရောက်တည်းခိုကြသူများက ပေးကြသည်ပဲမဟုတ်ပါ





လား။

ဟိုတယ်လုပ်ငန်းသည် ကော်မာရှယ်လုပ်ငန်းတစ်ခုအကျုံးဝင်ပါ၏။

ကိုယ့်ဟိုတယ်ကြီးက သိပ်ကိုခမ်းနားသည်ဆိုပြီ လာရောက်တည်းခိုလူသူအား မောက်မောက်မာမာ ဆက်ဆံပါလျှင် ရှိပါစေတော့။ ယာယီခရီးသွားမို့ ခမ်းခမ်းနားနားကြီးတွင် မတည်းခိုရစေကာမူ တော်ရုံတန်ရုံ ဆက်ဆံရေးကောင်းသော တည်းခိုခန်းမှာပင် တည်းခိုပါလိမ့်မည်။

အခန်း(၂၃)တွင် ထုံးစံအတိုင်း လေးလေးမြင့်နှင့်ပြုံးပြုံးရီတွဲသည်။ (၂၅)ခွဲမှ ဝင်းဝင်းမော်နှင့် သီဂီမင်းတို့ ဖြစ်ကြပါ၏။

အခန်းသော့ရ၍ ကိုယ့်အခန်းတွင် ကိုယ့်ပစ္စည်းတွေနေရာချထားစဉ်မှာပင် နေဟိန်းကျော်သည် မစ္စတာရောဘတ်ထံမှ ခွင်းတောင်းကာ အဝေးပြောအတွက် ငွေတစ်ဆယ်အတင်းထိုးပေးရင်း ကျောက်ပန်းတောင်းသို့ ဖုန်းဆက်တော့သည်။

"ဟိုကောင်တော့ ပုဂံရောက်နေပြီ ဖေဖေ … အကောင်းဆုံးကတော့ ဒီကောင်ကို အခုလောလောဆယ် ဆေးရုံမှာဖြစ်ဖြစ်၊ အချုပ်ခန်းတစ်ခုမှာဖြစ်ဖြစ် သိပ်ထားနိုင်ရင် ကောင်းမယ် … "

တစ်ဖက်ဦးထွန်းကျော်ထံမှ ပြန်၍ပြောသံကိုနားထောင်ပြီး နေဟိန်းကျော်ဖုန်းချလိုက်သည်။

ကိုမြတ်မင်းက လေးလေးမြင့်တို့အခန်းထိအောင်လိုက်ပါသွားရင်း ပြုံးပြုံးရီနှင့် စကားလက်ဆုံကျနေပါ၏။ နေဟိန်းကျော် ဖုန်းပြောခွင့်ရအောင် တမင်အချိန်ဆွဲသည်လည်း ဖြစ်သည်။ ထို့ပြင် ယခုတစ်ပါတည်း လေးလေးမြင့်တို့ ဘုရားတွေလိုက်ဖူးရန်ခေါ်သည်လည်းဖြစ်သည်။

"ကားကြုံတုန်း တစ်ခါထဲဘုရားတွေလိုက်ဖူးပေါ့ လေးလေးကိုယ်ကလဲ နေဟိန်းကျော်ရဲ့ကားကိုကပ်စီးပြီး လေးလေးတို့ ပြုံးပြုံးတို့ကို လောကွတ်လုပ်ရတာပါ ... "

"နေပလေ့စေဆရာ ... ခုန ဦးရောဘတ်ကပြောတယ် ... ဘုရားတွေဘာတွေ ဖူးဘို့ကားလိုချင်ရင် တယ်လီဖုန်းနဲ့လှမ်းခေါ်ပေးမယ်တဲ့ ... "

"အဲ့ဒါက နောက်နေ့တွေကျရင် ငှားပြီးသွားပေါ့ ... ဒီနေ့အဖို့တော့ ကိုယ်တို့ကားလည်း ကြုံနေတဲ့အတူတူ ပိုက်ဆံဘာလို့ အပိုကုန်ခံမလဲ ... မဟုတ်ဘူးလား ပြုံးပြုံး"

ကိုမြတ်မင်းက ပြုံးပြုံးရီကို စစ်ကူတောင်းသလို လှမ်းပြောလိုက်သည်။ ပြုံးပြုံးရီက ကိုမြတ်မင်းအားပြုံးပြရင်း ခေါင်းညိတ်





လိုက်သည်။

"ဟုတ်သားပဲ မိလေး ... ဆရာတို့ကားနဲ့လိုက်သွားရင် ဆရာတို့ ကိုနေဟိန်းကျော်တို့ကလဲ ဘုရားရဲ့သမိုင်းစဉ်တွေ ဘာတွေပြောပြနိုင်တာပေါ့ ... "

"ဒါဆိုလည်း ဟိုကောင်မတွေ မေးကြည့်လေ ... "

ပြုံးပြုံးရီ လှစ်ခနဲ ဟိုဘက်ခန်းသို့ကူးသွားသည်။ မကြာပါချေ။ ဟိုနှစ်ယောက်သည် ပြုံးပြုံးရီနှင့်အတူ ပါလာတော့သည်။ အားလုံးသည် ဆရာကိုမြတ်မင်းတို့ကားနှင့် လိုက်ရန်သဘောတူကြပါ၏။

အားလုံးထွက်လာကြသောအခါ နေဟိန်းကျော်သည် တယ်လီဖုန်းပြောပြီး၍ ညှိခန်းဟော(လ်)ကြီး၏ ညှိထိုင်ကုလားထိုင်တစ်လုံးပေါ်ဝယ် ထိုင်စောင့်နေပေသည်။ နေဟိန်းကျော်၏ ရှေ့စားပွဲပေါ်တွင် မန္တလေးဘီယာပုလင်းကြီးတစ်လုံးနှင့် သောက်လက်စဖန်ခွက်ကိုတွေ့ရပေသည်။

"အံမာ ... မင်းက ဘီယာတွေ ဘာတွေသောက်လို့ပါလား နေဟိန်းကျော် ... "

"ဟဲ ... ဟဲ ... ရေဆာလို့လေဗျာ ... နောက်ပြီး ခင်ဗျားတို့ကို စောင့်ရင်းအပျင်းပြေသောက်နေတာပါ"

"ဒါဖြင့် သွားစို့ကွာ ... ဒီမှာလေးလေးက တို့နဲ့မလိုက်တော့ဘူး ... သူတို့ဘာသာ ကားငှားသွားမယ်လို့တောင် ပြောနေတာ ... ပြုံးပြုံးတို့က ဒီကားနဲ့ပဲလိုက်မယ်ဆိုကြမှ အများသဘောကြောင့် လိုက်လာတာမောင်ရင် ..."

နေဟိန်းကျော်သည် လက်ကျန်ဘီယာကိုတစ်ချက်တည်းမော့သောက်ပြီ နေရာမှထလာပါ၏။

လေးလေးမြင့် စိတ်ထဲတွင် နေဟိန်းကျော်၏ အပြုအမူကို အံ့သြနေမိသည်။ မနေ့ညနေက ကျောက်ပန်းတောင်းထမင်းဆိုင်ထဲတွင် မော်တော်ဆိုင်ကယ်သမား ကိုဂျိုကာဘီယာသောက်သည်ကိုတော့ အရက်သမားဆိုပြီး ရှုတ်ချပြီးပြောဆိုခဲ့သည်။ ယခု သူကျတော့ရေငတ်လို့ အပျင်းပြေထိုင်သောက်နေပါသည်ဟု ပေါ့ပေါ့တန်တန် အဖြေမျိုးဖြင့် ဖုံးကွယ်စကားပြောလိုက်ပေသည်။

ဇရော၏ ဆင်ဝင်အောက်တွင် ရပ်ထားသောဂျစ်ကားဆီ လျှောက်လာခဲ့ကြသည်။

ဂျစ်ကားပေါ်တက်ကြရာတွင် ပြုံးပြုံးရီ၏ ထူးခြားသောပြုံးရိပ်လေးတစ်ခုကို လေးလေးမြင့်သာမက မိဂီနှင့်မိမော်တို့လည်း သတိထားလိုက်မိကြပါ၏။

ပြုံးပြုံးရီသည် ရှေ့ဆုံးမှ အရင်တက်သည်။ ဂျစ်ကား





၏ နောက်ဘက်လက်ယာတန်းထိပ်တွင် ပြုံးပြုံးရီက နေရာယူလိုက်ပါ၏။ ကျောက်ပန်းတောင်းကလာစဉ်က ဝင်းဝင်းမော်ထိုင်သောနေရာပါပေ။ တစ်နည်းဆိုသော် ဆရာကိုမြတ်မင်း၏ နောက်ဖက်ကပ်လျက်သား နေရာဖြစ်ပါ၏။

ဝင်းဝင်းမော်ကလေးလေးမြင့်အားအဓိပ္ပါယ်ပါသောအကြည့်မျိုးဖြင့် ကြည့်လိုက်သည်။

လေးလေးမြင့်က ပခုံးတွန့်ပြလိုက်သည်။ ပြီး ... မိမော်ရော မိဂီရော ပြုံးပြုံးရီအား အနောက်ပြောင်ရန် မျက်ရိပ်မျက်ခြည်ပြ ဟန့်တားထားလိုက်သည်။

နောက်ပြောင်လိုက်လျှင် ပြုံးပြုံးရီရှက်သွားမည်စိုးသောကြောင့် ဖြစ်ပါ၏။

ဤအရွယ် မိန်းမပျိုလေးတွေဆိုသည်မှာ အခက်သား။ မဟုတ်မမှန်သောအကြောင်းကိစ္စတစ်ခုကို အချင်းချင်း ဘယ်လိုပင်နောက်နောက် စိတ်မဆိုးဘဲ ခံနိုင်စွမ်းရှိတတ်သည်။ တကယ်ဟုတ်နေသောကိစ္စကို သွား၍နောက်ပြန်မိပါက ရှက်ရမ်း ရမ်းပြီးဆိုကတည်းက စိတ်ဝမ်းကွဲပြီပေါ့။

ဤသည်ကိုတွေးမိပြီး လေးလေးမြင့်က မနောက်ပြောင်ရန် ဟန့်တားလိုက်ခြင်းဖြစ်ပါ၏။ ပြီးတော့ ... ယခုပြုံးပြုံးရီ

ကဆရာကိုမြတ်မင်းကို လိုက်လျှောချင်နေသည်မှာ သူမ၏ကိုယ်ပိုင်နှလုံးသားကိစ္စ။ သူမ၏ ကိုယ်ရေးကိုယ်တာပိုင်းဖြစ်နေပါ၏။ သူမကိုယ်တိုင်က လေးလေးမြင့်နှင့်အဖွဲ့အား ဖွင့်ဟတိုင်ပင်လေမှ ကိုယ့်အထင်၊ ကိုယ့်အမြင်တို့ကိုအကြံပေးရမည့် ကိစ္စမျိုးလည်းဖြစ်နေသည်။ သို့တစေ လေးလေးမြင့်၏ ရင်ထဲတွင် ပြုံးပြုံးရီကဆရာကိုမြတ်မင်းကို လက်ခံချင်သည်မှာ မြန်လွန်းလှသည်ဟု ယူဆထားမိလိုက်သည်။ အင်းလေ ... ဤအရွယ်၏ နှလုံးသားဆိုသည်ကလည်း အခဲတ်သား။

လေးလေးမြင့်၏ ဘေးတွင်မိမော်ထိုင်ပြီး ပြုံးပြုံးရီနှင့်ယှဉ်တွဲလျက် မိဂီထိုင်ပေသည်။

နေဟိန်းကျော် ကားစက်နှိုးစဉ်မှာပင် ဆရာကိုမြတ်မင်းက နေဟိန်းကျော်ဘက်လှည့်ပြီး ဘယ်လိုလဲနေဟိန်းကျော် ဆိုသည့် အကြည့်မျိုးဖြင့် ကြည့်လိုက်ပါ၏။

"စစ်သည် လေးသိန်း လွှတ်လိုက်မယ်ဆိုတာ ... ဘာအဓိပ္ပါယ်လဲ"

"ဟဲ ... ဟဲ ... ဒီကောင် နေဟိန်းကျော်က အခုဘုရားဖူးဖို့ စထွက်ကတည်းက ပုဂံရာဇဝင်ကို နှိုးဒါန်းပျိုးတာလေ။ ဒီကောင်က သူ့မိဘဆန္ဒအရ ဆရာဝန်လိုင်းလိုက်ရပေမယ့် သူ့





တကယ့်ဝါသနာက ရာဇဝင်သမိုင်းတို့ကို လေ့လာချင်တယ်၊ စာရေးဆရာ၊ ဂျာနယ်ဆရာဖြစ်ချင်တဲ့ကောင် ... ကဲ ... နေဟိန်းကျော် စစ်သည်လေးသိန်း လွှတ်လိုက်မယ်ဆိုတဲ့ အချက်ကို ရှင်းပြလိုက်လေကွာ ... "

နေဟိန်းကျော်က မရှင်းပြမီ သူ၏အင်္ကျီအိတ်ထဲမှ ဒီးကရက်ဘူးကို ထုတ်လိုက်သည်။ ဒူးယားစီးကရက်ဗူးဖြစ်ပါ၏။ ဘစ် လိပ်ကိုထုတ်ယူကာ ကားမောင်းရင်းကပင် ကျင်လည်စွာ ဒီးကရက်မီးညှိလိုက်သည်။ ဒူးယားစီးကရက်ဘူးကို အိတ်ထဲပြန်မထည့်တော့ဘဲ ဂျစ်ကားဒက်(ရှ်)ဘုတ်ထဲသို့ ပစ်ထည့်လိုက်သည်။

"ပုဂံပြည်ဟာ အနော်ရထာမင်းလက်ထက်မှာ အကြီးထွားဆုံးဆိုရင် မမှားဘူးပေါ့လေ ... တစ်ချိန်မှာ အောက်ပြည်က ဥဿပဲခူးမင်းဟာ အနော်ရထာမင်းဆီကို လှမ်းပြီး စစ်ကူတောင်းသတဲ့ ... သူ့မှာဗျွန်းသူပုန်တွေနှိမ်နင်းဖို့ အင်အားမမျှဖြစ်နေတဲ့အတွက် အနော်ရထာကစစ်ကူပေးပါလို့ပေါ့၊ အဲ့ဒီတော့ အနော်ရထာမင်းက အေး ... မပူနဲ့ ငါ့ဆီကစစ်သည်လေးသိန်း အင်အားလွှတ်ပေးလိုက်မယ်လို့ ပြောတယ်တဲ့ ... "

"အဲ့ဒီအချိန်မှာ အနော်ရထာရဲ့လက်ထဲမှာ လူစွမ်းကောင်း

လေးဦးရှိတယ် ... လေးလေးမြင့်ရယ်၊ ပြုံးပြုံးရီရယ်၊ ဝင်းဝင်းမော်ရယ်၊ သိဂီမင်းရယ်ဆိုတဲ့ လူစွမ်းကောင်း လေးဦးလေ ... "

"အိုး ... ဘာဆိုင်လဲ"

ဟု ပြိုင်တူပြောကြရင်း ဝိုင်းဝန်းကာ နေဟိန်းကျော်၏ ဟာသကိုရယ်မောကြသည်။

ကိုမြတ်မင်းသည် ကျေနပ်စွာ ပြုံးလိုက်ပါ၏။ ဤပုံ အတိုင်းသာ ဤအဖွဲ့အား နေဟိန်းကျော် သယ်နိုင်လျှင်အဆိုးမှ တွက်ဆပြီး ပြုံးခြင်းမျိုးဖြစ်ပါ၏။

"အလကားပြောတာပါ ... အဲ့ဒီအချိန် အနော်ရထာရဲ့လက် ထဲမှာ ကျန်စစ်သား၊ ငထွေးရှူး၊ လုံးလက်ဖယ်၊ ညောင်ဦး ဖီး ဆိုတဲ့ အမှုတော်ထမ်း လူစွမ်းကောင်းလေးယောက်ရှိ တယ်တဲ့ ... "

ဆက်လည်းပြောသည်။ စီးကရက်ကိုလည်းဖွာ သည်။ ဖွာပြီးသော စီးကရက်မီးခိုးငွေ့များကို ရှေ့မှန်ဆီသို့ အလုံး လိုက် အခဲလိုက်မှုတ်ထုတ်သည်။ မော်တော်ကား သွားနေသော အရှိန်ဖြင့် စီးကရက်ငွေ့များသည် နောက်ပိုင်းရှိလေးလေးမြင့်တို့ထံ လေဝှေ့ကာပျံ့လွင့်လာသည်။ စီးကရက်ငွေ့တွေကို လေးလေးမြင့်





မလွှဲသာမရှောင်သာ ရှူနေရပါ၏။

"အဲ့ဒီလူစွမ်းကောင်း လေးယောက်ကိုပဲ အနော်ရထာက ဥဿာပဲခူးမင်းဆီပို့လိုက်တယ်ဆိုပဲ ... ဥဿာပဲခူးမင်းဟာ အနော်ရထာက စစ်သည်လေးသိန်းအင်အား ပို့မယ်ပြော ထားပြီး လေးယောက်ထဲပို့လိုက်တဲ့အတွက် စိတ်လက်မအီ မသာ ဖြစ်ရသေးဆိုပဲ မလေးလေးမြင့် ... "

လေးလေးမြင့်သည် သူမ၏ လက်ကိုင်ပဝါလေးကို ုတ်ယူကာ နှာသီးဖျား လေရှူပေါက်ထိပ်တွင် လက်ကိုင်ပဝါပိတ် ားမိသည်။ အကြောင်းမူ နေဟိန်းကျော် မှုတ်ထုတ်သော စီးက ုက်ငွေ့များသည် အနီးဆုံးဖြစ်နေသော သူမထံသို့ အများဆုံးရောက် ာကာ ယင်းစီးကရက်ငွေ့ကို ရှူမိရင်း ဦးနှောက်ထဲ၍ မူးတူးတူး ေတေတေဖြစ်လာသောကြောင့်ပင်။

ရန်ကုန်အိမ်တွင် ဖေဖေလည်း ဒူးယားစီးကရက် သောက်ပါ၏။ တစ်ခါတရံ ဖေဖေနှင့် လေတင်လေအောက်မိနေ၍ ဖေဖေ့ထံမှ လွင့်လာသော စီးကရက်ငွေ့များ လေးလေးမြင့်ရှူမိ ာတ်သည်။ ဖေဖေ့ထံမှ စီးကရက်ငွေ့များကို လေးလေးမြင့်သည် အနံ့လှူမွှေးသည်ဟုပင် နှစ်ခြိုက်စိတ်လေးဖြစ်မိတတ်သေးသည်။ ုိယ့်ဖေဖေမို့လားတော့ မပြောတတ်။

ယခု နေဟိန်းကျော်ထံမှ ပျံ့လွင့်လာသော စီးက ရက်ငွေ့နံ့သည် အနံ့တစ်မျိုးကြီးနံသည်ဟု လေးလေးမြင့်ထင်မိ သည်။ ဒူးယားစီးကရက်ချင်းအတူတူ အဘယ့်ကြောင့် ဤစီးကရက် နံ့ကို လေးလေးမြင့် မနှစ်မြို့ဘိသနည်း။ ပုဂ္ဂိုလ်ခင်မှတရားမင်သည် ဆိုသည့်စကားလို နေဟိန်းကျော်အပေါ်တွင် စိတ်ထဲက ခပ်ချဉ်ချဉ် သည်မို့များ သူ့စီးကရက်နံ့ကိုပါ လေးလေးမြင့် မလိုလားမိတာလား မသိ။

"အဲ ... ဒါပေမဲ့ ဂျွန်သူပုန်နဲ့တိုက်ရတဲ့ တကယ့်ပွဲတွေမှာ ကျွန်စစ်သား၊ ငွေရှူး၊ လုံးလက်ဖယ်နဲ့ ညောင်ဦးဖီး သူ့ ကောင်းလေးယောက် ဦးစီးခေါင်းဆောင်လုပ်ပြီး စစ်တိုက် လိုက်တာ ဂျွန်းသူပုန်တွေ အရှုံးကြီးရှုံးသွားတယ်ဆိုပဲ။ အဲ တော့မှ ဥသျှပဲခူးမင်းက အင်း ... ဟုတ်ပေသည် ... မှန်ပါ ပေသည် ... ဤသူရဲကောင်းလေးယောက်သည် စစ်သည် လေးသိန်းအင်းအားနှင့် တူညီလှပါပေသည်ဆိုပြီး နှစ် - ထောင်းအားရဖြစ်တော်မူတယ်ဆိုပဲ"

ဟုတ်လေသလား မဟုတ်လေသလားတော့ မပြော တတ်။ ယခုလက်ရှိအခြေအနေဝယ် ငကန်းထက်ပို၍ ငစွေက တရှ သာသည်တော့အမှန်။





လေးလေးမြင့်တို့အဖွဲ့သည် ရှစ်တန်းအောင်သည့်နှစ် ကစ၍ သိပ္ပံသူခဲ့ရသည်။ ထို့ကြောင့် ရာဇဝင်သမိုင်းတွေ လက်လွှတ် သည်။ ဒေသကောလိပ်ရောက်ပြန်တော့ ကိုယ့်ကိုယ်ကို အထင် ကြီး တခွဲသားနှင့် ဆေးဝန်ဖြစ်နိုးနိုး ဘိုင်အိုယူပြန်သည်။ ဘိုင်အိုပြုတ် ကျသွားသောအခါ မိန်းကလေးတက္ကသိုလ်တွင် ရိုးရိုးသိပ္ပံဘာသာရပ် တွေ ယူလာကြသူချည်းဖြစ်ပါ၏။

ဒီတော့လည်း ပုဂံရာဇဝင်အကြောင်းကို ကျောက် န်းတောင်းသား နေဟိန်းကျော် ပြောပြသည်တို့ပင်လျှင် ဟုတ် ဟုတ်, မဟုတ်ဟုတ် ဟုတ်သည်ဟု ယူဆရတော့မည်။

လေးလေးမြင့်တို့အဖွဲ့က ရာဇဝင်သမိုင်းနှင့် ပတ် သက်၍ ငကန်းတွေဆိုပါလျှင် ဒီနေရာ၌ နေဟိန်းကျော်က ငစွေမ ဟုတ်လား။ ငကန်းထက်တော့ ငစွေကသာစမြဲ၊ ဟုတ်တာမ ဟုတ်တာ နောက်မှကြည့်ရှင်း။ ယခုလောလောဆယ်ဝယ် နေဟိန်း ကျော်ပြောပြသည်တို့မှာ လေးလေးမြင့်တို့ တစ်ဖွဲ့လုံးအတွက် သူရဲ ကောင်းပုံပြင် တစ်ခုခုကို နားထောင်ရသလို ... ကျွန်စစ်သား၊ ငွေရှူး၊ လုံးလက်ဖယ်နှင့် ညောင်ဦးဖီးကို ချီးကျူးမိကြတော့ သည်။

ငယ်ရွယ်သူတွေဆိုတော့လည်း သူ့ရဲကောင်းကို ...

ကြည်ညိုလေးစားသည်ပဲပ။

ပထမဦးစွာ ရောဒ္ဒေိရိပ်သာနှင့်နီးသော ဗူးဘုရားသို့ သွားကြသည်။

လျောင်ဒဏ်ဖြင့် ယိုယွင်းသော စေတီတော်ကို နဂိုမူလပုံစံအတိုင်း ပြန်လည်တည်ထားခြင်းဖြစ်ပေသည်။ ဗူးဘုရားသို့ သွားကြသည်။

လျှောင်ဒဏ်ဖြင့် ယိုယွင်းသွားသော စေတီတော်ကို နဂိုမူလပုံစံအတိုင်း ပြန်လည်တည်ထောင်ထားခြင်း ဖြစ်ပေသည်။ ဗူးဘုရားပရိဝုဏ်အတွင်းဝယ် ယွန်းထည်နှင့်ပတ်သက်သော ပစ္စည်းမျိုးစုံတို့ကို ဈေးတန်းလေးဖွယ် ရောင်းချလျက်ရှိကြသည်။

ရှုခင်းကောင်းသော ... ဧရာဝတီကမ်းပါးမို့ ဓာတ်ပုံဆရာတွေကလည်း ပေါလှသည်။

နေဟိန်းကျော်သည် ဗူးဘုရားသမိုင်းကို အစချီ ပြောရာ၌ လင်္ကာလေးကိုပါရွတ်ပြသေးသည်။

"ဗူးပင်ကိုင်းခက်၊ ညွန့်အတက်၊
နှောင့်ယှက် ပြည်ပဏ္ဏာ။
ပြူစောထီးမင်း၊ ဗူးရင်ခွင်း၊
ပြည်တွင်းလွှန်သာယာ ... "။ တဲ့ မလေးလေးမြင့်၊ ယော





ယျသဘောတွေကတော့ ပြူစောထီးမင်းအကြောင်း ... မလေးလေးမြင့်တို့ ကြားဖူးပြီးသားဖြစ်မှာပါ။ ကျား၊ ရှူးပျံ၊ ဝက်၊ ငှက်ဆိုတဲ့ ရောမတီရှေ့နှက်ကြီးလေးကောင်ကို ပြူစောထီးနှိမ်နင်းခဲ့ရသလို ဗူးပင်ရဲ့ရန်ကိုလည်း ပြူစောထီးနှိမ်နင်းရသေးသတဲ့။ အဲဒီတုန်းက အခု ဗူးဘုရားမြစ်ကမ်းပါးမှာ ပေါက်တဲ့ ဗူးပင်ရဲ့ ဗူးနွယ်တွေဟာ တစ်မြို့လုံးကို ဖုံးထားသတဲ့။ အဲဒီဗူးနွယ်တွေကို နေ့ပိုင်းမှာ ခုတ်ထွင်ရှင်းလင်းလိုက်ရင်း ညကျတော့ ဒီအတိုင်း ဗူးနွယ်တွေပြန်တတ်လာရောတဲ့။ အံ ... ပြူစောထီးမင်း ခုတ်ထွင်းရှင်းလင်းမှပဲ ဗူးမျိုးပြုတ်လေသတဲ့။ ဒါကြောင်း ... ဗူးပင်ပေါက်တဲ့ ဒီနေ ရာကို ဗူးသီးပုံသဏ္ဌာန်စေတီ တည်ထားကိုးကွယ်တာတဲ့"

မိမော်နှင့် မိဂီသည် နေဟိန်းကျော်ပြောသမျှကို ဦးခေါင်းတညိတ်ညိတ်နားထောင်ပြီး ဓာတ်လမ်းဆုံးသည်နှင့် လှစ်ကနဲ နှစ်ယောက်သား ယွန်းထည်ပစ္စည်းဈေးတန်းလေးသို့ ဝင်သွားကြသည်။

ပြီးပြီးရီမှာ နေဟိန်းကျော် ဗူးဘုရားသမိုင်းလက်ာ ရွတ်ကတည်းက ဆရာကိုမြတ်မင်းက လက်ကုတ်ခေါ်သွားသဖြင့် ဗူးဘုရား၏ဟိုမှာဘက် မြစ်ကမ်းနံဘေးသို့ တူယှဉ်တွဲလျှောက်သွား

ကြလေပြီ။

ပြုံးပြုံးရီ၏အနေအထိုင်မှာ တစ်စထက်တစ်စ ရောင်း လာသည်။ သို့ လေးလေးမြင့်ရင်ထဲက မှတ်ချက်ပြုပါ၏။ သို့သော် ဘာတတ်နိုင်မည်နည်း။ ညကျမှ ဈေးရောင်းတွင် ညအိပ်အနားမယူမီ တစ် ခွန်းစနှစ်ခွန်းစ ပြုံးပြုံးရီကို သတိပေးမည်ဟုသာ မှတ်ယူထားရတော့ သည်။

မိမော်နှင့် မိဂီတို့က ယွန်းထည်ပစ္စည်းဈေးတန်း လေးသို့ သွားသောအခါ မအူမလည်နှင့် လေးလေးမြင့်မှာ နေဟိန်း ကျော်နှင့် နှစ်ဦးတည်းကျန်ခဲ့တော့သည်။

ထိုအခိုက်မှာပင် ၁၅ မိနစ် ဓာတ်ပုံအမြန်ဆိုသည့် ဓာတ်ပုံဆရာလူရွယ်တစ်ယောက်သည် အူကြောင်ကြောင်ဖြင့် တွဲရပ် နေသော လေးလေးမြင့်နှင့် နေဟိန်းကျော်၏ပုံကို ဖျတ်ခနဲ ရိုက် လိုက်ပေတော့သည်။

"ဟေ့ ... ဟေ့ ... ဒါမင်းဘာလုပ်တာလဲ"

"ဟာ ... ဆရာတို့စုံတွဲ သိပ်မိတယ်လေဆရာ။ ဆယ်မိနစ် အတွင်း ကျွန်တော်ပုံလှလှလေး ကူပေးမယ်ဆရာ"

"မလိုချင်ဘူး ... မင်းဖလင်လိပ်ပြန်ထုတ်လိုက်"

"ဟာ ... ဆရာ အဲဒီလိုမကျေမနပ် ပြောလေ့ရှိတာဟာ တွဲ





အရိုက်ခံရတဲ့ မိန်းကလေးတွေသာပြောတာပါ။ အခုပုံက ဆရာ့အတွက် ဖလားပါဆရာ"

ဤနေရာ ဤဒေသတွင် ဓာတ်ပုံရိုက်ရင်း အသက် ...ခမ်းကျောင်းပြုနေသော ဓာတ်ပုံဆရာလေးက နေဟိန်းကျော် ...အံ့တသြကြည့်ကာ ပြန်ရှင်းပြနေသည်။

ဟုတ်လည်းဟုတ်ပေသည်။ ဤရှခင်းကောင်း ... ...င်းမျိုးတွင် ပြေလည်သောစုံတွဲဆိုလျှင် ဓာတ်ပုံဆရာအား တ ...ကာပင် ပို့(စ်)ပေးပြီး နှစ်ဦးသားယှဉ်တွဲ အရိုက်ခံလေ့ရှိသည်။

မပြေလည်သေးသောစုံတွဲဆိုလျှင် ဓာတ်ပုံဆရာက ...င်းပါးစွာ ယခုရိုက်သလို လှစ်ခနဲ၊ ဖျတ်ခနဲ တူယှဉ်တွဲပုံကို ...ရိုက်လိုက်သည်။

ဒါဆိုလျှင် ဟိုတုန်းက ... တွေ့ခဲ့ရသလောက် ...တွေ့ အကြိုအားလုံးတွင် မိန်းကလေးဖြစ်သူက ... ဟင့်အင်းဟု ...င်းငြင်းဆန်ပြီး ယောကျ်ားလေးဖြစ်သူက တဟဲဟဲသဘောကျ ... ဓာတ်ပုံဆရာ၏တန်ဖိုးကို နဂိုတန်ကြေးထက်ပင် ဘောက်ဆူး ...ဘာတွေပေးကာ ရွေးယူလေ့ရှိခဲ့ကြဖူးသည်။

ဓာတ်ပုံဆရာယူလိုက်သည်က ဤအကွက်။

ဂျစ်ကားပေါ်မှ(၆)ယောက်ဆင်းလာသည်။ ဗိုလ်တစ်

ယောက်နှင့် မ,တစ်ယောက် (ဆရာကိုမြတ်မင်းနှင့် ပြုံးပြုံးရိတို့
ဖူးဘုရားမြစ်ကမ်းပါးရှိရာသို့ ထွက်ခွာသွားကြသည်။

ကျန်ခဲ့သည်မှာ နေဟိန်းကျော် အမျိုးသမီးတစ်
နှင့် လေးလေးမြင့်၊ ဝင်းဝင်းမော်၊ သီဂီမင်း လေးဦးကျန်ခဲ့သည်
နေဟိန်းကျော်က လက်ဘဝေ့ရှုတ်ပြီး ဖူးဘုရားသမိုင်းကိုပြော
တွင် လေးလေးမြင့်ကိုသာ ဦးတည်ချက်ထား၍ ပြောဆိုနေမှု
ဘေးတွင်ချောင်းနေသော ဓာတ်ပုံဆရာက အကဲခတ်မိသည်
စကားဆုံးသည်နှင့် ဝင်းဝင်းမော်နှင့် သီဂီမင်းက ယွန်းထည်ပစ္စည်
ဈေးတန်းဘက်သို့ ထွက်သွားကြသည်။

ဒါကိုပင် အကွက်ဟုယူဆကာ ဓာတ်ပုံဆရာက နေ
ဟိန်းကျော်နှင့် လေးလေးမြင့်တို့စုံတွဲကို ဖျတ်ခနဲ ရိုက်လိုက်ခြင်း
ပေသည်။

ကဲ ... စိတ်ဆိုးစရာရှိလျှင် လေးလေးမြင့်က စိတ်ဆိုး
ရန်ဖြစ်သော်လည်း ယခုတော့ လေးလေးမြင့်က ဘာမျှဟန့်မတား
နိုင်မီအတွင်းမှာပင် နေဟိန်းကျော် ဒေါသကြီးလေပြီ။

"ဖလင်ထုတ်ပေး"ဟု နေဟိန်းကျော်၏ ဖွတ်ပြော
ကို ဓာတ်ပုံဆရာသည် မျက်နှာငယ်လေးနှင့် ငြင်းဆန်ပေသည်။

"ဟာ ... ဆရာ ဒီဖလင်ထဲမှာ (၃၆)ပုံတောင်ပါတာ ဆရာ





ရှေ့မှာ ရိုက်ပြီးသားတွေရော နောက်မှာမရိုက်ရသေးတာ
ရော"

"မလိုချင်ဘူး၊ ထုတ်ဆိုထုတ်ကွာ၊ အဲဒီဖလင်တစ်လိပ်လုံး
ငါ့လက်ထဲအပ်"

"ဆောရီးပဲဆရာ"

နေဟိန်းကျော်သည် ဓာတ်ပုံဆရာ၏ လည်ကုပ်ကို
ဖမ်းဆွဲလိုက်သည်။ ဘာမပြောညာမပြော လက်သီးနှင့် ဓာတ်ပုံဆရာ
ကိုထိုးတော့သည်။

အို ... ဟယ် ... စသည့် ဘေးပတ်ဝန်းကျင်ရှိ အမျိုး
သမီးတွေထံမှ အသံထွက်လာသည်။

နေဟိန်းကျော်၏ အမှားပင်။ ဒီပြင် ဓာတ်ပုံဆရာ
တွေရော အနီးအနားမှာ မကောင်းရာမကောင်းကြောင်း ရှိပုံရသောလူတွေ
ရော အခြားလူသုံးဦးသည် ပြေးဝင်လာသည်။ ဤနေရာသည် ဓာတ်
ပုံဆရာ၏ စားကျက်နေရာမဟုတ်ပါလား။

လေးယောက်နှင့်တစ်ယောက် နေဟိန်းကျော်ချဲရ
တော့သည်။ နေဟိန်းကျော်က ခုခံသတ်ပုတ်ပါ၏။

လေးလေးမြင့်သည် ထိုနေရာမှ အပြေးထွက်လာ
ကာ ဆရာကိုမြတ်မင်းကို သွားခေါ်သည်။

အူယားဖားယားနှင့် ဆရာကိုမြတ်မင်း ပြေးလာသောအချိန်တွင် နေဟိန်းကျော်ခံနေရပြီ။ သုံးယောက်က နေဟိန်းကျော်ကို ချုပ်ကိုင်ပေးထားသည်။ ပထမဆုံး အထိုးခံရသော ဓာတ‌ပုံဆရာက နေဟိန်းကျော်အား သယ်နေခြင်းတော့၏။

"ဟေး … ဟေး … နေကြဦး … ဒီကိစ္စကို ကိုယ်ရှင်းပါရစေ"

လေးလေးမြင့်ပြောပြသဖြင့် ဆရာကိုမြတ်မင်းမှာ အကျိုးအကြောင်းသိပြီးသားဖြစ်ပါ၏။

"မောင်ရင်တို့ဖလင်ကို အမှောင်ခန်းမှာ သွားထုတ်ကွာ။ ခုရိုက်နေတဲ့ပုံကို နဂေးတစ်(ဗ်)ကူးပြီး ကိုယ့်ကိုပြန်ပေး။ အဲဒီအတွက် ကုန်ကျစရိတ် ကိုယ်ခံမယ်။ အမိက,ကတော့ ကိုယ့်သူငယ်ချင်းက သူ့ကိုဓာတ်ပုံရိုက်တာမကြိုက်လို့ပဲ။ ဘယ့်နှယ့်လဲ … "

ဘေးတွင်ရှိနေကြသော လူကြီးတွေကလည်း ဆရာကိုမြတ်မင်းပြောသည်မှာ ကျေနပ်ဖွယ်ရှိကြောင်းဖြင့် ဖြန်ဖြေပေးရာ လူငယ်သုံးယောက်သည်ချုပ်ထားသော နေဟိန်းကျော်အား လွှတ်ပေးလိုက်တော့သည်။

"အစကတည်းက အဲဒီလို ပြေပြေလည်လည်နဲ့ ငါဓာတ်ပုံ





အရိုက်မခံဘူး။ ငါ့ပုံပါတဲ့နဂေးတစ်(ဗ်)ပြန်ပေးဆိုလည်း ကျွန်တော်တို့က ပေးမှာပါဆရာ။ ကျွန်တော်ကိုယ်တိုင်က ခွင့်ပြုချက်မရှိပဲ မျက်နှာရမလားလို့ ရိုက်မိတာကိုး။ ခုတော့ ဖလင်တစ်လိပ်လုံးပေးရမယ်ဆိုတာ … ဘယ်ဖြစ်နိုင်မလဲ။ နောက်ပြီး သူကစပြီး ကျွန်တော့်လည်ကုတ်ကိုဆွဲပြီး မျက်နှာထိုးတာ"

ဓာတ်ပုံဆရာသည် ကိုမြတ်မင်းအား အသေးစိတ်ပင် ရှင်းပြနေပေသည်။

လေးလေးမြင့်က … ဘေးမှနားထောင်ရင်း ဓာတ်ပုံဆရာပြောသမျှကို ခေါင်းညိတ်ထောက်ခံမိပါ၏။ တဆက်တည်းမှာပင် လေးလေးမြင့်က တအံ့တသြလေးတစ်ခုကို တွေးလိုက်မိပြန်သည်။ နှစ်ယောက်တွဲရိုက်ရာတွင် မကျေနပ်စရာဆို၍ လေးလေးမြင့်ကသာ … ပြင်းပြင်းထန်ထန် မကျေနပ်စရာကောင်းသည်။ လေးလေးမြင့်ကိုယ်တိုင်လည်း နေဟိန်းကျော်နှင့်တွဲရိုက်သည်ကို မကျေနပ်ရိုးအမှန်။ သို့သော် လေးလေးမြင့်က ဘယ်လိုမှမဟန့်တားရသေးမီ နေဟိန်းကျော်က ဓာတ်ပုံအရိုက်မခံဟု သည်းသည်းခါခါငြင်းဆန်ရုံမက ဒေါသတကြီး အဘယ့်ကြောင့်ဖြစ်ရသနည်း။ အကဲခတ်မိသလောက် နေဟိန်းကျော်သည် လေးလေးမြင့်ကို တအား

ရှိတ်နေသူဖြစ်သည်။

တစ်ခုပဲစဉ်းစား၍ရသည်။ နေဟိန်းကျော်သည် ... အကြောင်းတစ်ခုခုကြောင့် ဓာတ်ပုံအရိုက်မခံခြင်းသာလျှင် ဖြစ်ချိမ့်မည်။

လေးဆယ့်ငါးမိနစ် အတွင်းမှာပင် ဓာတ်ပုံဆရာက ဆေးပြီးသား နဂေးတစ်(မ်)ကို ဆရာကိုမြတ်မင်းလက်သို့ လာအပ်သည်။ ဆရာကိုမြတ်မင်းက ဓာတ်ပုံဆရာအား ငွေနှစ်ဆယ်ထုတ်ပေးလိုက်ခြင်းဖြင့် အားလုံးကျေအေးသွားပေသည်။

ဂျစ်ကားရပ်ထားရာဆီသို့ ပြန်လာကြသည်။ သူ၏ကားဒက်(ရှ်)ဘုတ်အိတ်လေးထဲသို့ လက်နှိုက်ရှာဖွေပြီး ...

"ဟာ ... ကိုမြတ်မင်း ... ဒီးဒက်(ရှ်)ဘုတ်ထဲမှာ ထည့်ထားတဲ့ ဒူးယားဗူး မရှိတော့ဘူးဗျ"

"ဟေ ... "ဟု ကိုမြတ်မင်းကလည်း အလန့်တကြား အာမေဋိတ်သံထွက်ရင်း ပတ်ဝန်းကျင် ဟိုဟိုဒီဒီသို့ နှစ်ယောက်စလုံးလိုက်လံအကဲခတ်သလိုအကဲခတ်သလို ကြည့်ကြသည်။

ဖောက်ပြီးသား သောက်ပြီးသား ဒူးယားစီးကရက်ပျောက်ရှုံမှုနှင့် နှစ်ယောက်စလုံး အဘယ့်ကြောင့် ဤမျှပျာပျာသလဲဖြစ်ရပေသနည်းဟု လေးလေးရော၊ ပြုံးပြုံးရော၊ မီကီနှင့် မိမော်ရော





အံ့သြမိသေးသည်။

ကိုမြတ်မင်းက မနီးမဝေးတွင် ဆော့ကစားနေသော စုတ်တီးစုတ်ဖတ် ချာတိတ်ကလေးသုံးဦးကို လှမ်းကြည့်သည်။

"ဟိုချာတိတ်တွေ လက်ချက်ဖြစ်မှာပေါ့ နေဟိန်းကျော်။ ကဲပါကွာ ... နောက်တစ်ဗူး ထပ်ထုတ်သောက်ပေါ့။ ဂျစ်ကားဆိုတာက တံခါးမရှိသော့မရှိဆိုတော့လည်း ချာတိတ်တွေလွယ်လွယ်နှိုက်သွားတာဖြစ်မှာပေါ့"

နေဟိန်းကျော်သည် အိပ်ထဲမှ ဒူးယားသစ်တစ်ဗူး ထပ်ထုတ်ပြန်သည်။

အနီးကပ်မို့ လေးလေးမြင့်က နေဟိန်းကျော်၏ ဒူးယားဗူးသစ်ကို အလိုလိုပင် မြင်တွေ့နေရသည်။ ဒူးယားသစ်သာပြောရသည် ဖောက်ပြီးသားကြီးဖြစ်နေပါ၏။ ဒူးယားဗူးသစ်ကို ... ဖောက်ပြီဆိုလျှင် ထိပ်ပိုင်းတွင်ပတ်ထားသော ကြိုးနီစလေးကို တစ်ပတ်လည်ဆွဲထုတ်ပြီးမှ ဖွင့်ရကြောင်း လေးလေးမြင့်က မြင်ဖူးထားပေသည်။

ယခု နေဟိန်းကျော်၏ ဗူးသစ်မှာ အဘယ့်ကြောင့် ဖောက်ပြီးသားကြီးဖြစ်နေဘိသနည်း။

ဂျစ်ကားဖြင့် ဘုရားတွေဆက်ဖူးကြသည်။ မဟာဗောဓိ၊ ကန်တော့ပလ္လင်၊ ရွှေဂူကြီး၊ သဗ္ဗညုတို့ဖြစ်ပါ၏။

ဘုရားတွေရောက်တိုင်း နေဟိန်းကျော်က ဘုရား၏ဖြစ်စဉ် သမိုင်းတွေကို လက်ကမ်းပုဒ်လေးတွေရွတ်ကာ ပြောပြသည်ပဲဖြစ်သည်။

သဗ္ဗညုသည် လိုဏ်ဂူဘုရားဖြစ်ပါ၏။ လှေကားဆင့်လေးတွေတက်ပြီး ဘုရား၏ ပစ္စယံအဆင့်ဆင့်သို့ ရောက်သွားပေသည်။

ဤမှာပင် ဆရာကိုမြတ်မင်းသည် ပြုံးပြုံးရီကို လှေကားတက်နိုင်အောင်ဆိုပြီး လက်ဆွဲတက်ကြသည်။ ပစ္စယံတဆင့်အရောက်တွင် ပြုံးပြုံးရီနှင့် ဆရာကိုမြတ်မင်းတို့ကို မတွေ့ရပေတော့။ လူစုကွဲသွားကြသည်။

အားလုံး ဘုရားခြေတော်ရင်းသို့ ပြန်ဆင်းလာသောအခါ ဆရာကိုမြတ်မင်းနှင့် ပြုံးပြုံးရီသည် ဂျစ်ကားဘေးတွင်ရပ်လျက်သား ရှိနေကြပေပြီ။

ပြုံးပြုံးရီက ဆရာကိုမြတ်မင်းနှင့် စကားပြောရင်းမျက်စောင်းထိုးလိုက် ... ဆရာကိုမြတ်မင်း၏ ကျောပြင်ကို ထုလိုက်ဗိုက်ခေါက်ကို ဆွဲလိမ်လိုက်နှင့် တကယ့်ရင်းနှီးသွားသော သမီးရည်





စားအသွင်သို့ ရောက်နေပေပြီ။

ဘုရားလေးငါးဆူဖူးပြီးသည်နှင့် နေ့ခင်းမွန်းတည့်ချိန်ရောက်ပေပြီ။

"တို့များ ရေကို ပြန်ပြီးနားကြစို့"

"ထီးလိုမင်းလိုဘုရားကို ဖူးကြဦးစို့လေ၊ အဲဒါပြီးတော့ ပြန်ကြတာပေါ့"

ထီးလိုမင်းလိုဘုရားဆီသို့ ဂျစ်ကားကို ဆက်မောင်းခဲ့သည်။

ထီးလိုမင်းလိုလိုဏ်ဂူတော် စေတီတော်ကြီး၏ ပရိဂုဏ်ထဲသို့ ဝင်လိုက်သည်နှင့် မြင်ကွင်းနှစ်ခုကို ထင်းကနဲ တွေ့ရပေတော့သည်။

ပထမမြင်ကွင်းမှာ အုတ်နံရံတစ်ခုကို ကျောကျနနမှီပြီးစံဦးထုပ်စိမ်းနုဖူးအုပ်ကာ မော်တော်ဆိုင်ကယ်ဘေးထောင်ပြီး အိပ်နေသော ကိုဂျိုကာပင်ဖြစ်တော့သည်။ တရုပ်တံခါးတွင် အိပ်နေသော ပုံစံအတိုင်းဖြစ်ပါ၏။

"ဟော ..."

ကိုဂျိုကာကိုတွေ့သည်နှင့် လေးလေးမြင့်ကပင် ... ဟော'ဟု အသံလေးထွက်သွားအောင် အော်လိုက်မိသည်။

ဘာကြောင့်မှန်းတော့ မသိ။ လေးလေးမြင့်စိတ်ထဲတွင် ကိုဂျိုကာကို တွေ့လိုက်တိုင်း ရင်ခုန်သွားသည်ချည်းဖြစ်သည်။ ကိုဂျိုကာနှင့် လူချင်းစကားမပြောဘူးစေကာမူ စာရွက်ပြာလေးနှင့် ကိုဂျိုကာ၏ သတိပေးစာတန်းလေးကို လေးလေးမြင့် ရင်ထဲတွင် အမှတ်တရရှိနေပါသည်။

ကျောက်ပန်းတောင်း ဦးပါလေး ထမင်းဆိုင်ထဲတုံးက ဂျိုကာ ဖဲချပ်လေးကို လေးလေးမြင့်အားထောင်ပြရင်း သူ၏နေမျက်မှန်မဲ မျက်လုံးတို့ဖြင့် လေးလေးမြင့်ကို စူးစိုက်ကြည့်သည်တို့ကို လေးလေးမြင့်ရင်ထဲ၌ မကြာခဏမြင်ခဲ့မိနေသည်။

သူသည် အမြင်အားဖြင့် အရိုင်းကောင်တစ်ကောင်၏ အသွင်ကိုဆောင်နေသော်လည်း သူ၏အပြုအမူ အလှုပ်အရှားတို့သည် အေးဆေးတည်ငြိမ်စွာ နေတတ်မှုကို ဖော်ပြလျှက်ရှိသည်ဟု လေးလေးမြင့်ထင်မိသည်။

ယခုလည်း သူသည် တရုပါတံခါးထိပ်တုံးက ပုံစံအတိုင်း ဗိုသီဗတ်သီ ဖို့ယို့ဖားယားနှင့် ထီးလိုမင်းလိုစေတီတော်မြတ်ကြီး၏ အုတ်နံ့ကိုမှီကာ အိပ်နေပြန်လေပြီ။

ဆရာကိုမြတ်မင်းနှင့် နေဟိန်းကျော်တို့ကလည်း ကိုဂျိုကာကိုမြင်သည်နှင့် တစ်ယောက်ကိုတယောက် လှည့်ကြည့်





ကာ အဓိပ္ပာယ်ပါစွာ ပြုံးလိုက်ကြသည်

ကိုဂျိုကာ၏ဘေးတွင် အသက်အစိတ်ဝန်းကျင်ခန့်ရှိသော လူလေးယောက်ရှိနေသည်။ သူတို့လေးယောက်တွင် ဂျစ်ကားတစ်စီးပါရှိပါ၏။ ဂျစ်ကားပေါ်မှ လူရွယ်တစ်ဦးက ဂစ်တာတစ်လက်တီးပြီး ကျန်သောသုံးဦးက သံသေးသံကြောင်တို့ဖြင့် သီချင်းဟစ်ဆိုနေကြသည်။

အနားကပ်၍ ဆူညံသည်ကြားကပင် ကိုဂျိုကာသည် တုတ်တုတ်မျှမလှုပ်ပဲ အိပ်နေပါ၏။

နေဟိန်းကျော်နှင့် ကိုမြတ်မင်းတို့ ဂျစ်ကားထိုးရပ်သည်နှင့် လေးယောက်ဂစ်တာအဖွဲ့သည် ဆိုခြင်း၊ တီးခြင်းတွေကို ရပ်လိုက်သည်။

သူတို့လေးယောက်စလုံး ... နေဟိန်းကျော်နှင့် ကိုမြတ်မင်းရှိရာသို့ လှမ်းကြည့်သည်။

နေဟိန်းကျော်ကလည်း သူတို့လေးယောက်ကို လှမ်းကြည့်ပါ၏။

ထို့နောက်တော့လေးလေးမြင့်တို့တစ်ဖွဲ့လုံးဂျစ်ကားပေါ်မှ ဆင်းကြသည်။

ထိုစဉ်မှာပင် ပြဿနာတစ်ခုသည် ဖြစ်ပေါ်လာ

တော့၏။ ပြဿနာကို ဂစ်တာတီးအဖွဲ့ထဲမှ လူရွယ်တစ်ဦးက စတင်လိုက်ခြင်းဖြစ်ပေသည်။

"ဟေ့ ... ဟေ့ မင်းတို့ကြည့်ထားကြ၊ ငါမော်တော်ဆိုင်ကယ်စီးပြမယ်ကွ"

"အလကားပါ၊ မင်း ဆိုင်ကယ်မစီးတတ်ပါဘူး"

ကျန်သုံးယောက်က မြှောက်ပင့်ပေးသော စကားဆိုလိုက်သည်။

"ကြည့်ကြပေါ့ကွာ ... "

ထိုလူရွယ်သည် ကိုဂျိုကာ၏ ဘေးတွင်ထောင်ထားသော ဟွန်းဒါးမော်တော်ဆိုင်ကယ်ကို ဘာမပြောညာမပြော တက်ခွလိုက်သည်။

သို့သော် အဘယ်မှာလျှင် စက်နှိုး၍ရမည်နည်း။ သော့ကို ကိုဂျိုကာက တန်းလန်းထားခဲ့သည် မဟုတ်။

ဆိုင်ကယ်ကို တက်ခွသော လူရွယ်သည် အရပ်အနည်းငယ်ပု၍ ဗလသေးသည်။ ဆိုင်ကယ်ကို ခွရာတွင် ဟိုဘက်သည်ဘက် ခြေထောက် မမှီတမှီရှိနေသည်။ ဒီကြားထဲတွင် လူရွယ်သည် တစ်ဖက်စောင်း ထောက်ထားသော ဆိုင်ကယ်ဒေါက်ကို ဖြုတ်တင်လိုက်သေးသည်။





သော့မရှိ၍ စက်မနှိုးသော မော်တော်ဆိုင်ကယ်ကို လူရွယ်ကခွလည်းခွ၊ ပါးစပ်မှလည်း ဆိုင်ကယ်တကယ် စီးနေသူပမာ ဘွတ် ... ဘွတ် ... ဘွတ် နှင့် အော်မြည်ရင်း ခန္ဓာကိုယ်ကလည်း ဆိုင်ကယ် တကယ်ပြေးနေသဖြင့် အထက်အောက် နိမ့်တုံမြင့်တုံ ဖြစ်နေသည့်အတိုင်း ဖင်ကြွလိုက်၊ အောက်ထိုင်ချလိုက် လုပ်ပြနေပေသည်။

ကျန်သော သူငယ်ချင်း သုံးယောက်က သူ၏ဟာသကို နှစ်ခြိုက်သဘောကျစွာ တဟားဟားရယ်မောနေတော့သည်။

ကိုဂျိုကာသည် သူ၏စစ်ဦးထုပ်ကို လက်ညှိုးလေး တစ်ချောင်းတည်းဖြင့် ပင့်တင်လိုက်သည်။ ကျောမှီမပျက်၊ ဒူးထောင်မပျက် ပုံစံဖြင့် နေကာမျက်မှန်အတွင်းမှ သူ၏မော်တော်ဆိုင်ကယ်ကို ဆော့ချင်တိုင်းဆော့နေသူထံသို့ မော့ကြည့်လိုက်သည်။

ဘာကြောင့်မှန်းမသိ၏

နေဟိန်းကျော်နှင့် ကိုမြတ်မင်းတို့ကိုယ်တိုင် ထီးလိုမင်းလို ဘုရားကြီး၏ လိုဏ်ထဲသို့ မဝင်နိုင်သေးပဲ ထို ဂစ်တာလူရွယ်အဖွဲ့နှင့် ကိုဂျိုကာတို့ အခြေအနေကို စောင့်ကြည့်သလို မိုးတိုးမတ်တတ်ရပ်နေကြသည်။

ဆရာကိုမြတ်မင်းနှင့် နေဟိန်းကျော်တို့ ရပ်နေ
တော့ လေးလေးမြင့်တို့ တစ်ဖွဲ့လုံးမှာလည်း ရပ်စောင့်ကြည့်နေ
ပေတော့သည်သာ။

ကိုဂျိုကာသည် ပျင်းရိပျင်းတွဲ ပုံသဏ္ဌာန်ဖြင့် နေရာ
မှထလိုက်သည်။ ထိုနောက် သူသည် ပတ်ဝန်းကျင်ကို တစ်ချက်မျှ
ဝေ့ဝိုက်မကြည့်သေးပဲ သူ၏မော်တော်ဆိုင်ကယ်ကို ခွ၍ကမြင်း
ကြောထနေသူထံသို့ ဖြေးလေးစွာပင် လျှောက်သွားသည်။ ဟိုဟာ
မှာ ခွလျက်သားကြီးပင်။

"ခင်ဗျားမော်တော်ဆိုင်ကယ်သိပ်စီးချင်နေပုံရတယ် ... ဒါ
စီးပေတော့"

ကိုဂျိုကာသည် ဆိုင်ကယ်၏ သော့တံပေါက်ထဲသို့
သော့တစ်ချောင်း ထိုးသွင်းလိုက်သည်။ ထိုလူရွယ်မှာ ဆိုင်ကယ်
ပေါ်တွင် ခွလျက်သားကြီးပုံစံနှင့်ဖြစ်ပါ၏။

ကိုဂျိုကာက ဆိုက်ကယ်ကို Kick ခေါ် ခြေကန်၍
ဆောင့်နှင့်ပင် မနှိုးစေတော့ပဲ စတတ်တာမော်တော်၏ ခလုတ်ခုံ
ကို နှိပ်ကာနှိုးလိုက်သည်။

ပြီး ... သူကိုယ်တိုင်ပင် ကလပ်(ရှ်)ကို လှမ်းဆွဲကာ
ဂီယာသွင်းပေးပြီး ...





"ကဲ ... သွားပေတော့"

ဟု လွှတ်ပေးလိုက်သည်။

"ဟေး ... ဟေး ... ငါမစီးတတ်ဘူးကွ"

လူရွယ်သည် အော်ဟစ်ရင်း ယိုင်တိယိုင်ထိုးဖြင့်
ဆိုင်ကယ်ဆွဲရာနောက်သို့ ပါသွားတော့သည်။ မော်တော်ဆိုင်ကယ်
ဆိုသည်မှာ အလွန်လေးလံသော ပစ္စည်းတစ်ခုဖြစ်ပါ၏။ စီးတတ်
သူအဖို့ လွယ်လွယ်လေး ဘီးလိမ့်စေကာမူ မစီးတတ်သူအဖို့ ဘီးနှစ်
ဘီးပေါ်တွင် ရပ်တည်နိုင်ရန် ခက်ခဲလှသည်။

မကြာလိုက်ပါပေ။ ပေသုံးဆယ်ခန့် လိမ့်ပြီးနောက်
ဝုန်းခနဲ လဲတော့သည်။ ဆိုင်ကယ်လဲပြီဆိုလျှင် ဆိုင်ကယ်လည်းနာ၊
လူလည်းနာတော့သည်သာ။

"ဟော့ကောင် ... မင်း ဒါဘာလုပ်တာလဲ"

ကျန်လူရွယ်သုံးဦးသည် ကိုဂျိုကာကိုဖိုခနောက်ဆိုင်
ဆိုင်းလိုက်သည်။ ရှေ့တည့်တည့်မှ ခေါင်းဆောင်ဖြစ်ဟန်တူသူက
ဒေါသတကြီး မေးမြန်းလိုက်ခြင်းဖြစ်သည်။

"သူ ... ဆိုင်ကယ်စီးချင်နေတယ်လေ၊ ဒါကြောင့် ... ပေးစီး
လိုက်တာပဲ၊ သူမစီးတတ်တော့ လဲတာပေါ့"

"ဒါ ... မင်း ... တို့ကို သက်သက် မထီလေးစားလုပ်တာ"

ကိုဂျိုကာက ပြုံးလိုက်သည်။

"ကဲပါလေ ... ခင်ဗျားတို့အဖွဲ့က ကျုပ်တို့ ချချင်နေတယ် မှတ်လား ... ဟို ဂျစ်ကားအလာကို တမင်စောင့်နေပြီး ဂျစ်ကားရောက်လာတာနဲ့ ကျုပ်ဆိုင်ကယ်ကို အတင်း တက်ခွရန်စလိုက်တာပဲ မှတ်လား၊ ကဲ ... ဝင်လေ၊ ဘယ်သူ အရင်ဝင်မလဲ"

ဘယ်သူအရင်ဝင်သည်မျိုးမဟုတ်၊ သုံးယောက်စလုံး တပြိုင်တည်း ဝင်လာခြင်းမျိုးဖြစ်တော့သည်။

သုံးယောက်စလုံး ဖိုခနောက်ဆိုင်မှ ဝင်ရောက်လာသော ... လက်သီးတွေ၊ လက်ဝါးစောင်းတွေကို ကိုဂျိုကာက အနားခံပြီး အဝင်ခံပေးသည်။ သူတို့သုံးယောက်သလုံး ပူလာလေမှ ကိုဂျိုကာသည် လှစ်ကနဲဘေးသို့ခုန်ထွက်လိုက်သည်။ ထွက်လာသည်နှင့် နီးရာပထမဆုံးလူကို သူ၏ခြေတစ်ဘက်ဖြင့်မြားဦးစိုက် အရှိန်နှင့် ဆီးစပ်သို့ကန်ထည့်လိုက်သည်။

"အား ..."

ထိုအကန်ခံရသူမှာ ဆီးခုံကို လက်ဝါးနှစ်ဘက်အုပ်ကာ ကုန်းကုန်းကွကွကြီးဖြစ်နေစဉ် ကိုဂျိုကာ၏ လက်ဝါးစောင်းက ကုန်းကွကွ၏ ကုပ်သို့ခုတ်ချလိုက်သည်။





ခွေကနဲ လဲကျသွားပါ၏။

လတ်တလော နှစ်ယောက်သာကျန်တော့သည်။ ကိုဂျိုကာမမှုတော့။ အများနှင့်တစ်ယောက်သတ်ပုတ်ဆဲတွင် ရှေ့ရန်နှင့် ဘေးရန်ကို ကိုဂျိုကာမကြောင်။ နောက်ရန်ကိုသာ ကိုဂျိုကာ ကြောက်သည်။

ထို့နောက်တော့ ကိုဂျိုကာသည် ဝါးလုံးထိုးဝင်၍ သူကပင် ခုခံကွက်မှပြောင်းကာ တိုက်ကွက်ဝင်တော့သည်။

နှစ်ယောက်နှင့်တစ်ယောက် လုံးထွေးသွားသည်။ ကိုဂျိုကာ၏တိုက်ကွက်မှာ ကျွဲရိုင်းတစ်ကောင်ကဲ့သို့ ရှိနေပါ၏။ ခွန်အားနှင့် ဗလကိုလည်းသုံးသည်။ ပညာကိုလည်းသုံးသည်။ လျှင်မြန်သွက်လက်မှုလည်းပါရှိသည်။ ဂျိုဖြင့်လည်းဝှေ့သည်။ နောက်ခြေဖြင့်လည်းကန်သည်။ ခွန်အားနှင့်လည်းဖိနေသည့် ကျွဲတစ်ကောင် ... အသွင်။

ဘယ်လိုကဘယ်လို ... လုပ်ပြန်သည်မသိ။ သူတို့နှစ်ယောက်ထဲမှ တစ်ယောက်သည် ချာလပတ်လည်သွားသည်။ ချာလပတ်အလည်အရပ်တွင် ငေါင်းငေါင်းကြီး တခဏ ကြောင်တောင်တောင်မတ်တပ်ကြီး ရပ်နေသေးသည်။ ပြီးမှ ဖြည်းညှင်းစွာ ခွေတိခွေခေါက်ဖြင့် လဲကျသွားတော့သည်။

တစ်ယောက်တည်း ကျန်ပါတော့၏။ ယင်းတစ်ယောက်သည် သူတို့လေးဦးထဲတွင် ခေါင်းဆောင်ဖြစ်နေဟန်တူသည်။ ခုနက ... ကိုဂျိုကာအား ဒေါ်နှင့်မောနှင့် ပြောခဲ့သူဖြစ်သည်။

ခေါင်းဆောင်လည်း တကယ်တန်း လက်ရည်မတူမှန်းသိသောအခါ ကိုဂျိုကာကို ကြောင်လန့်လာပုံရသည်။ ဆိုင်ကယ်နှင့်အတူ လဲသွားခဲ့သော သူ့အဖော်အား လှမ်းကြည့်သည်။

ကိုဂျိုကာကလည်း လူပါ၊ သူကိုယ်တိုင်လည်း ဆိုင်ကယ်နှင့်လူဆီသို့ တစ်ချက်ငေ့ကြည့်လိုက်သည်။

ဆိုင်ကယ်နှင့်လူသည် မတ်တတ်ရပ်နိုင်ပေပြီ။ သို့တစေ ရန်ပွဲရှိရာနှင့် ပေသုံးဆယ်အကွာမှာပင် သူရှိနေပါသေး၏။

"ဖျောက်"

ခေါင်းဆောင်လူက လတ်တလော တစ်ယောက်ချင်းပွဲတွင် လတ်တလော တစ်ယောက်ချင်းပွဲတွင် လက်နက်သုံးလေပြီ။ သူ၏အိတ်ထဲမှ မောင်းပြန်ဓားတစ်ချောင်းကို ထုတ်ယူကာ ဖျောက်ကနဲ ခလုတ်ဖွင့်လိုက်သည်။

သို့တစေ အရမ်းမဝင်ပေ ... ။ တစ်ယောက်နှင့်တစ်ယောက် လစ်ကွက်ချောင်းရင်း ငေ့ပတနေကြသည်။

ကိုဂျိုကာသည် သူ၏ဂျင်းအင်္ကျီ ကြယ်သီးတွေဖြုတ်





ာ အင်္ကျီချွတ်လိုက်သည်။ အင်္ကျီကို ကော်လာမှဆုပ်ကိုင်ကာ လေ ွင့်ပတ်လည်မွှေ၍ ဓားသမားဆီ တိုးဝင်သွားတော့သည်။ ထို့ နောက် အင်္ကျီစဖြင့် ဓားသမား၏မျက်နှာကို ဖျန်းခနဲ ဖျန်းခနဲ ငွေ့ရိုက်တော့သည်။

လက်တံကလည်းရှည်သည်။ လက်တံများတွင် ... အင်္ကျီစကလည်း သုံးပေခန့် ဆန့်ထွက်နေသည်။ ဓားဆိုသည်က ူချင်းပူမိမှ ထိုးနိုင်သောပစ္စည်းဖြစ်သည်။

ထိုရောအခါ မျက်နှာကို ဂျင်းအင်္ကျီစဖြင့် တဖျန်း ျန်းအရိုက်ခံနေရစေကာမူ ကိုဂျိုကာ၏ ... ဗိုက်ကိုသော်လည်း ကောင်း၊ ရင်ဘက်ကိုသော်လည်းကောင်း ဓားသမားမှာ ထိုးခွင့်မရ နိုင်ပဲ ရှိနေသည်။

ခုခေတ် လူငယ်ဝတ် ဂျင်းဆိုသည်မှာ ကြယ်သီးတွေ ကလည်း များလှသည်။ များလှသော ယင်းကြယ်သီးတွေကလည်း သေးသေးကွေးကွေးမဟုတ်။ ငါးမူးစေ့ဝိုင်းခန့်တွေဖြစ်သည်။ ပြီး ဂျင်းအင်္ကျီစဆိုသည်ကပင် ထူထည်းသောဖျဉ်ကြမ်းတစ်မျိုးမို့ ဆက် တိုက်ကြီးအင်္ကျီစတွေ၊ ကြယ်သီးတွေဖြင့်အရိုက်ခံရသော ဓားသမား မှာ နာကျင်မှု မရှိပါဘူးဆိုသည့် တိုင်အောင် စပ်ဖျဉ်းဖျဉ်းဝေဒနာ တစ်မျိုး မျက်နှာတွင်ခံစားရသည်။ ထို့ထက်မှာမူမျက်လုံးကို တဖက်

ဖက်အရိုက်ခံရလေတိုင်း မျက်လုံးမှာ ကျိမ်းစပ်စပ်ဖြစ်လာကာ မျက်ရည်ပူများ ထွက်လာပြီး ဝိုးတဝါးမြင်ကွင်းတွေ ဖြစ်လာသည်။ ဆင်ကောင်ကြီးဖြစ်ပလေ့စေ၊ မျက်လုံးကိုထိလာလျှင် ခံနိုင်စွမ်းမရှိတော့

ဓားသမားသည် အတင်းဇွတ်ထိုးဝင်ရန်တမဟုတ်ချင်းဆုံးဖြတ်ကာ တရှိန်ထိုးပင် ဝင်လိုက်တော့သည်။

မှားလေစွ။

ပညာပိုင်းဆိုင်ရာ ခြေနှုတ်ခြေသိမ်း ဤမျှသွက်လက်နေသော ကိုဂျိုကာထံသို့ ယင်းသို့ ကမူးရှူးတိုး ဝင်လိုက်သည်နှင့် ကိုဂျိုကာသည် ခြေတကွက် ဘေးသို့ရွှေ့ကာ ခန္ဓာကိုယ်ကို ဘေးတိုက်တစောင်း ပြောင်းလိုက်ပေသည်။

ဝမ်းဗိုက်ကိုလည်းမထိုးမိ။ ရင်အုံကိုလည်း မထိုးမိ။ ဓားသမား၏ဓားသည် လေကိုသာထိုးမိပြီး သူ့အရှိန်နှင့်သူ ငိုက်စိုက်ငိုက်စိုက် ဖြစ်သွားတော့သည်။ ဤမှာပင် ကိုဂျိုကာသည် သူလိုချင်သော အကွက်ဝင်လာသည်ဟု သဘောပိုက်လိုက်တော့သည်။

လက်ဝဲဒူးဖြင့် ဓားသမား၏ ရင်ဘတ်ကို ဘေးတိုက်အနေအထားဖြင့် ထောက်ပေးလိုက်သည်။

"အွတ်"ဆိုသော အသံပင် ထွက်လာပါ၏။ ဒီနောက်တော့ ကိုဂျိုကာက ပွဲသိမ်းနိုင်သွားတော့သည်။ ရင်ဘတ်ကို ဒူးတိုက်





ခံလိုက်ရပြီး ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိအောင် ဖြစ်နေသောဓားသမား၏ လက်ဝဲနားရင်း နားအုံသို့ ကိုဂျိုကာကညာဖြောင့်လက်သီးတစ်လုံး ပစ်ဝင်လိုက်သည်။

ဓားသမား ခွေခနဲကျသွားသည်။ ဓါးတခြား လူတခြားဖြင့် ဓားမှာဘေးသို့ လွင့်သွားပြီးလူမှာ လဲကျသွားခြင်းမျိုးပါတည်း။

"ဟိုမှာ ... ဟိုမှာ"

လေးလေးမြင့်သည် သုံးယောက်နှင့်တစ်ယောက်ပွဲကို ကိုဂျိုကာကလှလှပကြီး သတ်ပုတ်သွားပြီး ခေါင်းဆောင်လဲအကျတွင် ဆိုင်ကယ်ဆီမှလူရွှယ် ပြေးလာသည်ကို ဘေးကြည့်ပရိတ်သတ်အဖြစ် မြင်တွေ့နေရသည်နှင့် စိုးရိမ်တကြီး ဟိုမှာ ... ဟိုမှာဟုလှမ်းအော်လိုက်မိသည်။

ကိုဂျိုကာသည် ချာကနဲလှည့်၍ လူပုလေးကိုမျက်နှာချင်းဆိုင်လိုက်သည်။

ကိုဂျိုကာ၏ အင်္ကျီချွတ်ထားသောတကိုယ်လုံးတွင် ချွေးတွေရွှဲနေပါ၏။ လှုပ်ရှားသတ်ပုတ်ထားသောကြောင့် ကိုဂျိုကာ၏ မာဆယ်လက်မောင်းအိုးကြီးတွေ အထစ်လိုက် ထနေသည်။ ရင်အုံရင်အုပ်ကြီးတွေမို့နေသည်။ ကျောပြင် ပုခုန်းအောက်ဝယ်

ကြွက်သားတုံးကြီးတွေ၊ အမြှောင်းလိုက်၊ အတုံးလိုက်ထနေသည်။ ဤလိုလူအား အုပ်စုနှင့်သာကျယ်ရဲသော လူပုလေးက တစ်ဦးချင်း ယှဉ်လိုက်လျှင် ကိုယ်ပင်အမှုန့်ကြိတ်ခံရမည်မှန်း သဘောပေါက်ပုံ ရသွားတော့သည်။

"ဟဲ ... ဟဲ ... ခင်ဗျားကိုလည်း ကျုပ်ဘာမှမလုပ်ဘူး၊ ကျုပ်ကိုလည်း ခင်ဗျားဘာမှမလုပ်ကြေးပေါ့၊ ဟုတ်လား"

ကိုဂျိုကာက လူပုလေးအား ဘာမျှမလုပ်တော့။ သတ်ပုတ်ကြစဉ်က ကျွတ်ထွက်သွားသော သူ၏ စစ်ဦးထုပ်၊ နေကာမျက်မှန်တို့ကို လိုက်ကောက်ပြီး ဆောင်းလိုက်သည်။ တတ်လိုက်သည်။ ထိုနောက် နောက်ဆုံးဒူးတိုက်ပြီး ညာဖြောင့်လက်သီး သုံးရာတွင် လက်မှလွှတ်ချခဲ့သည့် ဂျင်းအင်္ကျီကို ကောက်ယူကာ ပြန်ဝတ်ပေးသည်။

အားလုံး သူ့ကိုယ်သူ နေသားတကျဝတ်ဆင်ပြီးမှ တွေ့ဍရပ်နေသော နေဟိန်းကျော်အား ကိုမြတ်မင်းထံသို့ သူတစ်လှမ်းချင်းလျှောက်လာသည်။

"ဘယ့်နှယ့်လဲ ကိုနေဟိန်းကျော် ခင်ဗျားရဲ့ လူစွမ်းကောင်းလေးယောက်က တကယ်လည်း မစွမ်းပါလားဗျ။ သူတို့ကို နှာနှပ်ပြီး ပညာဆက်သင်ပေးဦးပေါ့ဗျာ"





"ဘာဆိုင်လဲ ... ဒီကောင်တွေနဲ့ ကျုပ်နဲ့ ဘာဆိုင်လို့လဲ"

နေဟိန်းကျော်က ရှေ့ခြေတစ်လှမ်းတိုးဖြင့် မာကျောကျောပြောလိုက်သည်ကို ဆရာကိုမြတ်မင်းကနေဟိန်းကျော်၏ လက်မောင်းကိုလှမ်းဆွဲထားလိုက်ပေသည်။

ကိုဂျိုကာသည် သူ၏ဘောင်းဘီအိတ်ထဲမှ မီးခြစ် တစ်လုံးထုတ်ယူလိုက်ပြန်သည်။

"ရော့ ... တရပါ တံခါးထိပ်မှာ ကျွန်တော်ယူထားလိုက်မိတဲ့ မီးခြစ်လေ။ ကိုနေဟိန်းကျော်က ဒူးယားစီးကရက် သိပ်ကြိုက်တယ်မှုတ်လား။ ဒီမီးခြစ် ကျွန်တော်ယူထားလို့ ကိုနေဟိန်းကျော်မှာ ဆေးလိပ်မီးညှိစရာ မီးခြစ်မရှိဖြစ်နေမှာစိုးလို့ ပြန်ပေးတာပါ"

ထိုမျှသာပြောသည်။

လေးလေးမြင့်ကို တစ်ချက်စိုက်ကြည့်ပြီးနောက် ... ကိုဂျိုကာသည် ...

"ခင်ဗျားကို ကျွန်တော်ကျေးဇူးတင်တယ်။ ကိုဂျပု ပြေးဝင်လာတာကို ခင်ဗျားကို ခင်ဗျားက ဟိုမှာ ဟိုမှာဆိုပြီး ကျွန်တော့်ကိုသတိပေးတယ်။ ခင်ဗျားကျေးဇူးကို ကျွန်တော် တစ်သက်မမေ့ပါဘူး မလေးလေးမြင့်"

ကိုဂျိုကာသည် လေးလေးမြင့်အား ကျေးဇူးတင်ကြောင်း အလေးအနက်ပြောပြီး နောက်ပြန်မကြည့် ထွက်သွားတော့သည်။

လေးလေးမြင့်က သူ့အားလိုက်ကြည့်နေမိသည်။ သူသည်လဲကျနေသော သူ့မော်တော်ဆိုင်ကယ်ကို ပြန်ထောင်သည်။ ထို့နောက်ဆိုင်ကယ်ကို စစ်ဆေးသလို တစ်စီးလုံး လှည့်ပတ်ကြည့်ရှုသည်။ ပြီးမှ ဆိုင်ကယ်ကိုလွှားခနဲခွကာ စက်နှိုးမောင်းနှင်ထွက်ခွာသွားပေတော့သည်။

"ဟဲ ... ဟဲ ... ဟဲ ... "

နေဟိန်းကျော်က ဆိုင်ကယ်ထွက်သွားရာသို့ လှည့်ကြည့်ရင်း ရယ်လိုက်သည်။

"ကိုမြတ်မင်းပြောတာကို ကျွန်တော်လက်ခံပြီဗျ။ ဒီကောင် ဆိုင်ကယ်ကိုပသီ စိတ္တဇရောဂါဖြစ်နေတာအမှန်ပဲ။ မိန်းမချော်လေးတွေရှေ့မှာ သူအစွမ်းပြရတာကို အင်မတန်စိတ်အားထက်သန်နေတဲ့ စိတ္တဇရောဂါတစ်မျိုးလေ"

"ဒါပေမဲ့ သူဟာ အစွမ်းတစ်ကယ်ရှိတော့ အမှန်ပဲမှတ်လား ကိုနေဟိန်းကျော်။ အခု လူလေးယောက်နဲ့ သူတစ်ယောက်တည်း ရန်ဖြစ်တာ သူပဲနိုင်သွားတယ်။ ဗူးဘုရားမှာတုန်းက





ကိုနေဟိန်းကျော်နဲ့ ခွတ်ပုံဆရာ လေးယောက်မှာတုန်းက ကိုနေဟိန်းကျော် ရှုံးသွားတယ်လေ"

လေးလေးမြင့်က ကွက်ကနဲ ဝင်ပြောလိုက်သည်ကို နေဟိန်းကျော် မျက်မှောက်ကုတ်သွားရပါ၏။

"ဒါတော့ ဒီလိုရှိပါတယ် မလေးလေးမြင့်။ လူတစ်ချို့မှာ စိတ်ရောဂါတစ်ခုခုကြောင့် Abnormal ဆိုတာမျိုးဖြစ်နေပါတယ်။ သာမန်လူကောင်းတစ်ဦးရဲ့ ဦးနှောက်မျိုး မဟုတ်တော့ဘူးဆိုပေါတော့။ ဒီလိုမျိုးကျတော့ တစ်ဘက်စွန်းစွမ်းရည်မျိုးတွေ အလိုအလျောက်ရှိနေတတ်တယ်။ ဒီလူဟာ နိုင်ငံခြားရုပ်ရှင်တွေကြည့်ပြီးအဲ့ဒီထဲက ဟီးရိုးဇာတ်လိုက်တွေကို အားကျရင်းက အသိတ်အပုတ်မှာ စိတ်ဆန္ဒပြင်းပြမှုတွေကြောင့် အစွမ်းကောင်းသွားတာမျိုး ဆိုပါတော့လေ။ သြ ... ဒါထက်၊ မလေးလေးမြင့်ကို မေးရဦးမယ် ... စောစောက မလေးလေးမြင့်က ဟိုမှာ ... ဟိုမှာ ... ဆိုပြီး သူ့ကို သတိပေးလိုက်တယ်နော် ... "

"ဟုတ်တယ်လေ ... လေးလေးစိတ်ထဲမှာ တဘတ်သတ်ကြီးလို့ထင်တာကိုး။ ဘယ့်နှယ့် သူတို့ကလဲ သူ့ဆိုင်ကယ်ကို ခွင့်မတောင်းဘာမတောင်းနဲ့ တက်စီးသေးတယ် နောက်ပြီး သူတို့ကဘဲ ရန်လုပ်သေးတယ်၊ ပြီးတော့ ... သူတို့

ကလေးယောက်၊ သူကတစ်ယောက်ထဲ ဒါမျိုးကျတော့ လေးလေးက အူယားတယ် … ဒါကြောင့် သူ့ဘက်က အော ပြီး သတိပေးလိုက်တာ … ”

ကိုဂျပုသည် သူ၏ လဲကျနေသော အဖော်တ ယောက်စီအား မျက်နှာပေါ်တွင် ရေလောင်းပေးသည်။ သူတို့ ကားထဲတွင် အသင့်ပါရှိသော ရမ်(မ်)အရက်ပုလင်းကိုယူကာ သူ့ တွေ၏ပါးစပ်ထဲသို့ လောင်းထည့်သည်။ ကိုဂျပုက တတ်သမျှမှ သမျှနည်းတွေနှင့် သူ့လူတွေကို နှာနပ်ပေးနေသည်ပဲဆိုပါတော့

“ကဲ … ဘုရားဖူးကြရင်း ထရေလာ အပိုပိုင်းရန်ပွဲတစ်ခု ကြည့်ပြီးကြပြီ … ထီးလိုမင်းလိုဘုရားဖူးကို အောက်က ကန်တော့ပြီးပြန်ကြပါစို့ … ”

လေးလေးမြင့် ဦးနှောက်ထဲတွင် ညစ်ညူးစရာ တပြုံကြီးရှိနေသည်။ ကိုဂျိုကာသည် ကိုနေဟိန်းကျော်နှင့် ကိုမြ မင်းတို့က ဆိုက်ကိုပသီဟုလည်းကောင်း၊ အက်(မ်)နော်မယ်(လ် ဟုလည်းကောင်း၊ စိတ္တဇဝေဒနာသည်တစ်ဦးမို့ ဤအပြုအမူမျိုး ပြုမူသည်ဟု စွပ်စွဲကြသည်။

လေးလေးမြင့်စိတ်ထဲတွင် ယင်းသို့ မယူဆမိ။

ရောညွှေရိပ်သာမှ ထွက်လာစဉ်က ဆရာကိုမြ မင်းသည် နေဟိန်းကျော်အား ပသို့လဲ ဟူသောမျက်နှာအမူအယ





ဖြင့်မေးခဲ့သည်။

နေဟိန်းကျော်က ပြန်ဖြေသည်။

“စစ်သည်လေးသိန်း လွှတ်လိုက်မယ်တဲ့”

ဟူ၍။

ယင်း စစ်သိန်းလေးသိန်းဆိုသည်မှာ လူစွမ်းကောင်း လေးဦးလွှတ်ပေးသည့်အကြောင်းပင်။ ယခုလည်း ဂျစ်ကားတစ်စီး လူလေးယောက်သည် ထီးလိုမင်းလိုဘုရားတွင် ရောက်နေကြသည် ကိုဂျိုကာကို တမင်ရန်စပြီး ချဲကြသည်။

အနိုင်ယူသွားနိုင်သော ကိုဂျိုကာသည် နေဟိန်း ကျော်အားကပ်၍ ရိသွားသေးသည်။

“ဘယ့်နှယ့်လဲ ကိုနေဟိန်းကျော် … ခင်ဗျားရဲ့လူစွမ်း ကောင်းလေးယောက်က တကယ်လဲမစွမ်းပါလား … ”

ဟုပြောသွားသောစကားသည် နေဟိန်းကျော်၏ စစ်သည်လေးသိန်းပုံပြင်၌ ကျန်စစ်သား၊ ငထွေရူး၊ ငလုံးလက်ဖယ်၊ ညောင်ဦးဖီး လူစွမ်းကောင်းလေးယောက်ကို လွှတ်ပေးသည်မျိုး သဏ္ဍာန်ဖြင့် ဂျစ်ကားတစ်စီး လူလေးယောက်ကို ရည်ညွှန်းသည် ပဲလား … ။

ထို့ပြင် … ကိုဂျိုကာသည် မီးခြစ်ပြန်ပေးရင်း ကိုနေ ဟိန်းကျော်က ဒူးယားစီးကရက် သိပ်ကြိုက်တယ်မှတ်လား … ဟု

ဆိုသွားပြန်သေးသည်။

နေဟိန်းကျော်သည် ဒူးယားစီးကရက် သိပ်ကြိုက်ကြောင်း ကိုဂျိုကာသည် အဘယ်ကြောင့် သိရှိနေပေသနည်း။

အားလုံးကို ဆက်စပ်ကြည့်လျှင် ... ကိုဂျိုကာသည် ကိုမြတ်မင်းတို့ စွပ်စွဲသလို စိတ္တဇဝေဒနာသည်တစ်ဦးတော့ မဟုတ်တန်ရာ။

လေးလေးမြင့်၏ မအီမသာနှင့် ဆန္ဒစိတ်အရပင် ထီးလိုမင်းလိုဘုရား၏ လှိုဏ်ဂူထက်သို့ တစ်ယောက်မျှ မတတ်တော့ပဲ ပြန်လှည့်ခဲ့ကြသည်။

အမှန်တော့လည်း ... ပုဂံမြို့၏ ပြေလမွန်းလွဲချိန်သည် ပူပြင်းလှလေပြီ။

ကိုယ့်တည်းခို ကိုယ်ပြန်ပြီး ရေမိုးချိုး ခေတ္တအပန်းဖြေအနားယူ အိပ်စက်ခြင်းပြုလိုလှပေပြီ။

မနက်စာထမင်းလည်း မစားကြရသေး။

ထီးလိုမင်းလိုဘုရားမှ ပြန်ခဲ့ကြသည်။ ဤထီးလိုမင်းလိုဘုရားသို့ မွန်းလွဲကျော်ချိန်မှ အတင်းဇွတ်လိုက်ပို့သော ကိုနေဟိန်းကျော်နှင့် ကိုမြတ်မင်းကိုလည်း လေးလေးမြင့်က အံ့ဩနေ သည်။

တကယ်ဆိုလျှင် အခြားဘုရားတွေဖူးပြီး နေကျချိ





နောက်ဆုံးဘုရားဖူးသည့်အနေနှင့် အာနန္ဒာဘုရားကို ဖူးမည်ဆိုလျှင် ပုဂံနှင့် အနီးကပ်ဆုံး အဆင်ပြေဖူးနိုင်သည်။

ယခု ထီးလိုမင်းလိုဘုရားကို တကူးတက လာခဲ့ကြသည်။ ထီးလိုမင်းလိုဘုရားမှာပင် ဆိုင်ကယ်သမား ကိုဂျိုကာနှင့် ...်ကားလူငယ်အဖွဲ့ လူစွမ်းကောင်း(၄)ယောက်တို့ ဖိုက်ကြသည့် ...ကို တွေ့ခဲ့ရသည်။

ဤသည်တို့မှာ တမင်တကာဖန်တီးပြီးဖြစ်ပျက်လာခြင်းပေလားဟု ဦးနှောက်ကောင်းသော လေးလေးမြင့်က တွေးမိသည်။

အစစ်အမှန်မှာ ... တယ်လီဖုန်းမှ နေဟိန်းကျော်က သူ၏ ဖေဖေဦးထွန်းကျော်ကို ဆက်စဉ်ကတည်းက အချိန်ဆွဲလိုမှုအတွက် အခြားဘုရားတွေ အရင်လိုက်ဖူးပြီး သူ၏လူစွမ်းကောင်း(၄)ယောက်လွှတ်ပေးမည့် အချိန်နှင့်ကိုက်၍ ထီးလိုမင်းလိုဘုရားတွင် မွန်းလွဲပိုင်း တွေ့ဆုံကြဖို့ စီစဉ်လိုက်ခြင်းဖြစ်ပါလေတော့သည်။

သို့တစေ ... ကိုဂျိုကာအဖို့ ဆေးရုံကိုမရောက်ပါ။ အချုပ်ခန်းသို့မရောက်ပါ။

၇

နေဟိန်းကျော်နှင့် ကိုမြတ်မင်းတို့က ရောသို့ပြန်
ပေးပြီးနောက် ထွက်ခွါသွားကြပါ၏။

ယနေ့အဖို့တော့ လေးယောက်စလုံးသည် ရောမှာ
ပင် အနားယူဦးမည်။ နောက်ထပ်မထွက်တော့ဟု ဆုံးဖြတ်ကြသည်

ရောရေချိုးခန်းမှ ရေသည် ရောဝတီမြစ်ရေပင် ဖြစ်
တော့သည်။ စက်အားဖြင့် ရောဝတီမြစ်ရေကို တိုင်ကီအမြင့်ကြီးတွင်
သို့လှောင်ကာ တိုင်ကီမှ ပြန်လွှတ်ပေးသော ရောဝတီမြစ်ရေဖြစ်ပါ
၏။

လေးယောက်စလုံး ရေကိုတဝကြီးချိုးကြသည်။ ရှာ
ဝါခေါ် ရေပန်းပွားဘုံဘိုင်မှ ခေါင်းလော်င်းချိုးလောင်းချိုးပြီး ခေါင်း





သျှာ်ကြသည်။

ထို့နောက် သနပ်ခါးရေကျဲကိုယ်စီလိမ်းကာ ကိုယ့်
အခန်းကိုယ့်တံခါးပိတ်ပြီး ... တရေးတမောအိပ်ပစ်လိုက်ကြတော့
သည်။

ခရီးပန်းလွန်းကြပြီမို့ အားရပါးရကြီးပင် အိပ်မောကျ
သွားတော့သည်။

ညနေ(၄)နာရီခန့်ကျမှပင် လေးလေးမြင့်သည် တ
တ်ကျော့နိုးလာပါ၏။

နိုးလာသည်နှင့် ဟိုဘက်ကုတင်မှာ ဗလာကျင်းနေ
သည်ကိုတွေ့ရသည်။ ပြုံးပြုံးရီတစ်ယောက် ကုတင်ပေါ်တွင် မရှိပါ
လေ။

ကောင်မ, စောစောနိုးနှင့်ပြီး ... ဟိုဘက်ခန်းမှ မီဂီ၊
မိမော်တို့နှင့် လေသွားပန်းနေသည်ဟုထင်မိသည်။

လေးလေးမြင့် အိပ်ရာမှထသည်။ တံခါးဖွင့်ကာ ဟို
ဘက်ခန်းသို့ လျှောက်သွားပါ၏။ မိမော်နှင့် မီဂီအခန်းမှာ တံခါးပိတ်
လျက်သားရှိနေသည်။ ဟော်တယ်တံခါးမို့ ... အထဲက ခလုတ်ပိတ်
ထားလျှင် အပြင်ကဖွင့်၍မရ၊ သူသော့နှင့်သော့တံထိုး၍ အပြင်မှဖွင့်
၍ရသည်။

"ဒေါက် ... ဒေါက် ... ဟေး ... မိမော် ... မိဂီ"

လေးလေးမြင့်က တံခါးကို ပြင်းပြင်းခေါက်၍ ခေါ်မှ အထဲက တံခါးဖွင့်ပေးတော့သည်။

မိမော်ရော ... မိဂီရော ... အိပ်မှုန်စုံမွှားရှပ်နေသည်။ သူတို့အခန်းထဲ၌ မိပြူးတစ်ယောက်မရှိ။ လေးလေးမြင့် အထဲသို့ဝင်လိုက်သည်။

"မိပြူးတစ်ယောက် မရှိတော့ဘူးဟဲ့ ..."

"ကြံကြံဖန်ဖန် မိလေးရယ် ... မိပြူးက ဘယ်သွားမှာမို့တုံး အိမ်သာတွေဘာတွေ သွားနေမှာပေါ့ ..."

ဟုတ်နိုင်သည်မို့ သုံးယောက်စလုံး အိပ်သာရှိရာ ရေချိုးခန်းများသို့ လျှောက်လာကြပြန်သည်။

ဤလိုညနေစောင်းဝယ် ... ပုဂံသို့ ဘုရားဖူးလာ တို့ ညနေတစ်ပတ်ကျော့ထွက်ကြသည်။ ရောဇည့်ရိပ်သာတွင် သည်တွေရှင်းချိန်မို့ ရေချိုးခန်း (၃)ခန်းစလုံး ပွင့်နေသည်။

ဘယ်ရေချိုးခန်းမှာမှ ပြူးပြူးရီကိုမတွေ့ရ။

ဒီတော့မှ မိမော်ရော မိဂီရော ... မျက်လုံးတွေ ပြူး လာကြသည်။

သုံးယောက်သား လေးလေးမြင့်အခန်းသို့ပြန်





ကြသည်။ ပြူးပြူးရီ၏ လက်ဆွဲအိတ်နှင့်ဆွဲခြင်းကိုကြည့်ရန်ဖြစ်ပါ၏။ လက်ဆွဲအိတ်နှင့် ဆွဲခြင်းရှိနေလျှင် မိပြူးသည် တခြားသို့ သွားခြင်းမဟုတ်နိုင်။ အနီးနားသို့ အညောင်းပြေ၊ အပျင်းပြေ သွားနေခြင်းဖြစ်မည်ဟု တွက်ဆနိုင်သည်။

သို့တစေ ...

အခန်းထဲဝယ် ... ပြူးပြူးရီ၏ဆွဲအိတ်နှင့် ဆွဲခြင်းမရှိတော့ပြီ ...။

"ကောင်မ လိုက်ပြေးပြီထင်တယ် မိလေး ..."

"ငါလဲ ... အဲဒီလို ထင်တာပဲ ..."

"တောက် ... မိပြူး ကဲလွန်းတယ် ... ။ တကယ်ဆို ရန်ကုန် ပြန်ရောက်မှ ဘာလုပ်လုပ်ပေါ့ ... ။

သီဂီမင်းက အပြစ်တင်စကားဆိုလိုက်ပေသည်။

"နေဦး မိဂီ ... သေချာအောင် ဦးရောဘတ်ကြီးဆီ တို့သွားမေးကြစို့လား ..."

သုံးယောက်သား ရော၏ ညှော်ခန်းမကြီးဆီသို့ ထွက်လာခဲ့ကြပြန်သည်။

မစ္စတာ ဦးရောဘတ်ကြီးသည် ကောင်တာ စားပွဲကြီးဘောင်းချာတွေ တထပ်ကြီးနှင့် အလုပ်ရှုပ်နေပါ၏။

"အိပ်(စ်)ကျူ(စ်)မီ အန်ကယ်(လ်)"

"အား ... ဆို ... သမီးတို့ကို အန်ကယ်(လ်)ဘာ အကူအညီပေးရမလဲ၊ ဒီညနေလည်ဘို့ ကားလိုချင်သလား။ အန်ကယ် (လ်)ဖုန်းဆက်ခေါ်ပေးမယ်လေ"

"မဟုတ်ဘူး အန်ကယ်(လ်)၊ မေးစရာရှိလို့ပါ။ လေးလေးတို့လာကြတာလေးယောက်မှန်း အန်ကယ်(လ်)သိပါတယ်နော်၊ အဲဒါ ပြုံးပြုံးရီဆိုတဲ့ အဖော်တစ်ယောက် ..."

"ဩ ... ဟော ... ဟော ... ဒါလား၊ အေး ... အန်ကယ်(လ်) လည်းပြောဘို့မေ့သွားတယ်၊ အလုပ်များလွန်းလို့။ ဒါက ဒီလိုလေ၊ သမီးတို့အခန်းတွေပိတ်ပြီး အိပ်နေတုန်း အဲဒီမိန်းကလေး ကထွက်လာပြီး ဟောဒီ ဧည့်ခန်းကုလားထိုင်မှာပဲ လာထိုင်တယ်ကွယ်"

"ဘယ်အချိန်လောက်ကလဲ အန်ကယ်(လ်)"

"နေ့ခင်း နာရီပြန်နှစ်ချက်လောက်ရှိရောပေါ့၊ အဲဒီမှာပဲ ဟိုဂျစ်ကားနဲ့ လူနှစ်ယောက်ပြန်လာတယ်၊ အဲဒီလူနှစ်ယောက်နဲ့ ဂျစ်ကားနဲ့ပဲ သူလိုက်သွားတယ်ကွယ်၊ အန်ကယ်(လ်)ကို သူကမှာသွားတယ်၊ သမီးတို့နိုးရင် အဲဒီလိုပဲ ပြောပေးပါတဲ့ ..."

သေချာပေပြီ။





ပြုံးပြုံးရီသည် ဆရာကိုမြတ်မင်းနားသို့ နိုးရာလိုက် ပြေးမှန်း သေချာပေပြီကော။

သုံးယောက်သာ အခန်းဆီသို့ ပြန်လာကြပြန်သည်။

မိမော်နှင့် မိဂီက ပြုံးပြုံးရီအတွက်ပေးထားသော ကုတင်ပေါ်တွင် ဒူးထောက်ပေါင်ကားနှင့် စိတ်ပျက်လက်ပျက် တက်ထိုင်လိုက်ကြသည်။ လေးလေးမြင့်ကတော့ သူမ၏ကုတင်မှာပင် ခြေတွဲလဲချထိုင်လိုက်သည်။

"တို့များ ဘာဆက်လုပ်ကြမလဲ မိဂီနဲ့ မမော်"

"အိုး ... ဘာဆက်လုပ်စရာရှိသလဲ၊ မိလေး၊ သူကြိုက်လို့ သူလိုက်သွားတာပဲဟာ"

"ဒါတော့ ဒါပေါ့ဟယ်၊ ဒါပေမယ့် တို့ရန်ကုန်ပြန်ရောက်ရင် မိပြုံးမိဘတွေကို ဘယ်လိုပြောရမလဲ"

"ဒီလိုဒီလိုပါပဲလို့ ပြောရမှာပေါ့မိလေး၊ သူ့မိဘသဘောတူရင် ပေးစားပေါ့"

မိဂီနှင့် မိမော်ကတော့ ပြုံးပြုံးရီ၏ အပြုအမူကို မကျေနပ်သည်နှင့်အမျှ ဂရုဏာဒေါသောဖြင့် ကျိတ်ကိုက်နေသော စကားတွေကိုချည်း ပြောနေတော့သည်။ အမှန်တော့ သူငယ်ချင်း မိပြုံး လုက်ပုံနေရာမကျလေသည်နှင့် သူငယ်ချင်းကို ချစ်ခြောဖြင့် ခွစကား

တွေ ပြောနေခြင်းဖြစ်သည်။ ခွစကားဆိုစေကာမူ မိမော်နှင့် မိဂီတို့ ပြောတာတွေသည် မှန်သင့်သလောက် ... မှန်သည်များသည်လည်း ရှိနေပါ၏။

"ဟဲ့ ... နင်တို့ပြောပုံက ဆရာကိုမြတ်မင်းနဲ့ ပြုံးပြုံးရီလိုက် ပြေးသွားတယ်၊ ဆရာကိုမြတ်မင်းက ပြုံးပြုံးရီကို ခိုးပြေး သွားတယ်၊ ဒါကို သူမိဘတွေက ကျေနပ်ရင် လက်ခံလို့ ပြောတာမှတ်လား"

"အင်းလေ ... ဒါပဲပေါ့ မိလေး"

"ဒါပဲမပေါ့နဲ့ဦး မိဂီ၊ ဒီကိစ္စမှာ အဲဒီလို ရိုးရိုးရှင်းရှင်းလေးဆိုရင် နင်းတို့ပြောသလို သူမိဘက သဘောတူရင်ပေးစားယုံပေါ့၊ အခု မိပြုံးဖြစ်သွားတာက ... မရိုးဘူးထင်တယ်။ တို့တွေနဲ့ အတူတူလာကြပတယ်ဆိုတော့ မိပြုံးအတွက် မရိုးမသား တွေဖြစ်လာရင် တို့အားလုံးမှာ တာဝန်ရှိနေတယ်"

"ဟယ် ... နင်ဥစ္စာ၊ နင်ပြောမှ အသဲထိပ်စရာကြီး၊ ဆိုပါဦး ဘယ်လို မရိုးမသားဖြစ်နေလို့လဲ"

"အဲဒါကော့ ငါလဲမသိဘူး"

"ကောင်မ ... "

"ဒီလိုလေဟယ်၊ ဆရာကိုမြတ်မင်းကိုဖြစ်ဖြစ်၊ နေဟိန်း





ကျော်ကိုပဲဖြစ်ဖြစ် ငါ့စိတ်ထဲမှာ မယုံကြည်သလိုကြီးပဲ။ သူ တို့နှစ်ယောက်ဟာ တစ်ခုခုတော့ တခုခုပဲ။ ဘာတစ်ခုခုမှန်း ငါသေချာမသိတာ။ အဲဒီ တစ်ခုခုပဲလို့ ထင်စရာရှိတဲ့ လူနှစ် ယောက်နောက်ကို မိပြုံးပါသွားတယ်ဆိုတော့ ... တကယ် တမ်း ဆရာကိုမြတ်မင်းက ... ချစ်သူမို့ ခိုးပြေးတာဆို ဘာ အရေးလဲ၊ အဲဒီလိုမဟုတ်ပဲ မိပြုံးမှာ တစ်ခုခုဖြစ်သွားရင် ဘယ့်နှယ့်လုပ်မလဲ"

ဝင်းဝင်းမော်ရော၊ သိဂီမင်းပါ လေးလေးမြင့်၏ စကားတွေကို နားထောင်ရင်း တွေဝေသွားတော့သည်။ လေးလေး မြင့် ပြောမှပင် ဆရာကိုမြတ်မင်းနှင့် နေဟိန်းကျော်နှစ်ဦးတို့၏ အပြု အမူတွေကို ဝင်းဝင်းမော်နှင့်သိဂီမင်း အလေးအနက် စဉ်းစားလာ တော့သည်။

နေဟိန်းကျော်ကိုတော့ ကျောက်ပန်းတောင်း ထမင်းဆိုင်ထဲတွင် စတွေ့ကတည်းက ဟန်ရေးပြသမား၊ လူကြွား တစ်ယောက်ဟု မှတ်ချက်ပြုထားပြီးသားဖြစ်ပါ၏။

ဆရာကိုမြတ်မင်းကိုတော့ ရန်ကုန်စက်မှုတက္ကသိုလ် မှ သရုပ်ပြဆရာငယ်တစ်ဦးအဖြစ် လေးစားမိသည်။ သို့သော် ဆရာ ကိုမြတ်မင်းအားအထင်မကြီးချင်စရာ အချက်(၂)ချက်တွေ့သော

သည်။ ပထမအချက်မှာ ဦးစွာလေးလေးမြင့်ကို ဆရာကိုမြတ်မင်း ရည်ရွယ်ဟန်တူသည်။ မလွယ်မှန်းသိသည်နှင့် ပြုံးပြုံးရီဘက်သို့ လှည့်ချိတ်သွားသည်။ ပြီး ... နှစ်ရက်အတွင်းမှာပင် ပြုံးပြုံးရီကိုအရစိုးသွားသည်။ ပြုံးပြုံးရီအနေနှင့်က ငယ်ရွယ်သူလည်းဖြစ်ပါ၏။ အတွေ့အကြုံလည်း မရှိသူဖြစ်ပါ၏။ ဆရာကိုမြတ်မင်း လှိမ်းလုံးတွေကို အထင်ကြီးစကားဝင်ပြီး ဤသို့လိုက်သွားသည်ကို ခွင့်လွှတ်နိုင်သေးသည်။

တကယ်ဆိုလျှင်-ဆရာကိုမြတ်မင်းသည် ပြုံးပြုံးရီကို တကယ်ချစ်မြတ်နိုးသည်ပဲထားဦး။ ဆရာဆိုသည့် သိက္ခာကိုစောင့်စည်းဖို့ကောင်းသည်။ ဤမျှ အချိန်ကာလပိုင်းမျှနှင့် နိုးမပြေးသင့်။ နိုးမပြေးသင့်ယုံမက ရန်ကုန်ရောက်မှ မိဘား၊ ဖသားပီသစွာပြုံးပြုံးရီတို့ မိဘထံနား‌ဖောက်ရမည်။ အကြောင်းမညီညွတ်မှ ယခုလို နိုးတန်နိုးပြေးသင့်သည်။

အဘယ်ကြောင့်မှား ဆရာကိုမြတ်မင်းသည် မြန်မြန်ပိုင်လျှင်ပြီးရောဆိုသည့် သဘောမျိုးပြမူပါသနည်း။ လေးလေးမြင့်ပြောသလို တစ်ခုခုတော့ တစ်ခုခုဖြစ်ရမည်။

ကျကျနနတွေးလာမှ ဝင်းဝင်းမော်နှင့် သီဂီမင်းသည် သူငယ်ချင်းပြုံးပြုံးရီအတွက် ရင်လေးလာမိတော့သည်။

"ဒါဆို ... တို့များ ဘာလုပ်ကြမလဲ မိလေး ... "





"အဲ့ဒါ ... ငါလဲ ဘာလုပ်ရမှန်း မသိဘူးဟယ် ... "

"ရဲစခန်း သွားတိုင်ကြမယ်လေ ... "

မိဂီက သူစိတ်ကူးရသလိုရဲစခန်းသွားတိုင်ဖို့ အကြံပြုသည်။

"အိုကွာ ... ရဲစခန်းသွားရမှာ ရှက်စရာကြီး"

မိမော်က ငြင်းဆန်စကားဆိုလိုက်သည်။

လေးလေးမြင့်က စဉ်းစဉ်းစားစားနှင့်ဆက်ပြောသည်။

"ကဲ ... တို့များ ရဲစခန်းသွားတိုင်ကြပြီဆိုပါစို့ ... ဘာမှုနဲ့တိုင်မလဲမိဂီ ... အသက်ပြည့်ပြီးသားမိန်းကလေးတစ်ယောက်လင်နောက်လိုက်တာ ရဲကဘာတတ်နိုင်မလဲ ... တကယ်တမ်းပြုံးပြုံးရီကို ဆရာကိုမြတ်မင်းက ချစ်လို့နိုးသွားတာဆိုလဲ တို့များကိုယ်တိုင်ဘာတတ်နိုင်မလဲ ... အခု တို့များစိုးရိမ်တာက မိပြုံးတစ်ခုခုဖြစ်မှာကိုမှတ်လား၊အဲ့ဒီတစ်ခုခုဟာ ဘာတစ်ခုခုမှန်းလဲ တို့ကိုယ်တိုင်လဲမပြောတတ်ဘူးလေ ... ဒီတော့ ရဲကို အဲ့ဒီတစ်ခုခုအကြောင်း ဘယ်လိုမှုန့်တိုင်မလဲ ... "

"အင်း ... နင်ပြောတာလဲဟုတ်တာပဲ၊ ဒါဆို ... တို့ဘာလုပ်

ကြမလဲ … ဒီအတိုင်းထိုင်နေမလား"

"ပြောတတ်ဘူးဟယ် … ရန်ကုန်မှာဆိုလဲအကောင်းသား အဖေအမေတွေအားကိုးလဲရှိတယ် … ရန်ကုန်မှာဆိုတော့ တို့တတွေ သွားတတ်လာတတ်လဲရှိတယ် … ဒီပုဂံမှာ တို့ဘာလုပ်တတ်မလဲ … အားကိုးမရှိ ဘာမရှိနဲ့"

"ဟေး … ဟေး … နေဦးဟ၊ ငါတစ်ခု စဉ်းစားမိတယ်"

မိမော် အလန့်တကြားထအော်ရင်း ပြောပေတော့သည်။

"ဟို … ကိုဂျိုကာဆိုတဲ့လူကို တို့လိုက်ရှာရင်မကောင်းဘူးလား … တပ်ကုန်းမှာတုန်းက မိလေးဖင်ထိုင်ခုံပေါ် စာတင်သွားတယ်လေ … အဲ့ဒီ စာထဲမှာကတည်းက အန္တရာယ်ရှိမယ်လို့ မိလေးကို သတိပေးထားတယ်မှတ်လား … မော်တော်ဆိုင်ကယ်နဲ့လူပဲ၊ ကိုဂျိုကာဖြစ်ရမယ်လို့ ကျောက်ပန်းတောင်းမှာထဲက နင်တို့ကိုပြောတယ်လေ … အဲ့ဒီ ကိုဂျိုကာက နေဟိန်းကျော်တို့နဲ့ မတည့်တော့ သူ့ကိုစုံစမ်းခိုင်းရင် ရမယ်ဟ … မိလေး"

"အဲ့ဒါကို ငါလဲစဉ်းစားနေတယ် မိမော် … ဒါပေမဲ့ ကိုဂျိုကာကိုတို့က ဘယ်လိုက်ရှာမလဲ … သူက မော်တော်ဆိုက်ကယ်





တစ်စီးနဲ့ လိမ့်ချင်ရာလိမ့်နေတာ"

မိဂီက အကြံပေးပြန်သည်။

"တို့တတွေ အခုညနေကားငှားပြီး ဘုရားတွေဆက်သွားကြမယ်လေ … ကိုဂျိုကာကြီးက တို့သွားတဲ့နောက် လိုက်နေတာပဲဟာ … သူတနေရာရာကချောင်းပြီး တို့နောက်ကိုလိုက်လာမယ်ထင်တယ်"

"နင့်အကြံမဆိုးဘူး … ဒါပေမဲ့ နည်းနည်းမိုးချုပ်သွားပြီထင်တယ်"

သူတို့အားလုံး လက်ပတ်နာရီကိုကြည့်ကြသည်။ ညနေ(၅)နာရီထိုးနေပေပြီ။ ကားငှားရန် တယ်လီဖုန်းဆက်ခေါ်သည်နှင့်ပင် မိုးချုပ်သွားတော့မည် ဖြစ်ပါ၏။

"ဒီအချိန်ကျမှ တို့မိန်းကလေးသုံးယောက်တည်းမသွားသင့်တော့ဘူး … နောက်ပြီး တို့မှာ အန္တရာယ်ရှိနိုင်တယ်လို့ ကိုဂျိုကာရဲ့စာထဲမှာ သတိပေးထားတယ်မှတ်လား … "

သူတို့ မထွက်ရဲပြန်ပေ။ အခန်းထဲမှာပင် ဘာမျှဆက်မပြောကြတော့ပဲ ငိုင်နေမိကြတော့သည်။

"ငါတော့ ဘယ်မှတောင် မသွားချင်တော့ဘူး … ရန်ကုန်ပြန်ချင်ပြီ … ဘယ့်နှယ့်ကွာ ပျော်ရမလားလို့ ခရီးထွက်လာ

တာ မိပြုံးလုပ်တာနဲ့ စိတ်ညစ်သွားပြီ ... "

ထိုစဉ်မှာပင် အပြင်ဘက်မှ တဒေါက်ဒေါက်နှင့် [illegible]ခါးခေါက်သံ ထွက်လာသည်။

"ဘယ်သူလဲ ... "

"အန်ကယ်ရောဘတ်ပါ သမီးတို့ ... အပြင်ဧည့်ခန်းမှာ [illegible] တစ်ယောက်က မလေးလေးမြင့်ကိုတွေ့ချင်လို့တဲ့ ... [illegible] သမီးမလေးလေးမြင့်က တွေ့မလား၊ မတွေ့ချင်ရင်[illegible] အန်ကယ်(လ်)ပြန်ပြောလိုက်မယ်လေ ... "

လေးလေးမြင့်က ကုတင်မှဆင်းကာ တံခါးဖွင့်လိုက်[illegible]သည်။

အန်ကယ်(လ်)ရောဘတ် တံခါးဝတွင် ရပ်နေပါ[illegible]

"သူ့နာမည်က အဆန်းကွဲ့ ... ဂျိုကာတဲ့"

"ဟိုက် ... "

မိမော်နှင့် မိဂီဆတ်ကနဲ ကုတင်ပေါ်မှပြေးဆင်း[illegible]ကြသည်။ လေးလေးမြင့်က သူတို့နှစ်ဦးမထွက်နိုင်အောင် လက်[illegible] ဖက်တန်းပြီး တံခါးဘောင်တစ်ဘက်တစ်ချက်ကိုင်ထားသည်။

"ကိုဂျိုကာကိုပြောလိုက်ပါ အန်ကယ်(လ်) ... လေးလေး[illegible] အခုပဲ လာခဲ့ပါ့မယ်လို့ ... "





မစ္စတာရောဘတ် ပြန်ထွက်သွားသည်။

"ကောင်မတွေ ... ရှေ့လောမကြီးနဲ့ ကိုယ့်ဟာကိုယ်လဲငုံ့ကြည့်ဦး၊ ဘရာဇီယာမပါ ဘာမပါနဲ့ ... "

"အေး ... ဟုတ်သားပဲ"

မိဂီနှင့် မိမော် သူတို့အခန်းသို့ ပြန်ကူးသွားကြသည်။ နေ့ခင်းအနားယူ အိပ်ကြမည်ဆိုပြီး ဘရာဇီယာပင် မဝတ်ပဲ ဘလောက်(စ်)နှင့် လွတ်လပ်စွာ နေကြခြင်းဖြစ်သည်။ စောစောက မိပြုံးတစ်ကောင်ပျောက်သွား၍ သွေးပူပြီး သုံးယောက်သား အန်ကယ်(လ်)ရောဘတ်၏ ကောင်တာသို့ရောက်သွားသော်လည်း ကိုယ့်ဟာကိုယ်သတိမထားမိကြ။ ယခုမှအတော်အတန် စိတ်ငြိမ်သွားပြီး ဘရာဇီယာမပါကြသည်ကို သတိရမိခြင်းဖြစ်ပါ၏။

သုံးယောက်စလုံးအသင့်အတင့် ... အဝတ်အစား အပြည့်အစုံဝတ်ကာ အပြင်ဧည့်ခန်းသို့ ထွက်လာခဲ့ကြသည်။

အလယ်ကျသော ဆက်တီဝိုင်းတွင် ကိုဂျိုကာသည် ဆက်တီကုလားထိုင်ပေါ်တွင် ထိုင်နေပါ၏။

ရောဒေးရိပ်သာ၏ ဧည့်ခန်းကြီးမှာ ဟော(လ်)ကြီးသဖွယ်ရှိပေသည်။ ဆက်တီသုံးစုံခင်းထားသည်။ ထိပ်ပိုင်းမှ ဆက်တီမှာ ဆိုဖာဆက်တီဝိုင်းကြီးဖြစ်ပေသည်။ ဒုတိယနှင့် တတိယ

ဆက်တီဝိုင်းမှာ ကြိမ်ထိုးဆက်တီဝိုင်းများဖြစ်ပေသည်။ တစ်ဝိုင်းနှင့် တစ်ဝိုင်း လေးငါးခြောက်ပေခန့်ကွာဝေးပေသည်။

လေးလေးမြင့်ကိုမြင်သည်နှင့် ကိုဂျိုကာသည် ... အလေးအနက်ထားကြောင်း သက်သေထူသလို ထိုင်နေရာမှ ထ၍ ပြီး အပြုံးဖြင့် ကြိုဆိုလိုက်သည်။

ကိုဂျိုကာသည် ယခုတစ်ကြိမ်တော့ မြန်မာဆန်ဆန် ဝတ်လာသည်။ ရှပ်အင်္ကျီအဖြူရောက်အောက်ခံတွင် တိုက်ပုံအင်္ကျီ အနက်ကိုဝတ်ထားသည်။ လုံချည်မှာ အရောက်လွှင်သော ရခိုင်လုံ ချည်အဝါပုတ်နှင့် အနက်ဖောက်ပြီး ဒင်္ဂါဝိုင်းလုံချည်ဖြစ်ပါ၏။

"မလေးလေးမြင့်တို့ကို နှောက်ယှက်သလိုများ ဖြစ်နေပြီ လားမသိဘူး။ ဒါပေမဲ့ ကျွန်တော့်အနေနဲ့ မလေးလေးမြင့်ကို တွေ့သင့်ပြီဆိုတဲ့ အချိန်ရောက်လာလို့ လာတွေ့တာပါ ... မလေးလေးမြင့် ... "

"ဟုတ်ကဲ့ ... လေးလေးတို့ကလဲ ကိုဂျို ... အဲ ... အဲ့ဒီနာ မည် ဘယ်လိုခေါ်ရမှန်းတောင်မသိဘူး"

ဟုပြောရင်း လေးလေးမြင့်သည် ပါးချိုင့်လေးခွက် အောင် ပြုံးလိုက်သည်။

"ဂျိုကာဆိုတာ ကျွန်တော့်နာမည်ရင်းတော့ မဟုတ်ပါဘူး





ဒါပေမဲ့ ... ခုလောလောဆယ်မှာတော့ ဂျိုကာဆိုတဲ့နာမည် နဲ့ပဲ ကျွန်တော့်ကို ဆက်ဆံပါမလေးလေးမြင့် ... "

"ဟုတ်ကဲ့ ... လေးလေးတို့ကလဲ ကိုဂျိုကာကိုတောင် လိုက် ရှာမလားလို့ သုံးယောက်သားတိုင်ပင်နေတာပါ ... ဟောဒါ က ဝင်းဝင်းမော်၊ ဟောဒါကသီဂီမင်းပါ ကိုဂျိုကာ ... "

"ကျွန်တော် လေးလေးတို့တစ်ဖွဲ့လုံးရဲ့ နာမည်တွေကို သိ ထားပြီးသားပါ ... အဲ ... မလေးလေးမြင့်တို့ ကျွန်တော်ကို လိုက်ရှာမလားလို့ဆိုတာ မပြုံးပြုံးရီကိစ္စပဲမှတ်လား"

"ဟင် ... အဲ့ဒါ ကိုဂျိုကာ သိနေသလား"

လေးလေးမြင့်ကမေးရင်း မြန်းရင်းကိုဂျိုကာ၏မျက် နှာကိုမော့မော့လေးလှမ်းကြည့်လိုက်သည်။ စစ်ဦးထုပ်အစိမ်း ဆောင်းမထားသော်လည်း ကိုဂျိုကာသည် နေကာမျက်မှန်တပ် ထားပါ၏။ နေကာမျက်မှန် တပ်ထားသည့် ကြားကပင် လက်ဝဲ ဘက်မျက်လုံးအိမ်တစ်ဝိုက်တွင် နီညိုရောင်သမ်းပြီး ဖူးဖူးရောင်လေး ဖြစ်နေသည်ကို လေးလေးမြင့် တွေ့ရပေသည်။

ထီးလိုမင်းလိုဘုရားရှေ့တွင် သတ်ပုတ်ခဲ့ရာ၌ ကိုဂျို ကာခမျာလည်း ခံသင့်သလောက်ခံလိုက်ရမှန်း ဒဏ်ရာက ဖော်ပြ လျက်သား ရှိနေပေသည်။

"ကျွန်တော်သိပါတယ် ... မလေးလေးမြင့်၊ အဲ့ဒီကိစ္စအ
ကြောင်း ပြောချင်လို့ တမင်လာခဲ့တာပါ"

ကိုဂျိုကာသည် ပတ်ဝန်းကျင်ကိုဝေ့ဝိုက်ပြီး လှမ်း
ကြည့်လိုက်သည်။ နိုင်ငံခြားသား Tourist တချို့ ပုဂံမြေကို လှေကား
ရာမှ ရောသို့ တသုတ်ပြန်လာသည်ကို လှမ်းမြင်လိုက်သည်။

"ကျွန်တော်တို့ အပြင်ဘက်ထွက်ပြီး တစ်နေရာမှာစကား
ပြောကြရင် မကောင်းဘူးလား မလေးလေးမြင့် ... ဒီမှာ
ဆိုတော့ လူတွေရောနေတယ် ကိုမြတ်မင်းတို့ထဲက သူ့မျိုး
ဒလန်တွေလာရင် ကျွန်တော်မခွဲခြားနိုင်လို့ပါ ... "

"ဟင် ... ၊ ကိုမြတ်မင်းရဲ့ သူလျှိုဒလန်ဟုတ်လား"

"အပြင်ကျမှ ကျွန်တော် အကြောင်းစုံပြောပြမယ် ... မလေး
လေးမြင့်၊ သွားကြပါစို့"

ကိုဂျိုကာနှင့်အတူ အားလုံးထွက်လာကြသည်။ စ
ကားပြောဖို့နေရာကို ကိုဂျိုကာရွေးချယ်သည့်အတိုင်း လေးလေးမြင့်
ဝင်းဝင်းမော်နှင့် သီဂီမင်းတို့က နောက်မှလိုက်ပါလာလေသည်။

ကိုဂျိုကာသည် ရောဟိုတယ်၏ ပေါ်တီကိုမှ ထွက်
လာခဲ့ကာ အလှစိုက်မြက်ခင်းပန်းခြံကို ကွေ့ဝိုက်ပြီး အနိမ့်ပိုင်းဖြစ်
သော ရောဝတီကမ်းခြေတစ်နေရာသို့ ဆင်းလာခဲ့သည်။





အမြစ်တွေပေါ်ပြီး ထို၍ကောင်းသော တမာပင်
ကြီးပင်ရင်းတွင် ကိုဂျိုကာရပ်လိုက်ပါ၏။

"အဲဒီ သစ်မြစ်တွေပေါ်မှာပဲ မလေးလေးမြင့်တို့ထိုင်ပါ ကျွန်
တော် ကိုမြတ်မင်းအကြောင်းကစပြီး ပြောပြပါ့မယ်"

လေးလေးမြင့်တို့သုံးယောက်စလုံး အလျဉ်းသင့်သ
လို သစ်မြစ်ပေါ်တွင်ထိုင်လိုက်သည်။

ကိုဂျိုကာက လေးလေးမြင့် ရှေ့တည့်တည့်တွင်ရပ်
ပြီး ကိုမြတ်မင်းအကြောင်းကို ပြောပါတော့၏။

"ကိုမြတ်မင်းဟာ စက်မှုတက္ကသိုလ်က သရုပ်ပြဆရာတစ်
ယောက်ဖြစ်ခဲ့တာတော့ အမှန်ပဲ မလေးလေးမြင့်"

"ဖြစ်ခဲ့တာတော့ ဆိုတာက ... ဟိုးတစ်ချိန်တုန်းက ဖြစ်ခဲ့ဖူး
တယ်ပေါ့၊ ဒါပေမဲ့ ဆရာကိုမြတ်မင်းဟာ စက်မှုတက္ကသိုလ်
မှာ သရုပ်ပြဆရာအနေနဲ့ ကျောင်းသူလေး သုံးဦးတိတိကို
ဖျက်ဆီးခဲ့ဖူးတယ်၊ သူဖျက်ဆီးပုံက တစ်မျိုးပဲ၊ အခုပြုံးပြုံးရီကို
ခိုးသွားသလို ခိုးသွားတယ်၊ ဒါပေမဲ့ ဘယ်မိန်းကလေးကိုမ
ဆို ဘယ်တရားရုံးမှာမှ လက်မထပ်ဘူး၊ နောက်ပြီး အဲဒီမိန်း
လေးဟာ ဘယ်ရောက်သွားမှန်းမသိတော့ဘူး။ ကိုမြတ်မင်း
ကတော့ ဟန်မပျက်ဆက်ပြီး ကျောင်းမှာ ဆရာလုပ်နေ

တာပဲ၊ သူ့ကို နီးစပ်သူတွေက ပျောက်သွားတဲ့ မိန်းကလေး အကြောင်းမေးရင် သူက အကြောင်ရိုက်တယ်၊ အဲဒီမိန်းက လေးနဲ့ သူနဲ့တွဲတော့ တွဲခဲ့တာမှန်တယ်။ ဒါပေမဲ့ ခိုးသွားတဲ့ အထိတော့ ... မဖြစ်ဘူးဆိုပဲ ငြင်းဆန်တဲ့စကား ဆိုလိုက် တယ်။ ဘယ်နှယ့်လုပ်မလဲ၊ တရားရုံးမှာ လက်မထပ်ဘူး၊ ကိုမြတ်မင်းခိုးသွားတာကို သက်သေမပြနိုင်ဘူးဆိုတော့ ဘာတတ်နိုင်မှာလဲ၊ ဒါပေမဲ့ ဆရာကိုမြတ်မင်းဟာ ကျောင်း သူသုံးယောက်လောက် အဲဒီပုံစံလုပ်လိုက်တော့ သက်သေ အထောက်အထားသာ မရှိချင်နေမယ်၊ သူ့သတင်းအပုတ်နဲ့ က စက်မှုတက္ကသိုလ်မှာ ဟောင်လာတာပေါ့၊ နောက်ဆုံး စက်မှုတက္ကသိုလ်ရဲ့အကြောင်းကို နောကျေအောင် သိနေ တာပဲ မလေးလေးမြင့်"

"ကိုဂျိုကာကလဲ ဆရာကိုမြတ်မင်းအကြောင်းကို နောကြေ အောင် သိနေတာပဲလားဟင် ... "

"ရန်ကုန်ကထွက်လာတုန်းက ကျွန်တော် ဘယ်သူ့အ ကြောင်းမှ မသိပါဘူး ... ကျွန်တော်သိတာက မလေးလေး မြင့်ရဲ့အကြောင်း အဓိကပါ ... မပြုံးပြုံးရီတို့၊ မဝင်းဝင်းမော် တို့ မသီကီမင်းတို့ ဆိုတာကတော့ မလေးလေးမြင့်ရဲ့





အပေါင်းအသင်းတွေအဖြစ်နဲ့ ကျွန်တော်သိထားတာပါ"

"ကိုဂျိုကာ သိတာကလေးလေးအကြောင်းအဓိက ဟုတ် လား ... ဆရာကိုမြတ်မင်းတို့အကြောင်းကို ရန်ကုန်က ထွက်လာတုန်းက မသိဘူးမဟုတ်လား ... ဒါဆို ကိုဂျိုကာ လိုက်လာတာဟာ ဘယ်သူ့နောက်ကို လိုက်နေတာလဲ ဟင်"

"အဲ့ဒါတွေ ထားလိုက်ပါတော့ မလေးလေးမြင့် ... ကျွန် တော် ကိုမြတ်မင်းအကြောင်းကို ဆက်ပြောပါရစေ ... ဆွာ ထမင်းဆိုင်ထဲမှာ မဝင်းဝင်းမော်က ကိုမြတ်မင်းကို စက်မှု တက္ကသိုလ်က သရုပ်ပြဆရာတစ်ယောက် ဟုတ်မဟုတ် စီ စစ်မယ်ဆိုမှ ကျွန်တော်လဲ ကိုမြတ်မင်းအကြောင်း စိစစ်သင့် တယ်လို့မြင်လာတယ် ... ဒါကြောင့် ပျဉ်းမနားရောက်တော့ ကျွန်တော့်အဆက်အသွယ်တွေဆီ ဖုန်းဆက်ပြီး ပြန်မေး တယ် ... အဲ့ဒီမှာပဲ ကျွန်တော့်အဆက်အသွယ်တွေဆီက ကိုမြတ်မင်းအကြောင်းတွေ သိရတာပဲ မလေးလေးမြင့်"

"မြန်လှချည်လား ကိုဂျိုကာ ... ပျဉ်းမနားက ဖုန်းဆက်မေး တာနဲ့ ချက်ချင်းသိရသလား ... "

"ဒါကတော့ ကျွန်တော့်နည်းကျွန်တော့်ဟန်နဲ့ ဆက်သွယ်

တာပဲ မလေးလေးမြင့် ... ဆရာကိုမြတ်မင်းအကြောင်းတွေ လဲသိရော တပ်ကုန်းမှာဒဂုံပုပ္ပားဟိုးနိုးကားရပ်နားတုန်း မလေးလေးမြင့် ထိုင်ခုံပေါ်ကို ကျွန်တော်က သတိပေးစာ တစ်စောင် ရေးတင်ထားခဲ့တာပဲ ... ကျွန်တော်ထင်တာက ကိုမြတ်မင်းဟာ ပြုံးပြုံးရီကို မဟုတ်ပဲ မလေးလေးမြင့်ကို သာ အရချိုင်မယ်ထင်လို့မလေးလေးမြင့်နာမည်တစ် ယောက်တည်း ဦးတည်ရေးခဲ့တာ ... "

"နေ့ခင်း နှစ်နာရီခွဲလောက်က နေဟိန်းကျော်က ဂျစ်ကား မောင်းပြီး အလယ်မှာမပြုံးပြုံးရီနဲ့ဘေးက ကိုမြတ်မင်းတို့ ထိုင်သွားတာ ကျွန်တော်တွေ့လိုက်တယ် ... သူတို့ ကျောက်ပန်းတောင်းကိုပဲ မောင်းသွားလိမ့်လို့ ကျွန်တော် ခန့်မှန်းတယ် ... "

"ဆရာကိုမြတ်မင်းဟာ မိပြုံးကိုသွေးရိုးသားရိုး ခိုးသွားတာ လားမှ မသိတာကိုဂျိုကာ"

"ကျွန်တော်တော့ မထင်ဘူး ... မနေ့ညက ကျောက်ပန်း တောင်းထမင်းဆိုင်မှာ နေဟိန်းကျော် ကျွန်တော့်ကို ဗလာ ချိုရန်စကတည်းက ကျွန်တော့်စိတ်ထဲမှာ မသင်္ကာဖြစ်လာ တယ် ... သူရန်စတာဟာ ကိုမြတ်မင်းရဲ့စနက်လို့ ကျွန်





တော်ထင်လာတယ် ... ဘာလို့လဲဆိုတော့ ဒဂုံပုပ္ပါးဟိုးနိုး ကားကြီးနောက်ကို တကောက်ကောက်ကျွန်တော်လိုက် လာတာ ကိုမြတ်မင်းသာသိတာကိုး ... တကယ်လို့ ကိုမြတ် မင်းမှာ အကြံအစည်တစ်ခုခုရှိနေရင် ကျွန်တော်ဟာ သူ့အ ကြံအစည်ထဲမှာ အနှောင့်အယှက်ဖြစ်နေပုံရလို့ ကျွန်တော့် ကို နေဟိန်းကျော်နဲ့ ခြိမ်းခြောက်ခိုင်းလိုက်တာပဲလို့ ကျွန် တော်မြင်လာတယ် ... "

"ဒါကြောင့် ... ကျောက်ပန်းတောင်းထမင်းဆိုင်က ထွက် လာပြီးတဲ့နောက် ညတွင်းချင်းနေဟိန်းကျော်နဲ့သူ့အဖေဦး ထွန်းကျော်ရဲ့အကြောင်းတွေ ကျွန်တော်စုံစမ်းပြန်တယ်"

"ဘယ်လိုစုံစမ်းတာလဲ ... ကိုဂျိုကာ"

"ကျောက်ပန်းတောင်းရဲတပ်ဖွဲ့မှာ စုံစမ်းတယ် ... နောက်ပြီး ကျောက်ပန်းတောင်းမှာပဲ လျှို့ဝှက်တာဝန်ချထားတဲ့ ထောက်လှမ်းရေးသမားတွေဆီမှာ စုံစမ်းတာပဲမလေးလေး မြင့် ... "

လေးလေးမြင့်က ကိုဂျိုကာကိုမော့ကြည့်မိပြန်သည် င်းဝင်းမော်နှင့်သီဂီမင်းတို့ကလည်း မော့ကြည့်ပြန်သည်။ ရဲအုပ်အဖွဲ့ နှင့် ထောက်လှမ်းရေးသမားတွေထံ ကိုဂျိုကာက သွားရောက်စုံစမ်း

သည်ဆိုသည်မှာ ဖြစ်နိုင်ပါ့မလားဟု တအံ့သြကိုဂျိုကာကိုကြည့်မိခြင်းမျိုးဖြစ်ပါ၏။ ရဲအဖွဲ့နှင့် ထောက်လှမ်းရေးသည် သာမန်အရပ်သားတစ်ဦးအား လျှို့ဝှက်သတင်းတွေ ဖွင့်ပြောပါမည်တဲ့လား။

"ရဲအဖွဲ့တို့ ထောက်လှမ်းရေးတို့က အဲ့ဒီလို အစုံစမ်းခံပါ့မလား ကိုဂျိုကာ ... "

"ကျွန်တော်ပြောခဲ့ပြီပဲ မလေးလေးမြင့် ... ကျွန်တော့်နည်း ကျွန်တော့်ဟန်နဲ့ စုံစမ်းတာပါလို့ ... ပျဉ်းမနားကနေပြီး ရန်ကုန်ကိုဖုန်းဆက်စုံစမ်းတယ်ဆိုတုန်းကလဲ မလေးလေးမြင့်တို့က မယုံသလိုကျွန်တော့်ကိုကြည့်တယ် ... အဝေးပြေးလိုင်းကို ချက်ချင်းရအောင်ခေါ်ဖို့မလွယ်ဘူးပေါ့လေ၊ အဲ့ဒါက သာမန်ဆက်ရိုးဆက်စဉ်တွေကိုး ... ကျွန်တော်က ချက်ချင်းရတဲ့နည်းနဲ့ဆက်ခဲ့တာပါ ... ရန်ကုန်ကိုဆက်သွယ်မိတာနဲ့ စက်မှုတက္ကသိုလ်က ကျွန်တော့်အပေါင်းအသင်း လက်ထောက်ကထိကဆီကို နောက်တဆင့်ဆက်မေးလိုက်တာလေ။ ကိုမြတ်မင်းအကြောင်းတွေကို နာရီဝင်အတွင်းမှာ ပျဉ်းမနားကနေပြီး ကျွန်တော်သိရတယ်"

"အခုလဲ ကျောက်ပန်းတောင်းမှာ ကျွန်တော်နည်း ကျွန်တော့်ဟန်နဲ့ စုံစမ်းတယ်ပေါ့ ... ။ အဲဒီမှာတင် ဦးထွန်းကျော်





နဲ့နေဟိန်းကျော်သားအဖအကြောင်းကို ကျွန်တော်သိရတာပဲ။ သူတို့သားအဖရဲ့ နှစ်ထပ်တိုက်ကြီးဟာ ကျောက်ပန်းတောင်း မြင်းခြံလမ်းပေါ်မှာ ဟိန်းနေတာပဲ ... ။ အစကတော့ ... ဦးထွန်းကျော်ဟာ လော်ရီကားနှစ်ပိုင်ပြီး ... အဲဒီခြံထဲမှာပဲ ... ရိုးရိုးပျဉ်ထောင်အိမ်ကလေးနဲ့နေတာ ... ။ လော်ရီကားကြီးတွေက ... အထက်ကုန်တွေ ရန်ကုန်ချသွားပြီး ရန်ကုန်က အောက်ကုန်တွေ အထက်ပြန်တင်တဲ့အလုပ်တာတဲ့။ တစ်ခါတလေလဲ ရှမ်းပြည်ဘက်တက်သေးတယ်တဲ့။ အဲဒီလိုနဲ့ လွန်ခဲ့တဲ့(၂)နှစ်လောက်ကစပြီး ဦးထွန်းကျော်စီးပွား တရှိန်တိုးတက်လာတာ ... အဲဒီ ဟိန်းကျော်နေတဲ့ နှစ်ထပ်တိုက်ကြီးဆောက်နိုင်တဲ့အထိပဲတဲ့ ... ။ ဦးထွန်းကျော်က သူ့လုပ်ငန်းမှာ စီးပွားဖြစ်လာတာကို မကွယ်မဝှက်ပဲ အမြတ်တော်ခွန်စည်းကြပ်ရုံးမှာ အမှန်အတိုင်းစာရင်းဇယားနဲ့တင်ပြပြီး တစ်နှစ်ကို အမြတ်တော်ခွန် လေးငါးသောင်းထိ ဆောင်တယ်ဆိုပဲ ... ။ ဒီတော့လဲ သူ့စီးပွားရေးနဲ့ပတ်သက်ပြီး အထင်မှားစရာမရှိဘူးပေါ့ ... "

အဲဒီလောက်အထိတော့ လေးလေးမြင့်ဖြစ်စေ ... င်းဝင်းမော်နှင့် သိဂီမင်းနှင့်ဖြစ်စေ၊ နားလည်နိုင်စွမ်းမရှိပေ။ အမြတ်

တော်ခွန်ကိစ္စ၊ စီးပွားရေးကိစ္စတို့မှာ အိမ်ကဖေဖေနှင့်မေမေတို့ လုပ်နေကြသော ကိစ္စတွေဖြစ်ပေသည်။

ကိုဂျိုကာကပင် ဆက်၍ပြောပါ၏။

"ဒါပေမဲ့ ရဲအဖွဲ့နဲ့ထောက်လှမ်းရေးကတော့ ဦးထွန်းကျော်အပေါ်မှာ မသင်္ကာဘူး"

"ဘယ်လိုမသင်္ကာတာလဲ ... ကိုဂျိုကာ"

"ဒီလောက်ထိ စီးပွားအတက်မြန်လာတာ ဒုစရိုက်လုပ်ငန်းတစ်ခုခုနှင့် မကင်းဘူးဆိုတဲ့ မသင်္ကာမှုမျိုးပေါ့၊ နောက်ဆုံး ဦးထွန်းကျော်ဟာ ဘိန်းဖြူနံပါတ်ဖိုးဖြန့်ချိရေး ပိုင်းလုပ်နေတယ်လို့ အထင်ရှိလာတယ် ... ဒါပေမဲ့ လက်ပူးလက်ကြပ် မမိသေးတော့ ရဲရောထောက်လှမ်းရေးရော လျှိုနေကြတယ်တဲ့ ... "

လေးလေးမြင့်တို့သုံးယောက်စလုံး ပါးစပ်အဟောင်းသားလေးတွေနှင့် နားထောင်နေရတော့သည်။

"ဒီနေ့ ဘူးဘုရားမှာ ... နေဟိန်းကျော်ရဲ့ ဂျစ်ကားအက်(ရှ်)ဘုတ်ထဲက စီးကရက်ဘူးကို ကျွန်တော် တိတ်တိတ်လေး ခိုးယူသွားခဲ့တယ် ... မလေးလေးမြင့်"

"အော် ... အော် ... အဲ့ဒီတော့"





"ကျွန်တော် ပုဂံညောင်ဦးရဲစခန်းကို အဲ့ဒီစီးကရက်တွေယူသွားတယ် ... ရဲအဖွဲ့ဝင်တွေရော၊ မြို့က လူကြီးပိုင်းတချို့ရော၊ ပြည်သူ့ဆေးရုံက ဆရာဝန်ရော၊ စုံစုံညီညီရှေ့မှာပဲ နေဟိန်းကျော်ရဲ့ ဒူးယားစီးကရက်နဲ့ ဆိုင်တစ်ဆိုင်က ဝယ်လာတဲ့ ဒူးယားတစ်ဘူးရဲ့ စီးကရက်တွေနဲ့ အလိပ်ဖွင့်ပြီး နှိုင်းယှဉ်စစ်ဆေးကြည့်တယ် ... ဒီမှာတင် နေဟိန်းကျော်ရဲ့ စီးကရက်ထဲမှာ နံပါတ်ဖိုးမှုန့်တွေ ကိုယ်တိုင်ဟာ နံပါတ်ဖိုးသမားတစ်ယောက်ဖြစ်နေပြီလေ ... ဒါပေမဲ့ ဆေးထိုးတဲ့အဆင့်တော့ မရောက်သေးဘူးထင်ပါရဲ့၊ စီးကရက်ထဲထည့်ရှူတဲ့အဆင့်ပဲ ရှိသေးပုံရတယ်"

လေးလေးမြင့် ပြန်တွေးမိသည်။

ဂျစ်ကားပေါ်တွင် နေဟိန်းကျော်ဒူးယားသောက်စဉ်က အနံ့တစ်မျိုးကြီးထွက်လာပြီး လေးလေးမြင့် ငြီးစီစီဖြစ်လာခဲ့ရသည်။ တကယ်တော့ နေဟိန်းကျော်သည် နံပါတ်ဖိုးငွေ့တွေကို သူ့နောက်တွင် ကပ်ထိုင်နေသော လေးလေးမြင့်အားမှိုင်းတိုက်နေသည့် သဘောဖြစ်ပေမည်။

ထို့နောက် ဘူးဘုရားမှထွက်ခါနီးတွင် စီးကရက်ဘူးပျောက်ပြီး နေဟိန်းကျော်နှင့်ကိုမြတ်မင်းတို့ မျက်စေ့ပျက်မျက်နှာ

မျက်ဖြစ်ခြင်းတို့ကိုလည်း ယခုမှလေးလေးမြင့်သဘောပေါက်သည်။

“နေဟိန်းကျော်နဲ့ ပတ်သတ်ပြီး ကျွန်တော်ပြောဦးမယ် မလေးလေးမြင့်နေဟိန်းကျော်ဟာ မန္တလေးဆေးတက္ကသိုလ်မှာ တက်နေတယ်ဆိုတာ လုံးဝမဟုတ်ဘူးတဲ့ ... ကျောက်ပန်းတောင်းကနေပြီး(၁၀)တန်းအောင်တုန်းက ဆေးတက္ကသိုလ်ဝင်ခွင့်အမှတ်မှီတာတော့အမှန်ပဲ ... အဲ့ဒီတုန်းက ဒေသကောလိပ်တွေ မရှိသေးဘူးလေ ... မန္တလေးဆေးတက္ကသိုလ်မှာ နေဟိန်းကျော်သွားတက်သေးတယ်ဒါပေမဲ့ ... စာမေးပွဲ(၂)နှစ်ဆက်ကျစနစ်ကြောင့် ဆေးတက္ကသိုလ်က ထွက်လိုက်ရတယ် ... အဲ့ဒီနောက် နေဟိန်းကျော်ဟာသူ့ကိုယ်သူဆေးကျောင်းသားဆိုတဲ့ အရေခြုံပြီး မိန်းကလေးတွေကို ဖျက်ဆီးနေတာတဲ့ ... တခါတလေ သူ့ကျောက်ပန်းတောင်းက တိုက်အိမ်ကြီးကို ဂျစ်ကားနဲ့ကောင်မလေးတွေခေါ်လာတတ်သတဲ့ ... ”

“ဒါဆို ... ဆရာကိုမြတ်မင်းနဲ့ နေဟိန်းကျော် ဘာထူးသေးသလဲ”

“ဟုတ်တယ် ... မလေးလေးမြင့်၊ အဲ့ဒီတော့ ... ကိုမြတ်မင်းလုပ်နည်းလုပ်ဟန်နဲ့ နေဟိန်းကျော်ရဲ့လုပ်နည်းလုပ်ဟန်





တွေဟာတူညီနေတယ် ... အဲ့ဒီတော့ အခုပြုံးပြုံးရီကို ကိုမြတ်မင်းခေါ်သွားပုံဟာ သူတို့မှာ ရည်ရွယ်ချက်တစ်ခုခုရှိပုံရတာတော့ အမှန်ပဲ”

အားလုံးသည် ငြိမ်သက်စွာ ကိုယ့်အတွေးနှင့်ကိုယ်တွေတွေငေးငေးကို ဖြစ်ကုန်ကြတော့သည်။

“အဲဒီတော့ ဒီလိုလုပ်ပါ မလေးလေးမြင့်။ ကျွန်တော့်စိတ်ထင်တော့ ကိုမြတ်မင်းဟာ မလေးလေးမြင့်ကို တနည်းနည်းနဲ့ ဆက်သွယ်ဦးမှာသေချာတယ်လို့ တွက်မိတယ်။ သူတို့ဆက်သွယ်ရင် မလေးလေးမြင့်တို့ တစ်ဖွဲ့လုံး လိုက်သွားပါ ... ”

“ရှင် ... ”

“လိုက်သွားပါ မလေးလေးမြင့်၊ မလေးလေးမြင့်တို့ တစ်ဖွဲ့လုံး၊ မှဲ့တစ်ပေါက်မစွန်းအောင် ... ကျွန်တော်စီစဉ်ပါ့မယ်။ အထူးသဖြင့် မလေးလေးမြင့်နဲ့ပတ်သက်ပြီး ကျွန်တော်ကိုယ်တိုင်က မှဲ့တစ်ပေါက်မစွန်းအောင်လုပ်မှာပါ။ ကျွန်တော်သေသွားချင် သေသွားပါစေ”

“ရှင် ... ”

မလေးလေးမြင့်မှာ ကိုဂျိုကာပြောသမျှကို “ရှင်”တ

ရင်း တအံ့တဩပင် နားထောင်နေရတော့သည်။

ကိုဂျိုကာသည် သူပြောချင်သမျှတို့ကို ပြောပြီးသည်နှင့်"ကျွန်တော်သွားမယ်"ဟု နှုတ်ဆက်ကာ ထွက်သွားပေတော့သည်။

လေးလေးမြင့်သည် ကိုဂျိုကာထွက်သွားသည်ကို ငေးကြည့်ရင် ကျန်ခဲ့ပါ၏။ ပြီးမှ မိမော်နှင့် မိဂီထံသို့ လှည့်လိုက်သည်။

"ကဲ ... ကောင်မတွေ ဘယ်လိုသဘောရသလဲ"

"တို့သဘောကတော့၊ ကိုဂျိုကာပြောတာကို သဘောကျတယ်မိလေး၊ ခုတိုင်းဆိုရင် မိပြုံးတစ်ယောက်ရဲ့ အခြေအနေက သို့လော ... သို့လောနဲ့ စဉ်းစားစရာတွေ အများကြီးပဲ။ မိပြုံးတစ်ယောက်တည်းထားခဲ့ရင် မိပြုံးအတွက် အန္တရာယ်တစ်ခုခုရှိသလိုပဲ။ ဗမာစကားပုံတစ်ခုရှိတယ်မဟုတ်လား တစ်ယောက်သွားရင် သေလူ။ နှစ်ယောက်သွားရင် ရှင်လူ။ သုံးယောက်ပေါင်းသွားရင် လောင်းကျော်သတဲ့။ အဲဒီတော့ တို့သုံးယောက်စလုံးသွားမယ်"

"အေး ... ဒါဆိုရင် ပြီးရော။ တကယ်လို့ ကိုမြတ်မင်းတို့က လာဆက်ဆံပြီး တို့ကိုခေါ်ရင် တို့လိုက်သွားမယ်။ တို့ကိုဘာ





မှ မဖြစ်စေရဘူးလို့ ကိုဂျိုကာက အာမခံထားတာပဲ"

"နင်က ကိုဂျိုကာကို သိပ်ယုံကြည်တာပဲသိလား မိလေး"

"ခြွင်းချက်မရှိ ယုံကြည်တယ်ဟေ့။ ငါ့ရင်ထဲမှာ ကိုဂျိုကာဟာ တကယ့်လူတော်လူကောင်းတစ်ယောက်လို့"

၈

ကိုဂျိုကာ မှန်းဆထားသည့်အတိုင်းပင်။

နောက်တစ်နေ့ မိုးလင်းသည်နှင့် နေဟိန်းကျော် တစ်ယောက်သည် ဂျစ်ကားဖြင့် ပေါက်ချလာပေသည်။

"ဟဲ ... ဟဲ ... သိပ်ပြီး စိတ်ပူသွားကြသလား မလေးလေး မြင့်။ မပူပါနဲ့ဗျာ၊ ဟိုမှာ ပြုံးပြုံးရီနဲ့ ကိုမြတ်မင်းတို့က ဈေး နှစ်ပါးကိုကြည့်နေတာပဲ။ အဲ ... ပြုံးပြုံးရီက ဒီစာသွားပေး ဦးဆိုလို့ ကျွန်တော်မျိုးကြီးက မိုးမလင်းခင် ဂျစ်ကားမောင်း ပြီး ထွက်လာခဲ့ရတာလေ။ တော်ကြာ မလေးလေးမြင့်က အပြင်ထွက်ရင် မမိမှာစိုးလို့ဆိုပြီး ပြုံးပြုံးရီက အတန်တန် လိုက်လို့ ..."





ညှို့ခန်းဝယ် တွေ့ဆုံကြခြင်းဖြစ်ပါ၏။ လေးလေး မြင့်က နေဟိန်းကျော်ထံမှ ကော်ကပ်ပိတ်ထားသော စာအိတ်ကိုယူ ကာ ဖွင့်ဖောက်လိုက်သည်။

သုံးယောက်စလုံး ခေါင်းချင်းဆိုင်၍ ဖတ်ကြသည်။

**မိလေး ... မိမော် ... မိဂီ။**

*ငါ့ကိုတော့ အပြစ်မတင်ကြပါနဲ့တော့ဟာယ်။ ငါလုပ် သွားပုံတွေဟာ မြန်မာမဆန်လွန်းလို့ ငါ့ဟာငါလည်း ရှက်မိပါရဲ့။ ဒါပေမဲ့ ကိုမြတ်မင်းမှာလည်း အခက်ခဲရှိနေတယ်တဲ့။ ရန်ကုန်ပြန်ရောက်ရင် ကိုမြတ်မင်းရဲ့ မိဘတွေက သူတို့သဘောတူသူနဲ့ ပေးစားတော့မယ်တဲ့။ အဲဒီအခက်ခဲတွေကြောင့် ငါကိုမြတ်မင်းနောက်ကို လိုက်သွားတာပါ။*

*ဘယ့်နှယ့်လုပ်မလဲ။ ဒီလိုမှ ငါမလိုက်သွားရင် ကိုမြတ် မင်းနဲ့ ငါနဲ့ လွဲကြရုံရှိတော့မယ်။*

*ဘယ်လိုပဲဖြစ်ဖြစ်ပေါ့ဟာယ်၊ ငါကိစ္စက ငါ့ကိစ္စပါ။ ရန်ကုန် ကိုပြန်ရောက်တော့မှပဲ ငါ့မိဘတွေ အကျိုးအကြောင်းပြောပြပြီး တင့် တင့်တယ်တယ် အပိုင်းတွေကို ဆက်လုပ်ရမှာပဲ။*

*စလောလောဆယ် နင်တို့ ငါ့ဆီလိုက်လည်ကြပါဟာယ်။ ငါ့အစ် ကျောက်ပန်းတောင်းက ကိုနေဟိန်းကျော်တို့အိမ်ကြီးမှာပဲ*

*နေနေတယ်။ ငါနဲ့ ကိုမြတ်မင်းအတွက် သီးခြားအခန်းတစ်ခုပေးထားပြီး ဘာမှလိုလေသေးမရှိဘူးဟဲ့။*

*တို့သူငယ်ချင်းလေးယောက်ဝိုင်းစည်မှာ ငါက ဗျူဟောဆ သလိုဖြစ်သွားလို့ နင်တို့သုံးယောက်ကို တောင်းပန်ရင်း ငါ့အစွမ်း ကုန်ပြန်ရပါရစေ။ ဆက်ဆက်လိုက်ခဲ့ကြနော်။*

**နင်တို့ရဲ့ ... မိပြုံး**

လေးလေးမြင့်ဖတ်ပြီးသွားသလို မိမော်နှင့် မိဂီ လည်း မိပြုံး၏စာ ဖတ်ပြီးသွားသည်။

မိပြုံး ရေးထားသောစာမှာ လင်နောက်လိုက်သွားရ သည်ကိုပင် ပျော်စရာကြီးအသွင်သဏ္ဌာန်တွေပါရှိနေသည်။

လက်ရေးမှာ မိပြုံး၏လက်ရေးအစစ်ဖြစ်ကြောင်း ဓာတ်သိသူငယ်ချင်းသုံးယောက်က သေချာသိပြီးသားဖြစ်သည်။

မည်သို့ဖြစ်စေ ...

မနေ့ညနေခင်းက ကိုဂျိုကာသည် ကိုမြတ်မင်းနှင့် ကိုနေဟိန်းကျော်က လာရောက်ဆက်သွယ်လျှင် လိုက်ပါသွားပါဟု အတန်တန်မှာခဲ့သည်။

ဘာပဲဖြစ်ဖြစ် သုံးယောက်စလုံးသည် တစ်ယောက်





မျက်နှာချိပ်မျက်နှာကဲကို ကြည့်ရှုခေါင်းညိတ်ကြပြီး လိုက်ရန်ဆုံး ဖြတ်လိုက်တော့သည်။

ကိုနေဟိန်းကျော်၏ ဂျစ်ကားတွင်ရှေ့ကုရှင်၌ လေး လေးမြင့်ကထိုင်သည်။ နောက်ကုရှင်၌မိမော်နှင့်မိဂီကထိုင်သည်။

အန်ကယ်(လ်)ရောဘတ်ထံသို့ အခန်းသော့အပ်ခဲ့ရ သည်။ လေးလေးမြင့်တို့၏ စိတ်ကူးမှာ ယခုမနက်ကျောက်ပန်း တောင်းမှ မိပြုံးဆီလိုက်သွားပြီး ညနေပိုင်းတွင် ပုဂံသို့ ပြန်လာမည် ဆိုသည့် ရည်ရွယ်ချက်နှင့် ဖြစ်ပါ၏။ လက်ဆွဲအိတ်နှင့် လက်ဆွဲခြင်း တွေကိုပင် ရောဟိုတယ်၏ အခန်း(၂၃)နှင့်(၂၅)တွင် ဒီအတိုင်း ထားပစ်ခဲ့ပါ၏။

ကျောက်ပန်းတောင်းသို့ ရောက်သော်လည်း မြင်းခြံ လမ်းတွင် ရှိပါသည်ဆိုသည့် ဦးထွန်းကျော်၏ နှစ်ထပ်တိုက်ကြီးသို့ နေဟိန်းကျော်က မမောင်းပေ။ မိတ္ထီလာသွားတဲ့လမ်းပဲ ... "

"ဟဲ ... ဟဲ ... ပြောဖို့မေ့သွားတယ် ... ။ ကိုမြတ်မင်းနဲ့ ပြုံးပြုံးရီကို ကျွန်တော်မလေးလေးမြင့်တို့လာခေါ်ကတည်း က ကြက်မောက်တောင်ဆည်ကြီးမှာ ထားခဲ့ရတယ်လေ။ သူတို့ လင်မယားက ကြက်မောက်တောင်ဆည်ကြီးကို လေ့

လောချင်လို့တဲ့။ မလေးလေးမြင့်တို့ခေါ်လာပြီးရင် အပြန်မှာ သူတို့လင်မယားကို ဝင်ခေါ်ပါတဲ့ ... ။ အဲဒါ ဝင်ခေါ်ရမယ်လေ ... ။ ပြီးမှ အားလုံး ကျွန်တော်တို့တိုက်ကို သွားကြတာပေါ့ ... "

လေးလေးမြင့်တို့ ဘာမျှပြန်မပြော။ မယုံတဝက်ယုံတဝက်ဖြင့်ပင် လိုက်လာခဲ့ကြသည်။ တလမ်းလုံး ကိုဂျိုကာ၏ မော်တော်ဆိုင်ကယ်ကိုငှင်း၊ ကိုဂျိုကာကိုငှင်း၊ သုံးယောက်စလုံးဟိုကြည့်ဒီကြည့်ဖြင့် ရှာဖွေကြည့်ကြသည်။ လုံးဝမတွေ့ပါပေ။

မိတ္ထီလာလမ်းပေါ်ရောက်မှ လေးလေးမြင့်ကို ဂျစ်ကားနောက်သို့ တအိအိလိုက်ပါလာသော ကားတစ်စီးကိုတွေ့ရသည်။ ကားမှာ နံပါတ်နီ အငှားကားဖြစ်ပါ၏။ အော်စတင်ကားဟောင်းလေးကို ဖင်ဖြတ်ပြီး ပစ်ကပ်ဘော်ဒီတင်ကာ လူတင်ကုန်တင်ဆွဲနေသော ကားစုတ်လေးဖြစ်ပေသည်။

ထိုကားစုတ်လေးပေါ်သို့လည်း လေးလေးမြင့်က လှည့်ကြည့်ယင်း ကိုဂျိုကာကို ရှာဖွေသည်။ ရှေ့မှမောင်းသူသည် လူရွယ်တစ်ယောက်တော့ ဟုတ်ပါ၏။ သို့သော် ပါးမြိုင်းမွေးမရှိ၊ မုတ်ဆိတ်မွေးမရှိ၊ စစ်ဦးထုပ်မဆောင်း၊ နေကာမျက်မှန်မတပ်၊ သူတစ်ကိုယ်လုံးတွင် မော်တော်ကားဆီချေးတွေ ပေနေသည်။





ဦးခေါင်းတွင်လည်း မျက်နှာသုတ်ပဝါတစ်ထည်ကို ပေါင်းထားသေး၏။ သူ့ဘေးတွင် ထိုင်နေသူမှာ ကတုံးနှင့်လူကြီးတစ်ယောက်ဖြစ်သည်။ ပင်နီကြမ်း တိုက်ပုံအင်္ကျီကြီး ဝတ်ထားသည်။ ထန်းလျက်အပိုတွေ တင်ထားသည်။ လူလေးငါးခြောက်ယောက်လောက်နောက်တွင်ပါရှိသည်။ ကျောက်ပန်းတောင်းနှင့် အနီးအနားသို့ လိုက်ပါလာကြသည့် ခရီးသည်တွေ ဖြစ်ဟန်တူသည်။ ဤကားမျိုးလေးတွေသည် ကျောက်ပန်းတောင်းကို ဗဟိုထားပြီး အနီးအနား ကျေးရွာတိုက်သို့ လိုင်းပြေးနေသော ကားလေးမျိုးတွေ ဖြစ်ပါ၏။

"ဘာတွေလိုက်ကြည့်နေတာလဲ မလေးလေးမြင့်"

"ဘာရယ်မဟုတ်ပါဘူး ... ၊နေရာသစ်၊ ဒေသသစ်ဆိုတော့ ပတ်ဝန်းကျင်သစ်ကို လေ့လာတဲ့သဘောနဲ့ လျှောက်ကြည့်နေတာပါ ... "

"ကောင်းတယ် ... ကောင်းတယ် ... ကျွန်တော်နဲ့ကိုမြတ်မင်းကလဲ စိတ်ကူးပြီးသားပါ ... မလေးလေးမြင့်တို့ အားလုံးကို အသစ်အဆန်းတွေဆီ ပို့ပေးမယ်လို့ ... "

လေးလေးမြင့်က ဘာမျှပြန်မပြောတော့သည့်အပြင် ဘယ်ကိုမှလည်း ထပ်မကြည့်တော့ပေ။

"အင်း ... ဒီနေ့တော့ ဟို မော်တော်ဆိုင်ကယ်နဲ့ စီတွာဇဝေ

ဒနာသည်တစ်ယောက် မတွေ့တော့ဘူးနော် ... မနေ့က ဟိုကောင်လေးတစ်ယောက်နဲ့ သတ်ပုတ်ပြီးကတည်းက ရုံးကုန် ပြန်ပြေးပြီထင်ပါရဲ့"

ဟုတ်ပါ့မလား ကိုနေဟိန်းကျော် မနေ့က ခံသွားရတာက ကျွန်စစ်သား၊ ငထွေရှူး၊ လုံးလက်ဖယ်နဲ့ ညောင်ဦးဖီးတို့ပဲ လေးယောက်နဲ့တစ်ယောက်ပွဲမှာ သူနိုင်သွားတယ်လေ"

"ဗျာ"

နေဟိန်းကျော်က လေးလေးမြင့်ဘက်သို့ ချာခနဲ လှည့်ကြည့်ယင်း "ဗျာ" ဟုအော်လိုက်ပေသည်။ လေးလေးမြင့် သုံးနှုန်းလိုက်သော ကျွန်စစ်သား၊ ငထွေရှူး၊ လုံးလက်ဖယ်၊ ညောင်ဦးဖီးဆိုသော စကားကြောင့်ဖြစ်ပါ၏။ မနေ့က ဆိုင်ကယ်နှင့်လူအား မိမိတို့လက်ချက်ဖြင့် လူလေးယောက်နှင့် လွှတ်ပေးမှန်း လေးလေးမြင့်ရိပ်မိသွားခြင်းကို နေဟိန်းကျော်က အံ့ဩသွားဟန် တူပါ၏။ သို့သော် နေဟိန်းကျော်သည် အိနြေ္ဒမပျက်ပေ။

"အမှန်တော့ လေးယောက်နဲ့တစ်ယောက်ပွဲ မဟုတ်ပါဘူး မလေးလေးမြင့် ... သုံးယောက်နဲ့တစ်ယောက်ပွဲပါ။ ဒီအရှုံးက ရှုံးသာရှုံးတာ တကယ့်အရှုံးပါးပဲ၊ လေးယောက်ထဲက တစ်ယောက်ကို ဆိုင်ကယ်နဲ့ တင်လွှတ်ပြီး လဲနိုင်းထားလိုက်





တယ်လေ ... တကယ်လို့သာ လေးယောက်တိတိချစ်ခဲ့ရင် ဒီအရှုံးခံသွားရမှာပေါ့"

လေးလေးမြင့်က ငြိမ်နေလိုက်သည်။ ဆက်၍ငြင်းလျှင် မိမိတို့က ကိုဂျိုကာအပေါ်၌ သံယောဇဉ်ပိုကာ ဘက်လိုက်ငြင်းဆန်သည်ဟု နေဟိန်းကျော်ထင်သွားမည်စိုးသောကြောင့်ပင်။

ထိုစဉ်မှာပင် နေဟိန်းကျော်သည် လက်ယာဘက်မြေနီလမ်းတစ်ခုသို့ ချိုးလိုက်သည်။ ကြက်မောက်တောင်ဆည်သို့ သွားသော လမ်းတစ်ခုဖြစ်နေမလားမသိ။

တစ်ဖာလုံသာသာခန့် ဝင်သွားပြီးသောအခါ လက်ယာဘက်ခြံကြီးတစ်ခုထဲသို့ ကွေ့ဝင်လိုက်သည်။ သရက်ပင်များ၊ တမာပင်များဖြင့် အုပ်ဆိုင်းနေသော ခြံကြီးဖြစ်ပါ၏။ ခြံကြီးအလယ်တွင် တိုက်အိုကြီးတစ်လုံးရှိနေပေသည်။

တိုက်အိုကြီးဝတွင် ကိုမြတ်မင်းက မတ်တက်ရပ်၍ ကြိုဆိုနေပေသည်။

ရှေ့တွင် ဂျစ်ကားထိုးဆိုက်လိုက်သည်နှင့် ကိုမြတ်မင်းက ရယ်ရယ်မောမောဖြင့် ဖိတ်ခေါ်စကားဆိုလိုက်သည်။

"လာ ... လာ ... လေးလေးတို့ ဝင်းဝင်းမော်တို့ သိင်္ဂီမင်းတို့ ... ပြီးက သူငယ်ချင်းတွေ လိုက်မှ လိုက်လာပါ့မလားလို့

တောင် စိတ်ပူနေတာ"

လေးလေးမြင့်တို့ ကားပေါ်မှဆင်းလိုက်သည်။ ကိုမြတ်မင်းဖိတ်ခေါ်ရာ တိုက်အိမ်ကြီးအတွင်း မဝင်သေးမီ လေးလေးမြင့်က မေးလိုက်သည်။

"မိပြုံးကော ... ဆရာ"

"ရှိပါဗျာ ... ရှိပါ၊ အထဲမှာ အလှပြင်နေတယ်လေ၊ နောက်ပြီး လေးလေးတို့ကို ဖြိုးကနဲတွေ့ရမှာ ရှက်လို့တဲ့၊ သူအလှပြင်တဲ့ အခန်းထဲပဲ ခေါ်ခဲ့ပါတဲ့၊ လာ ... လာကြ"

ကိုမြတ်မင်းက ပြောပြောဆိုဆို ရှေ့မှဝင်သွားသည်။ လေးလေးမြင့်၊ ဝင်းဝင်းမော်နှင့် သိင်္ဂီမင်းတို့လည်း နောက်မှဝင်ခဲ့ပါ၏။ နေဟိန်းကျော်က နောက်ဆုံးမှလိုက်ဝင်သည်။

တိုက်အိုကြီးမှာ လူနေထားဟန်လက္ခဏာမရှိ။ ပင့်ကူအိမ်တွေနေရာအနှံ့အပြားရှိနေသည်။ ကြမ်းပြင်မှ ဖုန်များကိုတော့ လှဲကျင်းထားဟန်တူပါ၏။ သို့သော် ... တိုက်အိုကြီးထဲတွင် ခိုင်ခန့်သောအုတ်ဖြင့် ကာရံထားသော အခန်းနှစ်ခန်းရှိပေသည်။

အခန်းတစ်ခန်း၏ တံခါးကို ကိုမြတ်မင်းက ဖွင့်လိုက်သည်။

"ပြုံး ... အဲဒီအခန်းထဲမှာလေ ဝင်တွေ့ကြပါ"





တံခါးဝတွင် လေးလေးမြင့်က ဖြိုးခနဲ မဝင်သေးဘဲ တွေ၍ ရပ်နေပေသည်။

ထိုစဉ်မှာပင် ကိုမြတ်မင်းနှင့် နေဟိန်းကျော်သည် အခန်းတွင် တစ်လစ်ဖြစ်နေသော လေးလေးမြင့်၊ ဝင်းဝင်းမော်နှင့် သိင်္ဂီမင်းတို့အား အတင်းအခန်းထဲသို့ ဆောင့်တွန်းလိုက်တော့သည်။

"အို ... အမေ့"

"ဒါ ... ဘာလုပ်တာလဲဟင်"

ဟု လေးလေးမြင့် တို့ထံမှ မကျေမနပ် ပြောသံနှင့်အတူ အခန်းထဲသို့ ဒယီးဒယိုင် ကမူးရှူးထိုး ရောက်သွားစဉ်မှာပင် အခန်းတံခါးသည် ဂျိန်းခနဲပြန်ပိတ်သွားတော့သည်။

လေးလေးမြင့်တို့အားလုံး ရိပ်မိပေပြီ။ သူတို့သုံးဦးအား အခန်းပိတ်ခံရပြီဟူ၍။

သုံးယောက်သားသည် တံခါးကို အတွင်းမှ တဝုန်းဝုန်းထုကြသည်။

"ဖွင့် ... ဖွင့် ... တံခါးပြန်ဖွင့်"

အော်လည်း အော်ကြသည်။ သို့သော် ခိုင်ခန့်သော တံခါးကြီးမှာ တုတ်တုတ်မျှမလှုပ်။

“ကောင်မတွေ … နင်တို့က လိုက်လာကြတာကိုး။ ဒီမှာ ငါ့ကိုကြည့်စမ်း … မိလေး”

တံခါးကိုသာ အာရုံစိုက်ပြီး ထုနေစဉ်နောက်မှ ပြုံးပြုံးရီ၏ အသံကြားမှ သုံးယောက်စလုံးနောက်သို့ လှည့်ကြည့်မိကြတော့သည်။

“ဘုရား … ဘုရား”

သုံးယောက်စလုံး ဘုရားတ,မိကြတော့သည်။

ထိုမျက သေးရိုးလား။

ပြုံးပြုံးရီ၏ ဆံပင်တို့မှာ ဖရိုဖရဲ ဖြစ်နေသည်။ ပြုံးပြုံးရီ၏ မျက်လုံးတို့မှာ နီကျဉ်ကျဉ်နှင့် ကျီးကြည့်ကြောင်ကြည့် မျက်လုံးမျိုးတွေ ဖြစ်နေသည်။

ပြီး ပြုံးပြုံးရီသည် ဒယီးဒယိုင်ဖြင့် သူ့ကိုယ်သူ မားမားမတ်မတ် ရပ်တည်နိုင်ဟန်ပင် မတူ။

“ဟယ် … မိပြုံး၊ ဘယ်လိုဖြစ်တာလဲ မိပြုံးရယ်”

သုံးယောက်သား ပြုံးပြုံးရီကို သွားရောက်ဖေးတွဲကာ စိတ်မချမ်းမသာ ပြိုင်တူမေးမိကြသည်။

“လူယုတ်မာတွေလေ၊ မြတ်မင်း … လူယုတ်မာ၊ နေဟိန်းကျော် လူယုတ်မာ၊ ဦးထွန်းကျော် လူယုတ်မာ”





“ပြောပါဦး … နင့်အဖြစ်ကို မိပြုံး”

“ငါ … မြတ်မင်းကို တကယ်မေတ္တာရှိလို့ လိုက်လာမိတာပါ။ မနေ့က ညနေပိုင်းမှာ ကျောက်ပန်းတောင်းက ဦးထွန်းကျော်ရဲ့ တိုက်အိမ်ကြီးကိုရောက်တယ်လေ၊ ဟိုရောက်တာနဲ့ မြတ်မင်းက ငါ့ကိုပြောတယ်၊ အိမ်ထောင်ဦး ပထမတစ်နှစ်လောက်တော့ သားသမီးမလိုချင်သေးဘူးတဲ့၊ ဒါကြောင့် ပဋိသန္ဓေမရအောင်ဆေးထိုးထားပါတဲ့၊ ငါကိုယ်တိုင်ကလဲ ဒါကိုသဘောတူခဲ့တယ် မိလေး၊ ဘာလို့လဲဆိုတော့ ရန်ကုန်ပြန်ရောက်ယင် ကိုမြတ်မင်းနဲ့ လက်ထပ်ဖို့ကိစ္စတွေမှာ ဖေဖေနဲ့မေမေ့ကို အချိန်ယူပြီး ပြောရဦးမှာ မဟုတ်လား၊ ဒါနဲ့ သူတို့ဆေးထိုးပေးတာကို ငါ ခံလိုက်တယ်၊ ဆေးကတော့ တကယ့်တားဆေးပါ၊ ဆေးပုလင်းလေးက စာကိုဆောင် ငါယူကြည့်သေးတယ်၊ Depo Provera တဲ့၊ အဲဒီဆေးကို ငါ အထိုးခံလိုက်တယ်၊ ပြောပါရစေတော့ မိလေးရယ်၊ ငါမရှက်တော့ပါဘူး၊ အဲဒီဆေးထိုးတာက ညနေလေးနာရီခွဲလောက်ပေါ့။ ငါနဲ့ကိုမြတ်မင်းနေဖို့ ဆိုပြီး သူတို့တိုက်အိမ်ကြီးရဲ့ အခန်းတခန်းမှာ နှစ်ယောက်အိပ်ကုတင်တွေ၊ မွေ့ရာတွေနဲ့၊ ငါ့ကိုအဲဒီအခန်းမှာ ထားတယ်၊ ညရှစ်နာရီလောက်ကျ

တော့ ငါ့အခန်းထဲ ဘယ်သူဝင်လာတယ် မှတ်သလဲ ... မိလေး"

လေးလေးမြင့်က ညင်သာစွာ ခေါင်းရမ်းပြလိုက်သည်။

"တဏှာရူးကြီးလေ၊ နေဟိန်းကျော်ရဲ့အဖေ ... ဦးထွန်းကျော်ကြီးလေ၊ ဝင်လာပြီး ငါ့ကို ... ငါ့ကို ... "

ပြုံးပြုံးရီသည် ဆက်မပြောနိုင်တော့ဘဲ တအားပင် ငိုရှိုက်နေတော့သည်။

လေးလေးမြင့်သည် အံလေးကိုတင်းနေအောင် ကြိတ်လိုက်သည်။

"နင် ... ကိုမြတ်မင်းက အဲဒီအချိန်မှာ ဘယ်သွားသေနေလို့လဲ မိပြုံး"

"နင် မသိဘူးမိလေး၊ သူတို့ထဲမှာ ဦးထွန်းကျော်က ဆရာကြီးဟဲ့၊ ကိုမြတ်မင်းက ငါ့ကိုချစ်လို့ယူတာ မဟုတ်ဘူး အသုံးချဖို့ သွေးဆောင်ခဲ့တာဟဲ့၊ သူတို့အစီအစဉ်က နည်းနည်းပါးပါးလှတဲ့ အမျိုးသမီးမှန်သမျှ မြတ်မင်းလိုလူ၊ နေဟိန်းကျော်လိုလူက ဖြားယောင်းပြီးခေါ်လာ၊ ဒီကျတော့ ပဋိသန္ဓေမရနိုင်တဲ့သားဆေးတွေထိုး၊ နောက်ပြီးမှ အားလုံး





မုဒိမ်းဝိုင်းကျင့်ကြရော၊ ဦးထွန်းကျော်ရဲ့နောက် နေဟိန်းကျော်ရော၊ မြတ်မင်းရော ... ငါ့ကို ... ငါ့ကို"

"ဒီလူတွေ ယုတ်မာလှချည့်လား မိပြုံးရယ်"

"ကမ်းကုန်တယ် ... မိလေး၊ ယုတ်မာတာ ကမ်းကုန်တယ်၊ သူတို့လုပ်ငန်းက ဘယ်လောက်ထိ ယုတ်မာတယ်ဆိုတာ ဆက်ပြီးနားထောင်ဦး မိလေးရဲ့၊ အဲဒီလို ဖျက်ဆီးပြီးတာနဲ့ ငါ့ကို နံပါတ်ဖိုးတွေ ထိုးပေးတာပဲ၊ ငါနံပါတ်ဖိုး စွဲသွားတဲ့အထိ ထိုးပေးပြီးရင် ငါ့ကိုပြန်လွှတ်ပေးမယ်လေ၊ ငါကနံပါတ်ဖိုးမရရင် မနေနိုင်တော့ သူတို့ရဲ့ ခိုင်းနွားပဲ ဖြစ်လာရမယ်၊ အဲဒီအခါမှာ သူတို့ နံပါတ်ဖိုး ဖြန့်ချိရေးမှာလဲ ငါ့ကို သုံးမယ်၊ ဒီပြင် ငါ့အသိုင်းအဝိုင်းက မိန်းကလေးတွေကိုလဲ အဲဒီလို အဖြစ်မျိုးရောက်အောင် ငါက သွေးဆောင်ပေးရမယ်တဲ့၊ အဲဒီအလုပ်ကို ငါကငြင်းဆန်ရင် နယ်စပ်ဒေသတွေအထိ ငါ့ကိုခေါ်သွားပြီး ဟိုဘက်တိုင်းပြည်က ဂိုဏ်းတစ်ခုမှာ ငါ့ကိုရောင်းစားမယ်တဲ့"

ကြောက်စရာမှ တကယ့်ကြောက်စရာပါတကား။

ကိုဂျိုကာ ပြောသည့်အချက်တွေမှာ မှန်သင့်သလောက်မှန်ပေပြီ။ ကိုမြတ်မင်းသည် ဤနည်းဤဟန်ဖြင့် ကျောင်း

သူ့ အမျိုးသမီး(၃)ဦးကို ဖြားယောင်းသွေးဆောင်ပြီး ဘယ်ရောက်လို့ ရောက်မှန်းမသိဟု လေးလေးမြင့်သိခဲ့ရသည်။

"ဒီမှာ ... မိပြုံး"

"ဆို ... မိလေး"

"နင် ဒါတွေကို သိသားနဲ့ တို့သုံးယောက်ကို ဘာလို့ဒီထောင်ချောက်ထဲရောက်အောင် နင် ... စာရေးပြီး တို့ကိုခေါ်တာလားဟင်"

"အေး ... ဒီမှာကြည့်စမ်း မိလေး၊ နင် ... ငါ့ကို အပြစ်တင်မစောနဲ့ဦးဟယ်"

အားပါးပါး ... အရှုံးတွေမှ အရှုံးတွေ၊ အစင်းတွေမှ အစင်းတွေ နီနီရဲနေသည်။

"ငါ့ကို ကြာပွတ်နဲ့ ရိုက်ကြတယ်၊ သူတို့ရေးပေးထားတဲ့ အတိုင်း ငါ့လက်ရေးနဲ့ ကူးရေးခိုင်းတယ်၊ ငါ့လက်ရေးကို နင်တို့ကသိနေတော့ ငါ ... မရေးဘူးလို့ငြင်းတိုင်း ငါ့ကို ကြာပွတ်နဲ့ရိုက်တယ်၊ ဒါကြောင့် ငါဟာနောက်ဆုံး နင်တို့ဆီကို ပေးတဲ့စာရေးပေးလိုက်ရတယ်။ နောက်တစ်ချက် ငါတွေးတာက ဒီလောက ငရဲကြီးထဲကလွတ်အောင် ငါတစ်ယောက်ထဲ ရုန်းမထွက်နိုင်ဘူး၊ နင်တို့သုံးယောက်လာရင်





တိုင်တိုင်ပင်ပင်နဲ့ လွတ်လမ်းရှာနိုင်မှာပဲဆိုပြီး ငါရေးလိုက်တာပါဟယ်"

မှန်၏။

ပြုံးပြုံးရီ၏ လက်ရှိသက်ရောက်နေသော အခြေ...နေတွင် မည်သည့်မိန်းကလေးမဆို ပြုံးပြုံးရီကဲ့သို့ပင် အကူအညီ...ကို မျှော်ပေမည်။ အပေါင်းအဖော်ကို မျှော်ပေမည်။

"နောက်ပြီး ငါထွက်မပြေးနိုင်အောင်ဆိုပြီး ဒီနေရာခေါ်လာတယ်၊ ငါ့အဝတ်အစားတွေအားလုံး ချွတ်ထားတယ်၊ တကယ်ယုတ်တဲ့ လူတွေပါဟယ်"

"ပြုံးပြုံးရီမှားနေပြီ၊ အဲဒီလိုအဝတ်အစားတွေ ချွတ်ထားမှ ပြုံးပြုံးရီရဲ့ တကယ့် သဘာဝအလှပေါ်တာ မဟုတ်လား ... ဟဲ ... ဟဲ ... ဟဲ"

ကိုမြတ်မင်း ပြောလိုက်သောအသံပင် ဖြစ်ပါ၏။

ပြုံးပြုံးရီသည် အနည်းငယ် အမှောင်သန်းနေသော ...န်း၏ထောင့်တစ်ခုဆီသို့ ပြေးသွားသည်။ ထိုနောက် သူမ၏ ...ာတ်ပေါ်သို့ လက်နှစ်ဖက် ကြက်ခြေခတ်တင်ကာ ထိုင်ချလိုက်...ည်။ ဗလာကျင်းကိုယ်နှင့် ယောကျ်ားတွေ တပြုံကြီးကြားတွင် ...လွန်းသောကြောင့်ပင်။

ဝင်လာသူတွေမှာ ယောက်ျားတွေချည်း ဖြစ်ေ သည်။ ဦးထွန်းကျော်၊ ကိုမြတ်မင်း၊ နေဟိန်းကျော်နှင့် အခြား ယောက်ျားတစ်ဦး ပါရှိသေးသည်။

ယင်းလူစိမ်းယောက်ျား၏ လက်ထဲတွင် ဆေးထိုး ပိုက်နှင့် ဆေးထိုးအပ်ကိုကိုင်လျက်သား ပါရှိလာပါ၏။ ဆေးထိုး ပိုက်ထဲတွင် အဖြူရောင်ဆေးရည်များ အပြည့်ရှိနေသည်ကိုလည်း တွေ့နေရပါ၏။

"ကဲ ... ကဲ ... မလေးလေးမြင့်တို့၊ မဝင်းဝင်းမော်တို့၊ ေ သီဂီမင်းတို့ကို ကျွန်တော်လမ်းမှာ ပြောခဲ့ပါတယ်၊ မလေး လေးမြင့်တို့ အားလုံးကို ကျွန်တော်နဲ့ ကိုမြတ်မင်းက အသ အဆန်းတွေဆီပို့ပေးမယ်၊ အင်မတန် သာယာတဲ့နေရာ ကို ပို့ပေးမယ်လို့လေ၊ ဟဲ ... ဟဲ ... ဟောဒီဆေးထိုးပိုက် ထဲက ဆေးတွေ နည်းနည်းစီ ထိုးလိုက်ကြပေါ့ဗျာ၊ တစ် ထဲ သိပ်သာယာတဲ့ ဗိမာန်သစ်တစ်ခုကို ရောက်သွားေ မယ်"

"ဘာလဲ ... မိပြီးကို လုပ်တဲ့အတိုင်း ပဋိသန္ဓေတားဆေး ထိုးမလို့လား ကိုနေဟိန်းကျော်"

"ဩ ... ဩ၊ ပြုံးပြုံးရီက မလေးလေးမြင့်တို့ကို အား





ဖောက်သည်ချထားပြီကို၊ ဟဲ ... ဟဲမပူပါနဲ့ မလေးလေးမြင့် တားဆေး Dopo-Provera က အခုမထိုးသေးပါဘူး၊ ညနေ သုံးနာရီလောက်မှ ထိုးမှာပါ၊ ဆေးပတ်လည်တဲ့အချိန်နဲ့ဆို တော့ ညဦးပိုင်းလောက်ကျမှ ကျောက်ပန်းတောင်းက ကျွန်တော်တို့ တိုက်အိမ်ကြီးကို မလေးလေးမြင့်တို့ တစ်ဖွဲ့ လုံးပြန်ခေါ်သွားမယ်၊ လာ အခုထိုးမယ့်ဆေးက မလေး လေးမြင့်တို့ အားလုံးဘဝသစ်၊ ဗိမာန်သစ်ကို ပို့ပေးမယ့် ဆေးတစ်မျိုးပါ"

နံပါတ်ဖိုးဆေးရည်များ ထိုးပေးတော့မည်မှန်း လေး လေးမြင့်ကအစ အားလုံးသိနေကြသည်။ သူတို့၏ အစီအစဉ်ကို လည်း လေးလေးမြင့်တို့အားလုံးသည် ပြုံးပြုံးရီ ပြောထားချက်အရ ခန့်မှန်းနိုင်တော့သည်။

ယခု လေးလေးမြင့်တို့အဖွဲ့ အားလုံးကို နံပါတ်ဖိုးများ ထိုးမည်။ နံပါတ်ဖိုးတွင် မိန်းမောနေကြမှ ညနေ (၃)နာရီလောက် တွင် တားဆေးထပ်ထိုးဦးမည်။ ယင်း Depora Provera သည် ဆေး ထိုးပြီး (၃)နာရီလောက်အကြာတွင် တကိုယ်လုံး ပျံ့နှံ့မည်။ ထိုရော အခါ ယောက်ျားနှင့် ဆက်ဆံသည့်တိုင်အောင် ပဋိသန္ဓေရနိုင်ဖို့ ရာ နိုင်ရှန်းအင်မတန် နည်းပါးသွားမည်။

ထိုအခါကျမှ ညဦးပိုင်းတွင် လေးလေးမြင့်တို့အား လုံးကိုကျောက်ပန်းတောင်း တိုက်အိမ်ကြီးသို့ ပြန်ခေါ်မည်။ တည လုံး အောင်သေအောင်သားစားမည်ဆိုသည့် အကွက်။

လေးလေးမြင့်သည် ဤအကွက်ကို မြင်တော့သည်။ သူမနှင့်အတူ အနီးတွင်ရှိသော သီဂီမင်း၏လက်ကို ဆွဲကာ အပေါက် ဝဆီသို့ စွတ်ပြေးတော့သည်။

"ဖမ်း ... ဖမ်း ... လွတ်မသွားစေနဲ့"

ဦးထွန်းကျော်က အမိန့်လှမ်းပေးသည်။ ကိုမြတ်မင်း နှင့် နေဟိန်းကျော်က အတင်းလိုက်ဖမ်းပေးသည်။ သူတို့ယောက်ျား ကြီးလေးယောက် ဝင်လာစဉ်က တံခါးဖွင့်ဝင်လာပြီး ပြန်မပိတ်ဘဲ ထားသည်ကို မျက်စိလျက်သော လေးလေးမြင့်က မြင်ထားပြီး ထွက်ပြေးခြင်းဖြစ်ပါ၏။

သို့သော် မလွတ်ပေ။

နေဟိန်းကျော်က လျင်သည်။ တံခါးဆီသို့ရောက် အောင် သူက အလျင်ပြေးသွားပြီး တံခါးရွက်ကိုပိတ်ကာ ကျောဖြင့် ဖိကပ်ထားလိုက်သည်။ ကိုမြတ်မင်းက သီဂီမင်းကို မိသွားသည်။ ကိုမြတ်မင်းလက်ထဲတွင် သီဂီမင်းသည် အော်ဟစ်ရုန်းကန်သော် လည်း လွတ်အောင်မရုန်းနိုင်တော့။





နေဟိန်းကျော်က တံခါးဆီသို့ အတင်းပြေးဝင်လာသော လေးလေးမြင့်ကို ဖမ်းဆီးချုပ်ကိုင်ထားပြန်သည်။ လေးလေး မြင့်က ရုန်းသည်။ ကုတ်သည်။ ကိုက်သည်။ နေဟိန်းကျော်သည် ခေါ်ကြမ်းကြမ်းပင် လေးလေးမြင့် နားအုံ နားရင်းသို့ လက်ဝါးဖြင့် တစ်ချက် ရိုက်ချလိုက်သည်။

"အမေ့"

ဟု အော်ရင်း လေးလေးမြင့် ခွေကျသွားတော့ သည်။

နေဟိန်းကျော်သည် တံခါးကို ကျောဖြင့် ဖိမြဲဖိထား သည်။ အကြောင်းမှု တံခါးတွင် အတွင်းဘက်မှ မင်းတုံးထိုးစရာ မင်းတုံးမရှိ။ မင်းတုံးထားလျှင် အထဲမှ အလှောင်ခံရသူက မင်းတုံး ကိုပိတ်ပြီး ဖွင့်မပေးလျှင် ဖွတ်အမွေတံခါးကို ဖျက်ဆီးဝင်ရမည်စိုး သောကြောင့် ဖြစ်ပါ၏။ အပြင်၌သာ သော့ခတ်ပိတ်နိုင်သော မျောက်လက်တပ်ဆင်ထားသည်။

ဦးထွန်းကျော်က ဝင်းဝင်းမော်ကို သူ၏ခန္ဓာကိုယ် ဗလာကြီးနှင့်ချုပ်ကိုင်လိုက်သည်။ ထို့နောက် အတင်းပစ်လှဲချလိုက် သည်။ ဆေးထိုးပိုက်ကိုင်ထားသူက ဝင်းဝင်းမော်၏လက်မောင်း တစ်ဘက်ကို အတင်းဆန့်ထုတ်ပြီး ခြေဖျားနှစ်ဖက်နှင့် မလှုပ်နိုင်

အောင် နင်းကာလက်မောင်းသွေးကြောတစ်ခုထဲသို့ ဆေးထိုးအပ်ဖြင့်ထိုးကာ နံပါတ်ဖိုးဆေးရည်များ ထိုးသွင်းတော့သည်။

သီဂီမင်းကို ကိုမြတ်မင်းက ချုပ်ထားသည်။ လေးလေးမြင့်မှာခွေခနဲကျသွားရာမှ မထနိုင်သေး။ ဝင်းဝင်းမော်မှာ နံပါတ်ဖိုးဆေးရည်များ အကြောထဲဝင်သွား၍လား သို့မဟုတ် အကြောက်လွန်ပြီး ရှော့(ခ်)ဖြစ် မေ့မြောသွားလေသလား မပြောတတ် ငြိမ်သက်သွားပေသည်။

ထိုစဉ်မှာပင် ...

ဝုန်းခနဲအသံနှင့်အတူ တံခါးကျောမှီထားသော နေဟိန်းကျော်၏ ခန္ဓာကိုယ်ကြီးမှာ ရှေ့သို့ ငိုက်စိုက်ငိုက်စိုက်နှင့် ဟပ်ထိုးကျလာသည်။

တစ်ချိန်တည်းမှာပင် အခန်းတံခါးပွင့်အသွားတွင် ကိုဂျိုကာသည် လွှားခနဲ အခန်းထဲသို့ ရောက်လာတော့သည်။ ရောက်သည်နှင့် ကိုဂျိုကာသည် နေဟိန်းကျော်အား အပြတ်ထိုးကြိတ်တော့၏။

အမှတ်မထင် မမျှော်လင့်ဘဲ လဲဖြစ်သွားသည်။ နိုကတည်းကလည်း ကိုဂျိုကာ၏ လက်ရည်သည် ကောင်းမွန်နေသည်။ နေဟိန်းကျော်ခမျာ ဘာမျှပင် မခုခံနိုင်ဘဲ ကိုဂျိုကာ၏လက်





သီးသုံးချက်ဖြင့်ပင် ကြမ်းပြင်တွင် အားလျားမှောက်ကြီး ကျသွားတော့သည်။

"ဦးထွန်းကျော် ခင်ဗျားပြေးမလွတ်တော့ဘူး၊ အခုတစ်ခါတော့လက်ပူးလက်ကြပ်မိပြီပေါ့ဗျာ၊ ကျုပ်တို့က ခင်ဗျားသတင်းကြားနေတာတော့ ကြာပြီ၊ ဒါပေမဲ့ လက်ပူးလက်ကြပ်မမိတော့ ဥပဒေကခင်ဗျားကို အရေးယူဖို့ ခွင့်မပြုဘူးလေ"

ကိုဂျိုကာ၏နောက်တွင် ရဲအရာရှိတစ်ဦးနှင့် ရဲအဖွဲ့ဝင်များထောက်လှမ်းရေးသမားများ ပါရှိလာ၏။ သူတို့လက်ထဲတွင် သေနတ်တွေလည်းပါသည်။ သို့သော် သူတို့အားလုံးသည် စုတ်တီးစုတ်ဖတ် အရပ်ဝတ်အရပ်စားတွေနှင့် ဖြစ်ကြသည်။ ကတုံးနှင့်တိုက်ပုံအင်္ကျီဝတ်ထားသော ပုဂ္ဂိုလ်ကြီးက ရဲအရာရှိခေါင်းဆောင်ဖြစ်ပေသည်။

ကိုဂျိုကာသည် နေဟိန်းကျော်ကို လက်စသတ်ပြီးနောက် ခွေလဲနေသော လေးလေးမြင့်ဘေးတွင် ဒူးထောက်ထိုင်ချကာ ပွေ့ချီလိုက်သည်။

"မလေးလေးမြင့် ... မလေးလေးမြင့် ... "

အရုပ်လေးလိုပွေ့ထားသော လေးလေးမြင့်၏ ခန္ဓာ

ကိုယ်လေးကိုလည်း လှုပ်ခါသည်။ သူ၏လက်ဝါးတစ်ဖက်မှ လက်ချောင်းငါးချောင်းဖြင့်လည်း လေးလေးမြင့်၏ မေးစေ့လေးကို အုပ်ကိုင်ကာ ဦးခေါင်းကို ခါရမ်းပေးသည်။

"အင်း ... အား ... "

ဖြင့် ငြီးတွားယင်း လေးလေးမြင့် သတိရလာတော့သည်။

လေးလေးမြင့် မျက်လုံးဖွင့်ကြည့်သည်နှင့် သူမ၏ မျက်နှာကို အုပ်မိုးထားသော ပသိုင်းမွေးတွေပါသည့် မျက်နှာကို ပထမဦးစွာ မြင်လိုက်ရတော့သည်။

"ဟင် ... ကိုဂျိုကာ၊ လေးလေးတို့ ဘာမှမဖြစ်ပါဘူးနော်"

"ဘာမှ မဖြစ်ဘူး မလေးလေးမြင့်၊ ဦးထွန်းကျော်တို့ တစ်ခုလုံးကို ရဲ နဲ့ထောက်လှမ်းရေးက လက်ပူးလက်ကြပ် ဖမ်းလိုက်ပြီ"

"အို ... ကိုဂျိုကာရယ်၊ လေးလေးတို့ ရေတိမ်နစ်တော့မယ့် ဆဲဆဲပါလား၊ ကိုဂျိုကာ အချိန်မှီရောက်လာလို့"

လေးလေးမြင့်သည် မျက်ရည်များကျလာရင်း ကိုဂျိုကာ၏ အင်္ကျီကော်လာစကို သူမ၏လက်လေးနှစ်ဖက်ဖြင့် ဆုပ်ထိုးလိုက်မိတော့သည်။





လေးလေးမြင့်ကို မတ်မတ်ရပ်လာအောင် ကိုဂျိုကာ ကပင် တွဲထူသည်။

ဦးထွန်းကျော်၊ နေဟိန်းကျော် ကိုမြတ်မင်းနှင့် အခြားတစ်ယောက်အား ရဲက လက်ထိပ်ကိုယ်စီ ခတ်ပြီးလေပြီ။ ဆေးသေတ္တာ၊ ဆေးထိုးအပ် စသည်တို့ကို သက်သေခံပစ္စည်းအဖြစ် စာရင်းမှတ် သိမ်းယူသည်။

"ဟဲ့ ... မိလေး၊ ဒီမှာလုပ်ပါဦး၊ မိပြုံးကို တစ်ခုခုဝတ်ဖို့ ပေးဦးလေ"

သီဂီမင်းက ပြုံးပြုံးရီရှေ့တွင် ကာကာကွယ်ကွယ်ဖြင့် ရပ်ထားယင်းမှ လှမ်းအော်လိုက်သည်။

ဤနေရာမျိုးတွင် မည်သူ့ထံ၌မှ အဝတ်ပိုမပါပေ။ အားလုံး ပြုံးပြုံးရီအား ဘာဝတ်ပေးရမှန်းမသိ ဖြစ်နေပါ၏။

ကိုဂျိုကာသည် လေးလေးမြင့်ဘေးမှ ထွက်လာပြီး ဦးထွန်းကျော်ရှေ့တွင် ရပ်လိုက်သည်။

"ခင်ဗျား ... သမီးချင်း မစာနာတဲ့လူ၊ မိန်းမပျိုလေး တစ်ယောက်ရဲ့ အဝတ်အစားတွေ ချွတ်ထားရတယ်လို့"

နှုတ်မှပြောရင်း ကိုဂျိုကာသည် ဦးထွန်းကျော် ဝတ်ထားသော ခရုတ်ဆိပ် လုံချည်အကောင်းစားကို ဆွဲချွတ်လိုက်သည်။

ခြေမျက်စိတွင် လုံချည်တစ်ကွင်းလုံး ပုံကျသွားသည်။

တော်ပါသေး၏။ ဦးထွန်းကျော်တွင် လူကြီးတွေ ဝတ်လေ့ရှိသော ပေါင်လည်လောက်ထိ ရှည်သည့် အောက်ခံ ဘောင်းဘီအဖြူ ဝတ်ထားသောကြောင့်။

ကိုဂျိုကာက ခတ်ကြမ်းကြမ်း ဦးထွန်းကျော်ခြေနှစ် ချောင်းကြားမှ လုံချည်ကို ဆွဲယူလိုက်သည်။ ပြီး သီဂီမင်းထံသို့ လှမ်းပေးလိုက်သည်။

လေးလေးမြင့်က ဝင်းဝင်းမော်ကို ပွေ့ချီကာ ခုနက ကိုဂျိုကာက သူမအား သတိရအောင် လှုပ်ခါပေးသည့် ပုံစံအတိုင်း ဝင်းဝင်းမော်ကိုလှုပ်ခါနေသည်။ အမှန်တော့အသည်းငယ်သော ဝင်း ဝင်းမော်သည် အကြောက်လွန်ပြီး သတိလစ်သွားခြင်းသာ ဖြစ် သည်။ တခဏနှင့်ပင် သတိရလာပေသည်။ သို့သော်နံပါတ်ဖိုးအရှိန် ဖြင့် ဝင်းဝင်းမော် ငူငူငေါင်ငေါင်တော့ ဖြစ်နေသည်။

အားလုံး အပြင်ထွက်လာကြသောအခါ ပြုံးပြုံးရီက "ခဏလေးနော်၊ ငါ့အဝတ်အစားတွေ ဒီကျမှ သူတို့ချွတ်တာ၊ ငါသွား ကြည့်ဦးမယ်"

သီဂီမင်းက ပြုံးပြုံးရီနှင့် အဖော်လိုက်သွားသည်။ တိုက်အိုကြီး၏အပြင်ဘက်သို့ ဝင်းဝင်းမော်အား လေးလေးမြင့်က





တွဲပြီး ခေါ်လာခဲ့ပါ၏။ လေးလေးမြင့်ဘေးတွင် ကိုဂျိုကာ ယှဉ်တွဲ လိုက်လာသည်။

အပြင်ဘက်တွင် နေဟိန်းကျော်၏ ဂျစ်ကားနှင့် အခြားကားတစ်စီး ရှိနေပေသည်။

အခြားကားဆိုသည်မှာ နံပါတ်နီဖြင့် အော်စတင် ဖင်ဖြတ်ကားလေးဖြစ်တော့သည်။ နောက်တွင် ထန်းလျက်ပိုတွေ တင်ထားသည်။ ထိုအခါကျမှပင် ကတုံးနှင့် ပင်နီဖျင်ကြမ်း တိုက်ပုံ အင်္ကျီဝတ်ထားသူကို လေးလေးမြင့် သတိပြုမိတော့သည်။ ရဲနှင့် ထောက်လှမ်းရေးသည် အရပ်ဝတ်အရပ်စား ဝတ်ကာ အငှားကား စုတ်လေးဖြင့် နောက်ယောင်ခံ လိုက်လာသည်မှာ ကိုဂျိုကာ၏ သတင်းပေးအစီအစဉ်တွေကြောင့် ဖြစ်ရမည်။

လေးလေးမြင့် စိတ်ထဲဝယ် တစ်ခုပဲ မရှင်းမရှင်း ဖြစ် နေသည်။ ဤအငှားကား အော်စတင်လေးနောက်က လိုက်လာ စဉ်က ကိုဂျိုကာကိုမတွေ့။ ပါးသိုင်းမွေး မုတ်ဆိတ်မွေးနှင့်လူတစ် ယောက်မျှ မပါသည်မှာ သေချာသည်။ ပြီး ယခုခြံကြီးထဲတွင် ကို ဂျိုကာ၏ မော်တော်ဆိုင်ကယ်လည်း မရှိပေ။

"ကဲ ... ဆရာနဲ့ မိန်းကလေးတွေက ဂျစ်ကားနဲ့ပဲ သွားကြ ပေါ့၊ ရဲစခန်းကပဲ စောင့်ပေါ့ ဆရာ"

ကတုံးတိုက်ပုံကြမ်းနှင့် ရဲအရာရှိက ကိုဂျိုကာအား လှမ်းပြောခြင်းဖြစ်ပေသည်။ လေးလေးမြင့်က ကိုဂျိုကာအား မော့ကြည့်မိသည်။ ရဲအရာရှိက ကိုဂျိုကာအား ဆရာဟုခေါ်နေသောကြောင့်ပင်။

ထိုစဉ်မှာပင် ပြုံးပြုံးရီနှင့် သီဂီမင်းအိမ်ရှေ့ ထွက်လာသည်။ ပြုံးပြုံးရီတွင် နဂိုအဝတ်အစားများအတိုင်း ဝတ်ဆင်လာသည်ဖြစ်ပါ၏။

ကတုံးနှင့် ရဲအရာရှိကြီးသည် အော်စတင်ကားလေး၏ နောက်ပိုင်း၌ တင်ထားသော ထန်းလျက်ပိုတွေကို ဆွဲယူလွှင့်ပစ်လိုက်သည်။ ထန်းလျက်မပါပဲ ဟန်ဆောင်အလွတ်အခွံတွေ တင်လာခြင်း ဖြစ်နေပါ၏။

တရားခံတွေကို နွားမောင်းသလို ကားနောက်ပိုင်းသို့ တက်ရောက်စေပါ၏။

"ကဲ ... မလေးလေးမြင့်တို့ ဂျစ်ကားပေါ်တက်ကြ၊ ကျွန်တော် ဂျစ်ကားမောင်းခဲ့မယ် ... မလေးလေးမြင့်က ရှေ့မှာ ထိုင်ပေါ့ဗျာ"

ပြုံးပြုံးရီနှင့် သီဂီမင်းက ငူငူငေါင်ငေါင် ဝင်းဝင်းမော်အား တစ်ဘက်တစ်ချက်တွဲ၍ ကားပေါ်တက်သည်။





လေးလေးမြင့်က ကိုဂျိုကာ၏အလိုကျ ရှေ့မှာပင် ထိုင်ပေသည်။

ကျောက်ပန်းတောင်း ရဲစခန်းသို့မောင်းခဲ့သည်။

ပြုံးပြုံးရီနှင့် ဝင်းဝင်းမော်ကို သက်ဆိုင်ရာ မဆေးရုံတွင် ဆီးနှင့်သွေးစစ်ရန် ရယူသည်။

"သူတို့လေးယောက်စလုံး ရန်ကုန်ကို ပြန်ဖို့ကောင်းနေပြီ ဦးဘဟိန်း ... ပြန်လို့ရမလား၊ ဦးဘဟိန်းတို့အနေနဲ့ ပြန်ခွင့်ပြုနိုင်မလား"

ကတုံးနှင့် လူကြီးသည် ဒုရဲအုပ်ဦးဘဟိန်းဖြစ်ပါ၏။ ဦးဘဟိန်းက တော်တော်လေးစဉ်းစားနေသည်။

"ပြန်လို့တော့ဖြစ်ပါတယ်ဆရာ၊ ဒါပေမယ့် အမှုချိန်းကျရင် ဒီကိုပြန်လာရမှာပဲ ... ခုတိုင်းဆိုရင် ပြုံးပြုံးရီဟာ အဓိကတရားလိုဖြစ်နေတယ်၊ ဝင်းဝင်းမော်ကတော့ ဒုတိယတရားလိုပေါ့လေ၊ သူတို့နှစ်ယောက်စလုံးကို ဦးထွန်းကျော်ရဲ့ အဖွဲ့နံပါတ်ဖိုးတွေ ကိုယ်တိုင်ထိုးကြတာကိုး၊ လေးလေးမြင့်ရယ်၊ သီဂီမင်းရယ် ဆရာရယ်ကတော့ ဒီအမှုမှာ မျက်မြင်သက်သေတွေပဲ၊ ဒီလိုလုပ်လေ ရန်ကုန်က မိန်းကလေးတွေရဲ့ အိမ်လိပ်စာတွေပေးခဲ့၊ ကျွန်တော်တို့ အမှုချိန်းအတွက်

ကြေးနန်းနဲ့ဖြစ်ဖြစ်၊ ဖုန်းနဲ့ဖြစ်ဖြစ် အကြောင်းကြားမယ်၊ အမှုက ဒီမှာတင်ပြီးချင်မှ ပြီးမယ်ဆရာ၊ ထောက်လှမ်းရေးက ရန်ကုန်ထိဆက်လိုက်လိမ့်ဦးမယ်ထင်တယ်၊ ရပါတယ်၊ ပြန်ကြလေ ... အမှုချိန်းရက်ကလဲ နောက်ထပ် နည်းနည်းပါးပါး ကြာဦးမှာပါ"

ဤနေရာတွင် ပြုံးပြုံးရီသည် ဦးထွန်းကျော်တို့ သုံးဦး ကျွင့်ကြသည့်ကိစ္စကို အမှုမဖွင့်လိုကြောင်း လေးလေးမြင့်နှင့်တိုင်ပင်သည်။

ပြုံးပြုံးရီတို့ဘက်မှ ကြည့်လျှင်လည်း ဟုတ်နေသည်။ အမှုဖွင့်လျှင် ဟိုးလေးတကျော်ဖြစ်သွားမည်။ မိကောင်းဖခင်၏သမီးအပျိုမလေးတစ်ဦးအဖို့ ဤကိစ္စနှင့်ပတ်သက်၍ တရားရုံးတွင် မေးခွန်းမျိုးစုံ အမေးမခံလို၊ ပြုံးပြုံးရီအဖို့ ရှေ့လျှောက် လူတစ်လုံးသူတစ်လုံး ဆက်လက်နေထိုင်ရဦးမည့် ကဏ္ဍတွေ ကျန်သေးသည်။ ပြုံးပြုံးရီကိုယ်တိုင်က ကိုမြတ်မင်းနောက်သို့ သဘောတူလိုက်သွားခဲ့ခြင်း ဖြစ်နေသည်။

နောက်ဆုံး ပြုံးပြုံးရီသည် ကိုမြတ်မင်းက ဖြားယောင်းသွေးဆောင်ပြီး နံပါတ်ဖိုးကိစ္စကိုသာ အမှုဖွင့်လိုက်ပေတော့သည်။





နေဟိန်းကျော်၏ ဂျစ်ကားကို ရဲစခန်းမှာပင် သက်သေခံပစ္စည်းအဖြစ် ထားခဲ့ရသည်။

ကျောက်ပန်းတောင်းမှ ဂျစ်ကားတစ်စီး ငှားရမ်းဖို့ ဒုရဲအုပ်ဦးဘဟိန်းကပင် စီစဉ်ပေးသည်။ လေးလေးမြင့်တို့ လေးယောက်သည် ပုဂံရော ညောင်ဦးရိပ်သာသို့ အပြန်တွင် ကိုဂျိုကာက မော်တောင်ဆိုင်ကယ်နှင့် ဂျစ်ကားနောက်မှ လိုက်ပါလာသည်။

လေးလေးမြင့်၏ မျက်ဝန်းစုံသည် မကြာခဏပင် နောက်မှခန့်ငြားစွာ ဆိုင်ကယ်စီးလာသော ကိုဂျိုကာထံသို့ လှည့်လှည့်ကြည့်မိသည်။ မတတ်နိုင်ပြီ။ ကြည့်ချင်သော ဆန္ဒပေါ်လာသည်နှင့် ကြည့်မိခြင်း ဖြစ်တော့၏။

ပြုံးပြုံးရီ သီရိမင်းနှင့် ဝင်းဝင်းမော်တို့ကလည်း ကိုဂျိုကာကို ကြည့်ကြသည်ပင်။

တကယ်တော့ ... ကိုဂျိုကာသာ မကူညီလျှင်လေးယောက်စလုံး၏ဘဝသည် တွေးပင်တွေးရဲစရာမရှိတော့။ ကိုဂျိုကာ၏ တိုက်တွန်းချက်ကြောင့် လေးလေးမြင့်၊ သီရိမင်းနှင့် ဝင်းဝင်းမော်တို့က နေဟိန်းကျော်ခေါ်ရာသို့ လိုက်သွား၍ ဒီလိုဖြစ်ရသည်ဟု ပြောစေဦး ...

အကယ်၍သာ လေးလေးမြင့်တို့ နေဟိန်းကျော်

ခေါ်ရာသို့ လိုက်မသွားလျှင် ဦးထွန်းကျော်တို့အား ခြေရာကောက်ရန်မလွယ်တော့။ ပြုံးပြုံးရီအား ယခုလို ပြန်လည်ကယ်တင်နိုင်စရာလမ်းမရှိ။

ကိုဂျိုကာက ကျောက်ပန်းတောင်းရဲနှင့် ထောက်လှမ်းရေးကို တင်ပြတိုင်ပင်ပြီး လေးလေးမြင့်တို့နောက်မှ အငှားကားနှင့် ရှပ်ဖျက်လိုက်သောကြောင့် ယခုလို ဦးထွန်းကျော်အဖွဲ့အား လက်ပူးလက်ကြပ် မိနိုင်ခြင်းဖြစ်သည်။ ပြုံးပြုံးရီလည်း လောကငရဲမှ လွတ်ရသည်။ တိုင်းပြည်အတွက်လည်း အလွန်အကျိုးရှိသွားသည်။ သို့မဟုတ်ပါက ဦးထွန်းကျော်တို့ အဖွဲ့သည် နောက်ထပ်မိန်းကလေးပေါင်း မြောက်မြားစွာကို ဖျက်ဆီးရုံမက နံပါတ်ဖိုးလုပ်ငန်းကြီးထွားသည်ထက် ကြီးထွားရန်သာ ရှိပေတော့သည်။

ကိုဂျိုကာ၏ ဆောင်ရွက်ပေးမှုဖြင့် နောက်တစ်နေ့ညောင်ဦးမှ ရန်ကုန်သို့ လေယာဉ်လက်မှတ် ရပေသည်။

လေယာဉ်ကွင်းသို့ ပုဂံမှ ဂျစ်ကားတစ်စီးငှားပြီး လေးလေးမြင့်တို့အဖွဲ့ လာခဲ့ကြသည်။ ထုံးစံအတိုင်း ကိုဂျိုကာသည် မော်တော်ဆိုင်ကယ်ဖြင့် ဂျစ်ကားနောက်မှ လိုက်၍ပို့ဆောင်ပေးသည်။

လေယာဉ်ကွင်းတွင် လေယာဉ်ဆိုက်ပြီး ထွက်ရန်





တစ်နာရီလောက် လိုနေသေးပါ၏။

ကိုဂျိုကာသည် လေးလေးမြင့်အား ကွက်ကြည့်ကွက်ကြည့်ဖြစ်နေသည်။ လေးလေးမြင့် ကိုယ်တိုင်ကလည်း ကိုဂျိုကာအား ပြန်လည်၍ ကွက်ကြည့်ကွက်ကြည့်ပင်။ သို့သော် မိန်းကလေးလေးယောက်ပူး အဖွဲ့မို့ ကိုဂျိုကာနှင့် လေးလေးမြင့်တို့နှစ်ယောက်ချင်း စကားလက်ဆုံကျခွင့် မရဘဲ ဖြစ်နေသည်။

သို့သော် မိပြုံး၊ မိမော်နှင့် မိဂီတို့သည် အရိပ်အကဲသိကြပါ၏။ သုံးယောက်ပူးတွဲပြီး မယောင်မလည် ဟိုသွားမလိုလိုဒီသွားမလိုလိုနှင့် ရှောင်ထွက်သွားကြတော့သည်။

ထိုအခါကျမှ လေးလေးမြင့်အား ကိုဂျိုကာက ရဲရဲတင်းတင်းကြီး စိုက်ကြည့်ပုံရှာတော့သည်။

"မလေးလေးမြင့်"

"ရှင်"

"ကျွန်တော့်နေလေ ... ကျွန်တော်"

ကိုဂျိုကာ စကားထစ်နေသည်။ အသံလည်း တုန်သလိုလိုဖြစ်နေသည်။ နေဟိန်းကျော်ကို လည်းကောင်း၊ ထီးလိုင်းလိုဘုရားတွင် လူမိုက်လေးယောက်ကို လည်းကောင်း သွေးအေးအေးနှင့် မတုန်မလှုပ် အနိုင်သတ်ပုတ်နိုင်ခဲ့သော ကိုဂျိုကာ

သည် ယခုလေးလေးမြင့်လို အားနွဲ့သည့် မိန်းကလေးနှင့် စကား ပြောလေမှ အဘယ်ကြောင့် အသံတွေတုန်နေသနည်း။ စကားလုံး တွေ ထစ်နေသနည်း။

ရှင်းပါ၏။ အတွင်း အစ္စုတ္တက လေးလေးမြင့်အပေါ်တွင် မရိုးမသားဖြစ်နေသည်မို့ အပြင်ဗဟိဒ္ဓတွင် ထစ်ခြင်း၊ တုန်ခြင်းတွေဖြစ်ရသည်ပင်။

ကိုဂျိုကာက လည်စလုပ်ကြီး ထောင်သွားအောင် တံတွေးတွေ မြိုချလိုက်ရသေးသည်။

"ကျွန်တော် ... အခု ပုဂံညောင်ဦးကို ဒီလောက်အပင်ပန်းခံလိုက်လာတာဟာ ဘယ်သူ့ကြောင့်လို့ မလေးလေးမြင့် ထင်သလဲဟင် ... "

လေးလေးမြင့်က ငုံ့ထားသော ဦးခေါင်းလေးကို ခါရမ်းပြလိုက်သည်။

ပြောသာပြောရသည်။ လေးလေးမြင့်မှာလည်း ရင်တွေတဒိတ်ဒိတ်ခုန်နေပါ၏။ အပျိုပေါက်မလေး ဖြစ်ကတည်းက ယခုအချိန်ထိ လေးလေးမြင့်လို မိန်းမချောလေးတွင် ကောင်လေးပေါင်း မြောက်များစွာတို့၏ မေတ္တာစာတွေ အပေးခံရသည်မှာ မရေတွက်နိုင်၊ လူပျိုစကား ပြောကြသည်ကလည်း အနန္တ၊ ထိုမျှမကသေး





အိမ်ကမေမေက သဘောတူချင်သည့် ထိုက်ထိုက်တန်တန် လူပျိုသိုးတွေလည်း တပုံတပင်။

အဲဒီတွေတုန်းက လေးလေးမြင့်သည် ညင်သာစွာ ကန့်တော့ဆွမ်းပါဘုရားဟု အိန္ဒြေမပျက် ငြင်းဆန်နိုင်ယုံသာမက ယခုလိုတစ်ခါမျှ ရင်မခုန်စဖူးခဲ့။ အဲဒီလူတွေအားလုံးကို လေးလေးမြင့်၏ နှလုံးသားက ချစ်မှမချစ်ခဲ့ပေကိုး။

ချစ်ချင်းမေတ္တာဆိုသည်မှာ နှလုံးသာက ဖုတ်လှိုက်ဖုတ်လှိုက်နှင့် ထခုန်လေမှ မေတ္တာ၏ နိုးကြားလာခြင်းပေလား မပြောတတ်တော့။

"ပြောပါ ... မလေးလေးမြင့်၊ ကျွန်တော်အခုလို နောက်က တကောက်ကောက်လိုက်နေတာ ဘယ်သူ့ကြောင့်လို့ထင်သလဲ ဟင် ... "

"သိဘူး"

"သိလိုက်စမ်းပါ၊ ကျွန်တော် မလေးလေးမြင့်နောက်ကို တကောက်ကောက်လိုက်နေတာပါ"

လေးလေးမြင့် ခေါင်းငုံ့ရာမှ ကိုဂျိုကာကို မော့ကြည့်သည်။ စစ်ဦးထုတ်စိမ်းဗတ်လပ်၊ နေကာမျက်မှန်မချွတ်၊ ပသိုင်းမွေးမှတ်ဆိတ်မွေးထူလဖြစ် ဆံပင်ကဂုတ်ပေါ်တွင် ဝဲမတတ်၊ ရှည်လျား

သည် ယခုလေးလေးမြင့်လို အားနွဲ့သည့် မိန်းကလေးနှင့် စကား ပြောလေမှ အဘယ်ကြောင့် အသံတွေတုန်နေသနည်း။ စကားလုံး တွေ ထစ်နေသနည်း။

ရှင်းပါ၏။ အတွင်း အစွဲတွေက လေးလေးမြင့်အပေါ် တွင် မရိုးမသားဖြစ်နေသည်မို့ အပြင်ဗဟိဒ္ဓတွင် ထစ်ခြင်း၊ တုန်ခြင်း တွေဖြစ်ရသည်ပင်။

ကိုဂျိုကာက လည်စေလုပ်ကြီး ထောင်သွားအောင် တံတွေးတွေ မြိုချလိုက်ရသေးသည်။

"ကျွန်တော် ... အခု ပုဂံညောင်ဦးကို ဒီလောက်အပင်ပန်း ခံလိုက်လာတာဟာ ဘယ်သူ့ကြောင့်လို့ မလေးလေးမြင့် ထင်သလဲဟင် ... "

လေးလေးမြင့်က ငုံ့ထားသော ဦးခေါင်းလေးကို ခါ ရမ်းပြလိုက်သည်။

ပြောသာပြောရသည်။ လေးလေးမြင့်မှာလည်း ရင် တွေတဒိတ်ဒိတ်ခုန်နေပါ၏။ အပျိုပေါက်မလေး ဖြစ်ကတည်းက ယခုအချိန်ထိ လေးလေးမြင့်လို မိန်းမချောလေးတွင် ကောင်လေး ပေါင်း မြောက်များစွာတို့၏ မေတ္တာစာတွေ အပေးခံရသည်မှာ မရေ တွက်နိုင်၊ လူပျိုစကား ပြောကြသည်ကလည်း အနန္တ၊ ထိုမျှမကသေး





အိမ်ကမေမေက သဘောတူချင်သည့် ထိုက်ထိုက်တန်တန် လူပျို သိုးတွေလည်း တပုံတပင်။

အဲဒီတွေတုန်းက လေးလေးမြင့်သည် ညင်သာစွာ ကန်တော့ဆွမ်းပါဘုရားဟု အိန္ဒြေမပျက် ငြင်းဆန်နိုင်ယုံသာမက ယခုလိုတစ်ခါမျှ ရင်မခုန်စဖူးခဲ့။ အဲဒီလူတွေအားလုံးကို လေးလေး မြင့်၏ နှလုံးသားက ချစ်မှမချစ်ခဲ့ပေကိုး။

ချစ်ချင်းမေတ္တာဆိုသည်မှာ နှလုံးသာက ဖုတ်လှိုက် ဖုတ်လှိုက်နှင့် ထခုန်လေမှ မေတ္တာ၏ နိုးကြားလာခြင်းပေလား မပြောတတ်တော့။

"ပြောပါ ... မလေးလေးမြင့်၊ ကျွန်တော်အခုလို နောက်က တကောက်ကောက်လိုက်နေတာ ဘယ်သူ့ကြောင့်လို့ထင် သလဲ ဟင် ... "

"သိဘူး"

"သိလိုက်စမ်းပါ၊ ကျွန်တော် မလေးလေးမြင့်နောက်ကို တ ကောက်ကောက်လိုက်နေတာပါ"

လေးလေးမြင့် ခေါင်းငုံ့ရာမှ ကိုဂျိုကာကို မော့ကြည့် သည်။ စစ်ဦးထုတ်စိမ်းဗတ်လပ်၊ နေကာမျက်မှန်မချွတ်၊ ပသိုင်းမွေး မုတ်ဆိတ်မွေးထူလဖြစ် ဆံပင်ကဂုတ်ပေါ်တွင် ဝဲမတတ် ရှည်လျား

နေသော ဤပုံသဏ္ဍာန်နှင့် ဤမျက်နှာကို လေးလေးမြင့်ပီပီပြင်ပြင် မရှိ။ ဆိုလိုသည်မှာ သူမ၏နောက်သို့ တကောက်ကောက်လိုက်နေသူဆိုလျှင် လေးလေးမြင့်က သူ့အား မြင်ဖူးတွေ့ဖူးထားသူတစ်ဦးဖြစ်ရမည်ဟု လေးလေးမြင့်က ယူဆသည်။

"လေးလေးနောက်ကို တကောက်ကောက်လိုက်တယ်ဆိုရအောင် ရန်ကုန်မှာပဲဖြစ်ဖြစ် ကျောင်းမှာပဲဖြစ်ဖြစ် ကိုဂျိုကာကို လေးလေးမမြင်လဲ မမြင်ဖူးဘူး၊ သိလဲမသိခဲ့ဖူးဘူးလေ"

"ရွှေမန်းဦးတင်မောင်ဟာ နိုင်ငံကျော်မင်းသားကြီးပါ လေးလေးမြင့်"

"ဘာဆိုင်လဲ"

"အော် ... ပရိသတ် ထောင်သောင်းသိန်းသန်းက မီးရောင်အောက်နဲ့ ဇာတ်စင်မြင့်ပေါ်က သိပ်ကြည့်လို့ကောင်းတဲ့ ရွှေမန်းဦးတင်မောင်ကို မြင်လဲမြင်နေရတယ်၊ ရွှေမန်းပါလားရယ်လို့လဲ သိနေကြတယ်၊ ဒါပေမဲ့ ရွှေမန်းဦးတင်မောင်ကတော့ အဲဒီ ထောင်သောင်းသိန်းသန်းထဲက ပရိသတ်တစ်ယောက်ယောက်ကို ဘယ်သိနိုင်မလဲ၊ မလေးလေးမြင့်က ရွှေမန်းဦးတင်မောင်ပါ။ ကျွန်တော်က ထောင်သောင်းသိန်းသန်းထဲက ပရိသတ်တစ်ယောက်ပါ"





လေးလေးမြင့်သည် ရင်ထဲမှ ကြည်နူးမှုတစ်မျိုး ခံစားလိုက်ရသည်။ လူကြည့်တော့ မှုန်ကုတ်ကုတ်နှင့် လူဆိုးကြီးရုပ်ပေါက်နေသည်။ မေတ္တာစကားကို ပဏာမချီပုံကြတော့ တော်တော်တတ်ပါလားဟု မှတ်ယူကြည်နူးခြင်းမျိုး ဖြစ်ပါ၏။

"ကျွန်တော် မလေးလေးမြင့်ကို ချစ်တယ်ဗျာ"

"ဟိုက်"

စကားတတ်လိုက်တာဟု ချီးမွမ်း၍ မဆုံးမီမှာပင် ဒွဲ့ထိုးကြီးအုပ်ထည့်လိုက်သဖြင့် လေးလေးမြင့်မှာ ဟိုက်ခနဲဖြစ်သွားရပါ၏။

"ဟိုမှာသုံးယောက်အဖွဲ့ပြန်လာပြီ၊ ဒါကြောင့် ကျွန်တော်တို့တို့နဲ့ လိုရင်းပြောရတာပါ မလေးလေးမြင့်"

လေးလေးမြင့် လှမ်းကြည့်ရာ မိပြုံး၊ မိမော်၊ မိကီတို့ လျှောက်လာကြပြီကို လှမ်းမြင်နေရသည်။

"ကိုဂျိုကာ ရန်ကုန်ကို ဘယ်တော့ပြန်မလဲ"

"အိုး ... မလေးလေးမြင့်ပြန်ပြီးပဲဟာ၊ ကျွန်တော်လဲ ပြန်ရုံပေါ့။ ဒါပေမဲ့ ဒီနေ့တော့ ကျွန်တော် သိပ်ပင်ပန်းနေတယ်၊ အခုချိန်မှဆိုတော့ ပြန်ချိန်လဲ မရတော့ဘူး၊ ဒီနေ့နေ့တဝက်လုံးနဲ့ ညတစ်ညလုံး ကျွန်တော်ပုဂံမှာပဲ အိပ်ဦးမယ်၊ နက်ဖြန်

ဝေလီဝေလင်းထွက်ရင် နက်ဖြန်ညနေ ရန်ကုန်ရောက်ပြီ
ပေါ့"

"ရောက်ပြီးရင် လေးလေးအိမ်ကို လာလည်လေ၊ လေးလေး
ဖိတ်ပါတယ်၊ အိမ်မှာ အေးအေးဆေးဆေး စကားပြောကြ
တာပေါ့၊ လေးလေးတို့အိမ်ကို သိပါတယ်နော်"

"သိပ်သိပေါ့ ... စိတ်ချ ... ဆက်ဆက်လာမှာ"

သုံးဦးအပွဲ့ အနီးသို့ ရောက်လာကြပြီ၊ လေးလေးမြင့်
က စကားလည်း လမ်းပြောင်းရင်း ရင်ထဲတွင် သိချင်သော အချက်
တစ်ချက်ကိုလည်း မေးရင်းဖြင့် ...

"ကိုဂျိကာကို လေးလေး တစ်ခုမေးချင်တယ်"

"မေးလေဗျာ"

"ကျောက်ပန်းတောင်းက ဒုရဲအုပ်ဦးဘဟိန်းက ကိုဂျိကာ
ကို ဆရာလို့ခေါ်တယ်နော်"

"ဪ ... ဒါလား ... ဟဲ ... ဟဲ ... ကျွန်တော်က နာမည်
အမျိုးမျိုး ကိုယ့်ကိုယ်ကို မှည့်တတ်တယ်လေ၊ အခု မလေး
လေးမြင့်တို့ကို ကျွန်တော့်နာမည် ဂျိကာလို့ပြောသလိုပေါ့၊
ဒုရဲအုပ်ဦးဘဟိန်းကိုလဲ ကျွန်တော့်နာမည်ကို 'ဆရာ'လို့ပြော
ထားတယ်လေ၊ ဒါကြောင့် ဆရာ ... ဆရာနဲ့ ဦးဘဟိန်းက





ခေါ်တာပါ"

"ဪ ... ဪ"

ဟုတ်လောက်ပါ၏။ သူ၏အမည်မှန်ကိုသိဖို့ရန်မှာ
ရန်ကုန်ကျမှပင် သိနိုင်တော့မည်။

တွေးကြည့်လျှင် ရယ်စရာပင် ကောင်းသေးတော့
သည်။ သူ၏အမည်ကို ဂျိကာဟု ပေးထားသည်။ သူ၏အမည်မှန်ကို
မည်သူမျှ မသိနိုင်သေး၊ သူ၏မိဘ မည်သူမည်ဝါမှန်း မသိ။

သို့စဉ်ပါလျက် ...

"ကျွန်တော် မလေးလေးမြင့်ကို ချစ်တယ်ဗျာ"

ဟု ဖွင့်ချလိုက်သေးသည်။

သူ့ကို အဆိုးမဆိုသာ။

လေးလေးမြင့်ကိုယ်တိုင်က သူကချစ်တယ်ပြောရာ
တွင် ရင်ကလေးများ ခုန်ခဲ့ပြီ မဟုတ်ပါလား။

## ၉

မပြော၍ မဖြစ်။

ခုရှပ်မှ နောင်ရှင်းမည်။ ရန်ကုန်ရောက်သည်နှင့် လေးလေးမြင့်၊ ဝင်းဝင်းမော်၊ သိင်္ဂီမင်းနှင့် ပြုံးပြုံးရီတို့သည် အမှုအခင်း ဖြစ်လာပုံတွေကို ပြောပြကြသည်။ ယခုမပြောဘဲ မြို့နေကြလည်း ကျောက်ပန်းတောင်းမှ အမှုချိန်းခေါ်လျှင် မျက်လုံးပြူးမျက်ဆံပြူး သိကြတော့မည်။ ရဲစခန်းတွင် မိဘ၏အမည်၊ အလုပ်အကိုင်၊ နေရပ် လိပ်စာတွေလည်း အပြည့်အစုံ ပေးထားပြီးဖြစ်ကြသည်။

ပြီး ... အမှုက နံပါတ်ဖိုးမှု အမှုကြီး။

တစ်ခုပဲ မြို့နေကြသည်။ ပြုံးပြုံးရီ၏ အပျိုဘဝ ရေ တိမ်နစ်ခဲ့ရပုံကိုတော့ လူကြီးတွေ ရင်နာမဆုံး ဖြစ်မည်ဆိုး၍ ဖွင့်





မပြောကြပေ၊ အကယ်၍ လူကြီးတွေ သူတို့ဘာသာ သတင်းပေါက် ကြားသိရှိ၍ မေးလာမှပင် အင်းခံရန် ပြုံးပြုံးရီက ဆုံးဖြတ်ထားသည်။ Depo တားဆေး ထိုးထားသောကြောင့် ပြုံးပြုံးရီတွင် မဖုံးနိုင်မဖိ နိုင်ဖြစ်စရာမရှိဟုလည်း ယူဆထားကြသည်။

ဤကိစ္စ ဖွင့်မပြောဘဲလျှက်ပင် လူကြီးတွေက သင် ခန်းစာပေးစကား တညီတညွတ်တည်း ဆိုကြသည်။

“မိန်းကလေးတွေအဖွဲ့နှင့်ဖြစ်ပါစေ၊ ယောကျ်ားဖော်မပါဘဲ ခရီးရက်ရှည်မသွားသင့်”

ဟူ၍ပင်။

ထို့ပြင် လူကြီးမိဘတွေသည် ကယ်တင်ရှင် ကိုဂျို ကာအား ဝိုင်း၍ တအားကျေးဇူးတင်ကြသည်။ ကိုဂျိုကာအား မိဘ တွေအားလုံးက တွေ့ချင်မြင်ချင်နေကြသည်။

“ကံကောင်းလို့ပါလား မိလေးလေးရယ် ... သမီးပြောတဲ့ မောင်ဂျိုကာသာ အချိန်မှီရောက်လာပြီး မကယ်ရင် သမီး မှာ နံပါတ်ဖိုးလဲစွဲဦးမယ် ... တခြားနယ်စပ်မှာသွားပြီး အရောင်းခံရဦးမယ် ... ဘုရား ... ဘုရား ... မောင်ဂျိုကာဆို တဲ့ သူငယ်ကျွန်းမာပါစေ ... ချမ်းသာပါစေ ... ဒီသူငယ်ကို ငါတွေ့ချင်လိုက်တာဟယ်”

"မေမေသာတွေ့ချင်တာ မဟုတ်ဘူး ... လေးလေးက သာပြီးတောင် သူ့ကိုတွေ့ချင်တာ သိလား"

ဟု နှုတ်မှ အသံမထွက်ဘဲ လေးလေးမြင့်ရင်ထဲမှ ပြန်ပြောမိတော့သည်။

ကိုဂျိုကာကလည်း မျှော်ကာမှ ပေါ်မလာကိန်းဆိုက်နေသည်။ လေးလေးမြင့်တို့ ရန်ကုန်ရောက်ပြီး သုံးရက်ကြာသည့်တိုင်အောင် ကိုဂျိုကာ ပေါ်မလာသေး။

သူ့အပြောအရ လေးလေးမြင့်တို့ လေယာဉ်ပျံဖြင့် ပြန်လာပြီး နောက်တစ်နေ့ ညနေပိုင်းတွင် သူလည်း ရန်ကုန်ရောက်မည်ဟု ပြောခဲ့သည်။ သို့သော် ယနေ့တိုင် ကိုယ်တော်ချော ဘယ်သို့ခြေရှည်နေသည်မသိ။

ဒါမှမဟုတ်လည်း ကိုဂျိုကာသည် လေးလေးမြင့်ထံ ဘယ်တော့မှ လာတော့မည်မဟုတ်သည်မျိုးလည်း ဖြစ်ကောင်းဖြစ်နိုင်သည်။ အကြောင်းမူ သူသည်လေးလေးမြင့်အား တိတ်တခိုးချစ်ခင်နေမိသူ ဖြစ်စေကာမူ သူ့တွင် လေးလေးမြင့်ထံ ချဉ်းကပ်နိုင်လောက်သော ပညာအားဖြင့်လည်းကောင်း၊ ဥစ္စာအားဖြင့် လည်းကောင်း၊ ရာထူးရာခံအားဖြင့် လည်းကောင်း၊မပြည့်စုံသောကြောင့် မလာတော့သည်မျိုး ဖြစ်ကောင်းဖြစ်မည်။ တစ်ချို့မပြည့်စုံသော





ယောက်ျားတို့သည် ကိုယ့်ဘာသာရင်ထဲကကြိတ်၍ ချစ်ခင်စွဲလမ်းနေသည်ကို မြိုခံထားပြီး ရယူနိုင်းစပ်ဖို့ ကြိုးစားခြင်း မပြုတော့သည်မျိုးလည်း ရှိတတ်ကြောင်း ဝတ္ထုထဲတွင်ဖြစ်စေ၊ ရုပ်ရှင်ထဲတွင်ဖြစ်စေ၊ ထိုဇာတ်လမ်းမျိုး လေးလေးမြင့် ဖတ်ဖူးကြည့်ဖူးသည်။

ထိုသို့တွေးမိသောအခါ လေးလေးမြင့် ရင်ထဲတွင် နာကျင်သော ဝေဒနာတစ်မျိုးခံစားရပြန်ပါ၏။ ကိုဂျိုကာတွင် အဘက်ဘက်မှ မပြည့်စုံသောကြောင့် သူ့အမည်မှန်ကိုတောင် ဖွင့်မပြောနိုင်ဘဲ ပေါက်ကရ ဂျိုကာဟု နာမည်တပ်လိုက်သည်ပဲ ထင်ပါ၏။

"သမီး လေးလေးရေ အောက်ထပ်ဧည့်ခန်းမှာ ဧည့်သည်ရောက်နေတယ်"

"ဘယ်သူလဲ မေမေ"

"ပြောရမှာတော့ အရှည်သားသမီး၊ သူ့မိဘတွေက မြိတ်မြို့က ဦးအိန္ဒနဲ့ဒေါ်ကျင်မွမ်တဲ့၊ စက်လှေလေးစီးလောက်ပိုင်တယ်၊ ကိုယ်ပိုင် ငါးပိငါးခြောက် လုပ်ငန်းလုပ်တယ်၊ ဦးအိန္ဒနဲ့ သမီးဖေဖေဟာ ရှေးခတ်ရန်ကုန်တက္ကသိုလ် ပင်းယဆောင်မှာ အခန်းထဲအတူနေကြတဲ့ Room Mate ပါတနာလဲဖြစ်ခဲ့တယ်၊ ဝိဇ္ဇာဘာသာတွဲခြင်း အတူတူ အတန်းအတူတူ

လဲ ဖြစ်ခဲ့တယ်၊ တကယ့်ငယ်သူငယ်ချင်းတွေပေါ့"

"ရှည်လိုက်တာ မေမေရယ်၊ ဟိမဝန္တာချီးမွမ်းခန်း ကျနေတာပဲ"

"ရှည်ရမယ်သမီး၊ ဦးအိန္ဒြှဟာ သမီးဖေဖေရဲ့ ကျောင်းနေဘက် သူငယ်ချင်းဖြစ်ရုံမကဘူး၊ အခုလဲ မေမေတို့လုပ်ငန်းမှာ သူကုန်ကိုယ်ယူ၊ ကိုယ့်ကုန်သူပေးနဲ့ စီးပွားရေးဆက်သွယ်နေကြတယ်"

"အဲဒီတော့ ဘာဖြစ်လဲမေမေ"

"သူတို့မှာလဲ မေမေတို့လိုပဲ သားသမီးဆိုလို့ တစ်ယောက်ထဲထွန်းကားတယ်၊ အဲဒီသားလေးက မိဘချမ်းသာလာတဲ့ ကုန်သည်လုပ်ငန်းကို စိတ်မဝင်စားဘဲ ပြည်သူ့ရဲတပ်ဖွဲ့ထဲ ဝင်ပြီး တာဝန်ထမ်းဆောင်နေသတဲ့"

မေမေသည် ငါးနှစ်ရွယ် ကလေးတစ်ဦးအား မိခင်က ပုံပြောသလိုပြောနေသည့် ပုံစံမျိုး ဖြစ်နေပါ၏။ လေးလေးမြင့်နားထောင်ရသည်မှာ ပျင်းလာသည်။ သို့စေကာမူ ယခုလတ်သလော အခြေအနေဝယ် လေးလေးမြင့်သည် မေမေ့ကိုကာ မပြန်ရဲပုဂံ၊ ညောင်ဦး၊ ကျောက်ပန်းတောင်းတွင် မိမိတို့အသွားမတော်တစ်လှမ်း ဖြစ်ခဲ့သည့်စနက်ကြောင့် ကိုယ့်အပြစ်နှင့်ကိုယ် ဟိုတုန်း





ကလို မေမေ့အား အတိုက်အခံ ဇွတ်မလုပ်ဝံ့။

"ကောင်လေးက ပြည်သူ့ရဲထဲရောက်နေတာ အတော်ကြာပြီ၊ အခုတော့ ရဲအုပ်ဖြစ်နေတယ်သမီး၊ သူ့နာမည်က မောင်သီဟာဆိုတော့ အခု ရဲအုပ်သီဟာပေါ့ သမီး"

မေမေ အဓိကလိုချင်သည်မှာ ဒါပဲဖြစ်ပါ၏။

ဒါမျိုးတွေ မေမေ့ထံမှ မကြာခဏလည်း လေးလေးမြင့်ကြားရဖူးသ်။ မေမေသဘောတူချင်သော ဆရာဝန်ပေါက်စလေးတွေ၊ ဘီအီးဘွဲ့ရပြီးသူလေးတွေ၊ စစ်ဗိုလ်လေးတွေ၊ နိုင်ငံခြားသဘော်အရာရှိလေးတွေ ... ။

မေမေက အဲဒါတွေကို အထင်ကြီးတတ်သည်။ တနည်းဆိုလျှင်တော့ ကိုယ့်သမီးကောင်းစားစေချင်သော စေတနာပါလားဟုတော့ လေးလေးမြင့် နားလည်ခဲ့သည်။

သို့သော် ... ကိုသီဟာကိုလည်း လေးလေးမြင့် စိတ်မဝင်စား၊ လက်ရှိအခြေအနေအရ မေမေ့ကိုလည်း ကန့်ကွက်ကာစမပြုဝံ့။ မေမေပြောသမျှ နားထောင်နေမိသည်။

"အဲဒါ ... မောင်သီဟာလေးကလဲ သမီးကို စိတ်ဝင်စားနေတယ်၊ သမီးရဲ့အဖေကြီးကိုယ်တိုင်ကလဲ သူ့မိဘတွေနဲ့လဲ ခင် သူလဲသဘောကျနေတယ်သမီး"

"အို ... မဖြစ်နိုင်တာဘဲ မေမေ"

"ဘာလို့ မဖြစ်ရမှာလဲ"

"လေးလေးက ကျောင်းနေတုံးပဲဟာ"

"ဟဲ့ ... ခုချက်ခြင်းကော ဘယ်သူက ပေးစားမလဲ ချက်ခြင်းလက်ငင်းကြီး အိမ်ထောင်ပြုဖို့ မဟုတ်သေးပါဘူး၊ အခုတောင် သူ့ခမျာ ဆေးခွင့်နဲ့နေရပြီး ခွင့်ကမစေ့သေးတာနဲ့ ရန်ကုန်မှာ ခဏလာနေတဲ့သဘောပဲ သမီး"

"အို ... လေးလေး အဲဒါတွေ ဘာမှ စိတ်မဝင်စားချင်ဘူး မေမေ၊ လေးလေးဘွဲ့ရပြီးမှ အဲဒါတွေ မေမေတို့စဉ်းစားပါ"

"လာပြန်ပြီ ... ပြောလိုက်ရင် ဒီစကားနဲ့ပဲ ကိုင်ပေါက်နေတယ်၊ ကဲ ... ဒါဆိုလဲ အောက်မှာစောင့်နေတဲ့ မောင်သီဟကိုတော့ ငြိး ဆင်းတွေ့လိုက်ဦး၊ ငြိးကိုယ်တိုင်ပဲ ပြောလိုက် ဘွဲ့မရသေးခင် မစဉ်းစားပါဘူးလို့"

"အို ... သိပ်ပြောပေါ့"

ဟု စိတ်ထဲမှရေရွတ်ရင်း လေးလေးမြင့်အောက်ထပ်သို့ ဆင်းလာသည်။ ဟိုယခင် အယောက်ယောက်တွေတုန်းကလည်း လေးလေးမြင့်ကပင် တွေ့ဆုံပြီး ဒါမျိုးတွေ မစဉ်းစားသေးပါ၊ ကန်တော့ဆွမ်းပါ ဘုရားဟု ပြောပြီး ပ,ထုတ်ခဲ့သည်ချည်း





မဟုတ်လား

ညှော်ခန်းထဲရှိ ဆိုဖာဆက်တီတစ်လုံးပေါ်တွင် ကိုသီဟသည် အိမ်ခြေရရပင် ထိုင်နေပါ၏။

ရုပ်လက်ရှည်အဖြူရောင် ဝတ်ထားသည်။ အဖြူနှင့်အနက်ကွက်ထားသော ချည်ချောလုံချည်နှင့် ဖြစ်ပါ၏။ အသားဖြူဝင်းသူတစ်ဦး ဖြစ်ပေသည်။ မျက်လုံးမျက်ဖန်,နှာတံ နှုတ်ခမ်းတို့ကြည့်ကောင်းသူတစ်ဦးပါပေ။ ဆိုဖာပေါ်တွင် ထိုင်နေသောကြောင့် မည်မျှ အရပ်ရှည်မည်ဟုတော့ မခန့်မှန်းနိုင်၊ ခြေဆံလက်ဆံ ရှည်ပုံရသည်။ ခန္ဓာကိုယ်မှာ ကျစ်လျစ်သွယ်လျပုံရပါ၏။

လေးလေးမြင့် လာသည်နှင့် ကိုသီဟက မတ်တပ်ရပ်၍ အလေးအနက် ကြိုဆိုသည့်သဘော ပြုလိုက်သည်။

လေးလေးမြင့်သည် ကိုသီဟ၏ အပြုအမူကြောင့် လျှစ်ခနဲ ကိုဂျိုကာကို သတိရလိုက်မိသည်။ ပုဂံ ဧရာ ညှော်ရိပ်သာသို့ ကိုဂျိုကာ လာတွေ့စဉ်က ဒီလိုပဲ ထိုင်နေသည်။ လေးလေးမြင့်ကို မြင်သည်နှင့် အလေးအနက်ထားကြောင်း သက်သေပြသလို ထိုင်နေရာမှ ထ,ပြီး ကိုဂျိုကာက ကြိုဆိုနှုတ်ဆက်ခဲ့သည် မဟုတ်လား။

"မလေးလေးမြင့်ကို ကျွန်တော်တွေ့ခွင့်ရမယ်တောင်

မထင်ပါဘူး၊ ကျွန်တော့်ကို အတွေ့ခံတဲ့အတွက် ကျေးဇူး တင်ပါတယ်"

ခန္ဓာကိုယ် အရပ်အမောင်းနှင့် ဥပမိရုပ်က ကြည့် ကောင်းပါ၏။ သို့သော် ကိုသီဟ၏အသံမှာ တစ်မျိုးကြီး၊ အစ်တစ် တစ် အသံကြီးမျိုးနှင့်ဖြစ်သည်။

လေးလေးမြင့်က အိမ်ရှင်ဝတ္တရားအတိုင်း ပြုံး၍နှုတ် ဆက်ရပေသည်။

"ထိုင်ပါ ကိုသီဟ ... လေးလေးက အိမ်ရှင်ပဲ၊ ဧည့်သည်ကို အတွေ့ခံရမှာပေါ့"

နှစ်ဦးစလုံး ဆိုဖာတစ်လုံးစီတွင် ထိုင်ကြသည်။ တ အောင့်တခဏကြာသည်အထိ ဘာမျှဆက်မပြောဖြစ်ကြ။ လေးလေးမြင့်မှာ သူမစိတ်မပါသော အလုပ်မို့ ဘာစကားကစ၍ ပြောရမည်မှန်းမသိ။ ကိုသီဟကတော့ တစ်ခါတစ်ရံလေးလေးမြင့် ၏ မျက်နှာလေးကို ရှုးရှုးစိုက်စိုက်ကြည့်တတ်သည်။ လေးလေးမြင့် က ပြန်ကြည့်မိ၍ မျက်လုံးချင်းဆုံလျှင် ဖျတ်ခနဲ ကိုသီဟကပင် မျက်နှာလွှဲသွားပေသည်။

ဒီတ်ခနဲ လေးလေးမြင့် ရင်ခုန်လိုက်မိသေးသည်။ အကြောင်းမူ ကိုသီဟ စိုက်ကြည့်တတ်ပုံမှာ ကိုဂျိုကာ စိုက်ကြည့်





ပုံမျိုးနှင့် တူနေသလားဟု လေးလေးမြင့် ထင်လိုက်သောကြောင့် ဖြစ်သည်။ ယောကျ်ားသားတွေသည် သူတို့မေတ္တာရှိသော မိန်းက လေးကို စိုက်ကြည့်ရာတွင် ကြည့်ပုံချင်း တူညီတတ်ပေသလား မ ပြောတတ်။

"ကဲ ... မလေးလေးမြင့် ကျွန်တော်ကတော့ တိုတိုနဲ့လိုရင်း ပြောတဲ့အကျင့်ရှိပါတယ်၊ မလေးလေးမြင့်နဲ့ ကျွန်တော့်ကိ စ္စကို ဒေါ်ဒေါ်က မလေးလေးမြင့်ကို ပြောဆိုပြီးသား ဖြစ် မှာပါ။ ဟုတ်ရဲ့လား မလေးလေးမြင့် ..."

လေးလေးမြင့်ကလည်း ဦးခေါင်း ညိတ်ပြလိုက် သည်။ တိုတိုနှင့်လိုရင်းကိုပင် လေးလေးမြင့်ကလည်း ပြောချင်နေ သည်။ ဒါမှ စကားစ, မြန်မြန်ပြတ်၊ ကိုသီဟ မြန်မြန်ပြန်ဖြစ်မည်။

"အဲဒါ ... မလေးလေးမြင့် သဘောကကောဗျာ"

"မဖြစ်နိုင်ပါဘူး ကိုသီဟ၊ လေးလေးခုချိန်မှာ ဒါတွေဘာမှ မစဉ်းစားပါဘူး၊ ဘွဲ့ရတဲ့အထိ စာသင်ချင်သေးတဲ့ ဆန္ဒတစ် ခုပဲ လေးလေးမှာ ရှိနေပါတယ်"

"အော် ... အော်"

ကိုသီဟက ဖြေးလေးစွာ ဦးခေါင်းကိုနှစ်ချက်ဆင့် ညိတ်လိုက်သည်။

"အဲ ... ရည်တာတော့ မဟုတ်ဘူး၊ စကားစ မပြတ်သေးလို့ ကျွန်တော်ထပ်မေးပါရစေ၊ မလေးလေးမြင့်ဘွဲ့ယူဖို့က နောက်ထပ်အလွန်ဆုံးကြာရင် သုံးနှစ်ပေါ့ဗျာ၊ အဲဒီလိုဘွဲ့ရ ကဲ့အထိ ကျွန်တော်ကစောင့်ပါ့မယ်ဆိုရင်ကော"

လေးလေးမြင့်က ဦးခေါင်းခါရမ်းပြလိုက်သည်။

"ဘာဖြစ်လို့ ခေါင်းခါပြတာလဲ၊ ခေါင်းခါတဲ့သဘောက အဲဒီအချိန်ထိစောင့်လဲ မဖြစ်နိုင်ဘူးလို့ဆိုတာလား မလေးလေးမြင့်"

လေးလေးမြင့်က ဘေးဘီကိုတစ်ချက်ဝေ့ကြည့်လိုက်သည်။ အနီးအနားတွင် မေမေရှိလေမလားဟု ရှာကြည့်လိုက်ခြင်းဖြစ်ပါ၏။ မေမေ၏အရိပ်ကိုပင် မတွေ့ရ။

"ကဲ ... တိုတိုနဲ့ရှင်းရှင်းပဲပြောပါရစေ ကိုသီဟ၊ လေးလေးမှာ ချစ်သူရှိပြီးသားပါ၊ ဒါကြောင့် ဘယ်လောက်ထိစောင့်စောင့်မဖြစ်နိုင်ပါဘူး"

"အား"

ဟု ကိုသီဟထံမှ ညည်းသံသဲ့သဲ့ ထွက်လာသည်။ ဆိုဖာကျောမှီကို ကျော်ဖိမှီလိုက်သည်။ တစ်ခုခု အကျပ်အတည်းတွေ့သလို သူ၏လက်ဝါးနှစ်ဖက် ပွတ်နေသည်။





ပြီး ... ကိုသီဟသည် ထိုင်ရာမှ ထရပ်လိုက်သည်။

"ပြန်မယ်ဗျာ ... ဒေါ်ဒေါ်ကို မလေးလေးမြင့်ပဲ ပြောပေးပါ၊ ကျွန်တော်နှုတ်ဆက်သွားပါတယ်လို့"

စိတ်ဆိုးစိတ်ကောက်ပြီး ထွက်ခွာသွားခြင်းမျိုး မဟုတ်ပေ၊ ဆွေးနွေးပွဲတစ်ခု ဆွေးနွေးပြီး၍ ပြန်သွားသည့် သဏ္ဍာန်မျိုးဖြင့် တလှမ်းချင်း အိခြေရရ ကိုသီဟထွက်ခွာသွားခြင်း ဖြစ်ပါ၏။

လေးလေးမြင့်က ကိုသီဟအား နောက်မှ ငေးကြည့်နေမိသေးသည်။ အားလုံးခြုံ၍ကြည့်လျှင် ကိုသီဟသည် နှစ်လိုဖွယ်ရာ ယောကျ်ားပျိုတစ်ဦးဟူ၍တော့ လေးလေးမြင့် ရင်ထဲမှ ကောက်ချက်ပြုမိသည်။

အကယ်၍သာ ကိုဂျိုကာနှင့်မလေးလေးမြင့်သည် တကြိမ်တစ်ခါမျှ မကြုံကြိုက် မဆုံဆည်းမိဘူးဆိုလျှင် ကိုသီဟအား လေးလေးမြင့် လက်ခံမိလေမည်းလား မပြောတတ်တော့နိုင်။

"အို ... ဒါတွေရှုပ်ပါတယ်"

ဟု ကိုယ့်ဟာကိုယ်ပြောရင်း လေးလေးမြင့် အပေါ်ထပ်သို့ ပြန်တက်လာသည်။ သူမ၏တစ်ယောက်အိပ်ကုတင်ပေါ်ဝယ် အိခနဲ လှဲအိပ်ချလိုက်သည်။

သူမ၏အဖြစ်ကို သူမဘာသာ ပြန်တွေးကြည့်နေမိသည်။ သူမ၏အဖြစ်သည် ဇာတ်ပွဲထဲက လူပျက်မျက်သလိုများ ဖြစ်နေပြီလား။

တိမ်ကြားမင်းခေါင် ... တိမ်ကြားမင်းခေါင်ဆိုပြီး ဟိုးလေးတကြော်မို့ လူတွေအားလုံးက တိမ်ကြားမင်းခေါင်းထွက်လာမည့် မိုးကောင်းကင်တိမ်တိုက်တွေကို လှမ်းကြည့်မိကြစဉ် ထွက်မယ့်ထွက်လာတော့ တိမ်ကြားမင်းခေါင်က ကြမ်းပေါက်ကြားမှ ထွက်လာသည်ကို ဆိုသလို။

လေးလေးမြင့်ကို လက်ထက်ချင်သူတွေက ဆရာဝန်၊ အင်ဂျင်နီယာ၊ စစ်ဗိုလ်၊ သဘော်အရာရှိတွေချည်းဖြစ်ပါလျက် လေးလေးမြင့် နှလုံးသားထဲမှ မေတ္တာသက်ဝင်သူကြတော့ အမျိုးအမည် ဘာမှန်းကိုမသိရသည့် ကိုဂျိုကာဖြစ်နေတော့သည်။ အင်းပေါက်ပေါက်ရှာရှာ လေးလေးမြင့်နှလုံးသားမှ ချစ်မိသည့်က သူ့ကိုပေကိုး။

"ဟဲ့ ... မိလေးလေး အောက်မှာ သမီးကိုတွေ့ချင်လို့တဲ့ ဧည့်သည်ရောက်နေတယ်"

မေမေသည် လေးလေးမြင့်အခန်းထဲဝင်လာသည်။ လေးလေးမြင့် ကုတင်ဘေးတွင်ရပ်ကာ ရှုံ့ရှုံ့မဲ့မဲ့နှင့် ဆက်ပြောသည်





"သမီးတို့ပြောလို့သာ သူ့ကိုကျေးဇူးတင်ရမယ် ... အထင်ကြီးရမယ် ... မေမေ့အမြင်တော့ စုတ်တီးစုတ်ဖတ်နဲ့ ရှုးဘူးပေါတော လူစာမျိုးထင်တာပဲ ..."

"မေမေ ဘယ်သူ့ကို ပြောနေတာလဲဟင် ..."

"ဂျိုကာတဲ့ဟေ့ ... အောက်မှာရောက်နေလေရဲ့"

လေးလေးမြင့်သည် ငေါက်ကနဲထရပ်လိုက်သည်။ မေမေရပ်နေသည်ကို ရှောင်ကွင်းကာ အခန်းပြင်သို့ ပြေးထွက်လာပြီး လှေကားကို တဒုံးဒုံးမြည်အောင် ဆင်းလာခဲ့ပါ၏။

ဟုတ်ပါ၏။

မေမေပြောမည်ဆိုလဲ ကိုဂျိုကာအား ပြောထိုက်ပါ၏။ ပုံစံမပြောင်းယံမက ပို၍ပင်ဆိုးသည်။ စစ်ဦးထုပ်စိမ်းပြော့ဖတ်ဖတ်၊ နေကာမျက်မှန်၊ ပါးသိုင်းမွေး၊ မုတ်ဆိတ်မွေးတွေက သူ့နှုတ်ခင်းရှင်ဟုပဲထားပါဦး။

ယခု ကိုဂျိုကာသည် ပူရအိုက်ရသည်အထဲ ... လောင်းကွတ် အင်္ကျီရှည်ကြီး ဝတ်ထားသေးသည်။ တကယ်ဆိုလျှင် ကျောက်ပန်းတောင်း ထမင်းဆိုင်ထဲတုန်းက ဝတ်စားဆင်ယင်သည့်အတိုင်း ဝတ်စားလာလျှင် မည်မျှကောင်းမြီမွှမည်နည်း။

မက်တပ်ရပ်လျက်သားဖြင့်ပင် ကိုဂျိုကာက ...

လေးမြင့်ကိုကြိုဆိုသည်။ ပြုံးပြသည်။ နှုတ်ဆက်စကားပြောသည်။

"ထိုင်ပါ ကိုဂျိုကာ ..."

နှစ်ဦးသားထိုင်ကြသည်။ စောစောက ကိုသီဟ ထိုင်သွားသောဆက်တီမှာပင် ကိုဂျိုကာထိုင်သည်။ လေးလေးမြင့် ကလည်း စောစောကထိုင်ခဲ့သည့်အတိုင်း မျက်နှာချင်းဆိုင်ဆိုဖာ တွင် ထိုင်သည်။

"ကျွန်တော် ရန်ကုန်ရောက်တာတော့ သုံးလေးရက်ရှိပြီ လေးလေးမြင့် ..."

"ဒါနဲ့တောင် ခုမှ ပေါ်လာသလား ကိုဂျိုကာ ..."

ကိုဂျိုကာက ပြုံးလိုက်သည်။ လေးလေးမြင့်လွှတ် ကနဲ ပြောလိုက်သော စကားထဲတွင် သူ့အားလေးလေးမြင့်က မျှော် နေပြီး အလာနောက်ကျ၍ အပြစ်တင်သံ ပါနေသောကြောင့် ကျေ နပ်စွာ ပြုံးခြင်းဖြစ်ပါ၏။

"ရောက်တဲ့ ညနေပိုင်းကတည်းက ဒီကိုလာချင်တာ တပိုင်း သေနေတယ် မလေးလေးမြင့် ... ဒါပေမဲ့ အကြောင်းနှစ် ကြောင်းရှိနေလို့ တမင်မလာပဲ ဒီအချိန်ထိအောင့်အီးနေရ တာပါ ..."

ကိုဂျိုကာကလက်ခလယ်နှင့် လက်ညှိုးနှစ်ချောင်း





ထောင်ပြပြီး ကျန်သုံးချောင်းကွေးထားသည်မှာ ပိစ်လက္ခဏာထွက် နေပါ၏။

"ဘာအကြောင်းနှစ်ကြောင်းလဲဟင် ..."

"ကျွန်တော်တောက်လျှောက်ဆိုင်ကယ်စီးခဲ့တာတွေကြောင့် ကျွန်တော်မျက်နှာ နေလောင်၊ လေလောင်တဲ့ဒါဏ်တွေရှိ တယ် ... ထီးလိုမင်းလိုဘုရားမှာ ဟိုကောင်တွေထိုးကြိတ် လို့ မျက်နှာမှာ ညိုမဲတဲ့ဒါဏ်တွေလဲရှိတယ် ... အဲဒါတွေ ပျောက်အောင်စောင့်ကုနေတာက တကြောင်းလေ ..."

"နောက်တစ်ကြောင်းက မလေးလေးမြင့်မှာ စဉ်းစားဖို့ အချိန်တွေ ရစေချင်တယ် ..."

"ဘာကို စဉ်းစားရမှာလဲ ... ကိုဂျိုကာ"

"ဟောကြည့် ... မကြောင်ချင်ပါနဲ့ မလေးလေးမြင့် ညောင် ဦးလေဆိပ်မှာ မလေးလေးမြင့်ကို ကျွန်တော်ချစ်နေတယ် ဆိုတဲ့ အကြောင်းပြောခဲ့ပြီလေ ... ဒီတိစ္စနဲ့ပတ်သတ်ပြီး မလေးလေးမြင့်မှာ အချိန်ယူစဉ်းစားနိုင်ဖို့ အခုမှ ကျွန်တော် လာခဲ့တာ ..."

လေးလေးမြင့်သည် ဧည့်ဝိုက်ကာမေ့မေ့ကို ရှာကြည့် ပြန်သည်။ ပတ်ဝန်းကျင်တွင် မေမေ့အရိပ်ကိုပင်မတွေ့ရပြန်ပါလေ။

"အဲဒါ ... ဘယ်လိုလဲဟင် ... မလေးလေးမြင့် ကျွန်တော် ဝမ်းသာရမှာလား၊ ဝမ်းနည်းရမှာလား။ အားမနာနဲ့ဗျာ။ တကယ်လို့ မလေးလေးမြင့်မှာ ချစ်သူတွေ ဘာတွေရှိနေလဲ ဖြောင့်သာပြောချလိုက်ဗျာ"

လေးလေးမြင့်သည် မသိမသာ သက်ပြင်းလေး တလုံး ချလိုက်မိတော့သည်။

"လေးလေးမြင့်မှာ ချစ်သူမရှိပါဘူး ကိုဂျိုကာ၊ ဒါပေမဲ့ ခက်တာက ..."

လေးလေးမြင့်က စကားကိုရပ်ထားသည်။

"ဘာတွေခက်သလဲ ပြော ... အခက်အခဲမှန်သမျှ ကျွန်တော်ရှင်းမယ်"

"ချစ်ကြတယ်ဆိုတာ လူငယ်နှစ်ဦးချည်း မပြီးနိုင်ဘူးမှတ်လား။ သက်ဆိုင်ရာ နှစ်ဘက်မိဘကိစ္စတွေရှိသေးတယ်။ အခုတော့ ကိုဂျိုကာဟာ ဘယ်သူမှန်းမသိ ဘယ်ဝါမှန်းမသိနဲ့ ကိုဂျိုကာရဲ့ နာမည်တောင်မှန်းတောင် လေးလေးမသိရဘူးလေ"

"မလေးလေးမြင့် ညာတာပါ ... ကျွန်တော့်ကို မလေးလေးမြင့် ကောင်းကောင်းသိပါတယ်"





"အိုး ... ဘယ်မှာသိဘူးလို့လဲ"

"တကယ် မသိတာလား မလေးလေးမြင့် ... ဒါဆိုရင်လဲ ကျွန်တော့်ကိုကြည့်နေ ... စိုက်ကြည့်နေနော်"

ကိုဂျိုကာသည် စစ်ဦးထုပ်စိမ်းနှင့် နေကာမျက်မှန်ကို ဖြုတ်ချွတ်၍ စားပွဲပေါ်တင်လိုက်သည်။

သူ၏ ဦးခေါင်းထဲသို့ လက်ငါးချောင်းသွင်းကာ ... ဖြည်းဖြည်းချင်းနောက်လှန်ဆွဲထုတ်လိုက်သည်။ ဂုတ်ဝဲထိထားသော ဆံပင်ရှည် ပုံစံအတုကြီးပါရှိလာပေသည်။

တစ်ပြိုင်တည်းမှာပင် ပါးတစ်ဘက်တစ်ချပ်သို့ လက်ဝါးအုပ်ကာ ဆွဲခွါလိုက်သည်နှင့် ပါးသိုင်းမွေးတွေ မုတ်ဆိတ်မွေးတွေ အတုပုံစံ ကျွတ်ပါလာသည်။

"အယ် ... ကို ... ကိုသီဟ ..."

လောင်းကွတ်အကျီကြီးကို ချွတ်ခွာလိုက်သည်နှင့် စောစောကဝတ်ထားသော ရှပ်အကျီအဖြူ၊ ချည်ချောလုံချည်လေးနှင့် ကိုသီဟပုံမှာ ပြတ်သွားစွာပေါ်လွင်လာပါ၏။

"ဟုတ်တယ်သမီး ... အဲဒါ မောင်သီဟပဲ"

မေမေသည် ဘယ်ကျောင်းက ဘယ်လိုပေါ်လာသည် မသိ။ ဧည့်ခန်းထဲသို့ ဘွားကနဲရောက်လာသည်။ ပြီး ... မေမေ့၏

မျက်နှာမှာ မချိုမချဉ်ပြုံးတုံး မပြုံးတုံးအမူအယာရှိနေသည်။

အလားတူပင် ကိုသီဟ၏ မျက်နှာကလည်း မချိုမချဉ်။

"ကြည့်ကြည့် ... ဒါဆို မေမေ့တို့ပေါင်းပြီး လေးလေးကိုအရွှေးလုပ်ကြတာ"

လေးလေးမြင့်သည် ရှက်ကိုးကိုရှက်ကန်းနှင့်ထကာ သူ့မေမေ၏ကျောပြင်ကို လက်သီးဆုတ်လေးနှင့် ထုနေပေတော့သည်။

"ကဲ ... ပြန်ထိုင်သမီး၊ အဲဒီအကျိုးအကြောင်းတွေ မောင်သီဟက သမီးကို ရှင်းပြလိမ့်မယ်။ သမီးနဲ့ မောင်သီဟ စားဖို့ သောက်ဖို့ မေမေမီးဖိုထဲမှာ သွားစီစဉ်ဦးမယ်"

မေမေက ရှောင်ထွက်သွားခြင်းပင်။

လေးလေးမြင့်မှာ ရှက်သွေးဖြာပြီး မျက်နှာလေးတွင် ပန်းရောင်သွေးနေသည်။ ကိုသီဟကို ပြန်မကြည့်ဝံ့တော့သလို မျက်နှာလေးငုံ့ထားသည်။ လေးလေးမြင့်၏ နှလုံးသားလေးသည် ပုစွန်ဆိတ်ခုန်သလို တဆက်ဆက်ခုန်နေပေပြီ။

"လေးလေး ... ထိုင်လေ"

ကိုသီဟက လေးလေးမြင့်၏ လက်တစ်ဖက်ကို တ





ယုတယုယညင်သာစွာကိုင်ပြီး ထိုင်နိုင်းသည်။ လေးလေးမြင့် မရုန်းမိ အလိုက်သင့်ပင် ထိုင်လိုက်ပါ၏။

"ဒါဆိုရင် ... ကိုယ် ဘယ်သူဘယ်ဝါ ... ဘယ်သူ့သားသမီးဆိုတာ လေးလေးသိပါပြီနော်"

"သွား ... မသိဘူး"

ဘာပြောပြော မိန်းမဆိုသည်မှာ မိန်းမသား၏ ဟန်လေးငှာရှိစမြဲ။ လေးလေးမြင့်က သွား ... မသိဘူး စူစူငေါက်ငေါက်လေးပြောနေစေကာမူ ပါးချိုင့်လေးခွက်အောင်ပြုံးနေပါ၏။

"သိလိုက်ပါတော့ လေးလေးရယ် ... သီဟနဲ့ ဂျိုကာဟာ တစ်ယောက်ထဲပါ။ သီဟဘဝနဲ့ လေးလေးကို တန်းတန်းစွဲချစ်ခင်မိရာက ကိုဂျိုကာဘဝကို အဲဒီလိုရုပ်ဖျက်ပြီး ကူးပြီး လေးလေးနောက်ကို ဘာလို့လိုက်လာတာလဲဟင်"

"အစကတော့ ရုပ်ဖျက်ဖို့ အစီအစဉ်မရှိပါဘူး။ ကိုယ့်အနေနဲ့ ခွင့်ကလဲမစေ့သေးဘူး၊ ဒီတော့ ... ဦးလေးကရော ... အန်တီကရော လေးလေးတို့အဖွဲ့ ပုဂံညောင်ဦးသွားမယ် စိတ်မချရဘူးလိုက်သွားပါလို့ ပြောတယ်။ ပထမတော့ မော်တော်ဆိုင်ကယ်နဲ့ လိုက်ဖို့မရည်ရွယ်ဘူး။ ဒီအတိုင်း သီဟအနေနဲ့ပဲ လိုက်မလို့။ ဒဂုံပုပ္ပါးမှာ လက်မှတ်သွားဝယ်တယ်။ အဲဒီမှာ

တင် ကိုမြတ်မင်းကို မသက်ာစရာတွေ့ရတာပဲ"

"ဘယ်လို တွေ့ရတာလဲဟင်"

"ထိုင်ခုံနံပါတ်တစ်ဟာ ကိုမြတ်မင်းဝယ်ထားတဲ့ခုံမဟုတ်ဘူး။ တစ်ခြားလူတစ်ယောက်က ဝယ်ထားတာ။ အဲဒီနံပါတ်တစ် ထိုင်ခုံလက်မှတ်ကို ကိုမြတ်မင်းက ပထမဝယ်သူတွေဆီက မတန်တဆငွေနှစ်ရာနဲ့ ဝယ်တာကို ကိုယ်တွေ့တာလေ။ အဲဒီမှာတင် ... ကိုမြတ်မင်းကို စိတ်ထဲ သံသယဖြစ်တာနဲ့ နောက်ယောင်ခံစုံစမ်းပြီး ကိုမြတ်မင်းဟာ ... ကျောင်းသူလေး သုံးယောက်ကို ဖျက်ဆီးခဲ့ဖူးကြောင်း သိရတာပဲ"

"ဒါနဲ့ ... ပျဉ်းမနားက တယ်လီဖုန်းဆက်မေးပြီး သိတာဆို"

"ဒီလိုပဲ ပြောရမှာပေါ့ လေးလေး။ နို့မို့ယင် ကိုယ်ဟာ သီဟမှန်း အဲဒီထဲက လေးလေးသိသွားမှာပေါ့"

"လေးလေးကို ကိုသီဟမှန်း ဘာလို့မသိစေချင်တာလဲတဲ့။ နောက်ပြီး ... ကိုသီဟကို ဒီ့အရင် လေးလေးတစ်ခါမှမမြင်ဖူးပါဘူးနော် ..."

"လေးလေးက မမြင်ဖူးပေမယ့် ကိုယ်က လေးလေးကိုမြင်ဖူးနေတယ် လေးလေး။ ကိုယ်ပြောခဲ့ဘူးပြီမဟုတ်လား ...





လေးလေးက ရွှေမန်းဦးတင်မောင်ပါ။ ကိုယ်က မှောင်ထဲက ပွဲကြည့်ပရိတ်သက်ပါလို့လေ"

သူငယ်

လေးလေးမြင့် ပြုံးလိုက်ပြန်သည်။

[illegible] ... နိုင်ငံခြား

ကောင်က ဝါသ

ကြက်လေး[illegible]

[illegible]က်တဲ့အတိုင်း

[illegible] လေးလေးမြင့်၏ လက်ကလေးကို လှမ်း[illegible]

[illegible]သည်။

"[illegible] ပြောပါလေးလေး ... လေးလေးပါးစပ်က ကိုယ့်ကို[illegible] တစ်စုံတစ်[illegible]

[illegible] ပြောမှ ပါ။ ကိုယ်နားနဲ့ဆတ်ဆတ်ကြား[illegible]ဘူး။ လေးလေးချစ်

"[illegible] ... ကိုယ့်ကို လေး[illegible]

[illegible] ကိုကို[illegible]

"[illegible] ပါပဲ လေးလေးရယ်၊ ကိုကိုကာနဲ့ သီဟသာ ဘာဘူ

[illegible] ကုလားကြီးပါ၊ အခေါ်သာ ကွဲပေမယ့် အတူတူပဲမ

[illegible]"

လေးလေးမြင့်အား နောက်တဆင့် တက်၍ ပခုံး

[illegible]ကို မှေ့လိုက[illegible]သည်။

"ဟွန်း ... မကြာ[illegible] မေမေ ထွက်လာလိမ့်မယ်၊ ကဲ ... ဆက်ပြောပါဦး။ ကိုယ်က ... ဘာလို့ ဂျိုကာနာမည်ခံရုပ်ဖျက်ပြီး လိုက်လာတာလဲ"

တင် ကိုမြတ်မင်းကို မသက်ာစရာတွေ့ရတာပဲ"

"ဘယ်လို တွေ့ရတာလဲဟင်"

"ထိုင်ခုံနံပါတ်တစ်ဟာ ကိုမြတ်မင်းဝယ်ထားတဲ့ခုံမဟုတ်ဘူး။ တစ်ခြားလူတစ်ယောက်က ဝယ်ထားတာ။ အဲဒီနံပါတ်တစ် ထိုင်ခုံလက်မှတ်ကို ကိုမြတ်မင်းက ပထမဝယ်သူတွေဆီက မတန်တဆငွေနှစ်ရာနဲ့ ဝယ်တာကို ကိုယ်တွေ့တာလေ။ အဲဒီမှာတင် ... ကိုမြတ်မင်းကို စိတ်ထဲ သံသယဖြစ်တာနဲ့ နောက်ယောင်ခံစုံစမ်းပြီး ကိုမြတ်မင်းဟာ ... ကျောင်းသူလေး သုံးယောက်ကို ဖျက်ဆီးခဲ့ဖူးကြောင်း သိရတာပဲ"

"ဒါနဲ့ ... ပျဉ်းမနားက တယ်လီဖုန်းဆက်မေးပြီး သိတာဆို"

"ဒီလိုပဲ ပြောရမှာပေါ့ လေးလေး။ နို့မို့ယင် ကိုယ်ဟာ သီဟမှန်း အဲဒီထဲက လေးလေးသိသွားမှာပေါ့"

"လေးလေးကို ကိုသီဟမှန်း ဘာလို့မသိစေချင်တာလဲတဲ့။ နောက်ပြီး ... ကိုသီဟကို ဒီ့အရင် လေးလေးတစ်ခါမှမမြင်ဖူးပါဘူးနော် ... "

"လေးလေးက မမြင်ဖူးပေမယ့် ကိုယ်က လေးလေးကိုမြင်ဖူးနေတယ် လေးလေး။ ကိုယ်ပြောခဲ့ဘူးပြီမဟုတ်လား ...





လေးလေးက ရွှေမန်းဦးတင်မောင်ပါ။ ကိုယ်က မောင်ထဲက ပွဲကြည့်ပရိတ်သက်ပါလို့လေ"

လေးလေးမြင့် ပြုံးလိုက်ပြန်သည်။ ... သူငယ်

... မျက်နှာသာပေးမှန်းသိ၍ ကိုသီဟ ရွှေရေး ... နိုင်ငံခြား

... ကာင်က ဝါသ

...က်လေ... သ...

...နာ လေးလေးမြင့်၏ လက်ကလေးကို လှမ်း...က်တဲ့အတိုင်း

...သည်။ ...

"ပြောပါလေးလေး ... လေးလေးပါးစပ်က ကိုယ့်ကို...စ်စုံတစ်ခု

...လို့ သ... မပြောမိပါ။ ကိုယ်နားနဲ့ဆတ်ဆတ်ကြားစ... ကြ...

"မည်ဘင့်အား ... ကိုယ့်ကို လေးလေးမုန်းစိဘူး၊ လေးလေးချစ်

...သာ အော ကိုဂျိုကာ...

...ယခုမှ ...ပါ လေးလေးရယ်၊ ကိုဂျိုကာနဲ့ သီဟသာ ဘာဘူ

...သိုးတူ...ကုလားကြီးပါ၊ အခေါ်သာ ကွဲပေမယ့် အတူတူပဲမှ

တတ်...ဘား"

လေးလေးမြင့်အား နောက်တဆင့် တက်၍ ပခုံး

...ကို မှေ့လိုက...သည်။

"ဟွန်း ... မကဲ... မေမေ ထွက်လာလိမ့်မယ်၊ ကဲ ... ဆက်ပြောပါဦး။ ကိုယ်က ... ဘာလို့ ဂျိုကာနာမည်ခံရုပ်ဖျက်ပြီး လိုက်လာတာလဲ"

ကိုသီဟသည် လေးလေးမြင့်ထံမှ သိသိသာသာ ...ပြီမှန်း သိရပြီဖို့ ကျေနပ်သွားသည်။ ပခုံးဖက်ထားသည်ကို ...ပြီး သူမ၏ လက်ဝါးလေးကိုသာ သူ့လက်တစ်ဖက်ဖြင့် ...

"ထိုင်ဘားရင်း ဆက်ပြောပါ~~ဦး။~~"

...နိုကယ်(လ်)နဲ့ အန်တီ အစီအစဉ်ကတော့ ...လေးလေးကို ...ဘူး။ ...ပ်း စောင့်ရှောက်ရင်း နောက်ပြီး ပင်းနီးကားကြီးပေါ်မှာ ပါတ်ဝ... ...တစ်စီးဘဝနဲ့ လေးလေးကို ချဉ်းကပ်ပြီး ရင်နှင့်ဆိုးချစ်ခင် ...တွေ...ားစေချင်တဲ့ သဘောနဲ့လိုက်နိုင်းတာပဲ လေး...လား၊ ဒါ ...တ...ပေမဲ့ လေးလေးတို့ ထွက်မယ့်နေ့အတွက် ဒဂုံပွဲ... ...လက် မှတ...ရှိတော့ဘူး၊ ဒါကြောင့် ကိုမြတ်မင်းက ...လက်မှတ်ကို တခြားလူဆီက ...ယ်တာပေါ့၊ ... ကိုမြတ်မင်းတို့ လက်မှတ်အရောင်းအဝယ်လုပ်နေ... ...မှာ ကိုရစ်သီရစ်သီလုပ်နေတာရော၊ သူ့နောက်ကို နောက်... ...လိုက်တာရောကြောင့် ကိုမြတ်မင်းဟာ ကိုယ့်... ...ကိုရပ်... လမ်းမှာတွေ့ရင် မှတ်မိသွားနိုင်တယ် မှတ်လား ... လေး... နောက်တစ်ချက်က လေးလေးနောက်ကို ...က်ချက်... လိုက်ဖို့က မီးရထားနဲ့လဲ မဖြစ်တော့ဘူး၊ ဒါကြောင့် သူ... ချင်းတစ်ယောက်ဆီက ဆိုင်ကယ်ငှားပြီး ရပ်ဖျက်လိုက်... တာ"





"သူအားကြီးတတ်တယ်၊ ရုပ်ဖျက်ထားတာ တကယ့်ကို နိုင်ငံခြား ကောင်းဘွိုင်ဇာတ်လိုက်ကျနေတာပဲ"

"ဆံပင်တု မုတ်ဆိတ်တုတွေက ဆိုင်ကယ်ငှားတဲ့ သူငယ်ချင်းဆီမှာ အသင့်ရှိနေတယ်လေ၊ ဒီကောင်က ... နိုင်ငံခြားသဘောာလိုက်နေတဲ့ကောင်၊ အဲဒီမျိုးတွေ ဒီကောင်က ဝါသနာပါတယ်။ ဒါနဲ့ ကိုယ်လည်း စိတ်ကူပေါက်တဲ့အတိုင်း ရုပ်ဖျက်လိုက်လာတာ"

လေးလေးမြင့်သည် နားထောင်ရင်းမှ တစ်စုံတစ်ခုကို သတိရလာတော့သည်။ မိတ္ထီလာလမ်း ကြက်မောက်တောင်ဆည်ဘက်သွားစဉ် နေဟိန်းကျော်တို့ ဂျစ်ကားနောက်မှာ ပါလာသော အော်စတင်ကားစုတ်လေး မောင်းသူမှာ ကိုသီဟပင်ဖြစ်မှန်းယခုမှ ရေးရေးပေါ်လာတော့သည်။ ထိုစဉ်က ပါးမြိုင်းမွေးတွေချည်းထားသည်။ ဦးခေါင်းကို သဘက်ပတ်ပေါင်းထားသည်ကိုး။ ဒါဆိုလျှင် ဒုရဲအုပ် ဦးဘဟိန်းက သူ့အား ကိုသီဟမှန်းသိရမည်ပင်။

"ကိုယ့်ကို ဒုရဲအုပ်ဘဟိန်းကတော့ ကိုသီဟမှန်း သိတယ်ပေါ့ ဟုတ်လား"

"သိတယ် လေးလေး၊ ကျောက်ပန်းတောင်းရဲ့ ထောက်လှမ်းရေးကို အကူအညီတောင်းတဲ့ နေရာကျတော့ ကိုယ့်ရဲ့ အိုင်ဒီတီကတ်ပြားကို ထုတ်ပြရတော့တာပေါ့၊ ပုဂံ၊

ညောင်ဦးရဲတပ်ဖွဲ့မှာလည်း နေပဟိန်းကျော်ရဲ့ ဒူးယားစီးကရက်ကို ဆန်းစစ်ဖို့ ကိုယ့်ဘဝမှန်ကို ဖွင့်ပြောရတာပဲ"

"အင်းလေ၊ ဒုရဲအုပ်ဦးဘဟိန်းက ကိုယ့်ကိုလေးလေးစားစား ဆက်ဆံကတည်းက လေးလေးစိတ်ထဲမှာ ဇဝေဇဝါဖြစ်မိသား"

"ဒါကြောင့် ကိုယ်စိတ်ကူးထားတယ်၊ လေးလေးတွဲ့ယူပြီးတဲ့ အချိန်ကျရင် ကိုယ်လည်း အဆင့်တက်မယ့် အချိန်ပဲ၊ အဲဒီအချိန်ကျမှ လေးလေးနဲ့ လက်ထပ်မယ်လေ၊ ဘယ့်နှယ်လဲ လေးလေး"

လေးလေးမြင့်သည် နှုတ်ဖြင့်မဖြေ။

ညင်သာစွာ ဦးခေါင်းလေးညိတ်ပြလိုက်ပါတော့သတည်း။

နားကြပါဦးစို့
တက္ကသိုလ်တင်မြင့်

၉၀ထ၇၁၀၁၉ပ